# ခရစ်တော်အတွက် ညှင်းပန်းနှိပ်စက်ခြင်း



နှစ် (၃၀) မြောက် ပုံနှိပ်ထုတ်ဝေခြင်း

**Pastor Richard Wurmbrand**

# ခရစ်တော်အတွက်
## ညှင်းပန်းနှိပ်စက်ခြင်း

အသင်းတော်အတွင်း
ကန့်သတ်
(၂၀၀၆)

# Tortured for Christ

## Burmese(Shan) Edition

Copyright 2015 Voice Media

info@VM1.global
Web home: www.VM1.global

All rights reserved. No part of the publication may be reproduced, distributed or transmitted in any form or by any means, including photocopying, recording, or other electronic, or mechanical methods, without the prior written permission of the publisher, except in the case of brief quotations embodied in critical reviews and certain other noncommercial uses permitted by copyright law. For permission requests, email the publisher, addressed “Attention: Permission Coordinator,” at the address above.

This publication **may not be sold, and is for free distribution** only.

# ခရစ်တော်အတွက် ညှင်းပန်းနှိပ်စက်ခြင်း

## Tortured for Christ

ကွန်မြူနစ် အကျဉ်းထောင်ထဲတွင် ညှင်းပန်းနှိပ်စက်ခြင်းဒဏ် အမျိုးစုံကို တစ်ဆယ့်လေးနှစ်တိုင်တိုင် ကိုယ်ပေါ်၌ အမာရွတ်ကြီးများ ဖြစ်ရသည်တိုင်အောင် ခံခဲ့ရသော (Pastor Richard Wurmbrand) သည် ရာပေါင်းများစွာသော ခရစ်ယာန် ယုံကြည်သူများ၏ ဖိနှိပ်ချုပ်ချယ်၍ မရသော ဖွဲ့သတ္တိနှင့် အဆုံးမရှိသော ယုံကြည်ခြင်းကို အစဉ်သက်သေခံ လျက် ရှိသည်။

ချစ်သော မိသားစုများနှင့် ကွဲကွာခဲ့ကြရပြီး၊ ကိုယ်ခန္ဓာတခုလုံး ရိုက်ပုတ်ကန်ကျောက် ခံခဲ့ရပါသော်လည်း၊ စိတ်ဝိညာဉ်မှာမူ ထိုကဲ့သို့ မဟုတ်၊ အခက်အခဲဟူသမျှကို မခံစားဘဲ အောင်မြင်ကျော်လွှားနိုင်သော ခရစ်ယာန်တို့၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာသည် သက်သေ သာဓက များစွာဖြင့် နေရာတိုင်း၌ရှိသောယုံကြည်သူများကိုဆက်လက် ခွန်အားပေး လျက်ရှိ၏။

# မာတိကာ




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ | ခရစ်တော်အတွက် ညှင်းပန်းနှိပ်စက်ခြင်း ...... | (က) |
| ၂။ | အနှစ် (၃၀)မြောက် ပုံနှိပ်ထုတ်ဝေခြင်း ....... | (ခ) |
| ၃။ | ဆက်ကပ်ခြင်း ....... | (ဂ) |
| ၄။ | မိတ်ဆက်လွှာ (ဆက်လက်ဆောင်ရွက်နေသော ကျွန်ုပ်တို့၏ အမှုတော်) | (ဃ) |
| ၅။ | စကားချီး(မာတုရတပါး၏ သက်သေခံချက်) | (င) |
| ၆။ | ရုရှားလူမျိုးတို့ ခရစ်တော်ကို မွတ်သိပ်ခြင်း ..... | ၁ |
| ၇။ | လူ၌ထိုထက်သာသော ချစ်ခြင်းမေတ္တာမရှိ ..... | ၄၀ |
| ၈။ | အနောက်နိုင်ငံ၌ ဆက်လက်အမှုတော်ဆောင်ရန် ငွေကြေးဖြင့် ရွေးနှုတ်ခံခြင်း ........ | ၆၆ |
| ၉။ | ခရစ်တော်၏ မေတ္တာတော်ဖြင့် ကွန်မြူနစ်ဝါဒကို အောင်နိုင်ခြင်း..... | ၇၆ |
| ၁၀။ | တားဆီး၍မရနိုင်သော မြေအောက်အသင်းတော်၏ တိုးတက်ပြန့်နှံ့မှု ...... | ၁၃၆ |
| ၁၁။ | ခရစ်ယာန်ဘာသာသည် ကွန်မြူနစ်ဝါဒကို မည်ကဲ့သို့ အနိုင်ယူနေပါသနည်း ........ | ၁၇၂ |
| ၁၂။ | အနောက်တိုင်းခရစ်ယာန်များက အောက်ပါအတိုင်း ကူညီနိုင်သည် ......... | ၂၀၆ |
| ၁၃။ | နိဂုံး ....... | ၂၃၀ |

# ခရစ်တော်အတွက် ညှင်းပန်းနှိပ်စက်ခြင်း

# TORTURED FOR CHRIST

## အနှစ်သုံးဆယ်မြောက် ပုံနှိပ်ထုတ်ဝေခြင်း

## 30th Aniversary Edition

by

Pastor Richard Wurmbrand

## ဆက်ကပ်ခြင်း
## Dedication

၁၉၆၄ ခုနှစ် ကျွန်တော် ထောင်မှလွတ်လျှင်လွတ်ခြင်း အနောက်တိုင်း ခရစ်ယာန်များထံမှ သတင်းကောင်း သယ်ဆောင်လာသောသူ အနေဖြင့် ရှိမေးနီးယားသို့ ရောက်လာသော လန်ဒန်မြို့မှ **European Christian Mission** ခေါ် မစ်ရှင်အဖွဲ့၏ အထွေထွေဒါရိုက်တာ **Rev. W. Stuart Harris** အတွက် ဆက်ကပ်ပါ၏။

သူသည် ကြိုတင်သတိထားခြင်းနှင့် ပြင်ဆင်ခြင်းများစွာ ပြုလုပ်ပြီးမှ ကျွန်တော်တို့ အိမ်သို့ ညတွင်းကြီး ဝင်လာ၍ ကျွန်ုပ်တို့အဖို့ နှစ်သိမ့်ခြင်းနှင့် မေတ္တာစကားများ ယူဆောင်လာခဲ့သည်သာမကဘဲ ခရစ်ယာန်မာတုရ မိသားစုများအတွက် ကယ်ဆယ်ရေး ပစ္စည်းများလည်း ယူဆောင်လာခဲ့ပါသည်။

ဤသို့သစ္စာရှိသော ယုံကြည်သူများကိုယ်စား ကျွန်ုပ်တို့ တစ်ဖွဲ့လုံး၏ ကျေးဇူးတင်ရှိခြင်းကို ဤစာအုပ်အားဖြင့် ဖော်ပြလိုက်ပါသတည်း။

## မိတ်ဆက်လွှာ



## ဆက်လက်ဆောင်ရွက်နေသော ကျွန်ုပ်တို့၏ အမှုတော်
## OUR CONTINUING MINISTRY

"ခရစ်တော်အတွက် ညှင်းပန်းနှိပ်စက်ခြင်း" စာအုပ်ကို ပထမဆုံး ထုတ်ဝေခဲ့သော ၁၉၆၇ ခုနှစ်တွင် ရိုမေးနီးယား (Romania) တိုင်းပြည်သည် ကွန်မြူနစ် အာဏာရှင် Nicolae Ceausescu က ချုပ်ကိုင်အုပ်စိုးခဲ့သည်။

၁၉၈၉ ခုနှစ် ခရစ္စမတ်နေ့တွင် ပြည်သူလူထု တစ်ရပ်လုံးက စတင်တော်လှန် ပုန်ကန်ခဲ့ကြသည်။ သွေးချောင်းစီးသော စစ်ပွဲအပြီး Ceausescu နှင့် သူ၏ကတော်တို့သည် နန်းကျကာ အသေသတ်ခြင်း ခံခဲ့ကြရသည်။

ရိုမေးနီးယားနိုင်ငံသည် ကွန်မြူနစ်အုပ်ချုပ်ရေးမှ လွတ်မြောက်လာခဲ့လေပြီ။

အရှေ့ဥရောပ တိုင်းပြည်များက ကွန်မြူနစ်အုပ်ချုပ်ရေးစနစ်ကို လက်လွှတ်လာကြသလို အခြားတိုင်းပြည်များကလည်း လက်လွှတ်လာခဲ့ကြသည်။ ဆိုဗီယက် ယူနီယံသည်လည်း အစိပ်စိပ် အမွှာမွှာ ပြိုကွဲလာကာ၊ လွတ်လပ်သော ဓနသဟာယပြည်နယ်များအဖြစ် ပူးပေါင်းဖွဲ့စည်းလာခဲ့ကြသည်။

အရှေ့အုပ်စုတိုင်းပြည်များနှင့် (CIS)ခေါ် တိုင်းပြည်များတွင် ဒီမိုကရေစီပုံစံ အစိုးရ အုပ်ချုပ်ရေးစနစ် ပေါ်ပေါက်လာနေပြီ။

ထိုကဲ့သို့ အုပ်ချုပ်ရေးစနစ် ပြောင်းလဲစဖြစ်သည့် တစ်ချိန်က တံခါးပိတ်ဝါဒ ကျင့်သုံးခဲ့သော တိုင်းပြည်များတွင် (The Voice of the Martyrs)ခေါ် 'မာတုရတို့၏အသံ' သည် အမှုတော်ထမ်းရွက်ရန် ချက်ချင်းဝင်ရောက်လေ့ရှိ၏။

စာပေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးလှူသည့် Stephen Centers ခေါ် အဖွဲ့အစည်းကိုလည်း ရိုမေးနီးယား၊ အယ်လ်ဘေးနီးယား၊ ရုရှားနှင့် ယူကရိုင်းတိုင်းပြည်များတွင် ဖွင့်လှစ်လာခဲ့ကြသည်။ စာပုံနှိပ်စက်နှင့် ကလေးများ၏ဂေဟာကိုလည်း ရိုမေးနီးယားတွင် ဖွင့်လှစ်လာခဲ့သည်။

VOM ခေါ် 'မာတုရတို့၏အသံ' သည် ဟန်ဂေးရီးယား၊ ဘူလ်ဂေးရီးယား၊ လတ်ဗီးယား၊ လစ်သူးနီးယား၊ ချက်ပြည်ထောင်စုနှင့် အခြားတိုင်းပြည်များတွင် ပွင့်လင်းလွတ်လပ်စွာ အလုပ်လုပ်နေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ ဆောင်ရွက်နေသော အမှုတော်သည် မိတ်ဆွေ၏ အကူအညီ၊ အားပေးခြင်းနှင့် ခရစ်ယာန် သက်သေခံချက်ကို အလွန်တောင့်တလိုလားလျက် ရှိသည်။ အခြားသော တိုင်းပြည်များနှင့် အုပ်ချုပ်ရေး စနစ်အောက် တွင် ခရစ်ယာန်များသည် ညှင်းပန်းနှိပ်စက်ခြင်းကို ဆက်လက်ခံနေဆဲ ဖြစ်သည်။

ညှင်းပန်းနှိပ်စက်ခြင်းခံသော အသင်းတော်၏ အစေခံအနေဖြင့် 'မာတုရတို့၏အသံ' ခေါ် အမှုတော်မြတ်ကို ကျွန်ုပ်တို့ ဆက်လက်ဆောင်ရွက်နေမည်သာ ဖြစ်သည်။

# စကားချီး (FOREWORD)



## မာတုရတစ်ပါး၏ သက်သေခံချက်
## A martyr's witness

Richard Wurmbrand က အောက်ပါအတိုင်း ပြောဖူးပါသည်။ "ဒီစာအုပ်ဟာ စာပေရှုထောင့်အားဖြင့် ကြည့်ရင် တန်ဖိုးမရှိပါဘူး။ ကျနော်က လွတ်ခါစရက်ပိုင်း သုံးရက်အတွင်း ရေးတာဖြစ်ပါတယ်။ ဒါပေမယ့် ကလောင်မင်အဖြစ် မျက်ရည်ကို အသုံးပြုပြီး ရေးခဲ့တာပါ။ ဘုရားသခင်က ဒီစာအုပ်ကို တမင်ရွေးချယ်ကာ ကောင်းကြီးပေးပြီး အလိုတော်အရ အသုံးပြုတော်မူတဲ့အတွက် ဝမ်းမြောက်မိပါတယ်"

ဤအနှစ်သုံးဆယ်မြောက် အထူးထုတ်ဝေသော 'ခရစ်တော်အတွက် ညှင်းပန်းနှိပ်စက်ခြင်း' စာအုပ်သည် အနည်းငယ် အပြောင်းအလဲရှိသော်လည်း ရိုမေးနီးယား ကွန်မြူနစ် အာဏာရှင်လက်အောက်က တစ်ဆယ့်လေးနှစ်လုံးလုံး အချုပ်ခံခဲ့ရသော ဆရာကြီး၏ သက်သေခံချက်မှာမူ မူရင်းအတိုင်း ဖေါ်ပြထားသည်။

အနှစ်သုံးဆယ် အတောအတွင်းမှာ ဤစာအုပ်ကို အနည်းဆုံးဘာသာပေါင်း (၃၀)ဖြင့် ဘာသာပြန်ပြီး၊ တစ်ကမ္ဘာလုံးသို့ အုပ်ရေ သန်းပေါင်းများစွာ ဖြန့်ချိခဲ့ပြီး ဖြစ်သည်။ မိမိ၏ ခန္ဓာတော်ဖြစ်သောအသင်းတော်ကို ဤသက်သေခံချက်အားဖြင့်ဘုရားသခင်က ဆက်လက်ကောင်းကြီးပေးနေသည်မှာ အံ့ဩစရာပင် ကောင်းလှပေသည်။

ဘုရားသခင်၏ ခန္ဓာတော်တွင် အောင်မြင်ခြင်းဖြစ်စေ၊ ရဲစွမ်းသတ္တိ

ရှိခြင်းဖြစ်စေ၊ လက်မလွှတ်တမ်း ဆုပ်ကိုင်ထားခြင်းဖြစ်စေ၊ ဖုံးဖိကွယ်ဝှက်ထားခြင်းဖြစ်စေ၊ နယ်နိမိတ်ဟူ၍ မရှိချေ။ မည်သည့်နိုင်ငံသား၊ မည်သည့်အသားအရောင်ဟူ၍လည်း ခွဲခြားခြင်း မရှိပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် လူသားအားလုံးအား ဤစာအုပ်၏ အရသာကို ညီတူညီမျှ ခံစားစေတော်မူ၏။

တရုတ်သင်းအုပ်ဆရာဖြစ်စေ၊ အမေရိကန် အိမ်ရှင်မဖြစ်စေ၊ အာရပ် တက္ကစီကားဆရာဖြစ်စေ၊ ရိုမေးနီးယားပြည်သား ဂျူးလူမျိုး တစ်ဦးက ရေးသားထားသော စာအုပ်အားဖြင့် ကောင်းကြီးခံစားလျက် ခွန်အားရခဲ့ကြသည်မှာ ထင်ရှား လွန်းလှသည်။

၁၉၇၀ လွန်နှစ်ပိုင်းတွင် တောင်ဗီယက်နမ်သည် မြောက်ဗီယက်နမ် ကွန်မြူနစ် စီးနင်းဝင်ရောက်မှုကို စိုးရိမ်နေရသည့် အချိန်ဖြစ်သည်။ ထိုအချိန်က ခရစ်ယာန်သိုးစုများကို စောင့်ရှောက် ထိန်းသိမ်းကာ ရှင်သန်စေရေးအတွက် မည်ကဲ့သို့ လုပ်ခဲ့ကြကြောင်းကို ကျွန်ုပ်အား ဗီယက်နမ် ဒိမ်တွင်းသင်းအုပ်ဆရာက သက်သေခံ ဝေငှခဲ့ဖူးသည်။ ဗီယက်နမ် ဘာသာဖြင့် ဘာသာပြန်ထားသော ဤစာအုပ်ကို ရှင်သန်ရေးလက်စွဲစာအုပ်အနေဖြင့် ဖြစ်စေ၊ မခံမရပ်နိုင်လောက်အောင် ခက်ခဲသော အခြေအနေကို ကျော်လွှားကာ အောင်မြင်နိုင်သော ယုံကြည်ခြင်း၏ သက်သေခံချက် အနေဖြင့် ဖြစ်စေ ခရစ်ယာန်အသီးသီးအား ပေးဝေခဲ့ကြသည်ဆို၏။

ဤစာအုပ်ဖတ်ခြင်းအားဖြင့် ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်သည် လက်တွေ့တန်ခိုးရှိကြောင်း ခံစားကာ သဘောပေါက်လျက် အသက်တာ ပြောင်းလဲလာသော ယုံကြည်သူ များစွာထံကလည်း သက်သေခံစာများရရှိ ပါသည်။

ဤစာအုပ်သည် နိုင်ငံရေးတိုက်ကွက် ဖေါ်ပြသော စာအုပ်မဟုတ်ဘဲ၊ သတင်းကောင်းနှင့် ပတ်သက်သော မာတုရ ၏ 'သက်သေခံချက်'များသာဖြစ်သည်။

ယနေ့ လူသူများစွာတို့က 'မာတုရ' ဆိုသည်မှာ ယုံကြည်ခြင်း အတွက် အသေခံသောသူဟူ၍သာ အဓိပ္ပါယ် နားလည်ကြသည်။ ထို

အတိုင်းသာ နားလည်သဘောပေါက်ခဲ့လျှင် 'မာတုရ' ဟူသော စကားလုံး၏ နက်နဲသည့် စစ်မှန်သော အဓိပ္ပါယ်သည် ပျောက်ကွယ်လျက် ရှိ၏။

St Augustine ကပြောဖူးပါသည်။ "အကျိုး သို့မဟုတ် ဝေဒနာ ခံစားခြင်း မဟုတ်ဘဲ အကြောင်းတရားကသာ မာတုရ အစစ် ဖြစ်ပေါ်စေ၏"

'ဗိမာန်တော်၌ လူသတ်ခြင်း' (Murder in the Cathedral) ဟူသော ပြဇာတ်တွင် ဆရာကြီး T.S. Eliot က အဓိပ္ပါယ် ဖွင့်ဆိုထားသည်မှာ "ဘုရားသခင်အတွက် တန်ဆာပလာ ဖြစ်လာကာ၊ ဘုရားသခင်၏ အလိုမည်မျှပင် အဖိုးအခပေးရသည်ဖြစ်စေ မိမိ၏ အတွေ့အကြုံကို မာတုရသည် သူ တစ်ပါးအား ပြောလေ့ရှိ၏။ ဆန္ဒတော်၌ မိမိ၏အလို ဆန္ဒကို မြုပ်နှံပျောက်ကွယ်စေသောသူ၊ ဘုရားသခင်ထံသို့ အသက်တာ အပ်နှံခြင်းအားဖြင့် လွတ်လပ်မှုတွေ့ကြုံခံစားကာ မိမိ၏ အလိုဆန္ဒကိုလည်းပြန်လည်ရရှိခံစားသောသူသည် မာတုရဖြစ်သည်။ ထိုသူသည် မိမိကိုယ်ကျိုးအတွက်ဘာတစ်ခုမျှ အလိုမရှိ။ "မာတုရ" ဟူသော ဂုဏ်ပုဒ်ကိုလည်း တမ်းတခြင်း မရှိချေ"။

> **မည်မျှပင် အဖိုး အခပေးရသည် ဖြစ်စေ မိမိ၏အတွေ့ အကြုံ ကို မာတုရ သည်သူတ ား ပြော လေ့ရှိ၏၊**

ဂရိဘာသာမူရင်းတွင် 'မာတုရ' ဟူသော စကားလုံးသည် 'သက်သေ' ဟူ၍ အဓိပ္ပါယ်ရသည်။ ဟေဗြဲသြဝါဒ စာရေးသောသူက "ဤမျှလောက်များစွာသော သက်သေအပေါင်း တို့သည် ငါတို့ကို ဝိုင်းရံလျက်ရှိကြသည်" ဟူ၍ ဖော် ပြထားသည် (၁၂း၁)။ ယေရှုကလည်း ကျွန်ုပ်တို့ကို "ယေရုရှလင်မြို့မှ စသော ယုဒပြည်၊ ရှာမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေ (မာတုရ) ဖြစ်ကြလိမ့်မည်" ဟု မှာထားတော်မူခဲ့သည်။ (တ ၁း၈)

ဓမ္မသစ် မာတုရသည် ယေရှုခရစ်၏ တန်ခိုး တော်နှင့် သမ္မာတရား၌သာ သက်သေခံသည် မဟုတ်၊ မည်မျှပင် အဖိုးအခပေးရသည်ဖြစ်စေ၊ မိမိ၏ အတွေ့အကြုံကို မာတုရ သည် သူတစ်ပါးအား ပြောလေ့ရှိ၏။ တမန်တော် ဝတ္ထု နိဂုံးပိုင်းတွင် သက်သေခံခြင်း၏ အဖိုးအခကိုသေသည်

တိုင်အောင် ကျောက်ခဲဖြင့် ပစ်သတ်ခြင်းခံခဲ့ရသော ပထမဆုံးမာတုရ သတေဖန်က သာဓကပြခဲ့ ကြောင်းတွေ့ရသည်။

ထိုအချိန်မှစ၍ 'မာတုရ' ဟူသော စကားလုံးသည် 'သက်သေခံ သောသူ'ဟူသော အဓိပ္ပါယ်ထက် 'အသေခံသောသူ' ဟူသော သဘော ဆောင်လာခဲ့သည်။

ထိုသမ္မာတရားအတွက် ကျွန်ုပ်တို့၏ သက်သေခံခြင်းသည် ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာ၊ အမည်နာမ ကျော်ကြားခြင်းနှင့် ဩဇာညောင်း ခြင်း စသည်တို့ကိုလည်း ထိပါးနိုင်ပါသည်။ မကပါ။ မိသားစုများ၊ မိတ်ဆွေရောင်းရင်းများ အပြင် ကျွန်ုပ်တို့၏ အသက်ပင်လျှင် ထိပါးဆုံးရှုံး စေနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့၏ သက်သေခံချက် ဒေသနာတော်သည် တန်ခိုးကြီးမားလှပါသောကြောင့် ကျွန်ုပ်တို့အား ဘုရားပေးအသက်တာ အပြေးပြိုင်ပွဲတွင် ခံနိုင်စွမ်းရှိစေရန် အလို့ငှာ "ခပ်သိမ်းသောဝန်တို့ကိုငင်း" နှောင့်ယှက်တတ်သော ဒုစရိုက်ကိုငင်း ပယ်ရှားပစ်ရန်" အလေးအနက် တိုက်တွန်းလျက်ရှိ၏။ (ဟေဗြဲ ၁၂း၁)

ခရစ်တော်၏ သက်သေခံများ ဟောပြောသော သက်သေခံချက် သည် အတိုင်းအတာတစ်ခုအထိသာ ဘောင်ခတ် ပေး၍မရပေ။ လူတို့၏ ထင်မြင်ယူဆချက်ထက် သာလွန်ပြီးကျော်လွှား ဖြတ်သန်းနိုင်၏။

'မာတုရဖြစ်ခြင်း' ဆိုသည်မှာ စိတ်ပျက်အားငယ်စရာ ကောင်း သောအရာမဟုတ်၊ တစ်ကမ္ဘာလုံး ခရစ်ယာန်များ နားလည်မှုဖြင့် အတူတကွ ဆုတောင်းလှူပ်ရှားမှုမှာ မရှိမဖြစ်သော အရာသာ ဖြစ်သည်။ (ဖိ၊ ၁း၂၉)၌ "ခရစ်တော် အတွက် ဆင်းရဲ ခံရခြင်း" ဟု ဖေါ်ပြထားသကဲ့သို့ ခရစ်တော် ကိုယ်စား ကျွန်ုပ်တို့အားပေးတော်မူမည့် ညှင်းဆဲခြင်းကို လက်ခံနိုင်ရေး အတွက် မာတုရဟူသော ခံယူချက်သည် လိုအပ်ပေသည်။

ဤသက်သေခံသူများ သို့မဟုတ် မာတုရများ ၏ ယုံကြည်ခြင်း သည် ထိန်းချုပ်၍လည်းမရ၊ အသေသတ်၍ လည်းမရပေ။ ဘုရားသခင်၏ သာ၍ဝေးလံသော နိုင်ငံတော်ဖြစ်သည့် "ယေရုရှလင်မြို့မှ စသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင်" မျိုးစေ့ကိုကြဲလျက်သာ ရှိသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ သက်သေခံချက်သည် ခရစ်တော်၏ သမ္မာတရား ဖြစ်သောကြောင့်တည်း။ ခရစ်တော်ကလည်း "ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည် ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံတို့၏ တံခါးသည် မနိုင်ရာ" ဟူ၍ ဂတိခံထားတော်မူ၏။
(မ ၁၆း၁၈)။

*မာတုရများ၏ ယုံကြည်ခြင်းသည် ထိန်းချုပ်၍လည်း မရ၊ အသေသတ်၍လည်း မရပေ၊*

မာတုရတို့၏ အသက်တာကို ရောင်ပြန်ဟပ်စေခဲ့သော ဆရာကြီး Richard Wurmbrand ကို ကျွန်တော်သည် အထက်ပါ ခံယူချက်အတိုင်း သိလာခဲ့သည်။ ထိုသူသည် အသက်ရှင်ခြင်းထက် သေခြင်းကို ပင်လျှင် ရွေးခဲ့ရလောက်အောင် ခရစ်တော်အတွက် ညှင်းပန်းနှိပ်စက် ခြင်းမျိုးစုံ ခံစားခဲ့ရသော ပုဂ္ဂိုလ်ဖြစ်လေသည်။

(Tortured for Christ) ခေါ် 'ခရစ်တော်အတွက် ညှင်းပန်းနှိပ်စက်ခြင်း' စာအုပ်သည် ကွန်မြူနစ်အုပ်ချုပ်ရေး စနစ်ဆိုးအောက်က ညှင်းပန်းနှိပ်စက်ခြင်း အမျိုးမျိုး ခံစား ခဲ့ရသော လူတစ်ဦး၏ ပတ်ဝန်းကျင်အခြေအနေတို့ကိုသာ ဖော်ပြသော စာအုပ်မဟုတ်။ ခရစ်တော်၌ အသက်တာ အကြွင်းမဲ့ အပ်နှံထားသော ပုဂ္ဂိုလ်တစ်ပါး၏ ယုံကြည်ခြင်းနှင့် ဖွဲ့သတ္တိအပြင် သူတစ်ပါးကို သမ္မာတရား ဝေငှလိုသော ထိုပုဂ္ဂိုလ်၏ ဆန္ဒစိတ်ရင်းကိုလည်း ဖော်လှစ်ထားပေသည်။ဤ စာအုပ်၏ စာမျက်နှာတိုင်း၌ ဤခံယူချက် သမ္မာတရားသည် အသက်ဝင်လျက်ရှိပြီး ခရစ်တော်၏ တန်ခိုးတော်၊ ခရစ်တော်၏ အသက်တာနှင့်ယှဉ်သော မိမိတို့၏ သက်သေခံချက်အတွက် သမိုင်းတစ်လျှောက် ယနေ့တိုင်အောင် ခရစ်ယာန်တို့သည် ညှင်းပန်းနှိပ်စက်ခြင်း အမျိုးမျိုးခံခဲ့ကြရသည်။ လူများစွာတို့သည် အသက်ပေးကာ အသေခံခဲ့ကြရသည်ဟူသော အချက်ကို ဖော်လှစ်ထုတ်ပြခြင်းကြောင့် ဤစာအုပ်သည် အနောက်နိုင်ငံရှိ ခရစ်ယာန်များစွာတို့၏ အတွေးအခေါ်ကို ပြောင်းလဲစေပါသည်။

ခရစ်တော်အား ပိုမိုလေးနက်စွာ နားလည်သိကျွမ်းရန်နှင့် ဤ

လောကမှာ ကျွန်ုပ်တို့ ခရစ်ယာန်များ၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အလို့ငှာ ဤသက်သေခံချက်သည် ဆက်လက်၍ အသက်ရှင်ပါစေဟု ဆန္ဒပြုဆုတောင်းမိပါသည်။ သို့အားဖြင့် မာတုရတို့၏ အသက်တာကို စစ်မှန်သော ရှုထောင့်ဖြင့် လေ့လာတတ်သည်သာမက အလိုတော်ရှိလျှင် ကျွန်ုပ်တို့ကိုယ်တိုင် ထို 'သက်သေ' (witness) ဖြစ်လို သော ဆန္ဒရှိကောင်း ရှိလာပါလိမ့်မည်။

*Tom White*
*USA Director, The Voice of the Martyrs*



၁

## ရုရှားလူမျိုးတို့ ခရစ်တော်ကို မွတ်သိပ်ခြင်း
## The Russians' avid thirst for Christ

### ဘုရားမဲ့ ဝါဒီတစ်ယောက်က ခရစ်တော်တွေ့ခြင်း
### An atheist finds Christ

ကျွန်တော်၏ အသက်တာအစပိုင်းကတည်းက မိဘမဲ့ဘဝဖြင့် ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ ဘာသာမရှိသော မိသားစုမှာ ကြီးပြင်းလာခဲ့ရသောကြောင့် ငယ်စဉ်ကတည်းကပင် ဘာသာရေးအကြောင်း တစ်ခုမျှ ကြားသိရခြင်း မရှိခဲ့ပါ။ ကြမ်းတမ်းခါးသီးသော ကလေးဘဝကို ဖြတ်သန်းလာခဲ့ရသည်က တစ်ကြောင်း၊ ပထမကမ္ဘာစစ်ကြောင့် ဆင်းရဲ မွဲတေခြင်းဒဏ်ကို ခံစားခဲ့ရသည်ကတစ်ကြောင်း၊ အသက်တစ်ဆယ်လေးနှစ် ရောက်လာသောအခါ ကျွန်တော်သည် ယနေ့ ကွန်မြူနစ်များကဲ့သို့ ဘုရားမဲ့ဝါဒီတစ်ယောက် ဖြစ်လာခဲ့သည်။

ဘုရားမဲ့ဝါဒီတို့၏ စာအုပ်အချို့ကို ကျွန်တော်ဖတ်ခဲ့ဖူးပါသည်။ ဘုရားသခင် သို့မဟုတ် ခရစ်တော်ကို ကျွန်တော် မယုံကြည်ခဲ့ခြင်းသည် ထိုစာအုပ်များကြောင့်သာ မဟုတ်ချေ။ ဘုရားရှိသည် ဟူသော အသိတရားသည်ပင်လျှင် လူသားတို့၏ စိတ်နှလုံးကို ဒုက္ခပေးသည်ဟု ထင်ခဲ့မိသောကြောင့် ဘာသာရေးကို စိတ်နာရင်းအသက်တာကြီးပြင်းလာခဲ့ရသည်။

သို့သော် ကျွန်တော်မသိနိုင်သော အကြောင်းတစ်ခုကြောင့် ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်ကိုလည်း ရွေးကောက်တော်မူခဲ့ကြောင်း တစ်နေ့ပြန်လည်နားလည်ခဲ့ရပါသည်။ အကျင့်စာရိတ္တအားဖြင့် ရွေးကောက်ခြင်းမှု မဖြစ်နိုင်ပါ။ အကြောင်းမှာ ကျွန်တော်၏ အကျင့်စာရိတ္တသည် အလွန်ဆိုးသောကြောင့်ဖြစ်သည်။

ဘုရားမဲ့ ဝါဒီတစ်ယောက်ဖြစ်လင့်ကစား၊ မဖော်ပြနိုင်သော အကြောင်းအရာ တစ်ခုခုကြောင့် ဘုရားကျောင်းသွားခြင်းကို စိတ်ဝင်စားခဲ့မိဖူးပါသည်။ ဖြတ်သန်းသွားသော လမ်းတစ်လျှောက်၌ ဘုရားကျောင်းတွေ့လျှင် မဝင်ဘဲ မနေနိုင်ခဲ့ချေ။ သို့သော် ဘုရားကျောင်းထဲက ဖြစ်ပျက်ခဲ့သောအရာများကို ကျွန်ုပ်နားမလည်နိုင်ပါ။ ကြားနာခဲ့သော တရားဒေသနာများသည် ကျွန်ုပ်နှလုံးသားကို တို့ထိခြင်း မရှိခဲ့ပေ။

နာခံရမည့် ဆရာတစ်ပါးအနေဖြင့် ဘုရားသခင်ကို ရုပ်လုံးဖော်ကာ စိတ်ကူးယဉ်ခဲ့မိသည်။ လွဲမှားစွာ ထိုကဲ့သို့ စိတ်ကူးယဉ်ကာ ဘုရားရုပ်လုံးဖော်ခြင်းကို အမှန်ဆိုလျှင်မကြိုက်။ စကြာဝဠာ၏ အလယ်ဗဟို တစ်နေရာရာမှာ ချစ်တတ်သော နှလုံးသားရှိလိမ့်မည်ဟူသော အချက် ကို ကျွန်တော် အလွန်သိချင်လှသည်။ ငယ်စဉ်တောင်ကြေးဘဝနှင့် လူပျို လူရွယ်ဘဝ၏ ပျော်ရွှင်မှုများအနက် အနည်းငယ်ကို ခံစားခဲ့ဖူးသလို ကျွန်ုပ် အတွက်လည်း နှလုံးခုန်သည့် ချစ်တတ်သော နှလုံးသား ရှိစေချင်စမ်းပါဘိ။

ဘုရားဟူသည်မရှိဟု ယုံကြည်ပါသော်လည်း၊ ချစ်တတ်သော ဘုရားမရှိခြင်းကြောင့် ကျွန်တော်ဝမ်းနည်းမိသည်။ စိတ်ထဲမှာ ဝိညာဉ်ရေးရာ ရှုပ်ထွေးမှုများ လာသောနေ့တစ်နေ့တွင် ကာသိုလိပ် ဘုရားကျောင်းသို့ ဝင်ခဲ့မိသည်။ ဒူးထောက်လျက် စကားပြောနေကြသော လူများကို မြင်၏။ ၎င်းတို့ပြောသော စကားကိုကြားနိုင်လောက်သည့် နေရာ၌ သွားကာ ဒူးထောက်ပြီး သူတို့ပြောသော စကားကို နောက်က လိုက်ဆိုခြင်းအားဖြင့် မည်သည့်အဖြေထွက်လာမည်ကို သိချင်သော စိတ်ကူးပေါ်လာခဲ့သည်။

ထိုသူတို့သည် သန့်ရှင်းသော အပျိုကညာအား "ကျေးဇူးတရားဖြင့် ပြည့်တော်မူသော မယ်တော်မာရိ"ဟု အစ ချီ၍ ဆုတောင်းကြသည်။ သူတို့ပြောသမျှသော စကားများကို ထပ်ကာတလဲလဲ နောက်ကလိုက်ဆိုခဲ့သည်။ မယ်တော် မာရိ၏ ရုပ်တုကို စေ့စေ့ကြည့်နေပါသော်လည်း ဘာမျှဖြစ်မလာခဲ့ချေ။ အလွန်ဝမ်းနည်းခဲ့မိသည်။

တစ်နေ့ ဘုရားမဲ့ဝါဒီ တစ်ယောက်ဖြစ်သူ ကျနော်သည် ဘုရားသခင်ထံသို့ ဆုတောင်းခဲ့ပါသည်။ "ဘုရားသခင် အမှန်ဆိုရင် ဘုရားမရှိမှန်း ကျွန်နော် ကောင်းကောင်း နားလည်ပါတယ်။ ဒါပေမယ့် ကြုံကြိုက်လို့ ဘုရားရှိခဲ့မယ်ဆိုရင် ကိုယ်တော်ကို ယုံကြည်ဖို့ ဒါတာ ကျနော်ရဲ့ တာဝန်

မဟုတ်ပါ။ ကျနော့် ဆီကိုထင်ရှားဖေါ်ပြရန်ကိုယ်တော်မှာ တာဝန်ရှိတယ်"။

ကျွန်တော်သည် ဘုရားမဲ့ဝါဒီတစ်ယောက် ဖြစ်ခဲ့ပါသော်လည်း ဘုရားမဲ့ဝါဒသည် ကျွန်ုပ်ကို စိတ်နှလုံးငြိမ်သက် မှုမပေးနိုင်ခဲ့ပေ။

ဤကဲ့သို့ အတွင်းစိတ် ဗလောင်ဆူနေသော အချိန်မှာ တောရွာတစ်ရွာက အသက်ကြီးသော လက်သမားတစ်ယောက်သည် ရှိမေးနီးယားတောင်ကုန်း ပေါ်သို့ တက်လာခဲ့ပြီး အောက်ပါအတိုင်း ဆုတောင်းသည်။ "ဘုရားသခင်၊ ကိုယ်တော်ကို အစေခံခဲ့တဲ့ အတွက် ကောင်းကင်ဘုံမှာ ရမယ့်ဆုလိုဘဲ မြေကြီးပေါ်မှာ အကျွန်ုပ်ကို ဆုချပါဘုရား။ တောင်းလျှောက်လိုသောဆုဟာ ဂျူးလူမျိုး တစ်စုံ တစ်ယောက်လောက် ခရစ်တော်ထံကို မပို့မချင်း အကျွန်ုပ် မသေပါရစေနဲ့။ ဘာကြောင့်လဲဆိုတော့ ယေရှုဟာ ဂျူးလူမျိုးဖြစ်တယ်။ ဒါပေမယ့် အကျွန်ုပ်ဟာ ဆင်းရဲတယ်၊ အသက်လဲကြီးပြီ၊ နေလို့လဲ မကောင်းတော့ဘူး။ ပတ်ဝန်းကျင်ကိုသွားလို့လဲ ဂျူးလူမျိုး မရှာနိုင်ဘူး။ အကျွန်ုပ်နေတဲ့ရွာမှာလဲ ဂျူးလူမျိုး မရှိဘူး။ အကျွန်ုပ်နေတဲ့ရွာကို ဂျူးတစ်ယောက်လောက် ပို့ဆောင်တော်မူပါ။ ထိုသူကို ခရစ်တော်ထံရောက်စေဖို့ အကျွန်ုပ်အတတ် နိုင်ဆုံး ကြိုးစားပါ့မယ် ဘုရား။"

*ကျနော်သည် ဘုရားမဲ့ဝါဒီ တစ်ယောက်ဖြစ် ခဲ့ပါသော်လည်းဘုရားမဲ့ဝါဒီက စိတ်နှလုံးငြိမ်သက်မှု မပေးနိုင်ခဲ့ပေ*

ထိုလူကြီးနေသော ရွာသို့ သွားချင်စိတ်အလွန် ပြင်းထန်လာခဲ့သည်။ သွားရန်ကိုစွကမူ တစ်ခုမျှမရှိ။ သို့သော် တစ်နေ့ ရှိမေးနီးယားတွင် ကျေးရွာပေါင်းတစ်သောင်း နှစ်ထောင်ရှိသည့်အနက် ထိုရွာကလေးသို့ ကျနော် ရောက်ခဲ့ရသည်။ ကျွန်တော် ဂျူးဖြစ်နေသည်ကို မြင်သောအခါ ၎င်းလက်သမား အဘိုးအိုသည် ကျွန်ုပ်ကို မိန်းမလှပိုးပိုးခဲ့ပါသည်။ ကျွန်ုပ်အထဲ၌ ထိုသူသည် မိမိဆုတောင်း အဖြေကိုတွေ့ခဲ့ရပါသောကြောင့် ကျွန်ုပ်ကို ကျမ်းစာတစ်အုပ် လက်ဆောင်ပေးသည်။ ယဉ်ကျေးမှု့ လေ့လာရေးကို စိတ်ဝင်စားသောအားဖြင့် ကျွန်တော်သည် ကျမ်းစာကို ကြိမ်ဖန်များစွာဖတ်ခဲ့ဖူးသည်။ သို့သော် ထိုလူပေးခဲ့သော

ကျမ်းစာသည် ကျွန်တော် အရင်ဖတ်ခဲ့သော ကျမ်းစာနှင့် မတူပေ။ တမူထူးခြားမှုရှိသည်။

ထိုအဘိုးကြီးနှင့်ဇနီးသည်သည် ကျွန်တော်နှင့် ကျွန်ုပ်မိန်းမ အသက်တာ ပြောင်းလဲနိုင်ရေးအတွက် နာရီပေါင်းများစွာ အတူတကွ ဆုတောင်းခဲ့ကြကြောင်း နောင်တစ်ချိန်မှာ အဘိုးကြီးကိုယ်တိုင် ဝန်ခံခဲ့ပါသည်။ သူပေးခဲ့သော ကျမ်းစာသည် စာသားအားဖြင့် များများရေးထားခြင်း မရှိ။ ထိုလူ၏ ဆုတောင်းခြင်း မီးအားဖြင့် လောင်ကျွမ်းလျက် ရှိသော ချစ်ခြင်းမေတ္တာ မီးလျှံဖြင့် ပြည့်သော ကျမ်းစာအုပ်ဖြစ်ပေသည်။

ကျွန်ုပ်၏ ဆိုးသောအသက်တာကို ယေရှု၏ အသက်တာနှင့် ဖြစ်စေ၊ ကျွန်ုပ်၏ ညစ်ညမ်းခြင်းကို ကိုယ်တော်၏ သန့်ရှင်းခြင်းနှင့်ဖြစ်စေ၊ ကျွန်ုပ်၏ မုန်းတတ်သော နှလုံးသားကို သူ၏ ချစ်ခြင်းမေတ္တာနှင့်ဖြစ်စေ နှိုင်းယှဉ်ကြည့်သောအခါတိုင်း၊ ဤမျှလောက် ဆိုးသွမ်းသော အပြစ်သားကို မိမိ၏သား အစစ်ကဲ့သို့ ကျွန်ုပ်အားလက်ခံခြင်းကို စဉ်းစားမိသောအခါ ထို ကျမ်းစာအုပ်ကလေးကို မဖတ်နိုင်တော့ဘဲ၊ ကျမ်းစာပေါ်မှာ ငိုကြွေးခဲ့ရပါသည်။

များမကြာမီ ကျွန်ုပ် ဇနီးသည်လည်း ပြောင်းလဲလာသည်။ ထိုအခါသူသည် အခြားသော သူများကို ခရစ်တော်ထံ ပို့ဆောင်ပေးလေ့ရှိ၏။ ၎င်းအခြားသောသူများကလည်း အခြားအခြားသော သူများကို ခရစ်တော်ထံ ထပ်ဆင့် ပို့ဆောင်ခြင်းအားဖြင့် ရိုမေးနီးယားတွင် Lutheran အသင်းတော်သစ် ပေါ်လာသည်။

ထိုအချိန်တွင် နာဇီဝါဒီများသည် ဂျာမဏီမှ ရိုမေးနီးယားသို့ ဝင်လာကြရာ ၎င်းတို့၏ လက်အောက်တွင် ကျွန်ုပ်တို့သည် ညှင်းပန်းနှိပ်စက်ခြင်း အမျိုးမျိုး စတင်တွေ့ကြုံခဲ့ရသည်။ရိုမေးနီးယား နာဇီဝါဒီများသည် ဘာသာရေးအယူဥ္စ Orthodox elements ကို အာဏာရှင်ဆန်ဆန် ဆုပ်ကိုင်ထားသဖြင့် Protestant အုပ်စုနှင့် ဂျူးလူမျိုးတို့ကို အမျိုးမျိုး ညှင်းပန်းနှိပ်စက်ခဲ့ကြသည်။

ဖွဲ့စည်းတည်ထောင်သူ ဖြစ်သည်အားလျော်စွာ၊ လက်တင်မင်္ဂလာ

မရမီ အချိန်နှင့် အမှုတော်ဆောင်ရန် ပြင်ဆင်မှု မရှိမီ အချိန်၌ပင်လျှင် ကျနော်သည် ဤအသင်းတော်ကို ဦးဆောင်မှု ပြုခဲ့သည်။ တာဝန်ရှိသူများဖြစ်သည် အားလျော်စွာ ကျွန်တော်နှင့်ဇနီးသည်သည် ကြိမ်ဖန်များစွာ ဖမ်းဆီးချုပ်နှောင်ခြင်း၊ နာဇီတရားသူကြီးရှေ့မှာ ရိုက်ပုတ်တုပ်နှောင်ခြင်း မကြာခဏ ခံခဲ့ရသည်။

နာဇီတို့၏ ညှင်းပန်းနှိပ်စက်ခြင်းသည် ပြင်းထန်လှပါသော်လည်း လာမည့် ကွန်မြူနစ် ညှင်းဆဲခြင်းနှင့် နှိုင်းစာလျှင် ပြောပလောက်အောင် မရှိသေးပါ။ ကျွန်ုပ်၏သား Mihai ကိုလည်း သေဘေးမှလွတ်ရန် ကြံရွယ်သောအားဖြင့် ဂျူးမဟုတ်သော အမည်မှည့်ပေးထား၏။

နာဇီဝါဒီတို့ စိုးမိုးချိန်တွင် အမြတ်ထုတ်စရာ အကြောင်းတစ်ခုရှိသည်။ ၎င်းတို့၏ ယုံကြည်ခြင်းဆိုင်ရာ သွန်သင်ချက်တစ်ခုမှာ "ရိုက်ပုတ်ခြင်းသည် ခန္ဓာကိုယ်အားဖြင့် ခံနိုင်စရာအကြောင်း ရှိပါသည်။ အလားတူပြင်းထန်သော နှိပ်စက်ညှင်းပန်းခြင်းသည်လည်း လူ့ဝိညာဉ်သည် ဘုရားသခင်၏ ကူညီခြင်းအားဖြင့် ခံနိုင်စရာ အကြောင်းရှိသည်" ဟူ၏။

မြေအောက် ခရစ်ယာန်များ၏ လှုပ်ရှားမှုနည်းဗျူဟာများကိုလည်း နာဇီတို့သည် ကျွန်ုပ်တို့ကို သင်ပေးလေ့ ရှိ၏။ ၎င်းသည် မကြာမီ ရောက်ရှိလာမည့် ညှင်းပန်းနှိပ်စက်ခြင်းအတွက် ကောင်းသော ကြိုတင်ပြင်ဆင်မှုသဖွယ် ရှိပေသည်။

## ရုရှားလူမျိုးများထံသို့ ကျွန်ုပ်အမှုတော်ဆောင်ခြင်း
## My ministry to the Russians

ဘုရားမဲ့ဝါဒီတစ်ယောက်ဖြစ်ခဲ့ရခြင်းကို နောင်တရသောအားဖြင့် ကျွန်ုပ် အသက်တာပြောင်းလဲသော နေ့ကစ၍ ဘုရားမဲ့ဝါဒီ ရုရှားလူမျိုးများထံသို့ သက်သေခံလိုသော ဆန္ဒပြင်းပြခဲ့ဖူးသည်။ ရုရှားလူမျိုးတို့သည် ငယ်စဉ်ကတည်းက ဘုရားမဲ့ဝါဒီကို လက်ခံကျင့်သုံးသော လူမျိုးများ

ဖြစ်ကြသည်။ ၎င်းတို့ထံသို့ သက်သေခံရန်အတွက် ကိုယ်တိုင် ရုရှားသို့ သွားရန် မလိုဘဲ ကျွန်ုပ်၏ စိတ်ဆန္ဒသည် အလိုလိုပြည့်စုံလာခဲ့သည်။

၎င်းအလိုဆန္ဒပြည့်စုံမှုသည် နာဇီတို့၏ခေတ်မှာပင် ရောက်ရှိလာခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် ရုရှားစစ်သုံ့ပမ်းများ ထောင်နှင့်ချီ၍ ရိုမေးနီးယားမှာရှိနေကြခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်တော်၏ ပထမဆုံး အတွေ့အကြုံကို ယနေ့တိုင် မမေ့နိုင်ပါ။ ရုရှားစစ် အကျဉ်းသား အင်ဂျင်နီယာ တစ်ဦးကို ကျွန်တော် ပထမဆုံး ချဉ်းကပ် ဝေငှခဲ့ရာ "ဘုရားသခင်ကို ယုံသလား" ဟုမေးသည်။ 'မယုံဘူး' ပြောလျှင် တော်ပါသေးသည်။ ယုံဖို့ မယုံဖို့က လူ၌ ရွေးချယ်ပိုင်ခွင့် ရှိပါသည်။ သို့သော် ကျွန်ုပ်မေးခွန်းကို ကြားသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်ကို မော့ကြည့်ပြီး သဘောမပေါက် နားမလည်သော မျက်နှာကြီးနှင့် "ဘုရားကို ယုံကြည်ဖို့ ကျွန်တော်စစ်ရေး အမိန့်မရသေးဘူး။ အမိန့်ရရင် ယုံမှာပေါ့" ဟု ပြောချလိုက်သည်။



ရိုမေးနီးယားနိုင်ငံအား နာဇီဝါဒီများအုပ်စိုးစဉ်ကပါစတာ Richard Wurmbrand အားဖြင့် အသက်တာပြောင်းလဲလျက် လျှို့ဝှက်စွာ ရေနှစ်ခြင်း မင်္ဂလာခံခဲ့ကြသော ယောဗြခရစ်ယာန်များနှင့် ဆရာကြီး၏ပုံ

ထိုလူ၏ စကားကိုကြားလာသောအခါ ကျွန်ုပ် မျက်ရည်ကျလာသည်။ နှလုံးသားများ ကျိုးပဲ့သလား ခံစားရသည်။ ကျွန်ုပ်ရှေ့မှာ ဘုရားသခင် ဆုကျေးဇူးတော် တစ်ခုဖြစ်သော လူ့စဉ်းစားဉာဏ် အရည်အသွေးမရှိ ပျောက်ဆုံးသွားသည့် လူကြီးတစ်ယောက် ရပ်နေပါသည်။ ကွန်မြူနစ်တို့၏ ဦးနှောက်ကျင်းခြင်း(brain washed) ခံခဲ့ရသောကြောင့် တပ်ကထုတ်သောအမိန့်မှအပ မိမိကိုမိမိ ဘာမျှ မစဉ်းစားတတ်တော့ချေ။

ထိုသူသည် ရုရှားလူမျိုးကိုယ်စားပြု ပုဂ္ဂိုလ်သာဖြစ်သည်။ ကွန်မြူနစ်အုပ်ချုပ်ရေး အမှောင်ရိပ်အောက်က ကြီးပြင်း လာသမျှသော လူတို့သည် အလားတူပင်ဖြစ်ကြသည်။ ကွန်မြူနစ်တို့၏ လက်ချက်ဖြစ်သော ဤအဖြစ်အပျက်ကို တွေ့ကြုံအပြီး၊ ဤလူမျိုးတို့သည် ကိုယ်ပိုင်ဆုံးဖြတ်ဉာဏ်ရှိလျှက် ဘုရားသခင်နှင့် ခရစ်တော်ကို ယုံကြည်လာသည့် တိုင်အောင်အသက်တာ ဆက်ကပ်ဖို့ ဘုရားသခင်အား ဂတိပေးခဲ့သည်။

ပြောခဲ့ပြီးသည့်အတိုင်း ရုရှားလူမျိုးတို့ထံ သက်သေခံ ဝေငှဖို့ ရုရှားကို သွားရန် မလိုပါ။ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှစ၍ ရိုမေးနီးယားနိုင်ငံသို့ ရုရှားစစ်သား တစ်သိန်းကျူးကျော် ဝင်ရောက်လာပြီးများမကြာမီ ကျွန်ုပ်တို့၏ တိုင်းပြည်ကို ကွန်မြူနစ်တို့က အုပ်ချုပ်လာခဲ့တော့သည်။ နှိပ်စက်ညှင်းပန်းမှုသည် အိပ်မက်ဆိုးကြီးပမာ တစ်ဟုန်ထိုးပြင်းထန်လာပါသဖြင့် နာဇီခေတ်က ခံစားရသမျှသည် အလွယ်ကလေးထင်ရသည်။

ထိုအချိန်က ရိုမေးနီးယား လူဦးရေသည် ယနေ့ လူဦးရေနှင့် အတူတူခန့် ရှိရာ (၂၄)သန်းမျှရှိသည်။ ၎င်းအနက် ကွန်မြူနစ် ပါတီဝင်လူဦးရေသည် တစ်သောင်းသာရှိသည်။ သို့သော် ဆိုဗီယက်ယူနီယံနိုင်ငံခြားရေးအတွင်းဝန် Vishinsky ရောက်ရှိလာပြီး၊ ကျွန်ုပ်တို့ ချစ်မြတ်နိုးသောဘုရင် Micheal I ၏ ရုံးခန်းထဲမှာ လက်သီးလက်မောင်း နှင့် စားပွဲကိုထုရင်း မုန်တိုင်းသံကဲ့သို့ ကြိမ်းမောင်းခဲ့သည်မှာ "ကွန်မြူနစ်များကို အုပ်ချုပ်ရေးအာဏာ ပေးရမည်" ဟူ၍ ဖြစ်သည်။

ကျွန်ုပ်တို့တိုင်းပြည်က တပ်မတော်နှင့် ရဲတပ်ဖွဲ့ကို အကြမ်းဖက်

လက်နက်သိမ်းကာ တစ်မျိုးသားလုံး အမုန်းခံ လျက်ဖြင့် ကွန်မြူနစ်တို့က အာဏာသိမ်းခဲ့ကြသည်။ ၎င်းအရေးအခင်းတွင် အမေရိကန်နှင့် အင်္ဂလန် တို့၏ ပူးပေါင်းပါဝင်လှုပ်ရှားမှု ရှိပါသော်လည်း မအောင်မြင်ခဲ့ချေ။

လူသည် မိမိတစ်ကိုယ်တော် အပြစ်သာ တာဝန်ရှိသည်မဟုတ်။ တစ်မျိုးသားလုံး၏ အပြစ်၌ တာဝန်ရှိသည်။ အမေရိကန်နှင့် အင်္ဂလိပ် ခရစ်ယာန်တို့သည် အကျဉ်းချခံရသော လူမျိုးတိုင်း၏ ဝမ်းနည်းခြင်းကို မျှဝေခံစားလျက် မိမိတို့မှာ တာဝန်ရှိကြောင်း သဘောပေါက်ကြသည်။ တစ်ခါတစ်ရံ အမေရိကန်သည် ရုရှားတို့၏ ကြောက်မက်ဖွယ် အကြမ်းဖက် လူသတ်အုပ်ချုပ်ရေးကို ကျွန်ုပ်တို့အပေါ် ကျရောက်လာစေရန်အတွက် ၎င်းတို့မှ မထင်မှတ်ဘဲ တစ်ခါတစ်ရံ အကူအညီပေးမိလျက်ရှိကြောင်း အမေရိကန်တို့ သိသင့်သည်။ ခရစ်တော်ခန္ဓာကိုယ်၌ အင်္ဂါဝင် တစ်ခုဖြစ်နေသော နိုင်ငံရေးအကျဉ်းထောင်ထဲ ရောက်နေကြသည့် လူမျိုးများအား ခရစ်တော်၏ အလင်းသို့ပို့ဆောင်ရန် အမေရိကန်တို့တာဝန်ယူကူညီသင့်သည်။

## အသင်းတော်အား သွေးဆောင်ဖြားယောင်းခြင်း
## The Seduction of the Church

ကွန်မြူနစ်တို့သည် အာဏာတစ်ခါရလာသည်နှင့်အမျှ အသင်းတော်အား လိမ်မာပါးနပ်စွာ ဖြားယောင်းသွေးဆောင်ခြင်း စလာလေတော့သည်။ ချစ်ခြင်းမေတ္တာစကားနှင့် မြူဆွယ်ခြင်း၏ စကားလုံးများသည် အတူတူပင်ဖြစ်သည်။ မိန်းကလေးတစ်ယောက်ကို ဘဝကြင်ဖော်အဖြစ် ယူချင်သောသူဖြစ်စေ၊ တစ်ညတာအတွက်သာ ယူချင်သောသူဖြစ်စေ 'ချစ်သည်' ဟူသော စကားလုံးကို သုံးကြစမြဲ ဖြစ်ပေသည်။

သိုးရေခြုံသော ဝံပုလွေအား သိုးအစစ်နှင့် ခွဲခြားတတ်ရန်သော်လည်းကောင်း၊ သွေးဆောင်ဖြားယောင်းသောအချစ်တု စကားနှင့် အချစ်စစ်

စကားသော်လည်းကောင်း ခွဲခြားတတ်ရန် လိုအပ်ကြောင်း ယေရှုက ဥပမာ ပေးကာ သွန်သင် ဆုံးမတော်မူခဲ့သည်။

ကွန်မြူနစ်များ အာဏာရလာသောအခါ ထောင်ပေါင်းများစွာသော ယဇ်ပုရောဟိတ်များ၊ သင်းအုပ်ပါစတာများနှင့် အမှုတော်ဆောင်များသည် ဤအသံနှစ်မျိုးကို မခွဲခြားတတ်ကြပေ။

ကျွန်ုပ်တို့တိုင်းပြည်၏ ပါလီမန် အဆောက်အအုံတွင် ကွန်မြူနစ်တို့က ဂိုဏ်းပေါင်းစုံ ခရစ်ယာန်ဘာသာရေး အစည်းအဝေးကြီး ကျင်းပပေးခဲ့ကြသည်။ ထို အစည်းအဝေးကြီးတွင် ဂိုဏ်း ပေါင်းစုံမှ ယဇ်ပုရောဟိတ် သင်းအုပ် သင်းထောက်များနှင့် အမှုတော်ဆောင်အပါး ပေါင်း (၄၀၀၀) တက်ရောက်ကြပြီး ဘုရားလူ ဖြစ်ကြ သော ဤအမှုတော်ဆောင် အားလုံးက Joseph Stalin ကြီးကို ဂုဏ်ထူးဆောင် ပါလီမန် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြပါသည်။ တစ်ချိန်တည်း မှာ ထိုပုဂ္ဂိုလ်သည် ကမ္ဘာ့ ဘုရားမဲ့ဝါဒီများ၏ လှုပ်ရှားမှုနှင့် ခရစ်ယာန်များ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု၏ ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

*"သတ္တိကြောင်သော သူကိုယောကျာ်း အပြစ် မယူချင်ပါဘူး"*

သင်းအုပ်ပါစတာနှင့်ဘိရှော့ဘုန်းတော်ကြီးများသည် တစ်ပါးပြီးတစ်ပါး မတ်တပ်ထလျက်၊ ကွန်မြူနစ်ဝါဒနှင့် ခရစ်ယာန် သဘောသဘာဝသည် အခြေခံအားဖြင့် အတူတူ ပင်ဖြစ်သောကြောင့် ပူးတွဲကာ နေနိုင်ကောင်းပါသည်ဟု ဝန်ခံကြေငြာခဲ့ကြသည်။ အမှုတော်ဆောင် တစ်ပါးပြီးတစ်ပါး ကွန်မြူနစ်ဝါဒကို ချီးမွမ်းလျက် အသင်းတော်သည် စိုးနင်းဝင်ရောက်လာသော အစိုးရသစ်အပေါ် သစ္စာရှိမည်ဟု ဆန္ဒပြုကြ၏။

ကျွန်တော်သည် ဇနီးသည်နှင့် ဤအစည်းအဝေးကို တက်ရောက်ခဲ့သည်။ ဇနီးသည် Sabina က ကျွန်ုပ်ကို "Richard ရယ်၊ ထစမ်းပါ၊ ဒီရှက်ဖွယ်ဖြစ်သောအရာကို ခရစ်တော်ရဲ့ မျက်နှာကနေ ဆေးကြောပေးလိုက်စမ်းပါ။ ဒီလူတွေဟာ ကိုယ်တော့်မျက်နှာကို တံတွေးထွေး နေကြပြီ" ဟု တိုက်တွန်းနှိုးဆော်ခဲ့သည်။

ကျွန်ုပ် အောက်ပါအတိုင်း ပြန်ပြောလိုက်သည်။ "မင်းပြော

သလိုသာ ငါလုပ်ချလိုက်ရင် မင်းယောကျ်ားရှုံးပြီ”

သူမက ပြန်ပြောသောစကားသည် “သတ္တိကြောင်သော သူကို ယောကျ်ားအဖြစ် မယူချင်ပေါင်” ဟူ၍ ဖြစ်သည်။

ထိုအခါ ကျွန်ုပ်သည် မနေနိုင်တော့ပါသဖြင့် မတ်တပ်ထလျက် ပရိသတ်ကြီးထံ ခရစ်ယာန်တို့အား သတ်ဖြတ် နေသော လူသတ်သမားကို မချီးမွမ်းဘဲ၊ ယေရှုကိုသာ ချီးမြှောက်ရန်နှင့် ကျွန်ုပ်တို့၏ သစ္စာရှိမှုသည် ခရစ်တော်အတွက် သာဖြစ်သင့်ကြောင်း ပြောချလိုက်လေသည်။ ၎င်း အစည်းအဝေးကြီးမှ ပြောဆိုဆွေးနွေးချက်ဟူသမျှသည် ချက်ချင်း အသံလွှင့်ထားလျက်ရှိရာ ကျွန်တော်၏ ကွန်မြူနစ်ပါလီမန် စင်မြင့်ပေါ်မှ ခရစ်တော်အကြောင်း ဟောပြော သက်သေခံ ချက်သည် လေလှိုင်းကြားမှ တစ်ပြည်လုံး လွှင့်သွားတော့သည်။ မကြာမီ ကျွန်ုပ်သည် အဖိုးအခပေးရ တော့မည်။ သို့သော် လုံးဝထိုက်တန်ပါသည်။

အခေါ်ရလွယ်အောင် မူဟောင်းမူသစ်ဟူ၍သာ အမည်ပေးထားသည့် Orthodox နှင့် Protestant ခရစ်ယာန် ခေါင်းဆောင်များသည် ကွန်မြူနစ်ဝါဒအား ဦးညွှတ်ပေးကြပြီ။ မူဟောင်းဘုန်းတော်ကြီး တစ်ပါးသည် မိမိဝတ်လုံတွင် (ကွန်မြူနစ်တို့၏ တံဆိပ်ဖြစ်သော) တူနှင့် တံစဉ် ပုံကို ရေးဆွဲထားပြီး၊ လုပ်ဖေါ်ဆောင်ဖက် ဘုန်းတော်ကြီးများအား “ကျွန်ုပ် ကို တွေ့တိုင်း ‘ကျေးဇူးတော်’လို့ နှုတ်မဆက်တော့ဘဲ၊ ‘သွေးသောက် ဘိရှော့’ ဟူ၍သာ နှုတ်ဆက်ကြပါခင်ဗျ” ဟု ပြောလေ့ရှိ၏။ ‘သွေးသောက်’ သည် ‘ရဲဘော်’ ကဲ့သို့ ကွန်မြူနစ်ပါတီဝင်တို့၏ အများသုံးစကားဖြစ် သည်။ ခရစ်ယာန် ဘုန်းတော်ကြီးများဖြစ်ကြသော Patrascoiu နှင့် Rosianu တို့သည် လျှို့ဝှက်ရဲတပ်ဖွဲ့အရာရှိများအဖြစ် ထင်ထင်ပေါ်ပေါ် ပါဝင်ကြတော့သည်။

ရိုမေးနီးယား Lutheran အသင်းတော်မှ ဒုတိယဂိုဏ်းချုပ် ဆရာကြီး Rapp သည် ဓမ္မတက္ကသိုလ်တွင် စာသင်ပေးရာ၌ “ဘုရား သခင်က ဗျာဒိတ်တော် သုံးဆင့်ပေးတယ်။ ပထမအဆင့်သည် မောရှေ အားဖြင့် ဖြစ်ပြီး၊ ဒုတိယအဆင့်ဟာ ယေရှုအားဖြင့်ပေးရာ နောက်ဆုံးနှင့်

အမြင့်မြတ်ဆုံး အဆင့်ဟာ Stalin အားဖြင့် ဖြစ်တယ်" ဟူ၍ သင်ပြခဲ့လေသည်။

Resita မြို့ နှစ်ခြင်းခရစ်ယာန် အသင်းချုပ်အစည်းအဝေးကြီးသို့ ကျွန်တော်တက်ရောက် ပါဝင်ခဲ့ဖူးသည်။ ၎င်းအစည်းအဝေး စင်မြင့်ပေါ်တွင် အလံနီဆွဲချိပ်ထားကြပြီး၊ တက်ရောက်သူတိုင်း မတ်တပ်ရပ်လျက် ရုရှားအမျိုးသား သီချင်းဆိုကြရသည်။ နှစ်ခြင်းအသင်းတော် ဥက္ကဌသည် Stalin ကို 'ကျမ်းတတ်ပုဂ္ဂိုလ်ကြီး' ဟူ၍ ချီးကျူးရုံသာ မကဘဲ၊ ဘုရားသခင်၏ ပညတ်တော်များကို ပြည့်စုံစေသော ပုဂ္ဂိုလ်ဖြစ်သည်ဟု တင်စားခဲ့သေးသည်။

ကျွန်တော် တကယ်ချစ်သည့် နှစ်ခြင်းအသင်းတော်မှ စစ်မှန်သော ယုံကြည်သူ အချို့သည် ခရစ်တော်၌ သစ္စာရှိကြပါသောကြောင့် အထက်ပါကိစ္စကို သဘောတူနိုင်ကြမည် မဟုတ်ကြောင်း နှင့် လွန်စွာ ခံစားကြမည်ဖြစ်ကြောင်း ထင်ရှားပါသည်။ သို့သော် ၎င်းတို့၏ ခေါင်းဆောင်များအား ကွန်မြူနစ်တို့က ရွေးပေးထားပါသဖြင့် "မချစ်သော်လည်း အောင့်ကာနမ်းခဲ့ကြရသည်။

ယနေ့ ကွန်မြူနစ်တိုင်းပြည်များ၌ အစိုးရ အသိအမှတ်ပြု (official) နံပါတ်တစ်ခေါ် တရားဝင် အသင်းတော်မှ ထိပ်တန်းခေါင်းဆောင်များသည် အလားတူပင်ဖြစ်ကြသည်။ ခရစ်တော်အစား (Official) ခေါ် တရားဝင်အသင်းတော်သည် အစိုးရမှ ထိန်းချုပ်မှုပြုသည်။ တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်သောတိုင်းပြည်များရှိ တရားဝင် အသင်းတော်များမှ အသင်းဝင်များသည် ခရစ်ယာန် လူဦးရေ စုစုပေါင်း၏ ၁၀% မျှသာ ရှိကြသည်။ အသင်းတော်များစွာတို့သည် မှတ်ပုံမတင်ဘဲ မြေအောက် ခရစ်ယာန် လှုပ်ရှားမှုကိုသာ၍ နှစ်သက်ကြသည်။ ကွန်မြူနစ်ဝါဒကို အစေခံသော ခရစ်ယာန်တို့သည် ၎င်းတို့နှင့် လက်တွဲခဲ့သော ယုံကြည်ခြင်း ညီအစ်ကိုများကို လက်တွဲဖြုတ်ကာ စွန့်ပယ်ခဲ့ကြရသည်။

ကွန်မြူနစ်ဝါဒ ကပ်ဆိုက်ရောက် ကြီးစိုးလာသည်က တစ်ကြောင်း၊ တရားဝင် အသင်းတော် လူကြီးများ၏ တိုင်တောမှုကြောင့် တစ်

ကြောင်း၊ ရုရှားမြေအောက် ခရစ်ယာန်လှုပ်ရှားမှုမျိုးသည် ရိုမေးနီးယားတွင်လည်း အလိုလို ပေါ်ပေါက်လာ ပါတော့သည်။ မြေအောက် အသင်းတော်များသည် ဧဝံဂေလိတရား သက်သေခံလုပ်ငန်း၊ ဒေသနာဟောပြောခြင်းနှင့် ကလေးများအား ခရစ်တော်ထံသို့ ပို့ဆောင်ခြင်း အမှုတွင်သစ္စာရှိကြသည်။

ကွန်မြူနစ်တို့သည် ဤအရာအားလုံးကို တားမြစ်လျက် တရားဝင် အသင်းတော်မှ ခေါင်းဆောင်များသည် ၎င်းကို ကျူးလွန်သူရှိ မရှိ လိုက်လံစုံစမ်းသောသူများအဖြစ် ပါဝင်လှုပ်ရှားကြသည်။

အခြား ယုံကြည်သူများနှင့် လက်တွဲကာ ကျွန်တော်သည် မြေအောက် အသင်းတော်တစ်ပါးကို စတင် တည်ထောင်ပါသည်။ (Norwegian Lutheran Mission) လူသရင်အသင်းတော် ခေါင်းဆောင်တစ်ပါးအနေဖြင့် ပြင်ပအမြင်မှာ ကျွန်တော်၏ ရာထူးသည် လေးစားထိုက်သော အနေအထားမှာရှိသည်။ ၎င်းကို အကာအကွယ် ပြုလျက် မြေအောက်အသင်းတော်ကို တည်ထောင်ခဲ့သည်။ တစ်ချိန်တည်းမှာ (World Council of Churches) တစ်ကမ္ဘာလုံး အသင်းတော်များကောင်စီသို့ ရိုမေးနီးယားတိုင်းပြည်ကို ကျွန်တော် ကိုယ်စားပြုခဲ့ပါသည်။ (ရိုမေးနီးယား WCC အဖွဲ့အစည်း အနေဖြင့် ကွန်မြူနစ်တို့နှင့် လက်တွဲရန် အိမ်မက်ပင် မမက်ခဲ့ဖူးပါ။ ထိုအချိန် ကျွန်ုပ်တို့တိုင်းပြည်တွင် ၎င်းအဖွဲ့အစည်းသည် ကယ်ဆယ်ရေးလုပ်ငန်းမှအပ အခြားဘာမျှ ဆောင်ရွက်ခြင်း မရှိခဲ့ချေ။)

အထက်ပါ ရာထူးနှစ်ခုက ကျွန်ုပ်အား အာဏာပိုင်များရှေ့တွင် မျက်နှာရစေခဲ့သည်။ ကျွန်ုပ်၏ မြေအောက် လှုပ်ရှားမှုကို မသိကြသေးချေ။ ကျွန်ုပ်တို့၏ မြေအောက်လှုပ်ရှားမှု၌ ရည်ရွယ်ချက်နှစ်ခု ရှိသည်။

ပထမ ရည်ရွယ်ချက်သည် ရုရှားစစ်သားများထံသို့ လျှို့ဝှက်အမှုတော်ဆောင်ခြင်းဖြစ်ပြီး၊ ဒုတိယမှာမူ ယုံကြည်ခြင်းကြောင့် ထောင်ထဲရောက်နေသော ရိုမေးနီးယားလူမျိုးများ ကူညီပံ့ပိုးခြင်းပင် ဖြစ်ပေသည်။

## ဝိညာဉ်ဆာငတ်သော ရုရှားလူမျိုးများ
## Russians - a people with such "thirsty" souls

ရုရှားလူမျိုးများထံသို့ သတင်းကောင်း ဟောပြောခြင်းသည် ကျွန်ုပ်အတွက် လောကနိဗ္ဗာန်ဟု ထင်ရသည်။ ကျွန်တော် လူမျိုးပေါင်းများစွာထံသို့ သတင်းကောင်း ဟောပြောခဲ့ဖူးပါပြီ။ ရုရှားလူမျိုးကဲ့သို့ သတင်းကောင်းကို ရေလိုငတ်၍ ငမ်းငမ်းတက်သောက်လိုသော သူမတွေ့ရသေးချေ အလွန်အမင်းဆာငတ်ခဲ့ကြပါသည်တကား။

Orthodox ဘုန်းတော်ကြီးလည်းဖြစ်၊ ကျွန်ုပ်မိတ်ဆွေလည်းဖြစ်သော ပုဂ္ဂိုလ်က မိမိထံသို့ ရုရှားအရာရှိ တစ်ဦးရောက်လာပါက ဘာသာတရားဆွေးနွေးစေလိုကြောင်း၊ မိမိအနေဖြင့် ရုရှားစကား မပြောတတ်ကြောင်း၊ ကျွန်တော်သည် ရုရှားစကားပြောတတ်ပါသဖြင့် ထိုပုဂ္ဂိုလ်ကို ကျွန်ုပ်ထံ လွှတ်လိုပါကြောင်း။ ထို့ကြောင့် ကျွန်ုပ်လိပ်စာကို ထိုသူအားပေးခဲ့ပြီ ဖြစ်ကြောင်း၊ ဖုန်းဆက်လာခဲ့သည်။ နောက်တစ်နေ့ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်ထံသို့ ရောက်လာသည်။ ထိုသူသည် ဘုရားကို အလွန်တမ်းတခဲ့ပါသော်လည်း သမ္မာကျမ်းစာအုပ်တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးပါ။ ဓမ္မပညာလည်း မရှိ၊ ဘုရားကျောင်းလည်းတက်ဖူးခဲ့ခြင်းမရှိ။ (ထိုအချိန်ရုရှားမှာ ဘုရားကျောင်းမရှိသလောက် ဖြစ်သည်။) ဘုရား အကြောင်းကို စိုးစဉ်မျှ မသိခဲ့ဖူးသော်လည်း ထိုပုဂ္ဂိုလ်သည် ဘုရားကို အလွန်ချစ်သည်။

တောင်ပေါ်ဒေသနာနှင့် ခရစ်တော် ပုံပမာစကားများကို ဖတ်ပြသည်။ ၎င်းကို ကြားသိရသောအခါ အလွန်အမင်း ဝမ်းမြောက်သဖြင့် အခန်းထဲမှာ ကလေးကဲ့သို့ ကခုန်ရင်း "အရမ်းလှလိုက်တာနော်...၊ ဒီယေရှုကို မသိဘဲ ငါဘယ်လို အသက်ရှင်နိုင်ခဲ့တာပါလိမ့်" ဟူ၍ အော်ခဲ့သည်။ ဤတစ်ခါလောက် ခရစ်တော်၌ ဝမ်းမြောက်သောသူ မမြင်ခဲ့ဖူးပါ။

တစ်ခုတော့ ကျွန်တော်မှားမိသည်။ ကြိုတင်ပြင်ဆင်မှု မရှိဘဲ (သင့်တော်မည်၊ မသင့်တော်မည်ဟူသော အချက်ကို မစဉ်းစားဘဲ)

ကားတိုင်ပေါ်က ခရစ်တော်၏ ခံစားချက်များကို ဖတ်ပေးခဲ့သည်။ ထိုကဲ့သို့ ခရစ်တော်သည် ရိုက်ပုတ်ခြင်းခံကာ ကားတိုင်တင်လျက် သေဆုံးသွားမည်ဟု ထိုပုဂ္ဂိုလ်က လုံးဝမထင်ခဲ့ပါသောကြောင့် ထိုအရာများကြားလာသည်နှင့် တစ်ပြိုင်နက် ပက်လက်ကုလားထိုင်ပေါ် ခွေကျကာ ရှိုက်ကြီးတငင်ငိုတော့သည်။ သူယုံကြည်ခဲ့သော ကယ်တင်ရှင် သေဆုံးသွားပြီ။

ထိုပုဂ္ဂိုလ်ကိုကြည့်ကာ မိမိကိုယ်ကို ရှက်မိသည်။ ခရစ်ယာန်သင်းအုပ်ပါစတာနှင့် တစ်ပါးသူအတွက် ဆရာဟု မိမိကိုယ်မိမိ ထင်ခဲ့ပါသော်လည်း ခရစ်တော်၏ အနာတရခံစားချက်များကို ဤရုရှားအရာရှိကမျှယူခံစား သကဲ့သို့ ခံစားခြင်း မရှိခဲ့ဘူးပါ။ သူ့ကို ကျွန်တော်ကြည့်နေသည်။ ကားတိုင်ခြေတော်ရင်းမှာ ဇရင်ကျူးကာ ငိုကြွေးနေရှာသော မာဂဒလမာရိကို မြင်ယောင်မိသည်။ ထိုပုဂ္ဂိုလ်သည် သင်္ချိုင်းထဲက အလောင်းတော်အတွက် သစ္စာရှိစွာ ငိုကြွေးနေရှာသည်။

သူ့ကို ရှင်ပြန်ထမြောက်တော်မူခြင်းအကြောင်း ပြန်ဖတ်ပေးသောအခါ သူ့မျက်နှာရွှင်ပျလာသည်။ မိမိ၏ ကယ်တင်ရှင် ပြန်လည်ထမြောက်တော်မူကြောင်း သူမသိခဲ့ချေ။ ဤ အံ့ဖွယ်သတင်း ကြားလာသောအခါ မိမိဒူးကိုထုကာ ကျိန်ဆိုခဲ့သည်။ ကျိန်ဆိုရာ၌ အသုံးပြုသော စကားသည် ညစ်ညမ်းသော်လည်း စိတ်ရင်းမှာမူ သန့်ရှင်း၏။ ညစ်ညမ်းစွာ ပြောခြင်းသည် ထိုလူ (ခရစ်တော် ရှင်ပြန်ထမြောက်တော်မူကြောင်း ပြန်လည်ကြားသိရသောအခါ) ဝမ်းမြောက်စွာ အော်ဟစ်ပြန်သည်။ "ငါ့ဘုရား အသက်ရှင်တယ်၊ ငါ့ဘုရား အသက်ရှင်တယ်" မထိန်းနိုင်သော ဝမ်းမြောက်ခြင်းဖြင့် အခန်းပတ်လည်တွင် နောက်ထပ်တစ်ကြိမ် ကခုန်ခဲ့သည်။

'ဆုတောင်းကြစို့လား' ဟု ကျွန်တော်က မေးသည်။ ဆုမတောင်းတတ်ပါ။ ကျွန်တော်တို့ ဆုတောင်းရာ၌ အသုံးပြုနေကျဖြစ်သည့် 'သန့်ရှင်းသော' စကားစုများကို ထိုလူ မသိသေးပါ။ ကျွန်တော်နှင့်အတူ ဒူးထောက်ကာ သူပြောသော စကားမှာ "အို... ဘုရား၊ မင်းဟာ အတော်ကောင်းတဲ့လူပါလား၊ ငါသာ မင်းဖြစ်လို့၊ မင်းသာ ငါဖြစ်ခဲ့ရင်၊ မင်းရဲ့ အပြစ်ကို ငါဘယ်တော့မှ လွှတ်မှာမဟုတ်ဘူး။ မင်းဟာ အတော် ကောင်းတဲ့

လူပဲ။ မင်းကို ငါ နှလုံးသားအကြွင်းမဲ့ ချစ်ပါတယ်”

ရှရှားအရာရှိ၏ နက်နဲစွာ တောင်းသောဆုတောင်းပဌနာကို ကြားသိကြရသောအခါ ကောင်းကင်တမန် အားလုံးတို့သည် မိမိတို့ လုပ်နေကျ အလုပ်အသီးသီးကို ရပ်လျက် နားထောင်ကြလိမ့်မည်ဟု ထင်ပါသည်။ ထိုပုဂ္ဂိုလ်သည် ခရစ်တော်အတွက် အသက်တာ ပြောင်းလဲသွားပြီ။

ဆိုင်တစ်ဆိုင်တွင် ရှရှားဗိုလ်ကြီး တစ်ဦးကို အမျိုးသမီး အရာရှိ တစ်ဦးနှင့်အတူ ကျွန်တော် တွေ့ရသည်။ ကုန်မျိုးစုံဝယ်ရန် လာကြပါသော်လည်း ဆိုင်ရှင်သည် ရှရှားစကား နားမလည်ပါသဖြင့် အခက်ကြုံကြသည်။ ကျနော်က ဘာသာပြန်ပေးလိုက်သဖြင့် ၎င်းတို့နှင့် ခင်မင်ခွင့် ရခဲ့သည်။ သူတို့ကို ကျွန်တော်တို့အိမ်မှာ နေ့လည်စာ စားဖို့ ဖိတ်လိုက်သည်။

ထမင်းမစားမီ သူတို့ကို ကျွန်တော်က “မိတ်ဆွေတို့ဟာ အခု ခရစ်ယာန်အိမ်ရောက်နေတာ ဖြစ်တယ်။ ကျနော်တို့ဟာ ထမင်းမစားမီ ဆုတောင်းတဲ့ ဓလေ့ရှိတယ်” ဟူ၍ ပြောပြီး ကျွန်တော် ရှရှားစကားဖြင့် ဆုတောင်းသည်။ ထိုအခါ လက်ထဲက ဇွန်းခရင်းကို ချထားကြပြီး၊ အစားအသောက်မှာ စိတ်ဝင်စားမှု မရှိကြတော့ချေ။ စားသောက်မည့် အစား ဘုရားအကြောင်း ခရစ်တော်အကြောင်းနှင့် ကျမ်းစာအကြောင်း မေးခွန်း အမျိုးမျိုး မေးလာခဲ့ကြတော့သည်။ ဘာတစ်ခု မျှ သူတို့နားမလည်ပေ။

သူတို့ သဘောပေါက်အောင် စကားပြောခြင်းသည် လွယ်ကူသော အလုပ်မဟုတ်ပေ။ သိုးအကောင်တစ်ရာအနက် တစ်ကောင် ပျောက်သောသူ၏ အကြောင်း၊ ဥပမာစကားကို ပြောသော်လည်း ၎င်းတို့က နားမလည်နိုင်။ အကြောင်းမှာ ကျွန်မြူနစ်ဝါဒဖြင့် ဦးနှောက်ဆေး ပလုတ်ကျင်းခံခဲ့ကြရသောကြောင့် ဖြစ်သည်။ သူတို့က (ကလေးပမာ) “သိုးအကောင်တစ်ရာတိုင်အောင် ထိုလူဘယ်လို မွေးနိုင်ပါသလဲ။ ကွန်မြူနစ် စုပေါင်းမွေးမြူရေးအဖွဲ့က မသိမ်းဘူးလား” စသည်ဖြင့် ပြန်မေးကြသည်။

နောက်တစ်ခါ ယေရှုသည် ဘုရင်တကာ ဘုရင်ဖြစ်ကြောင်း ပြောပြသည်။ သူတို့က ပြန်ပြောသောစကား သည် “ရှင်ဘုရင်တိုင်း လူဆိုးတွေပဲ၊ လူတို့ကို မတရားအုပ်ချုပ်ကြတယ်။ ယေရှုဟာလဲ

အာဏာရှင်ဖြစ်မှာပဲနော်" ဟူ၍ ဖြစ်သည်။

စပျစ်ခြံထဲက အလုပ်သမား ဥပမာစကားကို ၎င်းတို့အား ပြန်ပြောလိုက်သောအခါ "ကောင်းပြီ ခြံလုပ်သားတွေဟာ ခြံပိုင်ရှင်ကို တော်လှန်သင့်တယ်။ ထိုခြံဟာ စုပေါင်းခြံမြေ အဖြစ်သာ ရှိသင့်တယ်" ဟူ၍ ပြန်လည် ဆင်ခြေပေးကြ သည်။ ၎င်းတို့အတွက်အရာ ခပ်သိမ်းသည် အသစ်အဆန်းချည်းသာ ဖြစ်နေသည်။ ယေရှုဖွားမြင်တော်မူသော အကြောင်းပြောပြ လာသောအခါ အနောက်တိုင်းသားများအတွက် စော်ကားရာကျသော မေးခွန်းမေးလာခဲ့ကြသည်မှာ "မာရိဟာ ဘုရားသခင်ရဲ့ မိန်းမလား"။

၎င်းတို့အပြင် အခြားကွန်မြူနစ် ရုရှားလူမျိုးများစွာတို့နှင့် နှစ်ပေါင်းများစွာ ပေါင်းသင်းလာသောအခါ အတွေ့အကြုံအရ သိရသည်မှာ (သတင်းကောင်းဝေငှရာ၌) ၎င်းတို့ နားလည်နိုင်သော ဥပမာစကားများသာ သုံးသင့်သည် ဟူသော အချက်ဖြစ်သည်။

၎င်းနည်းဗျူဟာသည် ကွဲပြားခြားနားသော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများစွာအတွက် အကျုံးဝင်သည်။ ဥပမာ အာဖရိကတိုက် အလယ်ပိုင်းသို့ သွားရောက် သာသနာပြုနေသောသူအတွက် (ဟေရှာယ ၁း၁၈) လာ ကျမ်းချက်သည် ဘာသာပြန်ဖို့ အခက်တွေ့နိုင်သည်။ "သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း မိုဃ်းပွင့်ကဲ့သို့ ဖြူလိမ့်မည်"။ အကြောင်းမှာ အာဖရိကတိုက် အလယ်ပိုင်းတွင် နှင်းကျလေ့မရှိပါသဖြင့် 'နှင်းပွင့်၊ မိုးပွင့်" ဟူသော စကားလုံးပင်လျှင် မရှိချေ။ ထိုကြောင့် သာသနာပြုဆရာအနေဖြင့် (အာဖရိကတိုက် အလယ်ပိုင်းက လူများအတွက် အထက်ပါ ကျမ်းပိုဒ်ကို) "သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း အုန်းဆံကဲ့သို့ဖြူလိမ့်မည်"ဟူ၍ ဘာသာပြန်သင့်သည်။

အလားတူ ရုရှားလူမျိုးတို့ထံ၌လည်း သတင်းကောင်းကို 'ကားလ်မခ်စ်စကား' (Marxist Language) ဖြင့်သာ ဝေငှသင့်သည်။ ၎င်းသည် ကျွန်ုပ်တို့အနေဖြင့် လုပ်ဆောင်ရန် အခက်အခဲရှိနိုင်ပါသော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အားဖြင့် လုပ်ဆောင်

တော်မူလိမ့်မည်။

ရုရှားစစ်ဗိုလ် ကပ္ပတိန်နှင့် သူ့မိတ်ဆွေ အမျိုးသမီးအရာရှိတို့ နှစ်ဦးစလုံး ထိုနေ့တွင်ပင် အသက်တာ ပြောင်းလဲသွားကြသည်။ နောက်နောင်တွင် ရုရှားလူမျိုးထံသို့ မြေအောက်အမှုတော်ဆောင် လုပ်ငန်း၌ ၎င်းတို့က အကူအညီများစွာ ပေးခဲ့သည်။

ဓမ္မစာပေနှင့် အခြားစာပေများစွာကို လျှို့ဝှက်ပုံနှိပ်ပြီး၊ ရုရှားလူမျိုး ထောင်ပေါင်းများစွာအား ဝေငှခဲ့ပါသည်။ ကျမ်းစာအုပ်ဖြစ်စေ၊ ဝေစာဖြစ်စေ ပြောင်းလဲလာသော ရုရှားစစ်သားများအားဖြင့် ရုရှားနိုင်ငံသို့ ခိုးသွင်းခဲ့ကြသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ဆိုင်ရာ စာပေများကို ရုရှားတို့ လက်ထဲအရောက်ပို့ရန် အခြားသော နည်းလမ်းများကိုလည်း သုံးလေ့ရှိသည်။ ရုရှားစစ်သားများသည် နှစ်ပေါင်းများစွာ စစ် မြေပြင်မှာ စစ်တိုက်ကြရပါသောကြောင့် သားသမီးများကို နှစ်ရှည်လများ မတွေ့ရဘဲနေကြသည်။

**ရုရှားလူမျိုးတို့ထံသို့ သတင်းကောင်းဝေငှရာ တွင်၎င်းတို့နားလည်နိုင်သော နည်းလမ်းသစ်များသာ သုံးရသည်၊**

(ရုရှား လူမျိုးတို့သည် ကလေးအလွန် နှစ်သက်ကြသည်။) ကျွန်ုပ်၏သား (Mihai)နှင့် အခြားဆယ်နှစ်အောက် ကလေးများက လမ်းပေါ်နှင့် ပန်းခြံရှိ ရုရှားစစ်သားများထံသို့ ကျမ်းစာနှင့်ဝေစာများ သယ်ဆောင်ဝေငှကြ သည်။ ရုရှားစစ်သားများသည် ကလေးများကို ချစ်စနိုး ခေါင်းပုတ်လျက် အချိန်ကြာမြင့်စွာ မမြင်ကြရသော မိမိတို့၏ ကလေးများကိုယ်စား ကြင်နာစွာ စကားပြောလေ့ ရှိကြသည်။

စစ်သားများက ချောကလက်နှင့် သကြားလုံးများပေးပြီး ကလေးများကလည်း တုန့်ပြန်သောအားဖြင့် ကျမ်းစာ နှင့် ဝေစာများ ပေးကြရာ ဝမ်းပန်းတသာ လက်ခံခဲ့ကြသည်။

လူကြီးများအတွက် အန္တရာယ်ရှိသော အမှုတော်မြတ်ကို ကလေးများသည် လွယ်လင့်တကူ ဆောင်ရွက်ပြီးစီး နိုင်ခဲ့သည်။ ရုရှားလူမျိုးများအတွက် "သာသနာပြုလူငယ်များ" ပင် ဖြစ်ကြသည်။ အကျိုးရလဒ်သည်

အလွန်အောင်မြင်၏။ အခြားနည်းလမ်း မရှိသည့်ကြားက ဤနည်းလမ်းဖြင့် ရုရှားစစ်သားများစွာတို့သည် သတင်းကောင်း လက်ခံရရှိခဲ့ကြသည်။

~~~~~

## ရုရှားစစ်တန်းလျားများတွင် တရားဟောခြင်း
## Preaching in Russian army barracks

ရုရှားလူမျိုးတို့ထံသို့ တစ်ဦးချင်း သက်သေခံလုပ်ငန်းသာ လုပ်ဆောင် ကြသည်မဟုတ်။ သေးငယ်သော လူစုလူဝေးအားဖြင့်လည်း ဟောပြောဝေငှခဲ့ကြသည်။

ရုရှားလူမျိုးတို့သည် လက်ပတ်နာရီကို အလွန်ကြိုက်သဖြင့် တွေ့သမျှ နာရီကို ခိုးဝတ်ကြသည်။ လမ်းပေါ်မှာ လက်ပတ်နာရီ ဝတ်လာသောသူကို တွေ့လျှင်ရပ်ခိုင်းလျက် နာရီကို တောင်းတတ်ကြသည်။ ရုရှားအမျိုးသားတို့သည် လက်ပတ်နာရီကို တစ်ယောက်လျှင် တစ်လုံးမက ပတ်တတ်ကြပြီး၊ အမျိုးသမီး အရာရှိများသည် အသံပါသော နာရီကို လည်ပင်းတွင် ဆွဲထားတတ်ကြသည်။ သူတို့မှာ နာရီ မရှိခဲ့ကြဘူးပါသဖြင့် နာရီနှင့် ပတ်သက်လာလျှင် ရောင့်ရဲသည်ဟု မရှိနိုင်ကြ။

နာရီလိုချင်သော ရိုမေးနီးယား လူမျိုးတို့သည် ရုရှားစစ်တန်းလျားများသို့ သွားကာ ခိုးရာပါ နာရီများကို ဝယ်လေ့ ရှိကြရာ၊ ကြိမ်ဖန်များစွာ မိမိနာရီကို မိမိပြန်ရွေးဝယ်တတ်ကြသည်။ ရုရှားစစ်တန်းလျားသို့ ဤနည်းအားဖြင့် ရိုမေးနီးယား လူမျိုးတို့သည် အစဉ်ရောက်ရှိလျက် ရှိကြသည်။ မြေအောက် အသင်းတော်များကလည်း ဤနည်းကို အတုယူကြသည်။ ၎င်းတို့ထံမှ နာရီဝယ်ခြင်းအားဖြင့် ၎င်းတို့၏ တန်းလျားအဆောင်များသို့ ရောက်ရှိနိုင်ကြသည်။

ရုရှားစစ်တန်းလျား အဆောင်များသို့ ကျွန်တော် ပထမဆုံး တရားဟောသောနေ့သည် Orthodox ခေါ် ဂိုဏ်းဂဏတို့၏ "စိန်ပေါ
~~~~~

လုနှင့် စိန်ပီတာနေ့.” ခေါ် ပွဲနေ့တစ်နေ့တွင် ဖြစ်သည်။ နာရီဝယ်မည့် သူကဲ့သို့ ဟန်ဆောင်ကာ ထိုနေရာကို ရောက်ခဲ့သည်။ နာရီအသီးသီးကို ပြလျက်ဝိုင်းအုံလာကြသောအခါ၊ ဈေးကြီးသည်၊ ငယ်လွန်းသည်၊ ကြီးလွန်းသည် စသည်ဖြင့် ဆင်ခြေပေးကာ နောက်ဆုံးတွင် နောက်ပြောင် ကျီစယ်သောအားဖြင့် “ခင်ဗျားတို့အထဲမှာ ပေါလု သို့မဟုတ် ပေတရု မရှိကြဘူးလား” ဟုမေးသည်။

ရှိကြပါသည်။ ထိုအခါ “ကနေ့ဟာ ခင်ဗျားတို့ ဂိုဏ်းမှ စိန်ပေါလုနှင့် စိန်ပီတာကို ဂုဏ်ပြုတဲ့ နေ့ဆိုတာ မသိကြဘူးလား” ဟု ကျွန်တော်က မေးသည်။ (အသက်အရွယ်ကြီးသော ရုရှားလူမျိုး အချို့ကမူ ၎င်းကို သိကြသည်)။ ဆက်လက်၍ မေးသည်မှာ “ပေါလုနှင့် ပေတရုဆိုတာ ဘယ်သူတွေလဲ သိကြရဲ့လား” ဟူသော မေးခွန်း ဖြစ်သော်လည်း မည်သူကမျှ မသိခဲ့ကြချေ။ ထိုအခါ ကျွန်တော်က ပေါလုနှင့် ပေတရု အကြောင်းကို စပြောခဲ့သည်။

အသက်အကြီးဆုံး ရုရှားစစ်သားကြီးက ကျွန်ုပ်ကို ကြားဖြတ်၍ ပြောသည်မှာ “ခင်ဗျားနာရီဝယ်ဖို့ တကယ်လာ တာမဟုတ်ပါဘူး။ ယုံကြည်ခြင်းအကြောင်း ဟောဖို့လာတာမဟုတ်လား။ ဒီမှာ ကျနော်တို့နဲ့အတူ ထိုင်ပြီး အေးအေး ဆေးဆေး ပြောလိုက်ပါဗျာ။ ဒါပေမယ့် သတိထားနော် သတိထားရမည့် လူဟာ ဘယ်သူလဲဆိုတာ ကျုပ်တို့သိပါတယ်။ကျုပ်အေးကလူတွေဟာ အားလုံးလူကောင်းတွေပါ။ ဒါပေမဲ့ ခင်ဗျား ဒူးပေါ်မှာ ကျုပ်လက်တင်တိုင်း နာရီအကြောင်းသာပြောပါ။ ငါ့လက် ငါပြန်ယူတဲ့အခါ ခင်ဗျားရဲ့ ဒေသနာကို ဆက်ဟောပါ”။

ကျွန်ုပ်ဘေးပတ်လည်မှာ လူအတော်အတန်စုပြီးဖြစ်ရာ ပေါလု၊ ပေတရုအကြောင်းမှစ၍ ခရစ်တော်အကြောင်း တိုင်အောင် ပြောပြခဲ့သည်။ တစ်ချိန်ပြီးတစ်ချိန် စိတ်မချသော လူရောက်လာလေတိုင်း စစ်သားတစ်ယောက်က သူ့လက်ကို ကျွန်ုပ် ဒူးပေါ်တင်ခဲ့သည်။ ထိုအခါ ကျွန်တော် နာရီအကြောင်းပဲ ပြောလိုက်သည်။ ထိုလူပြန်ထွက်သွားလျှင် ခရစ်တော် အကြောင်းကို ဆက်ဟောသည်။

ထိုကဲ့သို့ ရုရှားခရစ်ယာန် စစ်သားများ၏ အကူအညီဖြင့် ထိုနေရာကို ကြိမ်ဖန်များစွာ သွားရောက်လည်ပတ် နိုင်ခဲ့ပေသည်။ ထို ခရစ်ယာန် စစ်သားများ၏ မိတ်ဆွေစစ်သားများစွာ အသက်တာ ပြောင်းလဲကြပြီး ကျမ်းစာနှင့် ဝေစာ ထောင်နှင့်ချီ၍ လျှို့ဝှက်စွာ ဝေပေးနိုင်သည်။

ဤကဲ့သို့ လျှို့ဝှက်အမှုတော်မြတ်မှာပါဝင်ခြင်းကြောင့်မြေအောက် အသင်းတော်မှ ညီအစ်ကို မောင်နှမများစွာ အဖမ်းခံလျက် ပြင်းထန်စွာ ရိုက်ပုတ် ညှင်းဆဲခြင်း ခံခဲ့ကြပါသော်လည်း ၎င်းတို့သည် ကျွန်ုပ်တို့၏ လျှို့ဝှက်အဖွဲ့အစည်းကို သစ္စာမဖေါက်ကြပေ။

ထိုကဲ့သို့ လှုပ်ရှားနေစဉ်တွင် ရုရှားမြေအောက် အသင်းတော်က ညီအစ်ကိုများနှင့် တွေ့ဆုံကာ ၎င်းတို့၏ အတွေ့အကြုံများအကြောင်း ကြားသိရသည်မှာ ကျွန်ုပ်တို့အတွက် အလွန်ဝမ်းမြောက်စရာ ကောင်း၏။

ပထမအနေဖြင့် ၎င်းတို့၏ မြေအောက်လှုပ်ရှားမှုအားဖြင့် သူတော်စင်ကြီးများ ထွက်ပေါ်လာကြောင်း ကြားသိမြင်တွေ့ရသည်။၎င်းတို့သည် ကွန်မြူနစ်ဝါဒကို နှစ်အတန်ကြာ ခေါင်းထဲမှာ သွတ်သွင်းခြင်း ခံခဲ့ကြသည်။ သို့သော်ငြားလည်း ပင်လယ်ငါးများသည် ရေငန်ထဲမှာ သွားလာ လှုပ်ရှား နေကြပါသော်လည်း အသားမှာမူ ချိုသကဲ့သို့ ကွန်မြူနစ်ကျောင်းနှင့် ကွန်မြူနစ် တက္ကသိုလ်ပညာများအား ဖြတ်သန်းလာခဲ့ကြသည် တိုင်အောင် သူတို့၏ ဝိညာဉ်သည် ခရစ်တော်၌ သန့်ရှင်းစင်ကြယ်လျက်ရှိ၏။

၎င်းရုရှား ခရစ်ယာန်များသည် ထိုကဲ့သို့ လုပသော ဝိညာဉ် ပိုင်ရှင်များ ဖြစ်လာကြသည်။ သူတို့က ဝန်ခံခဲ့သည်မှာ "ငါတို့ ဦးထုပ်ပေါ်မှာ တပ်ထားသော တူနှင့် တံစဉ်ပါ တဲ့ ကြယ်တံဆိပ်ဟာ အန္တိခရစ်ရဲ့ ကြယ်ဖြစ်ကြောင်း သိကြပါတယ်" ဟူ၍ ဖြစ်သည်။ ထိုစကားကို ဝမ်းနည်းစွာဖြင့် ပြောကြခြင်းဖြစ်သည်။ ရုရှားစစ်သားများထံသို့ သတင်းကောင်း ပြန့်ပွားရေးအတွက် ၎င်းတို့ကများစွာ အကူအညီပေးခဲ့ကြသည်။

၎င်းတို့၌ ဝမ်းမြောက်ခြင်းအပြင် အခြား ခရစ်ယာန်ကောင်းကျိုး ပါရမီများ ရှိကြသည်ဟု ကျွန်တော် ပြောရဲသည်။ ဝမ်းမြောက်ခြင်းမှာမူ အသက်တာပြောင်းလဲသော အချိန်ပိုင်း၌သာ ရှိကြပြီး၊ မကြာမီ ပပျောက်

သွားသည်။ ဤအကြောင်းကို ကျွန်တော် များစွာ စဉ်းစားဖူးသည်။

နှစ်ခြင်းခရစ်ယာန် တစ်ဦးကို မေးဖူးသည်။ "ဘာဖြစ်လို့ (ခရစ်ယာန်ဖြစ်ခြင်း၏) ဝမ်းမြောက်ခြင်း မခံစားရ သလဲ"။ ထိုသူ၏ အဖြေသည် "ကျနော်ဟာ စစ်မှန်သော ခရစ်ယာန်ဖြစ်တယ်၊ ဆုတောင်းသော အသက်တာရှိပြီး၊ ပျောက်ဆုံးဝိညာဉ်ရရှိဖို့ ကြိုးစားနေတယ်ဆိုတာ ကိုယ့်အသင်း တော် ပါစတာရှေ့မှာ ဝှက်ထားရင် ဘယ်လိုလုပ်ပြီး ဝမ်းမြောက်နိုင်မှာပါလဲ။ ကိုယ့်အသင်းတော်က သင်းအုပ်ဟာ လျှို့ဝှက်ရဲတပ်ရဲ့ သတင်းထောက်လှမ်းရေး အရာရှိပဲ။ တစ်ယောက်ပြီး တစ်ယောက် ထောက်လှမ်းခြင်း ခံနေ ကြတယ်။ သိုးထိန်းဟာ သိုးစုကို ချောင်းမြောင်းခိုးစားနေတယ်လေ။ ကျွန်ုပ်တို့ရဲ့ နက်ရှိုင်းသော နှလုံးသားများထဲမှာတော့ ကယ်တင်ခြင်းရဲ့ ဝမ်းမြောက်ခြင်း ရှိကြပါလေရဲ့။ ဒါပေမဲ့ခင်ဗျားလို ပြင်ပ ဝမ်းမြောက်ခြင်းတော့ ကျွန်ုပ်တို့မှာ မရှိကြတော့ပါဘူး"

***လုံးလုံးလျားလျား စနစ်သစ်ဖြစ်သော ခရစ်ယာန်(အသင်းတော်)တွေ့ခဲ့ရသည် ၎င်းမှာမြေအောက် အသင်းတော် ပေတည်း၊***

"ခရစ်ယာန်ဖြစ်ခြင်းဟာ ကျွန်ုပ်တို့အတွက်ဆိုရင် ပြဿနာဆန်နေပါပြီ။ လွတ်လပ်သော တိုင်းပြည်က ခရစ်ယာန်တစ်ဦးဟာ ပျောက်ဆုံး ဝိညာဉ်တစ်ပါးရလို့ ခရစ်တော်ထံ ခေါ်ဆောင်လာတဲ့အခါမှာ၊ အဲဒီအသစ်သော ယုံကြည်သူဟာ အသက်ရှင်သော အသင်းတော်မှာ အေးအေးဆေးဆေး သင်းဝင်ဖြစ်သွားမှာပါပဲ။ ဒါပေမယ့် မလွတ်လပ်တဲ့ တိုင်းပြည်များမှာတော့၊ ယုံကြည်သူ ဖြစ်လာရင် ထောင်ထဲကိုသွားရမယ်။ သားသမီးများဟာ မိဘမဲ့ကလေးများ ဖြစ်လာမယ်ဆိုတာ ကျွန်ုပ်တို့ သိထားတယ်လေ..."

တစ်စုံတစ်ယောက်ကို ခရစ်တော်ထံသို့ ခေါ်ဆောင်လာရခြင်း၏ ဝမ်းမြောက်ခြင်းသည် ဤအသိတရားနှင့်အမြဲ ယှဉ်တွဲလျက် အဖိုးအခမှာမူ ပေးရမည်ဖြစ်ကြောင်း သိထားသည်။ လုံးလုံးလျားလျား စနစ်သစ်ဖြစ်သော ခရစ်ယာန် အသင်းတော် တွေ့ခဲ့ရပြီ။ ၎င်းမှာ မြေအောက် ခရစ်ယာန်

အသင်းတော်ပေတည်း။

ကျွန်ုပ်တို့မှာ အံ့ဩစရာများစွာ ရှိသည်။

မိမိကိုမိမိ ခရစ်ယာန်ဖြစ်သည်ဟု ယုံကြည်လျက် အမှန်တကယ် ခရစ်ယာန် မဟုတ်သောသူများ ရှိကြသလို၊ ရုရှားလူမျိုးတို့မှာလည်း ဘုရားမဲ့ဝါဒီဟု မိမိကို မိမိ ခံယူကြပါသော်လည်း အမှန်တကယ် ဘုရားမဲ့ ဝါဒီများ မဟုတ်ကြပါ။

ရထားပေါ်တွင် ရုရှားအရာရှိ တစ်ဦးသည် ကျွန်ုပ်ခုံရှေ့မှာ ထိုင်နေသည်။ သူ့ကို ခရစ်တော်အကြောင်း မိနစ် အနည်းငယ်မျှ ဝေငှနေစဉ် ဒေါသဖြစ်လျက် ဘုရားမဲ့ဝါဒီတို့၏ ငြင်းခုံချက်ဖြင့် အော်ဟစ်လာခဲ့တော့ သည်။ Marx, Stalin, Voltaire, Darwin နှင့် အခြားကျမ်းစာ ဆန့်ကျင်သူများ၏ အပြောအဆိုများကို ပါးစပ်မှ ဒလဟောလွှတ်လာခဲ့ သည်။ ပြန်ပြောမည့်အချိန် လုံးဝမပေးတော့ပါ။ ဘုရားမရှိကြောင်းကျွန်ုပ်ကို နာရီဝက်မျှ တန်ပြန်ဟောချလိုက်လေသည်။

သူ စကားပြောပြီးသွားသောအခါ "ဘုရားမရှိရင် ဒုက္ခကြုံတဲ့အခါ ဘာဖြစ်လို့ ဆုတောင်းပါသလဲ ခင်ဗျာ" ဟု ကျွန်တော်က မေးပါသည်။

သူခိုးကို လက်ပူးလက်ကြပ် ခိုးနေစဉ် မိသောအခါ ကြောင်တောင် တောင်ဖြစ်သကဲ့သို့ လေသံလျှော့ပြီး ပြန် ပြောသည်မှာ "ငါဆုတောင်း တယ်ဆိုတာ ခင်ဗျား ဘယ်လိုသိသလဲ" ဟူ၍ ဖြစ်သည်။

သူ့ကိုမလွှတ်ချင်တော့ပါသဖြင့် "ကျနော် အရင်မေးပါရစေ ခင်ဗျား၊ ဘာပြုလို့ ဆုတောင်းပါသလဲ၊ အဖြေပေးပါဗျာ" ဟု ပြန်မေး လိုက်သည်။

ခေါင်းညွတ်လျက် ဝန်ခံခဲ့သည်မှာ "ရှေ့တန်းစစ်မြေပြင်မှာ ကျွန်ုပ် တို့ကို ဂျာမဏီစစ်သားတွေက ဝိုင်းရံထားနေစဉ် မှာ ကျွန်ုပ်တို့အားလုံး ဆုတောင်းခဲ့ကြသည်။ တကယ် မတောင်းတတ်ကြတဲ့အတွက် "ဘုရား သခင်နဲ့ မယ်တော်ရဲ့ ဝိညာဉ်လို့ အော်ကြတယ်" ဟူ၍ ဖြစ်သည်။ ၎င်း ဆုတောင်းသည် နလုံးသားကြည့်သော ဘုရားသခင်အတွက် အလွန် ကောင်းသော ဆုတောင်းပဋ္ဌနာဖြစ်ကြောင်း သိသာပါသည်။

ရုရှားပန်းပု လင်မယားကိုလည်း တွေ့ခဲ့သည်။ သူတို့ကို ဘုရား အကြောင်း ဝေငှသောအခါ ပြန်ပြောကြသော စကားသည် "ဘုရားဆိုတာ မရှိပါဘူး၊ ကျုပ်တို့မှာ ဘုရားမရှိဘူး၊ ဒါပေမယ့် ကျုပ်တို့ဆီမှာ စိတ်ဝင် စားဖွယ် အဖြစ်အပျက်တစ်ခုတော့ ပြောပြမယ်"

"တစ်ချိန်က ကျုပ်တို့ Stalin ရဲ့ ရုပ်တုကို ထုခဲ့ကြတယ်။ ထုနေတုန်းမှာပဲ မိန်းမ မေးလိုက်တာက 'လက်မကော ထုလိုက်ရမလား၊ ကျမတို့မှာ ဒီလက်မ မရှိခဲ့ရင်၊ ကျွန်မတို့ရဲ့ လက်ချောင်းတွေသာ ခြေဖျား လို ရှိခဲ့ရင် တူ၊ ဆောက်ပုတ်၊ လက်နက်ကရိယာ၊ စာအုပ်နဲ့ ပေါင်မုန့် စသည်တို့ကို ဘယ်ကိုင်လို့ ရမလဲနော်..။ လူ့ အသက်(လူ့ဘဝ) ဆိုတာ ဒီလက်မကလေး မရှိရင် မဖြစ်နိုင်ပါဘူး။ ဒီမယ် လက်မဟာ ဘယ်သူ ဖန်ဆင်းတာပါလိမ့်။ ကျောင်းတုန်းက (Marxism) မာ့ခ်စ်ဝါဒ သင်တုန်း က ကောင်းကင်နဲ့ မြေကြီးဆိုတာ အလိုလို ဖြစ်ပေါ်လာတာတဲ့။ ဘုရား သခင် ဖန်ဆင်းတာ မဟုတ်ဘူးတဲ့။ သင်ခဲ့တဲ့အတိုင်း ကျမ ယုံကြည်ခဲ့တယ် လေ။ ဒါပေမယ့် ကောင်းကင်နဲ့မြေကြီးကို ဘုရားမဖန်ဆင်းခဲ့ဘဲနဲ့ ဒီလက်မ ကလေးကိုသာ ဖန်ဆင်းခဲ့တယ်ဆိုရင်၊ ဒီသေးငယ်သောအရာအတွက် တောင်မှ ချီးမွမ်းထိုက်တဲ့ ဘုရားဖြစ်နေပြီ (ရှင်ရယ်...)"

ဆက်လက်၍ ထိုမိန်းမကပဲ "Edison, Bell နဲ့ Stephenson တို့ဟာ မီးသီး၊ တယ်လီဖုန်း၊ ရထားနဲ့ အခြားသော အရာများ ဖန်တီးတဲ့ အတွက် ချီးမွမ်းခြင်း ခံခဲ့ကြတယ်။ ဒီလိုဆို ဘာဖြစ်လို့ ဒီလောကကို ဖန် ဆင်းတဲ့အရှင်ကို မချီးမွမ်းဘဲ နေကြရမှာလဲ။ Edison ဟာ လက်မ မရှိဘဲ ဘာမှဖန်တီးနိုင်မှာ မဟုတ်ဘူး။ လက်မကို ဖန်ဆင်းတဲ့ ဘုရားသခင်ကို ရှိခိုးတာ အမှန်ဆုံးပါပဲ (ယောကျ်ားရယ်)" ဟုစကားကြော ရှည်ခဲ့သည်။

ယောကျ်ားဖြစ်သူက အလွန်စိတ်ဆိုးစွာဖြင့် ပြန်ပြောသည်။ မိန်းမများက ပညာရှိသော စကားများ ပြောလာသည့်အခါ ခင်ပွန်းသည်များ စိတ်ဆိုးတတ်သည်မှာ ဓမ္မတာပါ။ "မိုက်ရူးရဲစကား မပြောပါနဲ့၊ ဘုရားမရှိ ဘူးလို့ မင်းသင်ထားခဲ့ပြီးပြီပဲ၊ ဒီအိမ်မှာ လျှို့ဝှက်အသံဖမ်းစက် တပ်ထား တာလားမှ မသိတာ၊ ငါတို့ဒုက္ခရောက်နိုင်တယ်။ ဒီတခါ ပထမဆုံးနဲ့

နောက်ဆုံး အရှုးထတာ ဖြစ်ပါစေ၊ စိတ်ကောင်းထားပြီးတော့ ဘုရားမရှိဘူး ပြောစမ်းပါ။ ကောင်းကင်ဘုံ မှာလဲ ဘယ်သူမှ မရှိပါဘူး (မိန်းမရယ်)"

မိန်းမကလည်း ပြန်ပြောရာသည်။ "ဒါဟာ ပိုပြီး အံ့သြစရာ ကောင်းတယ်၊ တကယ်လို့ ကောင်းကင်ဘုံမှာ ကျမတို့ရဲ့ အဘိုးအဘွား တွေ ယုံကြည်ခဲ့ကြတဲ့ ကြီးမြတ်သော ဘုရားသခင်ရှိခဲ့တယ်ဆိုရင်၊ ကျမတို့ လက်မ ရှိတာဟာ သဘာဝကျပါတယ်။ ကြီးမြတ်တဲ့ ဘုရားသခင်က အရာ ခပ်သိမ်း ဖန်ဆင်းနိုင်တယ်။ လက်မလဲ ဖန်ဆင်းနိုင်တယ်။ ဒါပေမယ့် ကောင်းကင်ဘုံမှာ ဘယ်သူမှ မရှိခဲ့ရင်တောင် လက်မကို ဖန်ဆင်းတော်မူတဲ့ 'မရှိသော' ဘုရားကို ကျမ နှလုံးသားအကြွင်းမဲ့ ရှိခိုးနေမှာပါ"

ထိုလင်မယားသည် 'မရှိသောဘုရား' ကိုးကွယ်သူဖြစ်လာကြ သည်။ သူတို့၏ ယုံကြည်ခြင်းသည် တဖြည်းဖြည်း တိုးပွားလာသည်နှင့် အမျှ လက်မကို ဖန်ဆင်းသော အရှင်အနေဖြင့်သာမဟုတ်တော့ဘဲ၊ ကြယ်များ၊ ပန်းများ၊ ကလေးများနှင့် လှပသော အရာဟူသမျှ ဖန်ဆင်းသော အရှင်အဖြစ် ယုံကြည်လာခဲ့ကြသည်။

ကနဦးအချိန် အာသင်မြို့တွင် ပေါလုတွေ့ခဲ့ရသည့် 'မသိသော ဘုရား' ကိုးကွယ်ခြင်းနှင့်အတူတူပင် ဖြစ်သည် (တ၊ ၁၇:၂၃)။

ထိုဇနီးမောင်နှံသည် ကောင်းကင်ဘုံတွင် ဝိညာဉ်ဖြစ်တော်မူသည့် 'မရှိသောဘုရား'ကို မှန်ကန်စွာ ယုံကြည်ခဲ့ကြကြောင်း ကျွန်တော်မှ သူတို့အား ပြောသောစကားကို ကြားသိကြရသောအခါ မပြောနိုင်အောင် ဝမ်းမြောက်ဝမ်းသာ ရှိကြသည်။ ကိုယ်တော်သည် ချစ်ခြင်းမေတ္တာ၊ ဉာဏ် ပညာ၊ သမ္မာတရားနှင့် တန်ခိုးအရှင် ဝိညာဉ်တော်ဖြစ်လျက်၊ သင်တို့(လင်မ ယား)ကို အလွန်ချစ်တော်မူသောကြောင့် တစ်ပါးတည်းသော သားတော် ကိုပင် သင်တို့အတွက်ကားတိုင်မှာ အသေခံဖို့ ပေးတော်မူသော ဘုရားဖြစ် သည်။

မိမိကို မိမိ ယုံကြည်သူများ ဖြစ်ကြမှန်း မသိဘဲလျက်နှင့် ၎င်းတို့သည် ယုံကြည်သူများ ဖြစ်ကြသည်။ ကယ်တင်ခြင်းနှင့် ရွေးဝယ် တော်မူခြင်းဟူသော သာ၍မြင့်သော အဆင့်သို့၎င်းတို့ကို တွဲခေါ်ခွင့်ပင်

ရခဲ့သေးသည်။

တစ်ခါက ရှားရှား အမျိုးသမီး အရာရှိတစ်ဦးကို လမ်းပေါ်မှာ တွေ့ခဲ့သည်။ ချဉ်းကပ်ပြီး တောင်းပန်ခဲ့သည်။ "လမ်းပေါ်မှာ မသိတဲ့ အမျိုးသမီးတစ်ဦးကို ချဉ်းကပ်တယ်ဆိုတာ ရိုင်းရာကျမယ်ဆိုတာ ကျနော် သိပါတယ်။ ဒါပေမယ့် ကျနော်ဟာ သင်းအုပ်ဆရာဖြစ်သလို ရည်ရွယ်ချက်တော့ ရှိးသားပါတယ်။ ခရစ်တော် အကြောင်းပြောပြချင်လို့ပါ"။ သူက ပြန်မေးသည် "ခင်ဗျား ခရစ်တော်ကို ချစ်လို့လား"၊ "ဒါပေါ့၊ နှလုံးသားအကြွင်းမဲ့ပဲ" ဟု ပြန်ပြောသည်။

ထိုအခါ ကျွန်ုပ်ကို ဖက်ရမ်းပြီး အကြိမ်ကြိမ်နမ်းနေပါသဖြင့် သင်းအုပ်ပါစတာအတွက် အမြင်မတော်စရာ ဖြစ်သည်ကို သတိရကာ၊ ဘေးလူများက တမျိုးမထင်ရလေအောင် ကျွန်တော် ပြန်နမ်းခဲ့သည်။

၎င်းနောက် "ကျမလဲ ခရစ်တော်ကိုချစ်တယ်" ဟု ပြောသည်။

အိမ်ကို ခေါ်သွားသည်။ သို့သော် သူမသည် ခရစ်တော်အကြောင်း အမည်နာမမှအပ ဘာဆိုဘာမျှ နားမလည်ကြောင်း တွေ့ရသည့်အခါ အံ့သြ၍ မဆုံးပါ။ မသိသည့်တိုင် ချစ်နေသည်။ ကယ်တင်ခြင်းအကြောင်း မဆိုထားနှင့်၊ ခရစ်တော်သည် ကယ်တင်ရှင်ဖြစ်ကြောင်းကိုပင် သူမသိချေ။ ဘယ်မှာနေလျက် ဘယ်ပုံဘယ်နည်း အသေခံခဲ့ကြောင်းလည်း မသိပေ။ ခရစ်တော်၏ သွန်သင်ချက်များ၊ သက်တော်စဉ်အကြောင်းနှင့် အမှုတော်မြတ် စသည်တို့ကို တစ်ခုမျှ နားမလည်ပါ။

၎င်းအမျိုးသမီးကြောင့် စိတ္တဗေဒပညာပို၍ နားလည်ချင်စိတ် ဖြစ်ပေါ်လာ၏။ အမည်နာမသာသိသော ပုဂ္ဂိုလ်ကို မိတ်ဆွေ မည်သို့ ချစ်နိုင်ပါမည်နည်း။

ဆက်လက်၍ အကြောင်းစုံကိုမေးမြန်းသောအခါ ထို အမျိုးသမီးက အောက်ပါအတိုင်း ရှင်းပြသည်။ "ကျမ ငယ်တုန်းက a - an apple, b - a bell, c - a cat စတဲ့ ပုံဖေါ်ကားချပ်နဲ့ စာသင်ခဲ့တယ်"

"အထက်တန်း ရောက်လာတော့ အဖ (မြန်မာလိုအမိ) ကွန်မြူနစ်တိုင်းပြည်ကို အကာအကွယ် ပေးခြင်းသည် ကျွန်မတို့ရဲ့ သန့်ရှင်းသော

တာဝန်ဖြစ်တယ်လို့ သင်ခဲ့ရတယ်။ ဒါနဲ့ ကွန်မြူနစ်နဲ့ဆိုင်တဲ့ အကျင့်စာရိတ္တများ သင်ယူခဲ့တယ်။ ဒါပေမယ့် 'သန့်ရှင်းသော တာဝန်နဲ့ အကျင့်စာရိတ္တ'ဆိုတာ ဘာနဲ့တူသလဲဆိုတာ မသိခဲ့ဘူး။ ဒါတွေအတွက် (ငယ်စဉ်ကလို) ပုံဖော်ကားချပ်လိုချင်တယ်။ အခု ကျမ နားလည်တာက ကျမတို့ရဲ့ ဘိုးဘွားတွေဟာ လှပသော အရာခပ်သိမ်းအတွက် ပုံဖော်ကားချပ်ရှိကြတယ်။ ချီးမွမ်းထိုက်သောလူတွေဖြစ်ပြီး၊ သစ္စာရှိကြတယ်။ ကျမ အဘွားဆိုရင် သူ Cristos လို့ခေါ်တဲ့ ဒီပုံ (ခရစ်တော်ပုံ) ရှေ့မှာ အမြဲ ဦးညွတ်ဆုတောင်းခဲ့တယ်။ ဒါကြောင့် ဒီနာမည်ကို ကျမ ချစ်ခဲ့တာပဲ။ ဒီနာမည်ဟာ ကျမအတွက် အရမ်းအဓိပ္ပါယ်ရှိတယ်။ ဒီနာမည် ပြောရုံနဲ့ ကျမမှာ ဝမ်းမြောက်ခြင်း အပြည့်ရှိတယ်ရှင့်"

သူ့စကား နားထောင်နေရင်း (ဖိ၊ ၂း၁၀) လာ ခရစ်တော်၏ ဘွဲ့နာမရှေ့မှာ လူတကာ ဒူးထောက်မည်ဟူသော ကျမ်းချက်ကို သတိရလာခဲ့သည်။ ဘုရားသခင်ကို ကြောက်ရွံ့ သိရှိခြင်းအား အန္တိခရစ်အနေဖြင့် တစ်ခဏမျှ ဤလောက၌ ပပျောက်ကောင်း ပပျောက်စေနိုင်လိမ့်မည်။ သို့သော် ခရစ်တော်ဟူသော ဘွဲ့နာမ၌ပင်လျှင် တန်ခိုးရှိပါသောကြောင့် ၎င်းသည် ယုံကြည်သူအား အလင်းသို့ ခေါ်ဆောင်သွားပါလိမ့်မည်။

ကျွန်ုပ်အိမ်၌ ထိုအမျိုးသမီးသည် ခရစ်တော်ကို တွေ့ခဲ့ပြီ။ မိမိချစ်သော ဘွဲ့နာမ၏ အရှင်သည် မိမိ နှလုံးသား ထဲ၌ အသက်ရှင်တော်မူခဲ့ပြီ။

ရုရှားလူမျိုးတို့နှင့် ကျွန်တော်အတူနေရသည့် အချိန်တိုင်းသည် ကဗျာဆန်လျက် အဓိပ္ပါယ်ရှိလှသည်။ ဘူတာရုံ မှာ သတင်းကောင်း ဝေငှနေသော ခရစ်တော်၌ ညီမတစ်ယောက်သည် ကျွန်ုပ်၏ လိပ်စာကို သတင်းကောင်း စိတ်ဝင်စားသော အရာရှိတစ်ဦးအား ပေးခဲ့သည်။ သူသည် တစ်ညနေ ကျွန်ုပ်အိမ်သို့ ရောက်လာသည်။ ထိုသူသည် အရပ်အမောင်း ရှည်လျက် ရုပ်ချောချော ရုရှားစစ်ဗိုလ် တစ်ယောက်ဖြစ်သည်။

'ဘာလုပ်ပေးရမလဲ' ဟု ကျွန်တော်မေးသည်။ 'အလင်းရဖို့လာတာပါ'ဟု သူက ဖြေသည် ။ အရေးကြီးသော ကျမ်းချက်များကို ဖတ်ပေးသည်။ သူ၏လက်ကို ကျွန်ုပ်လက်ပေါ်တင်လျက် "ကျွန်ုပ်ကို လမ်းမှားသို့

မပို့ ဆောင်ပါနဲ့လို့ နှလုံးသား အကြွင်းမဲ့ တောင်းပန်ပါတယ်။ ကျနော်ဟာ အမှောင်ထုထဲမှာ ရှိနေတဲ့ လူအုပ်စုထဲကပါ။ ကျေးဇူးပြု၍ အမှန်အတိုင်း ပြောပါ။ ဒါဟာ စစ်မှန်တဲ့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် လား" ဟု မေးရှာသည်။

မှန်ကန်ပါကြောင်း ရှင်းပြသည်။ နာရီပေါင်းများစွာ နားထောင်သည်။ နောက်ဆုံးတွင် ခရစ်တော်အား လက်ခံခဲ့သည်။

ရုရှားလူမျိုးတို့အထဲမှာ ဘာသာရေးကို ပေါ့ပေါ့တန်တန် သဘောထားသူ ရှားပါးလှသည်။ ဘာသာရေးကို ဆန့်ကျင်သည်ဖြစ်စေ၊ ထောက်ခံသည်ဖြစ်စေ သူတို့စိတ်နှလုံးရှိသမျှ ပေးတတ်ကြသည်။ ၎င်းမှာ ကွန်မြူနစ် ရုရှားလက်အောက်က ခရစ်ယာန်များသည် ပျောက်ဆုံးဝိညာဉ် ဖမ်းသော သာသနာပြု ဖြစ်ကြခြင်း၏ အကြောင်းရင်းခံတစ်ခုဖြစ်သည်။

ရုရှားလူမျိုးတို့သည် သမိုင်းရာဇဝင်အရ ဘာသာရေး ကိုင်းရှိုင်းသော လူမျိုးဖြစ်ကြသည်။ ဤကဲ့သို့သော တိုင်းပြည်များသည် သတင်းကောင်းဝေငှရန်အတွက် မှည့်ဝင်းလျက် စပါးအထွက်တိုးသော တိုင်းပြည်များ ဖြစ်ကြသည်။ သို့သော် ရန်လိုသောသဘောဖြင့် သတင်းကောင်းဝေငှတတ်ကြခြင်းသည် ကမ္ဘာ၏ ဦးတည်ချက်ကိုပင် ပြောင်းလဲစေတတ်သည်။ ၎င်းပြင် ရုရှားလူမျိုးတို့သည် ဤပြုလောက် နှုတ်ကပတ်တော် သတင်းကောင်းကို ဆာငတ်နေပါလျက်နှင့် များစွာသော လူတို့မှ ထင်ကြေးဖြင့် မမှန်သောသတင်း ရေးသားဖြန့်ဝေကြခြင်းသည် ဝမ်းနည်းစရာ ကောင်းလှပေသည်။

ကျွန်ုပ်တို့၏ အမှုတော်ဆောင်လုပ်ငန်းကြောင့် ရုရှားလူမျိုးများ ထဲ၌ အသီးအပွင့်များစွာကို တွေ့ရသည်။

Piotr (Peter) ခေါ် လူငယ်တစ်ယောက်ကိုလည်း သတိရမိသည်။ ရုရှားအကျဉ်းထောင် တစ်ခုခုမှာ ပျောက်နေပါသဖြင့် မည်သူမျှ သူ့အကြောင်း မသိကြတော့ပါ။ ထိုသူသည် အသက်ငယ်သေးသည်၊ နှစ်ဆယ်ဝန်းကျင်ရှိမည်။ ရုရှား စစ်တပ်နှင့်အတူ ရိုမေးနီးယားသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ မြေအောက် အစည်းအဝေးမှ အသက်တာပြောင်းလဲလာ

ပြီး ရေနှစ်မင်္ဂလာပေးရန် ကျွန်ုပ်ကို တောင်းပန်သည်။ နှစ်ခြင်းခံပြီးမှ ခရစ်တော်ထံရောက် စေခဲ့သည့် ကျမ်းချက်များမှ မည်သည့်ကျမ်းချက်ကို အနှစ်သက်ဆုံးဖြစ်ကြောင်း မေးလိုက်သည်။

သူကပြောသည်မှာ "လျှို့ဝှက်အစည်းအဝေး တစ်ခုမှာ (လုကာ ၂၄) ထဲက ဧမောက်ခရီးသည် နှစ်ဦးနဲ့ ယေရှု တွေ့ဆုံခန်းကို ကျနော်က ပရိသတ်အား ဖတ်ပြလိုက်တယ်။ ရွာအနီးသို့ ရောက်ကြတဲ့အခါ၊ ကိုယ်တော်ဟာ ထိုရွာကို ကျော်လွန် သွားမလို လုပ်ပြခဲ့တယ် (ငယ်-၂၈)။ အဲဒါ ကျနော် နားမလည်နိုင်ဘူး။ ယေရှုက ဘာဖြစ်လို့ အဲဒီလို လုပ်ခဲ့တာလဲ တပည့်တော်တို့နဲ့ ကိုယ်တော်ဟာ အတူနေတာ ပျော်ရဲ့သားနဲ့ ဘာပြုလို့ ခရီးဆက်လိုကြောင်း ပြောခဲ့တာလဲ ဆိုတာကို နားမလည်နိုင်ဘူး ခင်ဗျား" ဟု Peter က တတွတ်တွတ် ပြောလိုက်သည်။

ကျွန်တော်က ယေရှုသည် ထိုသို့ပြုတော်မူသည်မှာ ရိုင်းရာမကျပါကြောင်း၊ ခရီးသည် နှစ်ယောက်က မိမိအား သူတို့နှင့်အတူ ညအိပ်နားနေဖို့ တကယ်ပင် ဖိတ်သလားဟူသော အချက်ကို သိလိုသောကြောင့်သာ ဖြစ်ကြောင်း၊ တကယ်ဆန္ဒရှိကြကြောင်း သိသောအခါ ၎င်းတို့နှင့် ဝမ်းသာစွာ အတူတည်းခဲ့ပါကြောင်း ရှင်းပြလိုက်သည်။

ကွန်မြူနစ်တို့သည် ယဉ်ကျေးကြပါသည်ဟု မပြောနိုင်ပေ။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲမှာ အတင်းအကြပ် ဝင်ရောက်တတ်ကြသည်။ မနက်မှ ညနက်သည့်တိုင်အောင် သူတို့ ဟောချက်များကို အတင်းနားထောင်ခိုင်းသည်။ ကျောင်းများ၌သော်လည်းကောင်း၊ ရေဒီယိုလေလှိုင်းအားဖြင့်သော်လည်းကောင်း၊ သတင်းစာ၊ ပိုစတာ၊ ရုပ်ရှင်၊ အစည်းအဝေးများအပြင် ရောက်ရာနေရာတိုင်း၌ ဟောလျက် ရှိကြ၏။ ကြိုက်သည်ရှိမကြိုက်သည်ရှိ ဘုရားမဲ့ဝါဒကို တစ်ချိန်လုံး နားထောင်နေရပါသည်။

ယေရှုသည် ကျွန်ုပ်တို့၏ လွတ်လပ်မှုကို လေးစားတော်မူ၏။ နှလုံးတံခါးကိုပင်လျှင် ညင်သာသိမ်မွေ့စွာ ခေါက်လေ့ရှိ၏။

"ယဉ်ကျေးသိမ်မွေ့ခြင်းအားဖြင့် ယေရှုသည် ကျွန်ုပ်ကိုနိုင်၏" ဟု Peter က ဝန်ခံခဲ့သည်။ မှန်ပေသည်။ ကွန်မြူနစ်ဝါဒနှင့် ခရစ်တော်

ဝါဒ ခြားနားချက်ကို ထိုလူငယ်သည် ကောင်းစွာသဘောပေါက်သည်။ ရှရှားလူမျိုးများအနက် ဤလူငယ်သည်သာ ခရစ်တော်၏ ယဉ်ကျေးသိမ်မွေ့သော သဘောထားကို အထင်ကြီးသူမဟုတ်။ (အခြားသောသူလည်း များစွာရှိသည်။ သင်းအုပ်အနေဖြင့် ကျွန်တော်ကပင်လျှင် ဤအတိုင်း မစဉ်းစားမိဖူးပါ)။

အသက်တာပြောင်းလဲပြီးမှ Peterသည် ရှိမေးနီးယား မြေအောက်အသင်းတော်မှ ရှရှားမြေအောက် အသင်းတော်သို့ ခရစ်ယာန်စာပေများ မှောင်ခိုတင်သွင်းခြင်းအလုပ်ကို ကြိမ်ဖန်များစွာ စွန့်စားလုပ်ကိုင်ခဲ့သည့် အဆုံးတွင် အဖမ်းခံခဲ့သည်။ သူ့အကြောင်းကို ကျွန်တော် နောက်ဆုံးကြားသည့်အချိန်တွင် ထောင်ထဲမှာပင် ရှိသေးသည်။

သူသေသွားပြီလား။ ကောင်းကင်ဘုံ ရောက်နှင့်နေပြီလားသို့မဟုတ် ကမ္ဘာပေါ်မှာ ကောင်းသောတိုက်လှန် ခြင်း (၁တိ၊ ၆း၁၂) အမှုကို ပြုနေသေးသလား၊ မပြောတတ်ပါ။ ထိုသူ ယနေ့ဘယ်မှာ ရှိနေသည်ကို ဘုရားကသာ သိပေလိမ့်မည်။

အခြားပြောင်းလဲသောသူများလည်း Peter ကဲ့သို့ သစ္စာရှိရှိမှုတော်မြတ်၌ ပါဝင်သောသူများစွာရှိကြသည်။ ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်သောသူကို ခရစ်တော်ထံ အရောက်ပို့ဆောင်ရုံမျှဖြင့် ရပ်မနေသင့်ပေ။ ထိုအဆင့်တွင် ရပ်ကြည့်နေလျှင် လုပ်ငန်းထက်ဝက်သာ ပြီးပါသေးသည်။ ခရစ်တော်အတွက် ဝိညာဉ်ရရှိသူတိုင်း ထပ်ဆင့်ဝိညာဉ်တံငါသည် ဖြစ်နေရမည်။

ရှရှားလူမျိုးတို့သည် အသက်တာ ပြောင်းလဲရုံမကဘဲ မြေအောက်အသင်းတော်၌ သာသနာပြုကြသည်။ သူတို့ သည် ခရစ်တော်အတွက် သတ္တိရှိရှိ အရဲစွန့်လုပ်ဆောင်ကြသည်။ ထိုကဲ့သို့ အရဲစွန့်ကာ လုပ်ဆောင်ခြင်းသည် မိမိတို့အတွက် အသေခံခဲ့သော ခရစ်တော်၏ ခံစားချက်နှင့်နှိုင်းစာလျှင် ဘာမျှ မဆိုင်သေးပါဟု ပြောလေ့ ပြောထရှိကြ၏။



Richard Wurmbrand တို့ ဇနီးမောင်နှံနှင့် ၎င်းတို့၏ တစ်ဦးတည်းသောသားလေး (Mihai ခေါ် Micheal) ငယ်စဉ်ကပုံ။ မိဘနှစ်ပါး ထောင်ထဲရောက်စဉ်က (Micheal)သည် မိဘမဲ့အဖြစ် အခြားသော ခရစ်ယာန်များက ကြည့်ရှုစောင့် ရှောက်ခဲ့ကြသည်။ အနှိမ်ခံခြင်း ၊ သရော်ခြင်း ခံခဲ့သော်လည်း ၁၉၆၇ ခုနှစ် အောက်တိုဘာလတွင် အမေရိက အခြေစိုက် VOM ဌာန ချုပ်တွင် ပထမဆုံး ဒါရိုက်တာအဖြစ် ချီးမြှင့်ခြင်း ခံခဲ့ပါသည်။ ထိုအချိန် မှစ၍ ဤမစ်ရှင်လုပ်ငန်းသည် 'ကွန်မြူနစ် တိုင်းပြည်အတွက် ယေရှု' ဟုခေါ်ခဲ့သည်။

## ကျွန်စံတိုင်းပြည်၌ကျွန်ုပ်တို့၏မြေအောက်အမှုတော်ဆောင်လုပ်ငန်း
## Our underground ministry to an enslaved nation

ကျွန်ုပ်တို့အမှုတော်ဆောင်လုပ်ငန်း၏ ဒုတိယ ရည်ရွယ်ချက်သည် ရိုမေးနီးယား လူမျိုးများထံသို့ မြေအောက် သာသနာပြုလုပ်ငန်း လုပ်ဆောင်ရန်ပင် ဖြစ်ပေသည်။

အစပိုင်းတွင် အသင်းတော်ခေါင်းဆောင်များအား မိမိတို့ဘက်ပါရန် ကွန်မြူနစ်တို့သည် ဖြားယောင်းသွေးဆောင်ခြင်း မူဝါဒကို အသုံးပြုခဲ့ကြပါသော်လည်း များမကြာမီ ၎င်းမျက်နှာဖုံးကို ချွတ်ကာ မူဝါဒကို ပြောင်းလဲခဲ့ကြသည်။ ထိုအချိန်မှစ၍ လူထု ထိတ်လန့်တုန်လှုပ်မှု အစပြုကာ ထောင်နှင့်ချီ၍ အဖမ်းခံကြသည်။ ရုရှားလူမျိုးတို့ထံ၌ လှုပ်ရှားခဲ့သကဲ့သို့ ရိုမေးနီးယားတွင်လည်း ခရစ်တော်အတွက် ဝိညာဉ်တစ်ပါး ဖမ်းခြင်းသည် ပြဇာတ်ဆန်လှသည်။

ဥပမာ နောက်ပိုင်းတွင် ဘုရားသခင်၏ အကူအညီကြောင့် ကျနော်အားဖြင့် ခရစ်တော်အတွက် အသက်တာပြောင်းလဲသွားသောသူများနှင့် အတူ အကျဉ်းချခြင်းခံခဲ့ရသည်။ ခရစ်တော်ကို ယုံကြည်ခြင်းကြောင့် အဖမ်းခံရသော ကလေးခြောက်ယောက်၏ ဖခင်နှင့် တစ်ချိန်မှာ တစ်ခန်းထဲတွင်နေကြရသည်။ ဇနီးသည်နှင့် ကလေးတို့သည် စားစရာမရှိကြတော့ချေ။ သူတို့ကိုလည်း ပြန်တွေ့ချင်မှ တွေ့တော့မည် ဖြစ်ပါသည်။ ကျွန်တော်က မေးလိုက်သည်။ "မိတ်ဆွေကို ကျနော် ခရစ်တော်ထံ အရောက်ပို့ ဆောင်ခဲ့လို့ (ယခုလိုထောင်ထဲရောက်ပြီး) မိသားစု ဒုက္ခရောက်နေတဲ့အတွက် မိတ်ဆွေ ကျွန်ုပ်ကို စိတ်ဆိုးသွားသလားဟင်။"

သူက ပြန်ဖြေလိုက်သည်။ "အံ့ဖွယ်ကောင်းသော ကယ်တင်ရှင်ထံ အရောက်ပို့ဆောင်ခဲ့တဲ့အတက် ကျနော် ခင်ဗျားကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မပြောတတ်တော့ဘူး။ ဒီလိုဝမ်းမြောက်ခြင်းဟာ အခြားနည်းလမ်းနဲ့ ကျနော်ရရှိနိုင်မှာ မဟုတ်ဘူးဗျ။"

ဤကဲ့သို့သော နိုင်ငံရေး အခြေအနေသစ်တွင် တရားဟောသော အလုပ်သည် လွယ်ကူသော အလုပ်မဟုတ်ချေ။ ကျွန်ုပ်တို့ ရိုမေးနီးယား

လူမျိုးများသည် အလွန်အမင်း ဖိနှိပ်ချုပ်ချယ်ခြင်းခံနေကြရပြီး ကိုယ်ပိုင်ပစ္စည်းအားလုံးကို ကွန်မြူနစ်တို့က ပြည်သူပိုင် သိမ်းခဲ့ကြသည်။ လယ်သမားထံမှ လယ်ယာနှင့်သိုးစုအပြင်၊ ဆံပင်ညှပ်သမားနှင့် အပ်ချုပ်သမားများထံမှ ၎င်းတို့၏ ဆိုင်ကလေးများတိုင်အောင် သိမ်းခဲ့ကြသည်။ အရင်းရှင်သူဌေးများကိုသာ သိမ်းသည်မဟုတ်၊ အလွန်ဆင်းရဲသောလူတန်းစားကလည်း ခံစားခဲ့ကြသည်။ တစ်အိမ်ထောင်မှာ တစ်ယောက်နှုန်းနီးပါး ထောင်ထဲရောက် ကြသောကြောင့် ဆင်းရဲခြင်း ဒီဂရီက မြင့်တက်လွန်းလှသည်။ လူတိုင်းမေးသော မေးခွန်းတစ်ခုမှာ "ချစ်ခြင်းမေတ္တာဖြစ်တော်မူသော ဘုရားသခင်ဟာ ဒီလောက်ဆိုးဝါးသော မကောင်းမှုကို ဘာဖြစ်လို့ အောင်မြင်ခြင်း ပေးတာပါလိမ့်" ဟူ၍ ဖြစ်သည်။

အလားတူ မြတ်သော သောကြာနေ့(Good Friday) သည် ကားတိုင်ပေါ်မှာခရစ်တော် သေဆုံးသွားသောနေ့၊ "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း" ဟု ငိုကြွေးတော်မူသောနေ့ ဖြစ်သောကြောင့် ထိုနေ့တွင် တရားဟောခြင်းသည် တမန်တော်များအတွက်လည်း ခက်ခဲလှပေလိမ့်မည်။ (အဘယ်ကြောင့် ချစ်မေတ္တာအရှင် ငါတို့၏ သခင်ခရစ်တော်သည် ဤမျှ ဆိုးဝါးသော ရောမစစ်သားများကို အရှုံးပေးပါသနည်းဟူ၍ ရိုမေးနီးယား လူမျိုးများကဲ့သို့ မေးမြန်းညည်းတွားကြပေလိမ့်မည်)။ သို့သော် မြေအောက်ခရစ်ယာန်များ၏ လှုပ်ရှားမှုသည် အသီးအပွင့် ဆက်တိုက်ဝေဆာလာခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ၎င်းကွန်မြူနစ်စနစ်နှင့် ညှင်းပန်းနှိပ်စက်မှုများသည် ကျွန်ုပ်တို့ကြောင့် ရောက်လာခြင်းမဟုတ်ဘဲ ဘုရားသခင်ထံမှ ရောက်လာသော အရာဖြစ်ကြောင်း ထင်ရှားပေသည်။

ခရစ်ယာန်တို့၏ ယုံကြည်ခြင်းသည် ထိုကဲ့သို့သော မေးခွန်းများအတွက် အဖြေရှိပါသည်။ သာဓကအနေဖြင့် ယေရှုပြောသော လာဇရုသည် ဆင်းရဲသော သူတောင်းစားဖြစ်ပြီး ကျွန်ုပ်တို့ ခံစားရကဲ့သို့ ဖိနှိပ်ခြင်းနှင့် အနှိမ်ခံခြင်းကို ခံစားရသည့်အပြင်၊ ခွေးများမှလျှက်ရသည့်တိုင်အောင် အနာစိမ်းများနှင့်တကွသေလုမတတ် ဆင်းရဲခံကာငတ်မွတ်ခြင်းကို အစဉ်ခံစားခဲ့ပါသော်လည်း အဆုံးတွင် ကောင်းကင်တမန်များက ထိုသူဆင်းရဲကို အာဗြဟံ၏ ရင်ခွင်သို့ချီဆောင်ခဲ့ကြပါသည်။



Richard Wurmbrand၊ဇနီး Sabina၊ သား Mihai နှင့် မြေအောက်အသင်းတော်မှ သင်းဝင်အချို့၏ပုံ။ ၎င်းတို့အနက် အများစုသည် အသက်တာကို ထောင်ထဲ၌ ဖြုန်းကြရရှာသည်။ Pastor Wurmbrand က ယုံကြည်သူတစ်စုကို စည်းရုံးပြီး ကျမ်းစာနှင့် အခြားခရစ်ယာန်စာအုပ်များကို ရုရှားသို့ ခိုးသွင်းခဲ့သည်။ နယ်စပ်အစောင့်ရဲများအနေဖြင့် ရုရှားလူမျိုးများ ရိုမေနီးယားသို့ ထွက်ပြေးသည်ဟု ထင်ရလေအောင် ဆီးနှင်းဖုံးလွှမ်းသော နယ်စပ်တစ်လျှောက် နောက်ပြန်သွားသွားခြင်းဖြင့် ဖြတ်ကျော်လေ့ရှိသည်။

## မြေအောက်အသင်းတော်၏ မြေပေါ်လှုပ်ရှားမှု အချို့
## How the underground Church warked partly in the open

တစ်ခါတစ်ရံ မြေအောက် အသင်းတော်များသည် အိမ်များ၊ မြေအောက်တိုက်ခန်းများနှင့် သစ်တောအတွင်း စသည့်ဖြစ်နိုင်စရာနေရာများတွင် တွေ့ဆုံစည်းဝေးကြသည်။ ယနေ့ ကျွန်ခံတိုင်းပြည်များတွင်လည်း အလားတူပင်ဖြစ်သည်။ တစ်နည်းဆိုသော် ရိုမေးနီးယား မြေအောက်အသင်းတော်သည် (ထက်ဝက်သာ မြင်ရလျက် ထက်ဝက် မမြင်ရသော) ပင်လယ်တွင် မျှောနေသည့် ရေခဲတောင်နှင့်တူ၏။

ကွန်မြူနစ်တို့၏ရှေ့မှာပင် သက်စွန့်ဆံဖျား လုပ်ရပ်ဖြစ်သော လမ်းကြားတရားဟောခြင်းကို စတင်ဆောင်ရွက်ခဲ့ကြသေးသည်။ အန္တရာယ်များပါသော်လည်း အခြားနည်းလမ်းဖြင့်ဝေငှခြင်း မပြုနိုင်သောကြောင့် ဤနည်းလမ်းဖြင့် ဝိညာဉ်များစွာထံ ဝေငှခွင့်ရခဲ့သည်။ ကျွန်ုပ်၏ ဇနီးသည် သည် ဤအမှုတွင် ထူးထူးချွန်ချွန် လှုပ်ရှားခဲ့သည်။ ခရစ်ယာန် အချို့သည် လမ်းထောင့် တစ်နေရာတွင် စုရုံးလျက် သီချင်းစဆိုကြသည်။ သာယာလှပသော သီချင်းသံကြောင့် ဘေးလူများက ဝိုင်းအုံလာကြသည်။ ထိုအခါ ကျွန်ုပ်၏ ဇနီးသည်က တရားစဟောတော့သည်။

လျှို့ဝှက်ရဲတပ်ဖွဲ့ မရောက်မီ ထိုနေရာကို စွန့်ခွာခဲ့ကြရသည်။

တစ်နေ့သော နေ့ခင်းမှာ ကျွန်တော် အခြားနေသို့သွားရောက်ဝေငှနေစဉ်၊ ဇနီးသည်သည် Bucharest မြို့ရှိ MALAXA ခေါ် စက်ရုံဂိတ်ဝရောက်နေကြသည့် ထောင်ပေါင်းများစွာသော အလုပ်သမားတို့ရှေ့မှာ ဘုရားသခင်အကြောင်းနှင့် ကယ်တင်ခြင်းအကြောင်း ဝေငှခဲ့သည်။ နောက်တစ်နေ့တွင် ကွန်မြူနစ်တို့၏ မတရားပြုကျင့်ခြင်းကို ၎င်းစက်ရုံအတွင်း တော်လှန်ပုန်ကန်ခြင်း ရှိပါသဖြင့် အလုပ်သမားများစွာ ပစ်သတ်ခြင်းခံခဲ့ကြသည်။ တော်ပါသေးသည်။ သတင်းကောင်းကို အချိန်မီ

ကြားနာခွင့် ရခဲ့ကြသည် မဟုတ်လား။

ကျွန်ုပ်တို့သည် မြေအောက်အသင်းတော်ဟု အခေါ်ခံရပါသော်လည်း **ဗတ္တိဇံယောဟန်ကဲ့သို့ ပြည်သူလူထုနှင့် အုပ်စိုးသူ လူတန်းစားများထံသို့ ထင်ထင်ပေါ်ပေါ် ဝေငှခဲ့ကြသည်။**

တစ်နေ့ ဝန်ကြီးချုပ် Gheorghiu Dej အား သတင်းကောင်းဝေငှရန် ဝန်ကြီးရုံး အဆောက်အအုံခြေရင်း၌ ခရစ်ယာန် ညီအစ်ကိုနှစ်ယောက်တို့ရောက်နေကြသည်။ ကံကောင်းထောက်မ၍ မိနစ် အနည်းငယ်အတွင်း ခရစ်တော်၏ သတင်းကောင်းကို ဝန်ကြီးချုပ်အား ဝေငှခွင့်ရခဲ့ကြသည်။ မိမိ၏အပြစ်နှင့် ညှင်းပန်းနှိပ်စက်ခြင်း လမ်းစဉ်ကို ကျော်ခိုင်းရန် အတင့်ရဲစွာ သွန်သင်ခဲ့ကြသည်။ သတ္တိရှိရှိ မိမိကို လာရောက်သက်သေခံ ဝေငှကာ ဆုံးမခြင်းကြောင့်ဟု ဆိုပြီး ၎င်းတို့နှစ်ယောက်ကို ဝန်ကြီးက ထောင်ထဲ ထည့်ခိုင်းခဲ့သည်။

***ဗတ္တိဇံယောဟန်ကဲ့သို့ပြည်သူလူထုနှင့်အုပ်စိုးသူ လူတန်းစားများထံသို့ ပေါ်တင်ဝေငှခဲ့ကြသည်။***

နှစ်အတန်ကြာလွန်လာသောအခါ ဝန်ကြီးချုပ် အပြင်းဖျားသည်။ ခရစ်ယာန် ညီအစ်ကိုနှစ်ယောက်က နှိပ်စက်ခြင်း အမျိုး မျိုးခံရသည်အထိ ကြဲခဲ့သော သတင်းကောင်း မျိုးစေ့သည် အပင်ပေါက်ကာ အသီးအပွင့် ထွက်လာတော့သည်။၎င်းတို့ ဝေငှခဲ့သော ကျမ်းချက်သည် အပြင်းဖျားနေသောဝန်ကြီးချုပ်၏ စိတ်နှလုံးထဲမှာ တစ်ရေးရေး ပြန်ပေါ်လာသည်။

ထိုကျမ်းချက်သည် "ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြည့်ပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံ၏" (ဟေဗြဲ ၄း၁၂) ဟူသော ကျမ်းပိုဒ်ဖြစ်၏။ ဤနှုတ်ကပတ်တော်သည် ဝန်ကြီးချုပ်၏ မာကြောသော နှလုံးသားကို (သန်လျက်ပမာ) လှီးဖြတ်ခဲ့ပါသဖြင့် မိမိ အသက်တာအား ခရစ်တော်ထံသို့ အပ်နှံခဲ့သည်။ အပြစ်များ ဝန်ချတောင်းပန်ပြီး ခရစ်တော်ကို လက်ခံကာ၊ ဖျားနေစဉ်၌ပင် အစေတော် ခံခဲ့တော့သည်။ များမကြာမီ သေဆုံးသွား ခဲ့ရရှာပါသော်

လည်း၊ မိမိတွေ့ခဲ့ရသည့် အသစ်သော ကယ်တင်ရှင်ထံသို့ ခရစ်ယာန် ညီအစ်ကို နှစ်ယောက်၏ အဖိုးအခပေး ပေးခြင်းကြောင့် ဘုန်းဝင်စားခွင့် ရခဲ့လေသည်။ ထိုသူရဲကောင်းနှစ်ပါးတို့သည် ယနေ့ ချုပ်နှောင်ခြင်းခံ တိုင်းပြည်အားလုံးရှိ ခရစ်ယာန်များအတွက် ဖွဲနပဲနှင့်ယှဉ်သော ပုံသက်သေ ကောင်း ဖြစ်ကြလေသတည်း။

ကွန်မြူနစ်တို့၏ ဖိနှိပ်ချုပ်ချယ်မှုအောက်မှာ သတင်းကောင်း ဝေငှခြင်းသည် တဖြည်းဖြည်း ခက်ခဲလာလေသည်။ သို့သော် ကွန်မြူနစ် တို့၏ စစ်ဆေးမှုအောက်မှာပင်လျှင် ခရစ်ယာန် ဝေစာနှင့် စာအုပ်ငယ်များ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ စာအုပ်ငယ်များ၏ အဖုံးတွင် ကွန်မြူနစ်စနစ် တည်ထောင်ခဲ့သူ (Karl Marx)၏ ပုံထည့်သည်။ ၎င်းနောက် 'ဘာသာရေး သည် လူတို့အတွက် ဘိန်းဖြစ်သည်' ဟူသော (ကွန်မြူးနစ်တို့၏ ဘာသာ ရေးတိုက်ကွက်) ခေါင်းစဉ် စသည်တို့ကို ထည့်ရေးသည်။ အတွင်း စာမျက်နှာ၏ အစပိုင်းတွင် ဆင်ဆာအဖွဲ့ သဘောကျမည့် Marx Lenin နှင့် Stalin တို့၏ ဝါဒနှင့် အပြောအဆို အကြောင်းအရာများကို ထည့် သည်။ ၎င်းနောက် ကျွန်ုပ်တို့၏ ဒေသနာဖြစ်သော ခရစ်တော် အကြောင်း ကို ထည့်ရေးသည်။ ထိုကဲ့သို့ ဆင်ဆာတင်သောအခါ ကွန်မြူနစ် စာပေ ထင်ကာ ထောက်ခံချက် တံဆိပ်ရိုက်ပေးလေ့ ရှိကြသည်။

ကွန်မြူနစ်တို့ စုရုံးရာ နေရာတိုင်းသို့သွားကာ ၎င်းကွန်မြူနစ် စာပေအတုများကို ကျွန်ုပ်တို့ ပေးဝေခဲ့ကြသည်။ Marx ဓါတ်ပုံ တွေ့လျှင် တွေ့ချင်း ကွန်မြူနစ်တို့သည် ၎င်းစာအုပ်ကို အပြိုင်အဆိုင် ဝယ်ကြတော့ သည်။ စာမျက်နှာ တစ်ဆယ်ခန့်အထိ လှန်ဖတ်လျက် ခရစ်တော် အကြောင်းပါသည် ဟု သိလာသောအချိန်တွင် ကျွန်ုပ်တို့သည် အဝေးတစ် နေရာ ရောက်ကြပြီ။

ဤသို့ဖြင့် မြေအောက်အသင်းတော်သည် လျှို့ဝှက်စွာ တွေ့ဆုံ စည်းဝေး ဝတ်ပြုခြင်းနှင့် ဖုံးဖုံးဖိဖိ လုပ်ဆောင်ခြင်းသာ မလုပ်ဘဲ ကွန်မြူ နစ်လမ်းမများပေါ်နှင့် ကွန်မြူနစ်ခေါင်းဆောင်များထံသို့ တိုင်အောင် ရဲဝံ့စွာ သတင်းကောင်းကို ဝေငှခဲ့ကြသည်။ အဖိုးအခရှိမည်ဖြစ်ကြောင်း သိခဲ့ကြပါ

သော်လည်း ပေးဆပ်ရန် အသင့်ရှိကြပေသည်။ မြေအောက် အသင်းတော်များသည် ယနေ့တိုင်အောင် ထိုက်တန်သော အဖိုးအခပေးရန် အသင့်ပြင်လျက် ရှိကြသည်။

ꩤꩤꩤꩤꩤ

## မြေအောက်လှုပ်ရှားမှု
## Working Underground

လျှို့ဝှက်ရဲတပ်ဖွဲ့က မြေအောက်အသင်းတော်များကို လွန်ကဲစွာ ညှင်းပန်းနှိပ်စက်လာခဲ့ကြပြီ။ အဘယ်ကြောင့်ဆိုသော် အခြားသော အဖွဲ့အစည်းများတို့သည် စည်းရုံးနိမ်နင်းပြီးဖြစ်လျက်၊ ၎င်းတို့ကို ခုခံဖီဆန်နေသော နောက်ဆုံး ရန်သူအဖြစ် မြေအောက်အဖွဲ့အစည်းသာ ကျန်ရစ်ခဲ့ပြီဖြစ်သောကြောင့်တည်း။ ခုခံဖီဆန်ရာ၌လည်း သာမန်မဟုတ် ဝိညာဉ်ရေးရာ ခုခံဖီဆန်ခြင်းဖြစ်သည်။ ၎င်းကို မနိမ်နင်းဘဲ လက်ပိုက်ကြည့်နေမည်ဆိုလျှင် မိမိတို့၏ ဘုရားမဲ့ဝါဒ တန်ခိုး အောက်ခြေ လှိုက်စားခြင်းခံသွားပြီး ပြိုလဲနိုင်သည်။ စာတန်ကဲ့သို့ ၎င်းတို့ကလည်း ဤအချက်ကို နားလည်ကြသဖြင့် ချက်ခြင်း အရေးယူကြတော့သည်။

*လူသည်ခရစ်တော်ကို ယုံကြည်လျှင် စက်ရုပ်ကဲ့သို့ မနေတော့ဘဲ အဆိုးအကောင်း ဝေဖန်ဆုံးဖြတ်လာတတ်သည်ဟူသော အချက်ကို ၎င်းတို့ ကောင်းကောင်းနားလည်၏။ ၎င်းပြင် ခန္ဓာကိုယ်သာ ဖမ်းဆီးချုပ်နှောင်နိုင်လျက် လူ့ဝိညာဉ်နှင့် လူ့ယုံကြည်ခြင်းသည် မဖမ်းဆီးနိုင်ကြကြောင်းလည်း နားလည် သဘောပေါက်ထားကြသည်။ ထို့ကြောင့် ပြင်းထန်စွာ ဖိနှိပ်ညှင်းဆဲလာခဲ့ကြသည်။*

သို့သော် မြေအောက်အသင်းတော်၏ သင်းဝင်များနှင့် ထိုအသင်းတော်ကို သနားကြင်နာစိတ်ရှိသောသူများ သည် ကွန်မြူနစ်အစိုးရ အဖွဲ့အစည်းနှင့် လျှို့ဝှက်ရဲတပ်ဖွဲ့၌လည်း ရှိကြပေသည်။

လျှို့ဝှက်ရဲတပ်ဖွဲ့၏ လျှို့ဝှက်အစီအစဉ်များကို ကြိုတင်ထောက်လှမ်း သိထားနိုင်ရန်အတွက်၊ ကျွန်ုပ်တို့၏ တိုင်းပြည်မှာ လူမုန်းအခံဆုံးနှင့် အနှိမ်ခံဆုံး ကွန်မြူနစ် ယူနီဖေါင်းကို ဟန်ဆောင်ဝတ်စေလျက် ခရစ်ယာန်ညီအစ်ကို များစွာတို့ကို လျှို့ဝှက်ရဲတပ်ဖွဲ့သို့ဝင်စေ၏။ မိမိတို့၏ယုံကြည်ခြင်းကိုမူ ဝှက်ထားကြသည်။ 'ကွန်မြူနစ် ယူနီဖောင်း ဝတ်ပြီဟေ့' ဟူ၍ ၎င်းတို့ကို မိသားစုနှင့် မိတ်ဆွေများက အထင်မသေးကောင်းပေ။ ၎င်းတို့၏ စစ်မှန်သော သာသနာလုပ်ငန်းကို ဖုံးကွယ်ထားသောကြောင့်လည်း အထင်မလွဲအပ်ပေ။ ယူနီဖောင်းဝတ်သော်ငြားလည်း ခရစ်တော်အတွက် ရှိသော သူတို့၏ ချစ်သစ္စာသည် ကြီးမားလှသည်။

ကျွန်ုပ်ကို ထိပ်တန်းလျှို့ဝှက် အစီအစဉ်ဖြင့် ရဲတပ်ဖွဲ့က ပြန်ပေးဆွဲကာ နှစ်အတန်ကြာ ဖမ်းချုပ်ခဲ့စဉ်၌လည်း၊ ၎င်းရဲတပ်ဖွဲ့တွင် ခရစ်ယာန် ဆရာဝန်တစ်ဦးပါခဲ့သဖြင့် ကျွန်ုပ်ကို ဘယ်မှာထားခဲ့ကြကြောင်း ကောင်းစွာ သိထားခဲ့သည်။ လျှို့ဝှက်ရဲတပ်ဖွဲ့က ဆရာဝန်တစ်ဦးပီပီ၊ အချုပ်ခန်းများသို့ ဝင်ရောက် စစ်ဆေးခွင့် ရှိသည်။ စစ်ဆေးရင်း ကျွန်ုပ်ကိုလည်း ရှာခဲ့သေးသည်။ ယခင် ခရစ်ယာန် ရောင်းရင်းမိတ်ဆွေအား လုံးကမူ ကွန်မြူနစ် ဖြစ်သွားပြီထင်ကာ ထိုဆရာဝန်ကို ရှောင်ရှားကြသည်။

အကျဉ်းသား ဝတ်စုံကိုဝတ်ခြင်းထက် သူတစ်ပါးကို နှိပ်စက်ညှင်းပန်းသောသူတို့၏ ယူနီဖေါင်းကိုဝတ်လျက် အများမြင်သာအောင် လျှောက်သွားခြင်းသည်ပင်လျှင်သာ၍ကြီးမားသောယဇ်ပူဇော်ခြင်းဖြစ်သည်။

ထိုခရစ်ယာန် ဆရာဝန်က ကျွန်ုပ်ကို လာတွေ့သဖြင့်၊ မှောင်မဲနက်ရှိုင်းသော အကျဉ်းထောင်ထဲ၌ ကျွန်တော် အသက်ရှင်နေသေးကြောင်း သတင်းပို့ခဲ့သည်။ ကျွန်ုပ်၏ ပထမအသုတ်ဖြစ်သော ရှစ်နှစ်ခွဲ အကျဉ်းသားဘဝတွင် ကျွန်ုပ်ကို ပထမဆုံး လာရောက်တွေ့ဆုံသောသူသည် ထိုဆရာဝန်သာဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြောင့်သာ ကျွန်တော် အသက်ရှင်နေသေးကြောင်း သတင်းပျံ့ခဲ့သည်။ ထို့ကြောင့်လည်း ၁၉၅၆ ခုနှစ်၌ ဖြစ်ပျက်ခဲ့သော Eisenhower နှင့် Krushchev ကြေအေးမှုကြောင့် အကျဉ်းသားအားလုံး လွတ်ခြင်းခံခဲ့ကြစဉ်၌ ခရစ်ယာန်များက ကျွန်ုပ်ကို ဝမ်းပန်းတသာ အပြေးအလွှား လာရောက်ဆီးကြိုခဲ့ကြခြင်း ဖြစ်သည်။ သို့သော်

ကျွန်ုပ်၏လွတ်လပ်မှုသည် ခဏတာမျှသာ ကြာခဲ့သည်။ ၎င်းဆရာဝန် သာ မရှိခဲ့လျှင်၊ ကျွန်ုပ်ကို တွေ့ဖို့ လျှို့ဝှက်ရဲတပ်ဖွဲ့မှာ မဝင်ခဲ့လျှင်၊ ကျွန်ုပ်လုံးဝ လွတ်မည်မထင်။ အမှောင်ခန်းထဲမှာ ဆက်နေရမည်လော၊ ယနေ့ သချိုင်းဂူ ထဲမှာ ကျိန်းစက်နေမည်လော မပြောတတ်။

လျှို့ဝှက်ရဲတပ်ဖွဲ့ဝင် မြေအောက်ခရစ်ယာန် ညီအစ်ကိုများသည် မိမိတို့၏ ရာထူးမျက်နှာကို အသုံးပြုလျက် ကျွန်ုပ်တို့ကို ကြိမ်ဖန်များစွာ ကြိုတင်သတိပေးခြင်းအားဖြင့် ကြီးမားသော အကူအညီများစွာ ရလေ့ရှိ၏။ ယနေ့ထက်တိုင်အောင် ကွန်မြူနစ်တိုင်းပြည်များမှ မြေအောက် အသင်း တော်များသည် လျှို့ဝှက်ရဲတပ်ဖွဲ့တွင် မိမိတို့၏ လူများရှိ ကြပြီး၊ အန္တရာယ် အသွယ်သွယ် ကြုံရလေအောင် ကြိုတင်သတိပေးခြင်းအားဖြင့် အကာ အကွယ်ရလေ့ ရှိကြသည်။ အချို့ လျှို့ဝှက် ခရစ်ယာန်များသည် အစိုးရ ဌာနအချို့တွင် ရာထူးကြီးကြီးကိုင်ကြပြီး မိမိတို့၏ ကြီးမားသော ယုံကြည် ခြင်းကိုလည်း လျှို့ဝှက်စွာထားကာ ကျွန်ုပ်တို့ကို ကြီးမားသော အကူအညီ များပေးလေ့ရှိ၏။ တစ်နေ့ကောင်းကင်ဘုံမှာထိုသူတို့သည်ယခုလျှို့ဝှက်စွာ အစေတော်ခံနေသော ခရစ်တော်ကို လူသိရှင်ကြား သက်သေခံပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေကာမူ မြေအောက်အသင်းတော်မှ ခရစ်ယာန် များစွာတို့သည် ရိပ်မိခြင်းခံလျက် အကျဉ်းချခံခဲ့ကြရသည်။ ယုဒရှကာရှုတ် ကဲ့သို့ ကျွန်ုပ်တို့၏ လှုပ်ရှားမှုများကို လျှို့ဝှက်ရဲတပ်ဖွဲ့ထံသို့ သတင်းပို့ သော ခရစ်ယာန်တုများလည်း ရှိသေးသည်။ ကွန်မြူနစ်တို့သည် အမှုတော် ဆောင်များနှင့် လူဝတ်ကြောင်ခရစ်ယာန်များကို ရိုက်ပုတ်ညှင်းဆဲခြင်း၊ စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများကို တိုက်ကျွေးပြီး၊ အမျိုးမျိုး ခြောက်လှန့်ခြင်းနှင့် လျှို့ဝှက်ချက်များကို အတင်းဖော်လှစ်စေခြင်းအားဖြင့် ခရစ်ယာန် ညီအစ်ကိုများ၏ သတင်းကို ရယူလေ့ရှိကြသည်။



# ၂

# လူ၌ထိုထက်သာသော ချစ်ခြင်းမေတ္တာမရှိ
## "Greater Love hath no man"

မြေပေါ်မြေအောက် နှစ်ဖက်စလုံး၌ အရာရှိတစ်ဦးအနေဖြင့် အမှုတော်ကို ၂၉–၂–၁၉၄၈ ရက်နေ့တိုင်အောင် ဆောင်ရွက်ခဲ့သည်။ သာယာသော ထိုတနင်္ဂနွေနေ့ ဘုရားကျောင်းအသွားတွင် လျှို့ဝှက်ရဲတပ်ဖွဲ့သည် ကျွန်ုပ်ကို အလစ်သုတ်ဖမ်းဆီးခဲ့ကြသည်။

ကျမ်းစာ၌ "လူကိုခိုးခြင်း" ဟူသော စကားကို ကျွန်တော် စဉ်းစားတိုင်း သဘောမပေါက်ခဲ့ချေ။ ယခု ကွန်မြူနစ်တို့က သင်ပြနေကြပြီ။

ဤကဲ့သို့ အလစ်သုတ်ကာ ပြန်ပေးဆွဲခြင်းသည်မဆန်းတော့ချေ။ လျှို့ဝှက် ရဲတပ်ဖွဲ့၏ ဗင်ကားတစ်စီး လမ်းပေါ်မှာ ရပ်နေသည်။ ကျွန်တော် ထိုကားအနီး ရောက်သောအခါ ကားပေါ်မှ လူလေးယောက် ခုန်ချလာခဲ့ကြပြီး ကားပေါ်ကို တွန်းတက်ခိုင်းကြသည်။ အကျဉ်းထောင် တစ်ခုသို့ ကျွန်ုပ်ကို ခေါ်သွားပြီး လျှို့ဝှက်စွာ ရှစ်နှစ်ကျော်ထားခဲ့ကြသည်။

ထိုရှစ်နှစ်အတောအတွင်းတွင် ကျွန်တော် ရှင်သလား သေသလား ဟူ၍ မည်သူမျှ မသိခဲ့ကြ။ လျှို့ဝှက်ရဲတို့သည် ထောင်ထွက် ဟန်ဆောင်ကာ ကျွန်ုပ် မိန်းမကိုပိုးကြသည်။ ကျွန်ုပ် အလောင်းသင်္ဂြိုဟ်ခြင်း အခမ်းအနားကို မိမိတို့ကိုယ်တိုင် တက်ရောက်ခဲ့ကြကြောင်း သွားပြောကြသည်။ ချစ်ဇနီးသည် အသည်းကွဲရှာသည်။

ဂိုဏ်းဂဏများစွာမှ ယုံကြည်သူထောင် ပေါင်းများစွာတို့သည်လည်း ထိုအချိန်တွင် ထောင်ထဲသို့ ရောက်ခဲ့ကြသည်။ အမှုတော်ဆောင်များသာ ထောင်ထဲရောက်ကြသည်မဟုတ်။ တောင်သူလယ်သမားများ၊ ကလေးငယ်များ၊ မိန်းကလေးများ စသည်ဖြင့် ယုံကြည်ခြင်းကို သက်သေခံသူတိုင်း ထောင်ထဲရောက်ကြသည်။



ဂျူးလူမျိုးဖြစ်သော Sabina ၏ မိဘ ညီအစ်ကို မောင်နှမ အားလုံး နာဇီတို့၏ အလုပ်စခန်းတွင် သေဆုံးခဲ့ကြသည်။ ၎င်းတို့သည် နာဇီ တဦးကို အိမ်မှာခေါ်ပြီး ခရစ်တော်အတွက် အသက်တာ ပြောင်းလဲစေသော အခွင့်ထူး ရခဲ့ဖူးသည်။

Pastor Wurmbrand & Sabina ကို နှိုး၍ "မင်းတွေ့ကိုတွေ့မည့် လူတစ်ယောက် ဒီမှာရှိတယ်။ သူဟာ မင်းရဲ့ မိသားစုတွေကို သတ်တဲ့သူလို့ ငါတို့ယုံကြည်တယ်။ ယခုနောင်တရပြီ သူဟာ တို့ရဲ့ညီအစ်ကိုပဲ" Sabina ထွက်လာပြီး ထိုလူကို ပွေ့ပိုက်ခဲ့သည်။ နှစ်ဦးစလုံး အတူတကွငိုခဲ့ကြသည်။ (In God's Underground အပိုဒ်-၇၊ အခန်း-၉ မှ ကောက်နုတ်ချက်)

အခြားကွန်မြူနစ်တိုင်းပြည်များကဲ့သို့ ရိုမေးနီးယား ထောင်သည်လည်း အကျဉ်းသားများဖြင့် ပြည့်နေသည်။ ထောင်ထဲရောက်သည်ဆိုသည်မှာ နှိပ်စက် ညှင်းဆဲခံရန်ပင် ဖြစ်ပေသည်။

၎င်းတို့၏ ညှင်းပန်းနှိပ်စက်နည်းများသည် ပြင်းထန်လွန်းသည် ကျွန်တော် တွေ့ကြုံဖြတ်သန်းခဲ့ရသော နှိပ်စက်ညှင်းပန်းမှုများသည် အလွန်အမင်း ပြင်းထန်သောကြောင့် ပြောချင်စိတ်ပင် မရှိလှချေ။ ပြောသောနေ့တိုင်း ညအခါ အိပ်မရပေ။

ကျွန်တော်ရေးသော In God's Underground စာအုပ်တွင် ထောင်ထဲမှာ ဘုရားသခင်နှင့်အတူ တွေ့ကြုံခံစားသမျှ အသေးစိပ် ဖေါ်ပြထားသည်။

## ပြောမပြနိုင်လောက်အောင် ညှင်းပန်းနှိပ်စက်ခြင်း
## Unspeakable Tortures

Floresscu သင်းအုပ်ဆရာသည် ရဲရဲတောက် ပူနေသော သံဒုတ်နှင့် ဓါးအားဖြင့် ညှင်းဆဲခြင်းခံခဲ့သည်။ ပြင်းထန်စွာ ရိုက်ပုတ်ကြသည်။ ၎င်းနောက် ပိုက်လုံးကြီးကြီးတစ်ချောင်းမှတစ်ဆင့် အလွန်ငတ်မွတ်နေသော ကြွက်စုတ် တစ်စုကို သူ၏ အခန်းထဲသို့ လွှတ်ခဲ့ကြသည်။ ငတ်မွတ်နေသော ကြွက်စုတ်တို့၏ အန္တရာယ်ကြောင့် တစ်ချိန်မျှ မအိပ်ရပေ။ ခဏမျှ ငိုက်မိပါက ကြွက်စုတ်တို့က ကိုက်ခဲ့ကြသည်။

၎င်းပြင်နေ့နေ့ညည နှစ်ပတ်လုံးလုံး မတ်တပ်ရပ်ခိုင်းသည်။ ခရစ်ယာန် ညီအစ်ကိုများ၏ အကြောင်းစုံကို သစ္စာဖေါက်လျက် တိုင်တန်းသတင်းပေးရန် ကွန်မြူနစ်တို့က အမျိုးမျိုးသွေးဆောင် ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ချေ။ ဖွင့်မပြောဘဲ ခံနေခဲ့သည်။ နောက်ဆုံးတွင် မိမိ၏ တစ်ဆယ့်လေးနှစ်သားလေးကို ထောင်ထဲသွင်းပြီး ဖခင်ရှေ့မှာ ပြင်းထန်စွာ

ရိုက်နှက်ကြသည်။ ပြောစေချင်သောအရာများ မပြောမချင်း ဆက်တိုက် ရိုက်မည်ဟု ခြိမ်းခြောက်ကြသည်။ အဘိုးကြီးသည် ရူးမတတ်ဖြစ်နေသည်။

ခံနိုင်သလောက် ကြိတ်မှိတ်ခံပြီး နောက်ဆုံးတွင် " Alexander ငါ့သား မင်းကို ငါမကြည့်ရက်တော့ဘူး။ ဖေဖေ ပြောလိုက် တော့မယ်" ဟု ပြောရင်း ရှိုက်ကာရှိုက်ကာ ငိုခဲ့လေသည်။

သားဖြစ်သူက ပြန်ပြောလိုက်သည်၊ "ဖေဖေ၊ သစ္စာမဖောက်ချင် စမ်းပါနဲ့၊ ခံနိုင်သလောက်သာ ခံနေခဲ့ပါ။ သူတို့ သားကိုသတ်ကြရင်၊ 'ယေရှုနဲ့ အဖတိုင်းပြည်' ဟူသော စကားနဲ့ သားသေပါ့မယ်။"

ကွန်မြူနစ်များ ဒေါသထွက်သဖြင့် ထိုကလေးကို သေ အောင်ရိုက် ခဲ့ကြသည်။ ကလေးငယ်၏ သွေးများသည် ထောင်နံရံများသို့ ပန်းထွက် ခဲ့သည်။ ထိုကလေးသည် ဘုရားသခင်ကို ချီးမွမ်းရင်း သေဆုံးရှာသည်။ ကျွန်ုပ်တို့၏ ညီအစ်ကိုဖြစ်သော Florescu သည် ထိုအဖြစ်အပျက် မြင်ခဲ့သည့် နောက်ပိုင်းတွင် ခါတိုင်းနှင့်မတူ ဖြစ်ရရှာသည်။

အတွင်းဘက်မှာ သံစူးပါသော လက်ထိပ်ကို ကျွန်ုပ်တို့၏ လက်ကောက်ဝတ်မှာ ခတ်ကြသည်။ ငြိမ်သက်စွာနေလျှင် မစူးပါ။ အကျဉ်း ထောင်များသည် အလွန်အေး၍ လက်များတုန်သောအခါ သံစူးများက လက်ကောက်ဝတ်ကို စူးတော့သည်။

အချို့ ခရစ်ယာန်အကျဉ်းသားများသည် ကြိုးဖြင့် ခြေထောက် ကိုချည်ကာ ဇောက်ထိုးဆွဲလျက် ပြင်းထန်စွာ ရိုက်ပုတ်ကြသဖြင့် တစ်ကိုယ် လုံး ပုခက်လွှဲသကဲ့သို့ လွှဲလေ့ရှိကြသည်။ အချို့ ခရစ်ယာန်များမှာမူ အအေးလွန်ကဲခြင်းကြောင့် နံရံများ၌ ဆီးနှင်းမိုးပွင့်များဖြင့် ပြည့်ခဲ နေသော ရေခဲသေတ္တာတွင် ထည့်ထားခြင်းခံကြရသည်။ ကျွန်ုပ်ကိုယ်တိုင် လည်း အဝတ်ပါးပါးဝတ်သောနေ့တွင် ရေခဲသေတ္တာထဲ ထည့်ခြင်းခံခဲ့ဖူး သည်။ ထောင်ဆရာဝန်များက လာရောက်စစ်ဆေး၍ အအေးဒဏ်ကြောင့် သေတော့မည့် လက္ခဏာပြလျှင် အစောင့်များထံ အချက်ပေးကြသည်။ ထိုအခါ အစောင့်များက ပြန်ထုတ်ကာ နွေးအောင်လုပ်ပေးကြသည်။ ပူနွေး လာသောအခါ ပြန်ထည့်တတ်ကြသည်။ ထုတ်လိုက် သွင်းလိုက်၊ ထုတ်

လိုက်သွင်းလိုက်လုပ်ကာ သေလုမတတ် အကြိမ်ကြိမ် ညှင်းဆဲကြသည်။ ထို အတွေ့အကြုံကြောင့် ယနေ့မှာပင်လျှင် တစ်ခါတစ်ရံ ရေခဲသေတ္တာ ဖွင့်သောအခါ အသဲယားတတ်သေးသည်။

အချို့ ခရစ်ယာန်အကျဉ်းသားများသည် ကိုယ်ခန္ဓာထက် အနည်းငယ်သာ ကြီးသော သစ်သား သေတ္တာရှည် ကြီးများတွင်ထည့်ကာ မတ်တပ်ရပ်ခိုင်းခြင်း ခံကြရ သည်။ ရွေ့လျား၍ မရပေ။ ချွန်ထက်နေသော ရိုက်သံများကိုလေးဖက် နံရံတွင် ရိုက်ထားကြသည်။ ငြိမ်သက်စွာ မတ်တပ် ရပ်လျှင် တော်ပါသေးသည်။သို့သော် ယင်းသေတ္တာ ထဲတွင် အချိန်ကြာရှည်စွာ ရပ်ခိုင်းကြသဖြင့် အားအင်ကုန်ခမ်းလျက် မော‌ပန်းခြင်းကြောင့် လှုပ်ရှားမိပါက တစ်ကိုယ်လုံး အစူးခံ၏။ အနည်း ငယ်လှုပ်လျှင် သို့မဟုတ် အကြောများဆန့်လျှင် သံချွန်များက အသင့်စောင့် နေ၏။

***ကွန်မြူနစ်ဝါဒ၌ ဝိညာဉ်ရေးရာ စွမ်းပကား ရှိပါသည်၊ ၎င်းကို တန့်ပြန်ကျော်လွှား နိုင်သော စွမ်းပကား သည်သာ၍ တန်ခိုးကြီး သော ဘုရားသခင်၏ ဝိညာဉ်တော်သာ ဖြစ် သည်၊***

ကွန်မြူနစ်တို့က ခရစ်ယာန်တို့အား နှိပ်စက် ညှင်းပန်းသော နည်းများသည် လူသားတို့၏ စဉ်းစားဉာဏ်က မမီနိုင်လောက်အောင် များပြားပြင်းထန်လှသည်။ ယုံကြည်သူများကို ညှင်းပန်းနှိပ်စက်သော ကွန်မြူနစ်တို့၏ မျက်နှာ မှန်သမျှသည် ညှင်းဆဲခြင်း၌ ဝမ်းမြောက်သော အပြုံးရှိကြသည်။ ခရစ်ယာန်များကို ညှင်းပန်းနှိပ်စက်နေစဉ်တွင် ၎င်းတို့ သည် "ငါတို့ဟာ စာတန်တွေပဲ" ဟု အော်တတ်ကြသည်။

ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင် တိုက် လှန်ကြသည်မဟုတ်။ လောကီ မှောင်မိုက် နတ်ဆိုးနှင့်သာ တိုက်လှန် ကြ၏။ ကွန်မြူနစ်ဝါဒသည် လူထံမှလာသော အရာမဟုတ်။ စာတန် ထံကလာသော အရာ ဖြစ်ကြောင်း ကျွန်ုပ်တို့သိကြ၏။ **ကွန်မြူနစ်ဝါဒ၌ ဝိညာဉ်ရေးရာ စွမ်းပကားရှိသည်။ ၎င်းကို တန့်ပြန်ကျော်လွှားနိုင်သော စွမ်းပကား သည် သာ၍တန်ခိုးကြီးသော ဘုရားသခင် ၏ ဝိညာဉ်တော်သာ**

ဖြစ်သည်။

ကျွန်တော်က နိုပ်စက်သူများအား "သနားသောစိတ်နှလုံး မရှိကြဘူးလား" ဟု မကြာခဏ မေးတတ်သည်။ ၎င်းတို့က Lenin ပြောသောစကားကို ကောက်နှုတ်ပြီး အဖြေပေးကြသည်။ "ကြက်ဥကို မခွဲဘဲ ကြော်နိုင်မလား၊ လွှစာမရှိဘဲ သစ်ချောင်းကိုဖြတ်နိုင်မလား..." ကျွန်တော်က ပြန်ပြောသည်မှာ "အဲဒီ Lenin နှုတ်ကျိုးစကားကို ကျွန်တော် သိပါတယ်။ ဒါပေမယ့် မတူဘူးလေ။ သစ်ချောင်းဟာ ဖြတ်တဲ့အခါ နာ မနာ မသိဘူး။ အခု ခင်ဗျားတို့ ညှင်းဆဲနေတာဟာ လူပဲ။ ရိုက်ပုတ်တိုင်း နာမှန်း သိကြတယ်။ သူတို့ကြောင့် ငိုကြွေးနေရတဲ့ မိခင်များ ရှိတယ်နော်။"

မထူးပါဘူး။ ၎င်းတို့သည် ရုပ်ကြမ်းဝါဒီသမားတွေပါ။ သူတို့အတွက်ဆိုလျှင် ရုပ်ဒြပ်ပစ္စည်းမှအပ ဘာမျှမရှိ။ ၎င်းတို့အတွက် လူသည် သစ်သားလို၊ ကြက်ဥလိုပါပဲ။ ဤကဲ့သို့သောခံယူချက်ဖြင့် စဉ်းစားမရနိုင်အောင် ကြမ်းတမ်း ဆိုးယုတ်ခဲ့ကြသည်။

***ဘုရားမဲ့ဝါဒီတို့၏ ကြမ်းတမ်းဆိုးယုတ်မှုသည် မယုံနိုင်လောက်အောင်ပင် ဖြစ်သည်၊***

ဘုရားမဲ့ဝါဒီတို့၏ ကြမ်းတမ်းဆိုးယုတ်မှုသည် မယုံနိုင်လောက် အောင်ပင်ဖြစ်သည်။ ကံတရား၏ ကောင်းကျိုး သို့မဟုတ် ဆိုးကျိုး တစ်နေ့ ခံစားရမည်ဟူသော ယုံကြည်ခြင်း မရှိသည့် အသက်တာသည် အဓိပ္ပါယ် မရှိချေ။ ထိုကဲ့သို့ ခံယူချက် ရှိသောလူသည် လူ့ဇာတိ၌ရှိသော နက်ရှိုင်းသည့် မကောင်းမှု ဒုစရိုက်ရေးရာတွင် ချုပ်တည်း ကန့်သတ်မှု မရှိချေ။

ကွန်မြူနစ် ညှင်းပန်းနှိပ်စက်သူများက မကြာခဏ ပြောသော စကားသည် "ဘုရားသခင်မရှိ၊ နောင်ဘဝ မှာလဲ အပြစ်ကြောင့် ဒဏ်ခတ်ခြင်းမရှိ၊ ငါတို့ကြိုက်တာလုပ်နိုင်တယ်။" ကျွန်တော်ကိုယ်တိုင် ညှင်းပန်းနှိပ်စက်သူ တစ်ယောက်က ပြောသံကြားဖူးသည်မှာ "စိတ်ထဲမှာ ဆိုးသွမ်းမှု ရှိသမျှကို ဒီအချိန် ဒီနာရီထိ ဖေါ်ထုတ်လို့ရအောင် အသက်ရှင်တဲ့အတွက် ငါမယုံသော ဘုရားကို ကျေးဇူးတင်ပါတယ်" ဟူ၍ ဖြစ်သည်။ မယုံနိုင်

လောက်အောင် ယုတ်မာခြင်းဖြင့် အကျဉ်းသားများကို ညှင်းပန်းနှိပ်စက်ရင်း ဤကဲ့သို့ ပြောခြင်းဖြစ်သည်။

အကယ်၍ မိကျောင်းတစ်ကောင်သည် လူကိုကိုက်စားနေသည်ကိုမြင်လျှင် အလွန်ဝမ်းနည်းမိသော်လည်း မိကျောင်းကိုမူ အပြစ် မတင်အပ်ပေ။ သူသည်လူ့စိတ်မရှိချေ။ အလားတူ ကွန်မြူနစ်တို့ကို အပြစ်မတင်သင့်ပေ။ ကွန်မြူနစ်ဝါဒသည် လူ၌ရှိသော လူ့အတွေးအခေါ် ဟူသမျှကို ဖျက်ဆီးပစ်သည်။ သနားကြင်နာစိတ် မရှိခြင်းကိုပင်ဝါကြွား သည်။

သူတို့ထံကလည်း သင်ခန်းစာရသည်။ သူတို့၏ နှလုံးသားထဲ၌ ယေရှုအတွက် နေရာမရှိသလို၊ ကျွန်ုပ်စိတ် နှလုံးထဲ၌လည်း စာတန်အတွက် အငယ်ဆုံးသော နေရာကိုပင် မထားနိုင်ပါ။

အမေရိက လွှတ်တော် ပြည်တွင်းလုံခြုံရေးဆပ်ကော်မတီရှေ့၌ ကျွန်တော် သက်သေခံခွင့်ရခဲ့သည်။ ၎င်းတို့ ရှေ့မှာ အံ့မခန်းဖြစ်ရပ်တစ်ခု ဖြစ်သည့် ခရစ်ယာန်များကို ကားတိုင်မှာ လေးရက်လေးညတိုင်အောင် ချည်နှောင်ကာ တင်ထားခြင်းအကြောင်း ကျွန်တော်ပြောပြလိုက်သည်။

ကားတိုင်များကို ကြမ်းပေါ်မှာလှဲထားပြီး အကျဉ်းသားအချို့ကို တင်ထားကြသည်။ ၎င်းနောက် ကားတိုင်များ ကို ထောင်ထားပြီး ကွန်မြူနစ်များက ကျီစယ်ပြောင်လှောင်ခဲ့ကြသည်။ "မင်းတို့၏ ခရစ်တော်ကိုကြည့်စမ်း။ ဘယ်လောက် လှသလဲ။ ကောင်းကင်ဘုံက ဘာရနံ့ယူဆောင်လာခဲ့ပါသလဲ"။

ပြင်းထန်စွာ ညှင်းပန်းနှိပ်စက်ခြင်းကြောင့် ရူးလုမတတ်ဖြစ်သော ဘုန်းတော်ကြီးတစ်ပါးကိုလည်း မစင်နှင့် ကျင်ငယ် အားဖြင့် အကျဉ်းသား ခရစ်ယာန်များအား ပွဲတော်မင်္ဂလာဝင်စေဖို့ ခိုင်းခဲ့ကြသည်။ ၎င်းကို ပြုလုပ်ခိုင်းသော နေရာသည် Pitesti ခေါ် ရိုမေးနီးယား အကျဉ်းထောင်၌ဖြစ်သည်။ ၎င်းဘုန်းတော်ကြီးအား အဘယ်ကြောင့် ထိုကဲ့သို့ ပြောင်လှောင်ခြင်းကို နာခံခဲ့ရကြောင်းနှင့် အဘယ်ကြောင့် သေသည့်တိုင်အောင် မငြင်းဆိုခဲ့သနည်းဟု ကျွန်တော်က မေးသောအခါ "ကျေးဇူးပြု၍ ကျနော့်ကို တရားမစီရင်ပါနဲ့ဗျာ။ ကျနော် ခံစားခဲ့ရတဲ့ ညှင်းပန်းနှိပ်စက်ခြင်းဟာ

ခရစ်တော်ထက်ပင် ပိုပြင်းထန်တယ်ဗျာ" ဟု ပြောခဲ့သည်။

ကျမ်းစာက ဖေါ်ပြထားသော ငရဲပြည်၏ အနာတရ အတိဒုက္ခများသည် ကွန်မြူနစ် အကျဉ်းထောင်များမှ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆိုလျှင် ဘာမျှ မဆိုင်ပေ။

အထက်ဖေါ်ပြပါ အချက်အလက် အချို့သည် တနင်္ဂနွေနေ့ အချို့၌ Pitesti အကျဉ်းထောင်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များစွာ အနက်တစ်ပိုင်းတစ်စမျှသာ ဖြစ်သည်။ ကျန်နေသေးသော အဖြစ်အပျက်များသည် ပြောပြရန်မလွယ်ပေ။ မကြာခဏပြောရလျှင် ဝမ်းနည်းနာကျည်းလွန်းသဖြင့် နှလုံးခုံရပ်သွားပါလိမ့်မည်။ အမှန်အတိုင်း ကလောင်သွေးလျက် စာဖွဲ့မည်ဆိုပါကလည်း ကြမ်းတမ်းညစ်ညမ်းလွန်းသဖြင့် ရက်ဖွယ်ကောင်းသည်။ ဤအရာများကို မိတ်ဆွေ၏ ခရစ်တော်၌ ညီအစ်ကိုမောင်နှမများက ဖြတ်သန်းကျော်လွှားခဲ့ကြသည်ဟူသော အချက်ကို စဉ်းစားဖူးသလား မိတ်ဆွေ။

အကယ်၍ ကျွန်တော်သည် ကွန်မြူနစ်တို့၏ ရက်စက်ကြမ်းကြုတ်သော ညှင်းပန်းနှိပ်စက်ခြင်းနှင့် ခရစ်ယာန်တို့၏ တွေ့ကြုံခံစားချက်အားလုံးကို ပြောပြမည်ဆိုလျှင် ဆုံးအံ့မထင်။ ညှင်းပန်းနှိပ်စက်ခြင်းအကြောင်းများသာ ပြောစရာရှိသည်မဟုတ်။ ခရစ်ယာန် အာဇာနည်သူရဲကောင်းတို့၏ကောင်းသော လုပ်ရပ်များလည်း ပြောစရာများစွာ ရှိ၏။ အကျဉ်းထောင်ထဲက ယုံကြည်ခြင်း သူရဲကောင်းတို့၏ လုပ်ရပ် စံနမူနာများသည် လွတ်လွတ်လပ်လပ်ရှိနေသေးသော ယုံကြည်ခြင်းတူ ညီအစ်ကိုများအတွက် ကြီးမားသောခွန်အား ဖြစ်သည်။ ယုံကြည်ခြင်း သူရဲကောင်းများစွာအနက် အထူးနာမည်ကြီးသော ပုဂ္ဂိုလ်တစ်ပါးသည် Pastor Milan Haivomici ဖြစ်သည်။

အကျဉ်းထောင်များသည် အကျဉ်းသားများဖြင့် ပြည့်ကြပ်လွန်းသဖြင့် အစောင့်ရဲများသည် ကျွန်ုပ်တို့၏ နာမည်များကို မမှတ်နိုင်ကြပါ။ တစ်နေ့တွင် အကျဉ်းထောင်စည်းကမ်း ဖေါက်ဖျက်သူများအား ကြိမ်ဒဏ် (၂၅)ချက်စီပေးရန် ထောင်မှထုတ်ခြင်းခံကြရသည်။ ပါစတာ Haivomici

သည် လူမှားခြင်းကြောင့် အခြားအကျဉ်းသားများကိုယ်စား အကြိမ်ပေါင်း မရေတွက် နိုင်အောင် အရိုက်ခံခဲ့ရသည်။ ထို့ကြောင့် မိမိအတွက်သာမကဘဲ မိမိ ကိုယ်စားပြုခဲ့သော ခရစ်တော်အတွက်ခံယူခြင်းကြောင့် အခြားသော အကျဉ်းသားများသည် ထိုပုဂ္ဂိုလ်ကို အလွန်လေးစားခဲ့ကြသည်။

ကျွန်ုပ်တို့၏ မြေအောက် အသင်းတော်က အမှုတော်ဆောင် တစ်ယောက်သည် မိန်းကလေးဖြစ်သည်။ ထိုသူသည် ကလေးများကို ခရစ်တော်အကြောင်း ဝေငှသက်သေခံခြင်းနှင့် အခြားနည်းလမ်းများအား ဖြင့် သတင်းကောင်း ပျံ့နှံ့စေခဲ့သောသူဖြစ်ကြောင်း ကွန်မြူနစ်ရဲတို့က သိသဖြင့် ဖမ်းရန်ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် နာကျည်းဝမ်းနည်းမှု ပိုများ စေချင်ဇောဖြင့် မင်္ဂလာဆောင်မည့် ရက်မှာဖမ်းရန် ရည်ရွယ်ပြီး ဖမ်းမည့် ရက်ကို တစ်ရက်ပြီးတစ်ရက် ရွှေ့ဆိုင်းခဲ့ကြသည်။ မင်္ဂလာဆောင်မည့် ရက်နေ့မှာ ထိုမိန်းကလေးသည် သတို့သမီးပီပီ လှလှပပ ဝတ်ဆင်လာခဲ့ သည်။ မိန်းကလေးတို့၏ ဘဝမှာ မင်္ဂလာဆောင်သောနေ့သည် အပျော် ဆုံးနေ့ မဟုတ်ပေဘူးလား။ သို့သော် မမျှော်လင့်ဘဲ အိမ်တံခါးမကြီးကို အတင်းဖွင့်လာခဲ့ကြပြီး လျှို့ဝှက်ရဲတပ်ဖွဲ့များ ဝင်လာခဲ့ကြသည်။

သတို့သမီးသည် လျှို့ဝှက်ရဲတပ်ဖွဲ့ ဝင်လာသည်ကို မြင်သော အခါ လက်ထိပ်ခတ်ခြင်းခံရန် မိမိလက်ကို အလိုလိုထိုပေးလေသည်။ ကြမ်းတမ်းစွာ လက်ထိပ်ခတ်ကြသည်။ သူ့ချစ်သူကိုကြည့်ပြီး သံကြိုးကို နမ်းပြရင်း "ဒီ မင်္ဂလာရက်မြတ်မှာ ဒီအဖိုးတန်ကျောက် (လက်ထိပ်)ကို လက်ဆောင်အဖြစ်လာပေးတဲ့ ကောင်းကင်ဘုံရှိ ကျမရဲ့ သတို့သားအား အထူးကျေးဇူးတင်တယ်။ ကိုယ်တော်အတွက် ဒုက္ခခံစား ခွင့်ရတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်လေသည်။

ရွှေပွဲလာ ခရစ်ယာန် ပရိသတ်နှင့် သတို့သားတို့သည် ငိုကြွေး လျက်နေကြစဉ် ၎င်းတို့မျက်စေ့အောက်မှ သတို့သမီးသည် ဆွဲခေါ်သွား ခြင်း ခံခဲ့ရလေသည်။ ကွန်မြူနစ်ရဲများ၏ လက်အောက်၌ နှိပ်စက်ခံ ရသော မိန်းကလေးများမည်သို့ ဖြစ်သွားကြသည်ကိုမူ ၎င်းတို့ ကောင်းစွာသိကြ သည်။

သတို့သားကလည်း ထိုမိန်းကလေးကို သစ္စာရှိရှိ စောင့်နေခဲ့သည်။ ငါးနှစ်အကြာမှာ လွတ်လာခဲ့ပါသော်လည်း အမျိုးမျိုးညှင်းဆဲဖျက်ဆီးခြင်း ခံခဲ့ရသောကြောင့် အသက်သုံးဆယ်အရွယ် မိန်းမနင့်တူလာသည်။ ၎င်းသည် ခရစ်တော်အတွက် မိမိအနေဖြင့် အနည်းဆုံး လုပ်နိုင်ခဲ့သော အရာဖြစ်ကြောင်း ဝန်ခံခဲ့သည်။ မြေအောက် အသင်းတော်၌ ထိုကဲ့သို့လုပသော ခရစ်ယာန်များ ရှိကြသည်။

ေ ေ ေ ေ ေ

## ဦးနှောက်ကျင်းခြင်းကိုခုခံနည်း
## Resisting brainwashing

ဗီယက်နမ်နှင့် ကိုးရီးယားစစ်ပွဲများတွင် ဦးနှောက်ကျင်းခြင်း ခေါ် ဦးနှောက်ဆေးကြောခြင်း (brainwash) အကြောင်း အနောက်တိုင်းသားများ ကြားဖူးကောင်းကြားဖူး ပေလိမ့်မည်။ ၎င်းကို ကျွန်တော်ကိုယ်တိုင် ခံစားခဲ့ဖူးသည်။အလွန် အခံရခက်သော ညှင်းပန်းခြင်းတစ်မျိုးဖြစ်သည်။

တစ်နေ့မှာ တစ်ဆယ်ခုနစ်နာရီထိုင်ရသည်။ ရက်သတ္တပတ်၊ လ သို့မဟုတ် နှစ်ကြာတတ်သည်။ ၎င်းအချိန်များတွင် မနားတမ်း ကြားရသောစကားသည် –

ကွန်မြူနစ်ဝါဒသည် ကောင်း၏၊
ကွန်မြူနစ်ဝါဒသည် ကောင်း၏၊
ကွန်မြူနစ်ဝါဒသည် ကောင်း၏။
ခရစ်ယာန်ဖြစ်ခြင်းသည် အရူး၊
ခရစ်ယာန်ဖြစ်ခြင်းသည် အရူး၊
ခရစ်ယာန်ဖြစ်ခြင်းသည် အရူး။
လက် လွှတ်လိုက်ပါ၊
လက် လွှတ်လိုက်ပါ၊

လက် လွှတ်လိုက်ပါ။

ဦးနှောက်ကျင်းခြင်းကို မည်သို့မည်ပုံ ခုခံနိုင်မည်နည်းဟူ၍ ခရစ်ယာန်များစွာက ကျွန်ုပ်ကိုမေးကြသည်။ ၎င်း နှင့်ပတ်သက်၍ နည်းလမ်းတစ်လမ်းသာ ရှိ၏။ ၎င်းမှာ “နှလုံးသားကျင်းခြင်း / ဆေးကြောခြင်း” ပင်ဖြစ်သည်။ **ယေရှုခရစ်၏ ချစ်ခြင်းမေတ္တာဖြင့် နှလုံးသားကို ဆေးကြောပြီး၊** နှလုံးသားဖြင့် ကိုယ်တော်ကိုချစ်လျှင် **ညှင်းပန်း နှိပ်စက်မှု အားလုံး ခုခံနိုင်သည်။**

သတို့သမီးတစ်ယောက်သည် မိမိချစ်သော သတို့သားအတွက် မလုပ်နိုင်သော အရာမရှိ။ မိခင်သည် မိမိချစ်သော ရင်သွေးအတွက် မလုပ်နိုင်သော အရာမရှိ။ မိမိရင်ခွင်မှာ ခရစ်တော်ကို ပိုက်ထွေးကာ ချော့သိပ်ခဲ့သော မယ်တော်မာရိကဲ့သို့ သင်သည် ခရစ်တော်ကိုချစ်ခဲ့လျှင်သော်လည်းကောင်း၊ သတို့သမီးသည် မိမိ၏ခင်ပွန်းလောင်း သတို့သားကို ချစ်သကဲ့သို့ သင်သည် ခရစ်တော်ကို ချစ်ခဲ့လျှင်သော်လည်းကောင်း၊ ညှင်းပန်းနှိပ်စက်မှုများကို ခုခံနိုင်ပေလိမ့်မည်။

*ယေရှုခရစ်၏ ချစ်ခြင်း မေတ္တာဖြင့် နှလုံးသားကို ဆေးကြောလျှင် ညှင်းပန်း နှိပ်စက်မှု အားလုံး ခုခံနိုင်သည်၊*

ကျွန်ုပ်တို့၏ ခုခံနိုင်သော စွမ်းရည်အပေါ်မှာ မဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာအပေါ်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို တရားစီရင်ပါလိမ့်မည်။ ယုံကြည် ခြင်းကြောင့် အကျဉ်းထောင်၌ ညှင်းပန်းနှိပ်စက်ခြင်း ခံစားခဲ့သော ခရစ်ယာန်သည် သူတစ်ပါးအတွက် ချစ်ခြင်းမေတ္တာရှိ၏။ ၎င်းတို့သည် ဘုရားဖြစ်စေ လူဖြစ်စေ ချစ်နိုင်ကြကြောင်း ကျွန်တော် ကိုယ်တိုင် သက်သေဖြစ် သည်။

ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆိုးညစ်ကြမ်းရမ်းခြင်းသည် အဟန့်အတားမရှိ ရှင်သန်လျက်ရှိ၏။ မူးမေ့တွေဝေ၍ စိတ်မရှင်း မလင်းရှိသောကြောင့် ညှင်းပန်းနှိပ်စက်သူများရှေ့မှာ မပြောသင့်သော အရာများ ပြောမိလိမ့်မည်ထင်သော အခါ အခန်းထဲကို ကျွန်တော် ပြန်ဝင်သွားတတ်သည်။ ထို့နောက် အခန်းထဲမှာ လဲလျောင်းပြီး ခြေပစ်လက်ပစ် အိပ်တော့သည်။

အားသစ်အင်သစ် ရလာသောအခါ ၎င်းတို့သည် ကျွန်ုပ်ကို ပြန်လည် ညှင်းဆဲနိုင်လိမ့်မည်။ ဤအခြေအနေမျိုးတွင် အကျဉ်းသားများစွာ သေဆုံးခဲ့သည်။ ကျွန်ုပ်မှာမူ ကျေးဇူးတော်ကြောင့် ခွန်အားပြန်လည်ပြည်ဝလေ့ရှိ၏။

အခြားသော ထောင်အသီးသီး၌ ရှိကြကုန်သော အကျဉ်းသားများစွာတို့သည် (ညှင်းပန်းနှိပ်စက်ခြင်းဒဏ်ကြောင့်) ကျောရိုးကျိုးသောသူများစွာ ရှိကြသည်။ ကျွန်တော်လည်း လေးနေရာတွင် ကျောရိုးကျိုးသည်။ အခြားအရိုးများစွာလည်း ကျိုးသည်။ ကိုယ်ခန္ဓာပေါ်၌ ဆယ့်နှစ်နေရာခန့်တွင် အသားလှီးသော အမာရွတ်များ ကျန်ခဲ့သည်။ မီးလောင်သော ဒဏ်ရာနှင့် ဓါးထိုးခံရသော အမာရွတ်များ ဆယ်ရှစ်ခုရှိသည်။

ကျွန်တော်နှင့် ကျွန်ုပ်မိသားစုအား ခရစ်ယာန် မိတ်ဆွေအချို့က ရွေးနှုတ်ကယ်တင်ပြီး ရိုမေးနီးယားမှ နော်ဝေပြည် Oslo မြို့ရှိ ဒေါက်တာများက ကျွန်ုပ်ကိုစမ်းသပ်ကြည့်ကြရာ တီဘီရောဂါကြောင့် အဆုတ်ထဲရှိ အမာရွတ်များနှင့် ကိုယ်ခန္ဓာပေါ်က ဒဏ်ရာများကို တွေ့ကြ ရသောအခါ၊ ကျွန်တော် အသက်ရှင်နေသည်မှာ နိမိတ်လက္ခဏာ သက်သက်ဖြစ်ကြောင်း သဘောပေါက်ခဲ့ကြသည်။ ၎င်းတို့၏ ဆေးစစ်တမ်းစာအုပ်အရ၊ ကျွန်တော်သည် လွန်ခဲ့သော နှစ်များစွာကတည်းက သေသင့် ပြီဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။ ကျွန်ုပ်၏ ဇီဝအသက် ဆက်လက် တည်ရှိခြင်းသည် နိမိတ်လက္ခဏာ သက်သက်ဖြစ်ကြောင်း ကျွန်တော် ကိုယ်တိုင် နားအလည်ဆုံးဖြစ်ပါသည်။ ဘုရားသခင်သည် နိမိတ်လက္ခဏာ ဘုရားဖြစ်တော်မူ၏။

ညှင်းပန်းနှိပ်စက်ခြင်းခံ တိုင်းပြည်များက မြေအောက်အသင်းတော်များကိုယ်စား ကျွန်တော်၏ ငိုသံကိုလွတ်လပ်သောတိုင်းပြည်များမှ ကြားရအောင် ဘုရားသခင်သည် ဤနိမိတ် လက္ခဏာကို ပြုတော်မူသည်ဟု ယုံကြည်သည်။ သစ္စာရှိသော အကျဉ်းထောင်ထဲက ညီအစ်ကိုများ ခင်ဗျား၊ မိတ်ဆွေတို့၏ အတိဒုက္ခ အလုံးစုံကို ကျယ်လောင်စွာ အော်ဟစ်ပေးရန်အတွက် ဘုရားသခင်သည် တစ်ယောက်သောသူကို လွတ်စေတော် မူခြင်းဖြစ်သည်။

## ခဏတာလွတ်လျက် – ပြန်လည်အဖမ်းခံခြင်း
## (Brief freedom - then rearrest)

၁၉၅၆ ခုနှစ်ရောက်လာပြီ။ ထောင်ထဲမှာ ရှစ်နှစ်ခွဲနေခဲ့သည်။ ကြမ်းတမ်းရိုင်းစိုင်းစွာ ရိုက်ပုတ်ကန်ကျောက်ခြင်း ပြောင်လှောင်သရော်ခြင်း၊ အစာရေစာငတ်ပြတ်ခြင်း၊ အော့အန်စရာကောင်းသော မေးခွန်းအမျိုးမျိုး မေးခြင်း၊ အမျိုးမျိုး ခြိမ်းခြောက်ခြင်း၊ ဂရုစိုက်သူမရှိခြင်း ဒဏ်ရာဒဏ်ချက် အမျိုးမျိုး ခံစားခြင်းနှင့် စိတ်ဓာတ်ဖိနှိပ်ချုပ်ချယ်ခြင်း စသည်တို့ကြောင့် ကျွန်တော် ပိန်သွားပါသည်။ ဤအရာများက ရန်သူတို့သိလိုသော မေးခွန်း၏ အဖြေတစ်ခုမျှ မပေးသည်ကတစ်ကြောင်း၊ ကျွန်ုပ်ကို ချုပ်ထားကြခြင်းအား ခရစ်ယာန် ညီအစ်ကိုများမှ ဆန္ဒပြသည်က တစ်ကြောင်း၊ စိတ်ပျက်စွာ ကျွန်ုပ်ကိုလွှတ်ခဲ့ကြသည်။

နေရာဟောင်းတွင် သင်းအုပ်ဆရာ ပြန်လုပ်ရန် ခွင့်ပြုခဲ့ကြသည်။ သို့သော် တစ်ပတ်တည်းသာရှိသေးသည်။ တရားဒေသနာ နှစ်ကြိမ်သာ ဟောလိုက်ရသေးသည်။ ကျွန်ုပ်ကို ခေါ်ကြပြီး တရားမဟောရန်နှင့် ဘာသာရေးကိစ္စတစ်ခုမျှ မဆောင်ရွက်ရန် တားမြစ်ကြလေသည်။ ကျွန်တော် ဘာပြောခဲ့သလဲ။ ကျွန်ုပ်၏ အသင်းသူ/သားများကို အစဉ်တိုက်တွန်းသည်မှာ "သည်းခံကြ၊ သည်းခံကြ၊ သာ၍ သည်းခံကြပါ"။

"ခင်ဗျားရဲ့ အသင်းသူ/သားများကို သည်းခံခိုင်းတာဟာ အမေရိကန်တွေလာပြီး ကယ်နှုတ်မယ်ဆိုတဲ့ သဘော လား" ဟူ၍ ရဲတွေက ကျွန်ုပ်ကိုဟောက်ကြသည်။ "ဘီးလည်သလို အချိန်ဆိုတာ ပြောင်းနေမှာပဲ" ဟု ကျွန်တော် ပြောတတ်သည်ကို ထောက်လျက်၊ "ကွန်မြူနစ်များက အမြဲအုပ်ချုပ်နေမှာမဟုတ်ဘူးလို့ ပြောချင်တာလား။ တန်ပြန်တော်လှန်ရေး လာနိုင်သေးတယ်နော်" ဟူ၍ အော်ဟစ်ခဲ့ကြသည်။ ၎င်းသည် ကျွန်ုပ်၏ အမှုတော်မြတ် သက်တမ်းအဆုံး ဖြစ်လေသည်။

အာဏာပိုင်များက ကျွန်တော်သည် ၎င်းတို့ကို ပြန်လည်ကြိမ်း

မောင်းရဲမည်မထင်။ မြေအောက်သက်သေခံ လုပ်ငန်းလည်း ဆက်လက်လုပ်မည်ဟု မထင်ခဲ့ကြ။ ထိုနေရာမှာ ၎င်းတို့သည် လုံးဝမှားသည်။ လှျို့ဝှက်စွာနှင့် မိသားစု၏ အကူအညီဖြင့် နဂိုအလုပ်ကို ကျွန်တော် ဆက်လက်လုပ်ကိုင်ခဲ့သည်။

သစ္စာရှိသော လျှို့ဝှက်အသင်းအဖွဲ့များထံသို့ ကျွန်တော် ဆက်လက် သက်သေခံခဲ့သည်။ ယုံကြည်စိတ်ချရသော သူများ၏ အကာအကွယ်ဖြင့် တစ္ဆေသရဲကဲ့သို့ ပျောက်ချည် ပေါ်ချည်ဖြင့် သွားလိုက်လာလိုက် လုပ်ခဲ့ရသည်။ ဤ အကြိမ်တွင် ဘုရားမဲ့ဝါဒီတို့၏ မကောင်းကြောင်းကို ဟောပြောရန်နှင့် ခွန်အားနည်းသော ယုံကြည်သူများအား ဘုရားသခင်ကိုအားကိုးလျက် သတ္တိရှိရေးကို တိုက်တွန်းရန် ကျွန်တော်သာ၍ ခွန်အားရှိသည်။

ကွန်မြူနစ်တို့၏ ကန်းသောမျက်စိအောက်က သတင်းကောင်းပျံ့နှံ့ရေးကို တစ်ဦးနှင့်တစ်ဦး ကူညီပံ့ပိုးခဲ့ကြသော လျှို့ဝှက်ဧဝံဂေလိလုပ်ငန်းတစ်ခုကို လမ်းညွှန်ဖွဲ့စည်းခဲ့သည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်းလက်ရာတော်ကိုပင် မမြင်နိုင်သောလူသည် ဧဝံဂေလိဆရာတို့၏ လှုပ်ရှားမှုကိုလည်း မမြင်ဘဲရှိကောင်း ရှိနိုင်ပါသည်။

ကျွန်တော် ဘာလုပ်နေကြောင်း မနေမနား ထောက်လှမ်းနေကြသော ရဲများကြောင့် နောက်ဆုံးအချိန်တွင် ကျွန်တော် ထောင်ထဲပြန် ဝင်ရသည်။ အကြောင်းကြောင်းကြောင့် ဤတစ်ကြိမ်တွင် ကျွန်ုပ် မိသားစုကိုမူ ဖမ်းချုပ်ခြင်းမရှိသေးပါ။ ကျွန်တော်သည် လူသိများသူ ဖြစ်သောကြောင့်လားမသိ။

ရှစ်နှစ်ခွဲဖမ်းချုပ်ခြင်းခံပြီး၊ နှစ်နှစ်တိတိ ပြန်လွတ်ခဲ့ရာမှ ယခု ငါးနှစ်ခွဲကျော် အကျဉ်းထောင်ထဲမှာ နေရလိမ့်ဦးမည်။

ဒုတိယအကြိမ်သည် ပထမအကြိမ်ထက် အဆပေါင်းများစွာ ကျွန်တော် အတိဒုက္ခခံစားရသည်။ ရှေ့မှာဘာရှိသည်၊ ဘာလာမည်ဟူသော အချက်ကို ကျွန်တော့် အတွေ့အကြုံအရ ခန့်မှန်းတတ်နေပြီ။ ဖြုန်းတိုင်းဆိုသလို ကျွန်ုပ်၏ ကျန်းမာရေး အခြေအနေ ဆိုးလာသည်။

သို့သော် ကွန်မြူနစ် အကျဉ်းထောင်များအတွင်းမှပင် ကျွန်ုပ်တို့၏ လျှို့ဝှက် မြေအောက် လှုပ်ရှားမှုကိုမူ ဆက်လက်ဆောင်ရွက်လျက်ပင် ရှိကြသည်။

## တရားဟောရ၍ အရိုက်ခံရသည်မှာ တန်ပါသည်
## We made a deal : we preached and they beat us

ယနေ့ ကျွန်ခံတိုင်းပြည်များကဲ့သို့ပင် အကျဉ်းသား အချင်းချင်း ဝေငှသက်သေခံခြင်းသည် (ရိုမေးနီးယားအကျဉ်းထောင်များတွင်လည်း) ပြင်းထန်စွာ တားမြစ်ခဲ့ကြသည်။ ဝေငှသက်သေခံနေစဉ်ဖမ်းမိသော အကျဉ်းသားများသည် နာကျင်စွာ အရိုက်ခံရကြောင်း အားလုံး နားလည်ကြသည်။ သို့သော် များစွာသော အကျဉ်းသားတို့သည် ပေးရမည့် အဖိုးအခကို သိပါသော်လည်း အခွင့်အခါကြုံတိုင်း ဝေငှလေ့ရှိကြသည်။ ကျွန်ုပ်တို့ တရားဟော၍ သူတို့က ရိုက်သည်မှာ တန်ပါသည်။ တရားဟောရ၍ ကျွန်ုပ်တို့ပျော်သည်။ ရိုက်ရသောကြောင့် သူတို့လည်း ပျော်သည်၊ နှစ်ဖက်စလုံး ပျော်နေကြသည်။

အောက်ဖော်ပြပါ မြင်ကွင်းသည် အကြိမ်ပေါင်းများလွန်းလှသဖြင့် မမှတ်ထားနိုင်ခဲ့ပါ။ ညီအစ်ကို တစ်ယောက် သည် အခြားအကျဉ်းသားအား တရားဟောဝေငှနေစဉ် မမျှော်လင့်ဘဲ အစောင့်ရဲဝင်လာသည်။ ဟောသော ဒေသနာထက်ဝက်သာ ရှိသေးသည်။ စကြံတစ်လျှောက် ရိုက်ပုတ်ရမည့် အခန်းတိုင်အောင် ဆွဲခေါ်ခဲ့ကြသည်။ အဆုံးမရှိ ရိုက်ပုတ်ကန်ကျောက် ခဲ့ကြပြီး၊ မိမိအခန်းထဲသို့ အရာဝတ္ထုလို လာလွှင့်ပစ်ကြသည်။ ကွဲပြဲနေသော ခန္ဓာအရေမှ သွေးစက်များသည် ကြမ်းပြင်ပေါ်မှာ အိုင်လျက်ရှိသည်။

အတော်အတန်ကြာလာသောအခါ ဖြည်းညှင်းစွာ ထလာပြီး၊ နာကျင်စွာ အံကိုခဲရင်း ကိုယ်ပေါ်က အဝတ်များကို ပွတ်သပ်ကာ "ညီအစ်ကိုတို့ ကျနော်ဝေငှခဲ့တာ ဘယ်နေရာရောက်ခဲ့ပါသလဲ" ဟု မေးကာ

ဆက်လက်ဝေငှပါရှိသည်။

လှပသော အရာများ မြင်ခဲ့ဖူးပြီ။

အချို့သော အချိန်များတွင် တရားဟောသော အကျဉ်းသားများသည် လူဝတ်ကြောင်များ ဖြစ်ကြသည်။ သာမန် လူများဖြစ်ကြသော်လည်း ဝိညာဉ်တော်၏ ကောင်းကြီးပေးမှုကြောင့် အလွန်လှပသော တရားဒေသနာများ ဟောတတ် ကြသည်။ ဝေငှသော တရားဒေသနာကို စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ကြသည်။ ယုံကြည်သောကြောင့်လည်း ဤသို့ဟောနိုင်ခြင်းဖြစ်သည်။ ဤ အခြေအနေမျိုးမှာ မယုံကြည်ဘဲ ဤအတိုင်းအတာအထိ ဟောနိုင်မည်မဟုတ်ပေ။ မကြာမီ အစောင့်ရဲများ ဝင်လာပြီးတရားဟောသောသူကို ဆွဲခေါ်ကာ မသေရုံတမယ် ရိုက်နှက်ခဲ့ကြသည်။

Gherla အကျဉ်းထောင်တွင် Grecu ခေါ် ခရစ်ယာန်အကျဉ်းသား တစ်ယောက်သည် အသေရိုက်ဖို့ တရားစီရင်ခြင်း ခံခဲ့ပါသည်။ စီရင်ချက်ချပြီး ရက်သတ္တပတ် အနည်းငယ်အကြာမှာ စတင် ရိုက်ပုတ်ခဲ့ကြသည်။ သို့သော် တစ်ကြိမ် တစ်ခါတည်းတွင် သေအောင်မရိုက်ဘဲဒုက္ခပိုမို ခံစားစေရန်အလို့ငှာ ဖြေးညှင်းစွာ ရိုက်ခဲ့ကြသည်။ ကြက်ပေါင်ဒုတ်ချောင်းဖြင့် ခြေထောက်ကို ခပ်နာနာ တစ်ချက်လာ ရိုက်ပြီး ထားခဲ့ကြသည်။ မိနစ်အတန်ကြာမှာ တစ်ချက်လာရိုက်ကြသည်။ နောက်တစ်ကြိမ် မိနစ်အတန်ကြာမှာ ဝေးစေ့တွင် လာရိုက်ကြသည်။ ၎င်းနောက်ဆရာဝန်က ဆေးထိုးသည်။ သက်သာလာသောအခါ ခွန်အား ရှိလာအောင်ကောင်းမွန်သောအစားအစာကို ကျွေးခဲ့ကြသည်။ ထို့နောက် ဖြေးညှင်းစွာရိုက်နှက်ခဲ့ကြပြန်သည်။

ဤကဲ့သို့သော ရိုက်နှက်ညှင်းပန်းခြင်းကို ဦးဆောင်သူသည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် Reck ဆိုသူဖြစ်၏။

ရိုက်ပုတ်ချိန်များတွင် Grecu အား အခြားခရစ်ယာန်များကဲ့သို့လာ၍ Reck ကပြောသည်မှာ "ငါဟာ ဘုရားဖြစ်တယ်ဆိုတာမင်းသိတယ်နော်။ မင်းရဲ့ သေရေးရှင်ရေး ကံတရားဟာ ငါ့လက်ထဲမှာအာဏာရှိတယ်။ ကောင်းကင်မှာ ရှိတဲ့သူက မင်းကို အသက်ရှင်စေနိုင်တာ

မဟုတ်ဘူး။ အရာခပ်သိမ်း ငါ့အပေါ်မှာ မူတည်နေတယ်။ ငါလိုချင်ရင် မင်းကို အသက်ရှင်စေမယ်။ သို့မဟုတ် သေစေမယ်။ **ငါဟာဘုရားပဲ**" ဟုဆိုကာ ခရစ်ယာန်များကို ကျီစယ်ခဲ့သည်။

ဤကဲ့သို့ ခက်ထန်ကြမ်းတမ်းသော အခြေအနေတွင် ညီအစ်ကို Grecu သည် ၎င်းပုဂ္ဂိုလ်အား စိတ်ဝင်စား ဖွယ်ကောင်းသော အဖြေပေးခဲ့ကြောင်း နောင်အခါ Grecu ကိုယ်တိုင် ကျွန်ုပ်ကို အောက်ပါ အတိုင်း ပြောခဲ့သည်။

"ဆရာ Reck ခင်ဗျားပြောတာ ဘယ်လောက် နက်နဲတဲ့ အရာလဲ ဆိုတာ ဆရာ မသိလို့ပါ။ ခုကောင်တိုင်းဟာ အမှန်အတိုင်း ရှင်သန်ကြီးထွားလာမယ်ဆိုရင် တကယ်တော့ လိပ်ပြာတွေပါ။ ဆရာဟာ ညှင်းပန်းနှိပ်စက်ခြင်းပေးမယ့် လူနဲ့လူသတ်သမားအဖြစ် ဖန်ဆင်းထား တာ မဟုတ်ပါဘူး။ **သင့်ရဲ့ နှလုံးသားထဲမှာရှိတဲ့ ဘုရားသခင် ဦးခေါင်းတော်ရဲ့ အသက်အားဖြင့် သင်ဟာ ဘုရားသခင်လို ဖြစ်လာဖို့ ဖန်ဆင်းထားတာပါ**။ ဆရာကြီးလို ကျနော်တို့ကို နှိပ်စက်နေသောသူတိုင်း ဒါထက်ပိုကောင်းတဲ့ အရာများကို လုပ်နိုင်ဖို့၊ ကြမ်းတမ်းယုတ်မာခြင်းဟာ ယောကျ်ား တစ်ယောက်အနေနဲ့ ရှက်ဖွယ်ကောင်း တယ်ဆိုတာ ပေါလုလို သိသင့်ပါတယ်။ ဒါမှသာ သူတို့ဟာ ဘုရားသခင်နဲ့အတူ ဘုန်းဝင်စား နိုင်မှာဖြစ်တယ်။ သက်တော်ထင်ရှားစဉ်က ယေရှုဟာ ဂျူးလူမျိုးတို့ကို 'သင်တို့ဟာ ဘုရားတွေပါ Ye are gods'လို့ သွန်သင် တော်မူခဲ့တယ်။ ကျွန်ုပ်ကိုယုံပါ ဆရာကြီး Reck ရာ။ ဆရာဟာ တကယ်တော့ ဘုရားလိုဖြစ်ဖို့ ဖန်ဆင်းတာပါ။ နှိပ်စက်ညှင်းပန်းခြင်း အမှုအတွက် မဟုတ်ဘဲ၊ ဘုရားနဲ့ တူအောင် ခေါ်တော်မူခဲ့တာ ဖြစ်တယ် ဆရာကြီး"။

> ***သင်၏ နှလုံးသားထဲ၌ရှိသော ဘုရားသခင် ဦးခေါင်းတော်၏ အသက်အားဖြင့် သင်သည်ဘုရားသခင်ကဲ့သို့ ဖြစ်လာရန် ဖန်ဆင်း တော်မူ၏။***

မိမိရှေ့မှာ အသေသတ်ခြင်းခံခဲ့သော သတေဖန်၏ လုပသော သက်သေခံချက်ကို တာရှုမြို့သား ပေါလုသည် ဂရုမစိုက်ခဲ့သကဲ့သို့

အကျဉ်းသားက ပြောသောစကားကို Reck သည် ထိုအချိန်တွင် ဂရုမစိုက်ခဲ့ပါ။ သို့သော် နှလုံးသား ထဲမှာ စကားပြောလာခဲ့ပြီး နောင်တစ်ချိန်တွင် သဘောပေါက်လာခဲ့သည်။

ကွန်မြူနစ်တို့၏ ရိုက်ပုတ်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်းနှင့် လူကိုသတ်ဖြတ်ခြင်းတို့က ကြီးမားသော သင်ခန်းစာ တစ်ခုကိုရစေခဲ့သည်။ ၎င်းမှာ **"ဝိညာဉ်သည် ခန္ဓာကိုယ်၏ သခင်ဖြစ်သည်"** ဟူသော အချက်ဖြစ်သည်။

ညှင်းပန်းနှိပ်စက်ခြင်းသည် ကိုယ်ခန္ဓာက ခံစားပါသော်လည်း၊ ခရစ်တော်၏ဘုန်းတော်နှင့် ကျွန်ုပ်တို့ထံ၌ရှိသော မျက်မှောက်တော်မှ ပျောက်ဆုံးနေသည့် လူ့ဝိညာဉ်နှင့်မူ အလှမ်းကွာဝေးသလို ထင်ရသည်။ တစ်နည်းဆိုသော် ခန္ဓာကိုယ်သည် အရိုက်ခံရပါသော်လည်း လူ့ ဝိညာဉ်ကိုမူ ရိုက်၍မရ။

ထောင်ထဲတွင် ညစ်ပတ်သော စွပ်ပြုတ်ကို နေ့စဉ်စားရ၍၊ ပေါင်မုန့်တစ်ခြမ်းကို တစ်ပတ်တစ်ကြိမ် စားရပါသော်လည်း၊ ၎င်းကို ကျွန်တော်သည် သစ္စာရှိရှိ ဆယ်ဖို့တစ်ဖို့ ဖဲ့ကာထား၏။ ထားပုံထားနည်းမှာ ဆယ်ချပ်မြောက်သော ပေါင်မုန့်ကို ကိုယ်တိုင် မစားဘဲ သခင်ခရစ်တော်ထံပါးသို့ ဆက်ကပ်မည့်အစား သာ၍ အားနည်းသော ညီအစ်ကိုတစ်ဦး တစ်ယောက်ကို ပေးလေ့ရှိ၏။

သေဒဏ်ပေးခြင်းခံရသော ခရစ်ယာန်သည် အဆုံးစီရင်ခြင်း မခံမီ မိမိ၏ဇနီးသည်ကို တွေ့ခွင့်ပေးလေ့ရှိသည်။ ဇနီးသည်ကို သေတမ်းစကားအနေဖြင့် နောက်ဆုံးမှာသော စကားသည် "ငါ့ကိုသတ်မယ့်သူများကိုပင် ငါချစ်လျက်နှင့် သေမယ်ဆိုတာ မင်းသိထားပါ။ သူတို့ ဘာလုပ်တယ်ဆိုတာ သူတို့ မသိဘူး။ မင်းကို ငါနောက်ဆုံးမှာချင်တာကတော့ မင်းလည်း သူတို့ကိုချစ်ပါ။ မင်းရဲ့ ချစ်သူကို သတ်ကြတဲ့အတွက် သူတို့အပေါ်မှာ ခါးသီး မုန်းတီးသော စိတ်မရှိပါလေနဲ့။ ကောင်းကင်မှာ တွေ့ကြသေးတာပေါ့"

ဤလင်မယားနှစ်ယောက်အကြား မှာတမ်းစကားသည် လျှို့ဝှက်

ရဲတစ်ဦး၏ စိတ်ကို အလွန်ထိခိုက်စေသည်။ နောက်နောင်တွင် ခရစ်ယာန် ဖြစ်လာရခြင်းကြောင့် ထောင်ထဲရောက်လာပါသဖြင့် ကျွန်ုပ်ကို အကြောင်း စုံဖွင့်ပြောခဲ့သည်။

Tirgu-Ocna အကျဉ်းထောင်တွင် Matchevici အမည်ရှိ လူငယ်တစ်ယောက်ရှိသည်။ အသက် ဆယ့်ရှစ်နှစ်တွင် ထောင်ထဲရောက် သည်။ ကြမ်းတမ်းသော နှိပ်စက်ညှင်းပန်းမှုဒဏ်ကြောင့် ပြင်းထန်သော အဆုတ်ရောဂါ ခံစား ခဲ့သည်။ သေခါနီးနေပြီဖြစ်ကြောင်း မိမိ၏ မိသားစုက ကြားသိရပါသဖြင့် အဆုတ်ရောဂါကု ဆေးပုလင်းတစ်ရာ ပို့ပေးခဲ့ကြ သည်။ ထိုလူငယ်၏ သေရေးရှင်ရေးကို အဆုံးအဖြတ် ပေးနိုင်သော ဆေး ဖြစ်သည်။

နိုင်ငံရေးအရာရှိ တစ်ဦးက Matchivici ခေါ် လူငယ်ကိုခေါ်ပြီး၊ ပါဆယ်ထုပ်ကိုပြကာ "ဒီဆေးဟာ မင်းရဲ့ အသက်ကိုကယ်နိုင်တဲ့ဆေးပဲ။ ဒါပေမယ့် အလကားပေးလို့ မရဘူး။ ငါကိုယ်တိုင် မင်းကို ကူညီချင်တယ်။ မင်းဟာ ငယ်သေးတယ်။ ထောင်ထဲမှာ မသေစေချင်ဘူး။ မင်းကို ကူညီလို့ရအောင် ငါ့ကို အရင်ကူညီပါ။ မင်းရဲ့ အကျဉ်းသား မိတ်ဆွေ များအကြောင်းနဲ့ ပတ်သက်လို့ မင်းဖေါ်ကောင်လုပ်ပါ။ ဒါမှသာ ငါ့ရဲ့ အထက်ကလူကြီးများကို ငါပြေလည်လို့ ရမှာ"။

Matchivici က ပြန်ပြောလိုက်သည်မှာ "မှန်ကိုကြည့်တိုင်း သစ္စာဖေါက် မျက်နှာကိုမြင်လျက် ရက်နေတာ ထက် သေတာပဲကောင်းပါ တယ်။ ဆရာကြီး ပြောတာကိုတော့ လက်မခံနိုင်ဘူး" ဟူ၍ ဖြစ်သည်။

အရာရှိက ထိုလူငယ်ကို လက်ဆွဲနှုတ်ဆက်ပြီး "ချီးကျူးပါတယ် ဗျာ။ မင်းဆီက တခြားအဖြေတစ်ခုမှ မမျှော်လင့်တော့ဘူး။ ဒါပေမယ့် တစ်ခုတော့ မေးလိုက်အုံးမယ် အကျဉ်းသား အချို့ဟာ ငါတို့ကို သတင်း ပေးနေသူများ ဖြစ်နေကြ ပြီ။ ကွန်မြူနစ်ဝါဒကို လက်ခံတယ်ဆိုပြီး မင်းကို ကျောခိုင်း နေကြပြီ။ ဒါပေမယ့် နှစ်ဖက်ချွန်တွေမို့ သူတို့ကို ငါတို့ မယုံဘူး။ သူတို့တတွေဟာ ဘယ်အတိုင်းအတာထိ ယုံကြည်ရမလဲဆိုတာ သိချင် တယ်။ မင်းကိုတော့ သစ္စာဖေါက်နေကြတယ်။ မင်းပြောသမျှ ငါတို့

အကုန်ပြန်ကြားတယ်။ မင်းကို ဒုက္ခပေးနေကြတယ်။ မင်းကတော့ အကျဉ်းသားချင်း သွေးသောက်တွေကို သစ္စာမဖေါက်မှန်း ငါသိပါတယ်။ ဒီတော့ မင်းကို ဆန့်ကျင်နေတဲ့ လူတွေရဲ့သတင်းကိုပေးရင် မင်းရဲ့ အသက်ကို ချမ်းသာ ပေးမယ်" ဟု ချော့ပြော ပြော၏။

Matchivici က ပထမ အချိန်ကလိုပင် မဆိုင်းမတွ အဖြေပေးသည်။ "ကျွန်တော်ဟာ ခရစ်တော်ရဲ့ တပည့်တစ်ယောက်ပါ။ ရန်သူကို ချစ်ဖို့ ခရစ်တော်က သွန်သင်ခဲ့တယ်။ သစ္စာဖောက်လောက် ကောင်တွေက ဒုက္ခပေးရင်တောင်မှ မကောင်းမှုကို မကောင်းမှုဖြင့် ကလဲ့စားမချေချင်ပါဘူး။ သူတို့အကြောင်းကိုလဲ ဘာမှ ပြောစရာမရှိပါဘူး။ သူတို့ကိုလဲ သနားပါတယ်။ ဆုတောင်းပေးနေရတယ်။ ကွန်မြူနစ်နဲ့ ဆိုရင် ဘယ်လိုမှ အဆက်အသွယ် မပြုပါရစေနဲ့ ခင်ဗျား"

Matchevici သည် နိုင်ငံရေးအရာရှိနှင့် ဆွေးနွေးရာက ထိုအရာရှိနှင့်ပင် ကျွန်တော်နေခဲ့သော အခန်းထဲသို့ ဝင်လာကြပြီး များမကြာမီ အသက်ထွက်သွားရှာသည်။ သေနေစဉ် ဆုတောင်းခဲ့သည်ကို မြင်လိုက်ရသည်။ လူတိုင်း အသက်ရှင်လိုသည်မှာ သဘာဝပင်ဖြစ်သည်။ ထိုသဘာဝကိုပင်လျှင် ချစ်ခြင်းမေတ္တာသည် အရှုံးပေးလျက်ရှိ၏။

ဆင်းရဲသားတစ်ယောက်သည် ဂီတပညာကို အလွန်နှစ်သက်သည် ဆိုပါစို့။ ဂီတပြဇာတ်ရုံမှာ ရှိသမျှငွေကို ဖြုန်းခဲ့ပါသော်လည်း ဝမ်းနည်း စိတ်ပျက်ခြင်းမရှိပါ။ (အကြောင်းမှာ) လှပသော အရာကိုကြားနာ မြင်တွေ့ခဲ့ပြီ။ အလားတူစွာ ထောင်ထဲမှာ နှစ်ရှည်လများ နေခဲ့ရပါသော်လည်း ကျွန်တော်သည် စိတ်ပျက်ဝမ်းနည်းခြင်း မရှိခဲ့ဘူးပါ။ အဘယ်ကြောင့် ဆိုသော် လှပသောအရာကို မြင်ခဲ့ရသောကြောင့် ဖြစ်သည်။ ပထမ ရာစုနှစ် ခရစ်ယာန်များကဲ့သို့ ယုံကြည်ခြင်း သူရဲကောင်းများဖြစ်ကြသော သူတော်စင်ကြီးများနှင့်အတူ ထောင်ထဲမှာ နေခွင့်ရခဲ့သလို လူနုံချာ အားနည်းသော သူများစွာနှင့်လည်း အတူနေခဲ့ရသည်။ ၎င်း သူတော်စင်တို့အားလုံး ခရစ်တော်အတွက် အသေခံရန် ရဲရင့်စွာ ထွက်လာခဲ့ကြသည်။ ၎င်း သူတော်စင်နှင့် ယုံကြည်ခြင်း သူရဲကောင်းတို့၏ ဝိညာဉ်ရေးရာ

အလှသည် အမွှမ်းတင်၍ ဆုံးအံ့မထင်။

ဤနေရာမှာ ကျွန်တော်ပြောသော အရာများသည် ချွင်းချက် မဟုတ်။ မြေအောက် အသင်းတော်များမှ ခရစ်တော် အတွက် ထားခဲ့သည့် ပထမ အချစ်ဆီသို့ ပြန်လှည့်လာသော ခရစ်ယာန်များ အတွက်ဆိုလျှင် သဘာဝလွန်အရာများသည် သာမန် သဘာဝပင် ဖြစ်ပေသည်။

ထောင်ထဲ မဝင်မီ ကျွန်တော်သည် ခရစ်တော်ကို အလွန်ချစ်ခဲ့သည်။ ယခု ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သော ခရစ်တော်၏ သတိုးသမီးတို့ကို ထောင်ထဲမှာ မြင်သောအခါ ခရစ်တော်ကို ချစ်ခဲ့သည် ထက်ပင်လျှင် မြေအောက် အသင်းတော်ကို သာ၍ချစ်သည်ဟုဆိုချင် သည်။ မြေအောက်အသင်းတော်၏ အလှနှင့် ဆက်ကပ်ခြင်း ဝိညာဉ်ကို ကိုယ်တိုင် မြင်တွေ့ခဲ့ရပြီ မဟုတ်ပါလား။

## ကျွန်ုပ်၏ ဇနီးနှင့် သားလေးမည်သို့ဖြစ်နေကြပါလိမ့်
## What happened to my wife and son?

ဇနီးသည်ထံမှ ကျွန်ုပ်ကို အလစ်သုတ်ခဲ့ကြသဖြင့် သူ့ခမျာ ဘယ်လိုနေလျက် ဘယ်လိုခံစားခဲ့ရကြောင်း မသိခဲ့ပေ။ နှစ်အတန် ကြာကုန်လွန်လာမှသာ ဇနီးသည်လည်း ထောင်ထဲရောက်ခဲ့ကြောင်း သိရသည်။ ခရစ်ယာန် အမျိုးသမီးများသည် အမျိုးသားများထက်ပင် ထောင်ထဲမှာ အတိဒုက္ခ ခံစားခဲ့ရသည်။ ရိုင်းဆိုင်းသော အစောင့်ရဲများသည် အကျဉ်းသူ မိန်းကလေးများကို မုဒိန်းကျင့်ခဲ့ကြသည်။ ကာမဂုဏ် ညစ်ညမ်းမှုနှင့် ကျီစယ်ပြောင်လှောင်မှုများသည် မြင်သူကြားသူ အသဲယားစရာ ကောင်းလှပေသည်။

အမျိုးသမီးများသည် အလွန်ခဲယဉ်းသော တူးမြောင်းတူးဖေါ်ရေး လုပ်ငန်းတွင် အမျိုးသားများနှင့်တန်းတူ မြေကြီးထမ်းသော အလုပ် လုပ်နိုင်း

ကြပါသည်။ ဆောင်းရာသီတွင် ကော်ပြားဖြင့် မြေကြီးကို တူးဆွခိုင်းကြသည်။ ပြည့်တန်ဆာများကို ကွပ်ကဲရေးတာဝန်ပေးပြီး သစ္စာရှင်များကို အပြိုင် အဆိုင် နှိပ်စက်ခဲ့ကြသည်။

တူးမြောင်းတူးဖေါ်ရာဒေသတွင် ကျွန်ုပ်၏ဇနီးသည် မသေရုံတမယ် အသက်ရှင်ရေးအတွက် မြက်ပင်များကို စားခဲ့ရသည်။ အကျဉ်းသားများသည်လည်း ဆာလောင်မွတ်သိပ်လွန်းလှသောကြောင့် မြွေများ၊ ကြွက်များကိုပင် စားကြရသည်။

တနင်္ဂနွေနေ့ရောက်တိုင်း အစောင့်ရဲများ၏ ပျော်ရွှင်မှုတစ်ခုမှာ မိန်းမများကို Danube မြစ်ရေတွင် ချီလွှဲကာ လွှင့်ပစ်လိုက် မသေမီ သွားဆယ်လိုက်၊ နောက်တစ်ကြိမ် အလားတူပြန်လုပ်လိုက်ဖြင့် တဝါးဝါးရယ်ကာမောကာ ပြောင်လှောင်ကျီစယ်ခြင်းပင် ဖြစ်ပေသည်။ ကျွန်ုပ်၏ ဇနီးသည်လည်း ထိုကဲ့သို့ လွှဲပစ်ခြင်း ခံရသဖြင့်နံရိုးများပင်ကျိုးခဲ့ရသည်။

မိဘနှစ်ပါး အဖမ်းခံရသဖြင့် ကျွန်ုပ်၏ တစ်ယောက်တည်းသောရင်သွေး သားရတနာလေးသည် ခိုကိုးရာမဲ့ လမ်းပေါ်ကလူ ဖြစ်သွားရာသည်။ Mihai သည် ငယ်စဉ်ကတည်းက ဘာသာရေးကိုင်းရှိုင်းလျက်ယုံကြည်ခြင်းနှင့် ပတ်သက်သောအရာကို စိတ်ဝင်စားမှု ရှိခဲ့သည်။ မိဘနှစ်ပါး အဖမ်းခံစဉ်က သူသည်အသက် ကိုးနှစ်သာ ရှိသေးသဖြင့် မိမိ၏ခရစ်ယာန်အသက်တာလမ်းခရီးတွင် ပြဿနာအမျိုးမျိုး ဖြတ်သန်းသွားခဲ့ရကား၊ နာကျည်းလွန်းသဖြင့် မိမိ၏ ဘာသာရေးကိုလည်း အမျိုးမျိုးစုံစမ်းမေးမြန်းခြင်းပြုခဲ့သည်။ အရွယ်တူ ကလေးများတွင် သူကဲ့သို့နာကျည်းဖွယ် ဒုက္ခခံစားသောသူ ရှိချင်မှ ရှိပေလိမ့်မည်။ မိမိ အသက်မွေးဝမ်းကြောင်းအတွက် မိမိကိုယ်တိုင် ရုန်းကန်ရသည်။

ခရစ်ယာန်မာတုရ မိသားစုများကို အကူအညီပေးခြင်းသည် အပြစ်ဟု သတ်မှတ်ထားသည်။ သိက္ခာရှိ အမျိုးသမီးနှစ်ဦးတို့သည် သားငယ်ကို ပံ့ပိုးကူညီကြပါသောကြောင့် အဖမ်းခံကြသည့်အပြင် တစ်သက်လုံး ခြေမသန်စွမ်းသည် တိုင်အောင် ရိုက်ပုတ်ခြင်း ခံခဲ့ကြသည်။ အခြား အမျိုးသမီးတစ်ဦးသည် (Mihai)ကို အိမ်သို့ခေါ်ကာ အရဲစွန့်ကြည့်ရှုခြင်းကြောင့် ထောင်ဒဏ်ရှစ်နှစ်ပေးခြင်း ခံခဲ့ရသည်။ သွားများနှင့်

အရိုးများပင် ကျိုးရသည်အထိ အရိုက်ခံခဲ့သည်။ ဘယ်သော အခါမျှ အလုပ် လုပ်နိုင်တော့မည် မဟုတ်ချေ။ တစ်သက်တာလုံး မသန်မစွမ်းဘဝ ရောက် ပေလိမ့်မည်။

## "မီဟိုင်း ၊ ယေရှုကို ယုံပါနော်"
## "Mihai, Believe in Jesus!"

အသက်ဆယ့်တစ်နှစ် ရောက်လာသောအခါ Mihai သည် ပုံမှန်အလုပ်သမားဘဝဖြင့် မိမိအသက်မွေးဝမ်းကြောင်း အတွက် အလုပ် စလုပ်ခဲ့သည်။ ခံစားရသော ဒုက္ခများကြောင့် မိမိ၏ ယုံကြည်ခြင်းသည် လည်း ယိမ်းယိုင်လာပါတော့သည်။ မိခင်ဖြစ်သူ Sabina ကို ထောင်သက် နှစ်နှစ်ကျော်တွင် တွေ့ခွင့်ပြုခဲ့ကြသည်။ ကွန်မြူနစ် ထောင်သံတိုင်များ အကြားမှာ မိခင်ကို သွားတွေ့ခဲ့သည်။ သူမသည် ညစ်ပတ် ပိန်လှီကာ လက်များသည်လည်း ကြမ်း တမ်းလျက်၊ ဟောင်းနွမ်းနေသော ထောင်ဝတ်စုံ ကိုဝတ်နေပါသော်လည်း သားသည် မိခင်ကိုမှား လုနီးပါး ဖြစ်ခဲ့သည်။ မိခင်က သားအား ပထမဆုံး ပြောသောစကားသည် "မီဟိုင်း၊ ယေရှုကိုယုံပါ နော်" ဟူသော စကားဖြစ်သည်။ ထိုစကားကို ကြားသောအခါ အစောင့်ရဲသည် စိတ်ဆိုး မာန်ဆိုး ဖြင့် သူမကို Mihai ထံက ဆွဲထုတ်ခေါ်သွားခဲ့ သည်။ ထိုကဲ့သို့ ကြမ်းတမ်းရိုင်းစိုင်းစွာ မိခင်ကို ဆွဲခေါ်သွားကြ သည်ကို မြင်သောအခါ Mihai မျက်ရည်ကျခဲ့သည်။

***ဤကဲ့သို့သော အခြေအနေမျိုးတွင် ခရစ်တော်အား ချစ်နိုင်ကြသည်ရှိသော် ကယ်တင်ရှင်အစစ် ဖြစ်သောကြောင့် ဖြစ်ပါလိမ့်မည်၊***

ထိုအချိန်နာရီသည် Mihai အသက်တာ ပြောင်းလဲသော အချိန်ဖြစ်မှုသည်။ **ဤကဲ့သို့ သော အခြေအနေမျိုးတွင် ခရစ်တော်အား ချစ်နိုင်ကြသည်ရှိသော် ကယ်တင်ရှင်အစစ် ဖြစ်သောကြောင့် ဖြစ်လိမ့်မည်** ဟုစဉ်းစားခဲ့သည်။ နောင် အချိန်မှာ သူက ဝန်ခံခဲ့သည်။

"ခရစ်ယာန်ဘာသာတရားဟာ ကျိုးကြောင်း ဆက်နွယ်မှု မခိုင်မာဘူးဆိုဦးတော့ မေမေက အကြွင်းမဲ့ ယုံကြည်တယ်ဆိုတာ သိရတာ ငါ့အတွက်တော့ လုံလောက်ပါပြီ"။ ထိုနေ့ရက်တွင် သားသည် ခရစ်တော်ကို အပြည့်အဝ လက်ခံခဲ့သည်။

သားသည် ကျောင်းသားဘဝ၌လည်း ငြင်းခုံစရာ ပြဿနာဆက်တိုက် ရင်ဆိုင်ခဲ့ရသည်။ အကျင့်စာရိတ္တကောင်းသော ကျောင်းသားအနေဖြင့် အနီရောင်လည်စည်း necktie လက်ဆောင်ရခဲ့သည်။ ၎င်းသည် ကွန်မြူနစ်ပါတီ ရှေ့ဆောင်လူငယ် အသင်းဝင်တို့၏ အမှတ်အသားဖြစ်သဖြင့် သားက "မေမေနဲ့ ဖေဖေ ထောင်ထဲသွင်းသူတို့ရဲ့ လည်စည်းကို ဘယ်တော့မှ မဝတ်ဘူးကွာ" ဟု ငြင်းခဲ့သည်။ ထို့ကြောင့် ကျောင်းထုတ်ခံခဲ့ရသည်။ ခရစ်ယာန် အကျဉ်းသူ/သား တို့၏ ရင်သွေးဖြစ်ကြောင်း ဖုံးကွယ်ခဲ့ရသဖြင့် နောက်တစ်နှစ်တွင် ကျောင်းပြန်တက်နိုင်ခဲ့သည်။

နောက်ပိုင်းတွင် သမ္မာကျမ်းစာနှင့်ပတ်သက်၍ စာတမ်းပြုစုရန် လိုအပ်လာသောအခါ၊ ၎င်းစာတမ်းတွင် "ကွန်မြူနစ်တို့၏ ကျမ်းစာကို ဆန့်ကျင်သော ကျိုးကြောင်း ဆင်ခြင်မှုတို့သည် အခြေမခိုင်သည့်အပြင် ကောက်နှုတ်ချက်ကျမ်းပိုဒ် တို့သည်လည်း မှန်ကန်မှု မရှိပေ။ ဆန့်ကျင်ကြသော ကထိကကြီးများသည် အမှန်တကယ် ကျမ်းစာမဖတ်ကြဘူး။ သမ္မာကျမ်းစာသည် သိပ္ပံနှင့် ကိုက်ညီမှုရာနှုန်းပြည့် ရှိသည်၊" ဟု ရေးသားခဲ့သည်။ ၎င်းစာကြောင့် ကျောင်းထုတ်ခံခဲ့ရ ပြန်သည်။ ဤတစ်ကြိမ်တွင် နှစ်နှစ်တိတိ ကျောင်းဆက်မတက်နိုင်ဘဲ နေခဲ့ရသည်။

နောက်ဆုံးတွင်မူ ဓမ္မကောလိပ်ကျောင်း တက်ခွင့်ရခဲ့သည်။ သို့သော် ၎င်းကျောင်းတွင်လည်း 'မာခ်စ် သီအိုလော်ဂျီ' (Marxist Theology) သင်ခဲ့ရပြန်သည်။ အရာခပ်သိမ်း ကားလ်မာခ်စ် အယူအဆအတိုင်း ဖြေရှင်းသည်။ ၎င်းကို Mihai သည် အတန်းကျောင်း သားများရှေ့မှာပေါ်တင်ကန့်ကွက်ခဲ့ရာ အခြားကျောင်းသားများကလည်း ထောက်ခံ လာခဲ့ကြသည်။ ထို့ကြောင့် ကျမ်းစာကျောင်းမပြီးဘဲကျောင်းထုတ်ခံခဲ့ရပြန်သည်။

တစ်ချိန်က ကျောင်းထဲမှာ ပါမောက္ခတစ်ဦးသည် ဘုရားမဲ့ဝါဒ

အကြောင်း ဟောနေစဉ် Mihai မှ ထလာပြီး ငြင်းဆိုခဲ့သည်။ သား မီဟိုင်းက ဆရာကြီးသည် လူငယ်များစွာကို လမ်းလွဲစေခဲ့ပါသောကြောင့် ကြီးမားသော တရားခံဖြစ်ကြောင်း ငြင်းခံလာသောအခါ ကျောင်းသားအား လုံးက ထောက်ခံခဲ့ကြသည်။ ရဲရင့်စွာ ပြောသောသူရှိရန် လိုအပ်သည်။ ထိုကဲ့သို့သော သူရှိလျှင် အားလုံးက ထောက်ခံလာတတ်ကြသည်။

သား မီဟိုင်းသည် ဆက်လက် ကျောင်းတက်နိုင်ရေးအတွက် ခရစ်ယာန် အကျဉ်းသား Wurmbrand ၏ သားဖြစ်ကြောင်း ဖုံးဖိလျက် ရှိသည်။ သို့သော် သူ၏ ခံယူချက်ကြောင့် ကျောင်းအုပ်ဆရာကြီးများ ရုံးသို့ ခေါ်စစ်ပြီး ကျောင်းထုတ်ခြင်း မကြာခဏ ခံခဲ့ရသည်။

Mihai သည် အစာရေစာငတ်ပြတ်ခြင်း ဒုက္ခကိုလည်း များစွာ ခံရသည်။ ကွန်မြူနစ်တိုင်းပြည်၌ အကျဉ်းချခံရသော မိသားစုများစွာ တို့သည် သေလုမတတ် အစာငတ်မွတ်ခြင်း ဒုက္ခခံကြရစမြဲ ဖြစ်သည်။ ၎င်းတို့ကို ပံ့ပိုးကူညီခြင်းသည် ကြီးလေးသော အပြစ်ဟူ၍ သတ်မှတ် ထားလျက်ရှိ၏။

ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် မိသားစု တစ်ခု၏ ခံစားရသော အခက်အခဲနှင့် ပြဿနာများကို တစ်ကြိမ်တည်းသာ ပြောပါရ စေဦး။ ညီအစ်ကိုတစ်ယောက်သည် မြေအောက် အသင်းတော် လှုပ်ရှားမှု ကြောင့် အကျဉ်းထောင်ထဲသို့ ရောက်လာခဲ့သည်။ ကလေး ခြောက်ယောက် တို့နှင့် ဇနီးသည်ကို ထားခဲ့သည်။ အသက် ဆယ့်ခုနစ်နှစ်နှင့် ဆယ့်ကိုးနှစ် စီရှိကြသော သမီးကြီးနှစ်ယောက်တို့သည်အလုပ်မရနိုင်ကြပါ။ကွန်မြူနစ် တိုင်းပြည်မှာ အလုပ်အကိုင်ပေးသော အဖွဲ့အစည်းသည် အစိုးရသာဖြစ်၍ ၎င်းတို့က "ရာဇဝတ်ကောင်" ဟု ခေါ်သော ခရစ်ယာန်များ၏ သားသမီး များကို အလုပ်မပေးချေ။

ကေးဇူးပြု၍ ဤအကြောင်းကိစ္စကို အကျင့်စာရိတ္တ သဘော တရားဖြင့် အဆုံးအဖြတ် မပြုပါလေနှင့်။ အဖြစ်အပျက်အချက် အလက် ကိုသာ လက်ခံစဉ်းစားပါ။ ထိုအိမ်ထောင်သည် ခရစ်ယာန် မိသားစုဖြစ် ခဲ့ကြပါသော်လည်း ဖခင်သည် ခရစ်ယာန် မာတုရ ဖြစ်လာ၍ ဆင်းရဲမွဲတေ

လာကြသောအခါ သမီးကြီး နှစ်ယောက်စလုံးသည် ပြည့်တန်ဆာလုပ်ခြင်းအားဖြင့် ညီမောင်များနှင့် မကျန်းမာသော မိခင်ကြီးကို ကြည့်ရှုကျွေးမွေးခဲ့ကြသည်။ ထိုဖြစ်ရပ်ကို ၎င်းတို့နှစ်ယောက်၏ ဆယ်လေးနှစ်အရွယ်ရှိမောင်လေးက သိသောအခါ နာကျည်းလွန်းသဖြင့် အရူးတစ်ပိုင်း ဖြစ်သွားရရှာသောကြောင့် စိတ္တဇဆေးရုံသို့ ပို့ခဲ့ကြရသည်။

နှစ်အတန်ကြာလာသောအခါ ဖခင်သည် ထောင်ကလွတ်လာပြီး အိမ်ရောက်လာခဲ့သည်။ အခြေအနေ အရပ်ရပ်ကိုသိသောအခါ စိတ်ပျက်ဝမ်းနည်းစွာဖြင့် အောက်ပါအတိုင်း ဆုတောင်းခဲ့သည်။ "ဘုရားရယ်၊ သားကို ထောင်ပဲပြန်ပို့ပါ။ ဒါတွေကို သားမမြင်ချင်ဘူး" သူ့ ဆုတောင်းသံကို ဘုရားနားညောင်းတော်မူသည်။ မိမိ သား သမီးများကို ခရစ်တော်အကြောင်း ဝေငှသက်သေခံသည်ဆိုပြီး ပြန်ဖမ်းခဲ့ကြသည်။

သမီးကြီးနှစ်ယောက် ပြည့်တန်ဆာ မလုပ်တော့ပါ။ လျှို့ဝှက်ရဲများ၏ ဆန္ဒကို လိုက်လျှောခြင်းကြောင့် အလုပ် ရကြသည်။ ပြည့်တန်ဆာအလုပ်မလုပ်တော့ဘဲ ဖေါ်ကောင်လုပ်ကြတော့သည်။ ခရစ်ယာန် မာတုရ၏သမီးများအနေဖြင့် ခရစ်ယာန်မိသားစုများက ယုံကြည်စိတ်ချစွာ မျက်နှာသာပေးကာ ဧည့်ခံခဲ့ကြပါသော်လည်း ကြားနာမြင်တွေ့သမျှ လျှို့ဝှက်ရဲများထံသို့ သတင်းပို့ကြကြောင်းကိုမူ မသိခဲ့ကြချေ။

ကိုယ်ကျင့်တရား ဖေါက်ပြန်ခြင်းသည် အရုပ်ဆိုးလွန်းသည်ဟု မပြောပါနှင့်။ မှန်သင့်သလောက် မှန်ပါ၏။ သို့သော် မိမိကိုမိမိ မေးကြည့်ပါ။ ခရစ်ယာန် မိသားစုများကို မိဘများကထားခဲ့၍ အတိဒုက္ခခံစားကြရသောအခါ လူလွတ်များက အကူအညီ မပေးဘဲ လက်ပိုက်ကြည့်နေလျှင် မိတ်ဆွေလည်း အပြစ် မရှိပေဘူးလား။



၇

# အနောက်နိုင်ငံ၌ ဆက်လက်အမှုတော်ဆောင်ရန် ငွေကြေးပြင့် ရွေးနှုတ်ခံခြင်း

## Ronsom and release for work in the West

အကျဉ်းထောင်ထဲတွင် စုစုပေါင်း တစ်ဆယ့်လေးနှစ်ကြာခဲ့ပြီ။ တစ်ဆယ်လေးနှစ် အတောအတွင်းမှာ သမ္မာကျမ်းစာ သို့မဟုတ် အခြား စာအုပ်တစ်အုပ်မျှ မမြင်ခဲ့ဘူးပါ။ လက်ကပင် စာမရေးတတ်တော့ပါ။ အစာ ရေစာငတ်မွတ်ခြင်း၊ ဆေးဝါးမျိုးစုံစားသောက်ခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်း ဒဏ်တို့ကြောင့် သမ္မာကျမ်းစာမှ ရွှေကျမ်းချက်များကိုပင် မေ့လျော့ခဲ့လေပြီ။

သို့သော် ထောင်သက် ဆယ်လေးနှစ် တင်းတင်းပြည့်သောနေ့တွင် ကျမ်းချက်တစ်ချက် အမှတ်မထင် စိတ်ထဲမှာ ပေါ်လာခဲ့သည်။ "ယာကုပ်သည်လည်း ရာခေလကို ရခြင်းငှာ ခုနစ်နှစ် အစေခံလေ၏။ ရာခေလကို ချစ်သောကြောင့် ခုနစ်နှစ်ကို နည်းသော နေ့ရက်ကဲ့သို့ ထင်မှတ်သတည်း" (ကမ္ဘာဦးကျမ်း ၂၉း၂၀)

ငင်းနောက် ရက်ပိုင်းအတွင်းမှာ တစ်တိုင်းပြည်လုံး လွတ်ငြိမ်း ချမ်းသာခွင့်ကြေညာလာပါသောကြောင့် ကျွန်တော်လည်း လွတ်လာခဲ့ သည်။ အမေရိကန်ပြည်သူလူထု အာဘော်လွှမ်းမိုးမှုကြောင့် ဤလွတ်ငြိမ်း ချမ်းသာခွင့်ကို ကြေညာခဲ့ခြင်း ဖြစ်သည်။

ချစ်ဇနီးကို ပြန်လည်တွေ့ခွင့် ရခဲ့သည်။ သူမသည် ကျွန်ုပ် ကို ဆယ်လေးနှစ်တိုင်တိုင် သစ္စာရှိစွာ စောင့်မျှော်နေခဲ့သည်။ အဖမ်းခံသော မိသားစု၏ ကိုယ်ပိုင်ပစ္စည်းအားလုံး သိမ်းယူခြင်းခံရသောကြောင့် ကျွန်ုပ်တို့ ဇနီးမောင်နှံလည်း ဘဝအသစ်ကို ဆင်းရဲစွာ ရင်ဆိုင်ရန်းကန်ခဲ့ကြရသည်။

လွတ်လာသော ပါစတာနှင့် ဘုန်းတော်ကြီးများအား သေးငယ်

သော အသင်းတော်များကို ကြည့်ရှုစောင့်ရှောက်ခွင့် ပေးလျက်ရှိ၏။ ကျွန်ုပ်ကိုလည်း Orsova မြို့က အသင်းတော်ကလေးကို ပေးခဲ့ကြသည်။ ကွန်မြူနစ်ရုံး သာသနာဌာနက ထိုအသင်းတော်တွင် သင်းဝင် သုံးဆယ်ငါးယောက်ရှိရာ သုံးဆယ်ခြောက်အထိ မတိုးရဟု တားမြစ်ကြသည်။ အသင်းတော်တွင် လူငယ်လူရွယ်များ မပါဝင်စေရန်၊ ကျွန်ုပ်ကို အသင်းသားအသီးသီး၏ သတင်းနှင့်ပတ်သက်၍ ဖော်ကောင်လုပ်ရန် စည်းရုံးခဲ့ကြသည်။ ဤနည်းအားဖြင့် ကွန်မြူးနစ်တို့သည် အသင်းတော်ကိုလက်နက်ပမာအသုံးပြုကြသည်။

*ကျွန်တော်၏ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့ကို (မြေအောက်အသင်းတော်များက)မမေ့ကြသေးဘူးဟူသော အချက်ပင် ဖြစ်ပေသည်၊*

ကျွန်တော် တရားဟောလျှင် လူအများလာနားထောင်မည်ကို သိထားသည်။ ထို့ကြောင့် တရားဝင် ဘုရားကျောင်းမြေပေါ်ရှိ ကျောင်းတွင် အလုပ်လုပ်ရန် လုံးဝမစဉ်းစားခဲ့ပါ။ယင်းအစား မြေအောက်အသင်းတော်မှာပင် အမှုတော်ဆောင်ရန်၊ မြေအောက်အသင်းတော်၏ လုပခြင်းနှင့် အန္တရာယ်မျိုးစုံကို မျှဝေခံစားရန် ပြင်ဆင်ခဲ့ပါသည်။

ထောင်သက်တမ်းတစ်လျှောက်လုံး ဘုရား သခင်သည် အံ့ဩဖွယ်မစတော်မူ၏။ မြေအောက် အသင်းတော်ကိုလည်း ဘုရားသခင်သည် ပစ်မထားပေ။ မေ့တော်မမူ၊ အမေရိကနှင့် အခြားခရစ်ယာန်များက စတင်ကူညီကာ ဆုတောင်းပေးသည်။

တစ်နေ့ မွန်းလွဲပိုင်းအချိန်တွင် အခြားရပ်ကွက်ရှိ ညီအစ်ကိုတစ်ယောက်၏ အိမ်၌ ကျွန်တော် အနားယူနေစဉ်၊ ထိုညီအစ်ကိုက ကျွန်ုပ်ကို နိုးကာ "နိုင်ငံခြားမှ ညီအစ်ကိုများ ရောက်နေတယ်" ဟု ပြော၏။

အနောက်တိုင်းနိုင်ငံများတွင် ကျွန်ုပ်တို့ မေ့ပစ်မထားသော ညီအစ်ကိုများ ရှိကြသည်။ သာမန် ခရစ်ယာန်များအားဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုသည် ခရစ်ယာန် မာတုရ မိသားစုများအား ပံ့ပိုးကူညီသောလုပ်ငန်းနှင့် ခရစ်ယာန်စာပေ ဖြန့်ချိရေးလုပ်ငန်းကို လျှို့ဝှက်လုပ်ဆောင်ကြသည်။

ကပ်ရက်အခန်းတွင် ၎င်းလုပ်ငန်းကို လုပ်ဆောင်နေကြသော နိုင်ငံခြား ညီအစ်ကို ခြောက်ဦး၊ ထိုင်စောင့်နေကြသည်ကို တွေ့ရသည်။ အတန်ကြာအောင် ကျွန်ုပ်ကို ပြောဆိုမေးမြန်းပြီးမှ၊ ဤလိပ်စာ အရ လူတစ်ယောက်သည် တစ်ဆယ်လေးနှစ်တိုင်တိုင် အကျဉ်းထောင်ထဲ မှာ အချုပ်ခံရကြောင်း ထိုသူကို တွေ့လိုကြကြောင်း ပြောကြသောအခါ ထိုလူသည် ကျွန်တော်ပင် ဖြစ်ကြောင်း ပြောပြလိုက်လေသည်။

၎င်းတို့က ပြောသည်မှာ "ထိုသူဟာ စိတ်ပျက်ဝမ်းနည်းစွာရှိ မယ်လို့ ကျွန်ုပ်တို့ထင်တယ်။ ဝမ်းမြောက်ဝမ်းသာ ရှိနေတဲ့အတွက် ခင်ဗျား ဟာ ထိုလူမဟုတ်ဘူး ထင်တယ်ဗျာ" ထိုသူသည် ကျွန်တော်အစစ်ဖြစ် ကြောင်း၊ ကျွန်ုပ်တို့ကို မေ့ပစ်မထားဘဲ ရောက်ရှိလာသည်ကို တွေ့သော ကြောင့် ဝမ်းသာနေပါကြောင်း ပြေပြလိုက်သည်။

မြေအောက်အသင်းတော်များအား ပံ့မှန်ကူညီထောက်ပံ့ခြင်း တဖြည်းဖြည်း ဆက်လက်ဆောင်ရွက်လာခဲ့ကြတော့သည်။ ကျမ်းစာအုပ် များစွာနှင့် အခြားခရစ်ယာန် စာပေများအပြင် ခရစ်ယာန် မာတုရ မိသားစု များအတွက် ကယ်ဆယ်ရေးပစ္စည်းများသည် လျှို့ဝှက်လမ်းကြောင်းများမှ တစ်ဆင့် ရောက်လာသည်။ ၎င်းတို့၏ အကူအညီဖြင့် ကျွန်ုပ်တို့ မြေအောက် အသင်းတော်များသည် သာ၍သာ၍ လှုပ်ရှားလာနိုင်ခဲ့ပါပြီ။ နှုတ်ကပတ်တော်ကို စာအုပ်အားဖြင့် လာပို့ပေးရုံသာမကဘဲ ၎င်းတို့၏ ချစ်ခြင်းမေတ္တာကိုလည်း မျက်ဝါးထင်ထင် မြင်ရသည့်အပြင် ၎င်းတို့၏ နှစ်သိမ့်စကားကိုလည်း ကြားရပြီ။ ဦးနှောက်ကျင်းခြင်း ခံရသော ကာလများ တွင် ၎င်းတို့ပြောသောစကားသည် "မင်းကိုဘယ်သူမှ မချစ်တော့ဘူး။ ဘယ်သူမှ မချစ်တော့ဘူး။ ဘယ်သူကမှ မင်းကို မချစ်ဘူး"

ယခု ကျွန်ုပ်တို့ထံ အမေရိကန်နှင့် အင်္ဂလိပ် ခရစ်ယာန်များ အရဲစွန့်ရောက်ရှိလာလျက် ၎င်းတို့၏ မေတ္တာ သဒ္ဒါတရားကို လာပြနေပြီ ဖြစ်ကြောင်း တွေ့မြင်ရပြီ။

နောက်ပိုင်းတွင် ၎င်းတို့အား လျှို့ဝှက်စွာလုပ်ဆောင်ပုံ လုပ်ဆောင် နည်းများကို သင်ပြပြီး၊ လျှို့ဝှက်ရဲများ ဝိုင်းထားသော အိမ်သို့ပင် လျှို့ဝှက်စွာ သွားလာဝေငှနိုင်ခဲ့ကြသည်။

အမေရိကန်နှင့် အင်္ဂလိပ်လူမျိုးတို့ထံမှ မှောင်ခိုနည်းလမ်းဖြင့်ခက်ခဲစွာရောက်လာသော သမ္မာကျမ်းစာ၏ အဖိုးတန်မှုကိုသိနားလည်မည်မထင်။

နိုင်ငံခြားမှ ဆုတောင်းပေးသော ခရစ်ယာန်များ၏ အကူအညီမပါဘဲ ကျွန်တော်နှင့် မိသားစု အသက်ရှင်နိုင်မည် မဟုတ်ပေ။ ကွန်မြူနစ်တိုင်းပြည်ရှိ အခြားမြေအောက် ပါစတာနှင့် မာတုရမိသားစုများ အတွက်လည်း အလားတူပင်ဖြစ်သည်။

ဤကဲ့သို့သော ကယ်ဆယ်ရေးအတွက် လွတ်လပ်သောတိုင်းပြည်များမှ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၏ ပစ္စည်း ပစ္စယ ထောက်ပံ့မှုသည် အလွန်အရေးပါကြောင်းနှင့် ၎င်းထက်ပင် စိတ်ဓာတ်ရေးရာ ပံ့ပိုးမှုများသည် အလွန်အရေးကြီးကြောင်း အတွေ့အကြုံအားဖြင့် ကျွန်တော်သက်သေခံနိုင်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့အတွက် ဘုရားသခင်စေလွှတ်တော်မူသော ကောင်းကင်တမန်များ ကဲ့သို့ပင် ဖြစ်သည်။

မြေအောက် အသင်းတော်၏ အားသစ်လောင်း လှုပ်ရှားမှုကြောင့် ကျွန်တော်သည် နောက်ထပ် အဖမ်းခံလုဆဲဆဲ ဖြစ်သည့် အချိန်မှာ နော်ဝေတိုင်းပြည်ရှိ ဂျူးလူမျိုးထံ အမှုတော်ဆောင်သည့် ခရစ်ယာန်အဖွဲ့ အစည်းနှင့် ဟေဗြဲ ခရစ်ယာန် မိဿဟာယ အဖွဲ့အစည်းနှစ်ခု ပူးပေါင်းကာ ကွန်မြူနစ်အစိုးရအား အမေရိကန် ဒေါ်လာ (၁၀,၀၀၀)ပေးလျက် ကျွန်ုပ်ကိုလာရောက် ရွေးယူခဲ့ကြသည်။ ၎င်းငွေသည် နိုင်ငံရေး အကျဉ်းသားကိုရွေးရန် သတ်မှတ်ထားသော ငွေပမာဏထက် ငါးဆကြီးသည်။

"ယခု ကျွန်တော်သည် ရိုမေးနီးယားမှ ထွက်ခွါနိုင်ပြီ။

## ကွန်မြူနစ် ရိုမေးနီးယားတိုင်းပြည်ကို ကျွန်တော်အဘယ်ကြောင့် စွန့်ခွာခဲ့ရပါသနည်း။
## Why I Left Communist Romania

မြေအောက်အသင်းတော် ခေါင်းဆောင်များက ကျွန်ုပ်ကို အတင်းမနိုင်းခဲ့လျှင် အန္တရာယ် အသွယ်သွယ်ကြားက ရိုမေးနီးယားကို စွန့်ခွာချင်





ရိုမေးနီးယား ကွန်မြူနစ် အကျဉ်းထောင်ထဲမှာ (၁၄)နှစ် ကျော် အချုပ်ခံပြီးမှ လွတ်လာသော Pastor Richard Wurmbrand သည် အနောက်တိုင်းနိုင်ငံများမှ ခရစ်ယာန်များစွာကို အံ့ဩစေခဲ့ ပါသည်။ မိမိ၏ မပြောင်းလဲနိုင်သော ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်း၊ အထူးသဖြင့် ကွန်မြူနစ်ဝါဒကြောင့် ဖြစ်ပေါ်လာသောအပြစ်ကို မုန်းသော်ငြားလည်း ကွန်မြူနစ် လူသားတို့ကို အကြွင်းမဲ့ ချစ်တတ်သောသဘောကို အံ့ဩမဆုံး ဖြစ်ကြလေသည်။

မှ စွန့်ခွာပေလိမ့်မည်။ လွတ်လပ်သော ကမ္ဘာသို့ မြေအောက်အသင်းတော်များ၏ 'အသံ' အဖြစ် ဤအခွင့်အရေးကို ယူကာထွက်သွားဖို့ အားပေးခဲ့ကြသည်။ မိတ်ဆွေတို့၏ အနောက်တိုင်းနိုင်ငံများသို့ ၎င်းတို့၏ အခက်အခဲများနှင့်လိုအပ်ချက်များကို သူတို့ကိုယ်စား မောင်းတီးကာ ကြေညာပေးပါရန် ကျွန်ုပ်ကို တိုက်တွန်းခဲ့ကြသည်။ အနောက်နိုင်ငံသို့ ရောက်ခဲ့ပါပြီ၊ သို့သော် ကျွန်ုပ်၏ နှလုံးသားသည် သူတို့နှင့်အတူ ရှိနေဆဲဖြစ်သည်။ မြေအောက်အသင်းတော်တို့၏ အတိဒုက္ခ ခံစားချက်များနှင့် ဖွဲ့သတ္တိရှိခြင်းတို့ကို မိတ်ဆွေတို့အား အသိပေးဖို့ အလွန်လိုအပ်နေပြီ ဖြစ်ကြောင်း ကျွန်ုပ် မသိခဲ့လျှင် ရိုမေးနီးယားတိုင်းပြည်ကို စွန့်ခွာမည်မဟုတ်။ ဤအကြောင်းအရာများကို မိတ်ဆွေတို့အား အသိပေးခြင်းသည် ကျွန်ုပ်၏ အမှုတော်ဖြစ်ပေတည်း။

ရိုမေးနီးယားက ထွက်မလာမီ ကျွန်ုပ်ကို ရဲများက နှစ်ကြိမ်ခေါ်ခဲ့ကြပြီး ကျွန်ုပ်ကို ရွေးယူဖို့ ငွေကြေးလက်ခံခဲ့ကြပြီဖြစ်ကြောင်း ပြောပြကြသည်။ ကွန်မြူနစ်ဝါဒကြောင့် ကျွန်ုပ်တို့၏ တိုင်းပြည်သည် ဆင်းရဲလာပါသဖြင့် အကျဉ်းသားများကို စီးပွားရေး ပြဿနာ ဖြေရှင်းရန် ငွေကြေးဖြင့် ရောင်းခဲ့ကြသည်။

ကျွန်ုပ်ကို ပြောကြသည်မှာ "အနောက်တိုင်းကိုသွားပြီး မင်းကြိုက်သလောက် ခရစ်တော်အကြောင်းကို ဟောပေတော့။ ဒါပေမယ့် ကျွန်ုပ်တို့ကိုတော့ မထိပါနဲ့။ ကျွန်ုပ်တို့ကို ဆန့်ကျင်သော စကားတစ်ခွန်းမျှ မပြောနဲ့။ ရှင်းရှင်းပြောမယ်။ ဒီမှာ ဖြစ်ပျက်ခဲ့သမျှ မင်းဖေါက်သည်ချရင် လူသတ်သမားကို ဒေါ်လာတစ်ထောင်ပေးပြီး မင်းကို သတ်ခိုင်းမယ်။ ဒါမှမဟုတ် မင်းကို ပြန်ပေးဆွဲမယ်"

Orthodox ခေါ် မူဟောင်းဂိုဏ်းတစ်ဂိုဏ်းမှ ဘုန်းတော်ကြီးတစ်ပါးဖြစ်သော Vasile Leul. နှင့် ကျွန်တော် အကျဉ်းထောင်တစ်ခန်း

တည်း၌ အချုပ်ခံခဲ့ဖူးသည်။ ထိုသူသည် ဩစတြီးယားနိုင်ငံမှ ပြန်ပေးဆွဲခံကာ ရိုမေးနီးယား ပြန်ရောက်ခဲ့သူဖြစ်သည်။ လက်သည်းများ ပျက်စီးကုန်ပြီ။ ဘာလင်မြို့မှ ပြန်ပေးဆွဲခံခဲ့သော အခြားသူများနှင့်လည်း အတူနေခဲ့ဖူးသည်။ အီတလီနှင့် ပဲရစ်မြို့များမှ ရိုမေးနီးယား လူမျိုးများလည်း ပြန်ပေးဆွဲ ခံခဲ့ကြသည်။

သူတို့က ကျွန်ုပ်ကို ထပ်ပြောသည်မှာ "မင်းကို မိန်းမပွေသူ၊ သူခိုးဒါမှမဟုတ် ငယ်တုန်းက လူဆိုး စသဖြင့် ဆိုးသတင်းဖြန့်လို့ရတယ်။ အနောက်တိုင်းသားများ အထူးသဖြင့် အမေရိကန်တို့ဟာ လှည့်စားလို့အရမ်းလွယ်တာ"

ဤအတိုင်း ခြိမ်းခြောက်ပြီးမှ ကျွန်ုပ်ကို အနောက်တိုင်းသို့ လာခွင့်ပြုခဲ့ကြသည်။ ကျွန်တော် ခံခဲ့ရသော ဦးနှောက်ကျင်းခံခြင်းသည် အကျိုးပြုမည်ဟု သူတို့ယုံကြည်သည်။ ကျွန်တော် ခံစားခဲ့သမျှသော အခက်အခဲမျိုးကို အလားတူ ခံစားခဲ့သည့် အကျဉ်းသားဟောင်းများ ယနေ့ အနောက်တိုင်းနိုင်ငံများမှာ များစွာရှိနေသော်လည်း 'ငြိမ်ချက်သား' ကောင်းနိုင်လွန်းကြသည်။ အချို့ကမူ ကွန်မြူနစ်၏ ညှင်းပန်းနှိပ်စက်မှု ခံစားပြီးမှကွန်မြူနစ်ဝါဒကို ချီးကျူးကြသေးသည်။ ကျွန်ုပ်ကိုလည်း တိတ်ဆိတ်စွာနေလိမ့်မည်ဟု သူတို့က ယုံကြည်သည်။

ထို့ကြောင့် ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ အတွင်းတွင် ကျွန်တော်နှင့် ကျွန်ုပ်၏ မိသားစုအား ရိုမေးနီးယားနိုင်ငံမှ ထွက်ခွာခွင့် ပြုခဲ့ကြသည်။




ဤပုံသည် ပထမဆုံး ပုံနှိပ်ထုတ်ဝေခဲ့သော ခရစ်တော်အတွက်

ညှင်းပန်းနှိပ်စက်ခြင်း စာအုပ်၏ မျက်နှာဖုံးပုံဖြစ်သည်။ ကျွန်ခံတိုင်းပြည်မှ ညှင်းပန်းနှိပ်စက်ခြင်းခံသော မိသားစုများ၏ အကြောင်းကို အနောက်တိုင်းခရစ်ယာန်တို့သည် အနည်းငယ်သော ကြားသိခဲ့ကြသည်။ အနောက်တိုင်းအသင်းတော်များစွာတို့သည် ဤကဲ့သို့သော သတင်းမျိုး ပုံနှိပ်ခြင်းကို ပင် ငြင်းဆန်တက်ကြသေးသည်။

ရိုမေးနီးယားမှ မထွက်ခွာမီ ကျွန်တော် နောက်ဆုံးပြုခဲ့သော အမှုသည် ကျွန်ုပ်ကို ဖမ်းမိန့်နှင့်ထောင်တစ်သက် ညှင်းပန်းနှိပ်စက်မိန့်ထုတ်ခဲ့သော ဗိုလ်မှူးကြီး တစ်ဦး၏ သင်္ချိုင်းသို့ သွားကာ လွမ်းသူ့ပန်းခွေချခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် ကိုယ့်ကို ကိုယ် ဆက်ကပ်ခဲ့သည်မှာ၊ ဝိညာဉ်ရေးရာအားဖြင့် ဗလာဟောင်းလောင်း ဖြစ်နေကြသော ကွန်မြူနစ်တို့ထံသို့ ကျွန်ုပ်၌ရှိသော ခရစ်တော်၏ မြတ်မေတ္တာနှင့် ဝမ်းမြောက်ခြင်းကို ယူဆောင်ရန် ဖြစ်ပေသည်။

ကွန်မြူနစ် စနစ်ကို မုန်းသော်လည်း လူတို့ကိုမူ ချစ်ပါ၏။ အပြစ်ကို မုန်းသော်လည်း အပြစ်သားကိုမူ ချစ်ပါ၏။ ကွန်မြူနစ် လူသား များကို နှလုံးသား အကြွင်းမဲ့ ကျွန်တော် ချစ်သည်။

ကွန်မြူနစ်တို့သည် ခရစ်ယာန်များကို သတ်နိုင်သည်။ သို့သော် သူတို့ကို သတ်ဖြတ်သော ကွန်မြူးနစ်တို့အတွက် မိမိတို့၌ ရှိသော ချစ်ခြင်းမေတ္တာကိုမူ ကွန်မြူနစ်တို့သည် မသတ်နိုင်ချေ။ ကွန်မြူနစ် သို့မဟုတ် ကျွန်ုပ်ကို ညှင်းပန်းနှိပ်စက်သော သူများအတွက် ကျွန်ုပ်မှာ ခါးသီးမှု သို့မဟုတ် မုန်းတီးခြင်း အနည်းငယ်မျှပင် မရှိချေ။




ဤ "Tortured for Christ" စာအုပ်သည် ဘာသာပေါင်း (၇၀) ကျော်ဖြင့် ဘာသာပြန်ဆို ထားခဲ့ပြီး ဖြစ်ရာ။ ၎င်းတို့အနက် အချို့ကို ဖော်ပြထားခြင်းဖြစ်သည်။



၁

# ခရစ်တော်၏ မေတ္တာတော်ဖြင့် ကွန်မြူနစ်ဝါဒကို အောင်နိုင်ခြင်း

## Defeating Communism with the Love of Christ

ဂျူးလူမျိုးတို့၌ ဒဏ္ဍာရီတစ်ခုရှိသည်မှာ၊ ၎င်းတို့၏ ဘိုးဘေးများ အဲဂုတ္တုပြည်မှ လွတ်လာစဉ်၌ အဲဂုတ္တုပြည်သားတို့ ပင်လယ်နီတွင် ရေနစ်သေဆုံးကြသောအခါ ဣသရေလ လူမျိုးတို့ သီဆိုသော အောင်မြင်ခြင်း သီချင်းကို ကောင်းကင်တမန်များကလည်း ဝိုင်းဆိုကြသည် ဆို၏။ ထိုအခါ ဘုရားသခင်သည် ကောင်းကင်တမန်များအား ဤသို့မေးခွန်းထုတ်တော်မူခဲ့သည်။ "ဂျူးလူမျိုးတို့သည် လူသားများပီပီ မိမိတို့၏ လွတ်မြောက်ခြင်းအတွက် ဝမ်းသာသင့်သည်။ သို့သော် သင်တို့သည် ကောင်းကင်သားများပီပီ သင်တို့ထံမှ သာ၍ သိတတ်ခြင်းကို ငါမျှော်လင့်၏။ အဲဂုတ္တုပြည်သားတို့သည်လည်း ငါဖန်ဆင်းသောလူများ မဟုတ်ပေဘူးလား။ ၎င်းတို့ကိုလည်း ငါမချစ်ပေဘူးလား။ ၎င်းတို့၏ ကံကြမ္မာဆိုးအတွက် ငါ့ဝမ်းနည်းခြင်းကို သင်တို့ဘာကြောင့် မျှဝေ မခံစားတတ်ကြသလဲ။

(ယော၅း၁၃)၌လည်း "ယောရှုသည် ယေရိခေါ မြို့အနားမှာ ရှိနေစဉ် မျှော်ကြည့်၍ လူတစ်ယောက်သည် ထားကိုထား အိမ်မှထုတ်ကိုင်လျက်၊ ကန့်လန့်ရပ်နေသည်ကိုမြင်လျှင် သူတို့ထံသို့ သွား၍ 'သင်သည် ငါတို့ဘက်၌နေသော သူလော၊ ငါတို့ရန်သူဘက်၌ နေသောသူလော' ဟု မေး၏" ဟု တွေ့ရသည်။

ယောရှုတွေ့သောသူသည် သာမန်လူသာဖြစ်ခဲ့လျှင် ထိုလူ ပြန်ပြောမည့် အဖြေသည် "ငါသင့်ဘက်ကပါ" သို့မဟုတ် "ငါ သင့်ရန်သူဘက်ကပါ" သို့တည်းမဟုတ် "ငါ ဘယ်သူ့ဘက်မှာ မှ မပါဘူး" ဟူ၍ ဖြစ်နိုင်သည်။ သို့သော် ယောရှုတွေ့သောသူသည် ကိုယ်တော်ထံမှလာသောသူဖြစ်ပါသဖြင့် ဣသရေလ လူမျိုးတို့ကို ဆန့်ကျင်သူ ဟုတ် မဟုတ်

မေးသောအခါ သဘောပေါက်နားလည်ရန် ခက်ခဲသော အဖြေဖြစ်သည့် "ထိုသို့မဟုတ်" ဟု ပေးခဲ့သည်။

ထိုသူသည် ဘက်လိုက်တတ်သော အရပ်ကလာသည်မဟုတ်။ အရာခပ်သိမ်းကို သိနားလည်လျက် လူအသီးသီးအကြောင်းကို သိတော်မူကာ ကရုဏာမေတ္တာ မီးလျှံဖြင့် ကြည့်ရှုတော်မူသောငါ နေတော်က ရောက် လာသူဖြစ်သည်။

ကွန်မြူနစ် စနစ်သည် ကြမ်းတမ်းရိုင်းစိုင်းလွန်းလှသဖြင့် ၎င်းစနစ်ကို ကျင့်သုံး ထောက်ခံသော ကွန်မြူနစ်များကို ကျွန်ုပ်တို့ တိုက်ခိုက်ရမည်။

သို့သော် ခရစ်ယာန်တို့သည် သာမန်လူတို့ထက် သာလွန်သောသူများဖြစ်ကြသည်။ တစ်နည်းဆိုလျှင် ခရစ်ယာန်တို့သည် ဘုရားသားများဖြစ်ကြပြီး ဘုရားသခင်၏ ဇာတိပကတိသဘော မျှဝေခံစားသူများ ဖြစ်ကြသည်။ ထို့ကြောင့် ကွန်မြူနစ် ထောင်ထဲက ညှင်းပန်းနှိပ်စက်မှု ခံခြင်းကြောင့် ကွန်မြူနစ်များကို ကျွန်တော် မမုန်းပါ။ မည်ကဲ့သို့ မုန်းနိုင်ပါမည်နည်း။ သို့တစေ ၎င်းတို့၏ မိတ်ဆွေလည်း မဖြစ်နိုင်ပါ။ မိတ်ဆွေဟူသည် နှစ်ကိုယ်တစ်စိတ် ရှိရမည်။ ကွန်မြူနစ်တစ်ယောက်နှင့် ကျွန်တော် နှစ်ကိုယ်တစ်စိတ် မရှိနိုင်ပါ။ ကျွန်တော်ဘုရားသခင်ကို ချစ်သည်။ ၎င်းတို့သည် ဘုရားကို မုန်း၏။

အကယ်၍ ကျွန်ုပ်အား "ကွန်မြူနစ်များကို အားပေးသလား၊ ဆန့်ကျင်သလား" မေးလျှင် ကျွန်ုပ်၏ အဖြေသည် အနည်းငယ် ရှုပ်ထွေးသည်။ ကွန်မြူနစ်ဝါဒသည် လူသားတို့အတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုဖြစ်သောကြောင့် ကျွန်တော် ပြင်းထန်စွာ ဆန့်ကျင်သည်။ ဖြုတ်ချပျက်စီးသည်အထိ တိုက်လှန်လိုပါသည်။

သို့သော် ဝိညာဉ်အားဖြင့် ကျွန်တော်သည် ကောင်းကင်ဘုံ၌ ခရစ်တော်နှင့်အတူ ထိုင်နေပါသည်။ ထိုနေရာ ထိုဘုံတွင် 'ဘူး' ဟူသော စကားမရှိ။ ကွန်မြူနစ်များသည်ပင်လျှင် ၎င်းတို့၏ အပြစ်များကို မကြည့်ဘဲ နားလည်ကြသည်။ ချစ်ကြသည်။ ထိုဘုံ၌ စံမြန်းနေကြသော ကောင်းကင်တမန်တို့သည် လူသားတိုင်းကို အမြင့်ဆုံးသောပန်းတုံးတိုင်

ရောက်စေနိုင်ဖို့ အကူအညီပေးလေ့ ရှိကြသည်။ ယင်းပန်းတိုးနိုင်သည် ခရစ်တော်နှင့်တူသော အသက်တာ ရရှိနိုင်ရေးပင် ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်၏ ရည်ရွယ်ချက် ဆန္ဒမွန်သည် ကွန်မြူနစ်တို့ထံသို့ ခရစ်တော်၏ ကယ်တင်ခြင်း သတင်းကောင်း ပြန့်ပွားရေးပင်ဖြစ်သည်။ ကျွန်ုပ်၏ အရှင်သခင်ဖြစ်သော ခရစ်တော်သည် ကွန်မြူနစ်တို့ကိုလည်း ချစ်တော်မူ၏။ ဖြောင့်မတ်သော သိုးကိုးဆယ်ကိုးကောင်ကို ထားခဲ့၍ လမ်းလျှောက်သော သိုးတစ်ကောင်ကို လိုက်ရှာလိုကြောင်း၊ လူသားတိုင်းကို ချစ်တော်မူကြောင်း မိမိကိုယ်တော်တိုင် သက်သေခံခဲ့ဖူးသည်။ နာမတော်နှင့် ယှဉ်သော တစ်ကမ္ဘာလုံးအတွက် ကိုယ်တော်၏ မေတ္တာကို တမန်တော်များနှင့် ခရစ်ယာန် ခေါင်းဆောင်ကြီးများ အားလုံးက ဟောပြောသက်သေခံလျက် ရှိကြသည်။

St. Macary က ပြောဖူးသည်။ "တစ်စုံတစ်ယောက်သော သူက လူတိုင်းကို ပျူငှာစွာ ချစ်နိုင်တယ်လို့ ပြောပေမယ့် တစ်ယောက်ယောက်ကို မုန်းခဲ့တယ်ဆိုရင်၊ ထိုသူဟာ ခရစ်ယာန် အစစ်မဟုတ်"။

St. Augustine ကလည်း "လူသားအားလုံး ဖြောင့်မတ်ပြီး အပြစ်ရှိသူတစ်ဦးတစ်ယောက်ထဲသာ ရှိခဲ့ရင်လဲ ခရစ်တော်ဟာ ထိုသူအတွက်ကားတိုင်မှာ အသေခံဖို့ လာပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ခရစ်တော်ဟာ လူတိုင်းကို ချစ်တော်မူတဲ့အတွက် ဖြစ်တယ်"။

ခရစ်ယာန်တို့၏ သင်ကြားပို့ချနည်းသည် ရှင်းပါသည်။ ကွန်မြူနစ်တို့သည် လူသားများဖြစ်ကြသောကြောင့် ခရစ်တော်က ချစ်တော်မူ၏။ အလားတူ ခရစ်တော်၏ စိတ်ထားရှိသူတိုင်းကလည်း ကွန်မြူနစ်တို့ကို ချစ်ကြပါ၏။ ကျွန်ုပ်တို့သည် အပြစ်ကို မုန်းသော်လည်း အပြစ် သားကိုမူ ချစ်ပါသည်။

ကွန်မြူနစ်တို့အား ကျွန်ုပ်တို့က ချစ်နိုင်ခြင်းကို ကြည့်ခြင်းအားဖြင့် ခရစ်တော်သည် ကွန်မြူနစ်တို့ကို ချစ်တော်မူကြောင်း သိနိုင်သည်။

ပေါင်ငါးဆယ်လေးသော ခြေကျင်းကိုခတ်လျက်၊ သံပူချောင်းဖြင့် ညှင်းပန်းနှိပ်စက်ရင်း၊ ဆားတစ်ဇွန်းကို ရေမသောက်ဘဲ လည်ချောင်း

ထဲသို့ ခတ်ထည့်ခြင်းခံကာ၊ အစာမကျွေးဘဲ၊ အအေးဒဏ်ထဲ အရိုက်ခံနေသော ခရစ်ယာန်များစွာ ကွန်မြူနစ်ထောင်ထဲမှာ ကျွန်တော်တွေ့ခဲ့ပြီ။ ၎င်းတို့ကပင်လျှင် ကွန်မြူနစ်တို့အတွက် အားပါးတရ ဆုတောင်းပေးလေ့ရှိ၏။

ထို အခြေအနေမျိုးမှာ ဆုတောင်းပေးနိုင်ခြင်းသည် လူသားအနေဖြင့် သဘောပေါက်ရန် ခဲယဉ်းလှသည်။ ၎င်းသည် ကျွန်ုပ်တို့၏ နှလုံးသားထဲသို့ သွန်းလောင်းခြင်း ခံသော ခရစ်တော်၏ ချစ်ခြင်းမေတ္တာ အသီးအပွင့် ပေတည်း။

နောက်ပိုင်းတွင် ကျွန်ုပ်တို့ကို ညှင်း ပန်းနှိပ်စက်ခဲ့သော ကွန်မြူနစ်တို့အထဲမှ အကျဉ်းထောင်သို့ ရောက်လာသောသူ ရှိကြသည်။ ကွန်မြူနစ်တိုင်းပြည်တွင် သာမန် ကွန်မြူနစ်များသာမကဘဲ၊ ခေါင်းဆောင်များပင်လျှင် ရန်သူအနေဖြင့် မကြာခဏ အဖမ်းခံရ တတ်ကြသည်။ ညှင်းပန်းနှိပ်စက်ခြင်း အမှုကို ကျူးလွန်ခဲ့သောသူသည် ညှင်းပန်းနှိပ်စက်ခြင်း ခံခဲ့သောသူနှင့် တစ်ခန်းတည်းတွင် နေကြတော့သည်။ ထိုအခါ ခရစ်ယာန် မဟုတ်သော သူတို့သည် မိမိတို့ကို ညှင်းပန်းနှိပ်စက် ခဲ့သောသူအား မုန်းတီးသော စိတ်ဖြင့် ရိုက်ပုတ်တတ်ကြရာ ခရစ်ယာန်တို့ကဖြန်ဖြေ အကာအကွယ်ပေးသောကြောင့် ၎င်းတို့၏ လက်သီးများသည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာပေါ်သို့သာကျရောက်ပြီး ကွန်မြူနစ်တို့၏ အပေါင်းအပါဟု အထင်လွဲခြင်းပါခံရသည်။

***ကွန်မြူနစ်တို့သည် လူသားများ ဖြစ်ကြသောကြောင့် ခရစ်တော်က ချစ်တော်မူ၏၊ ခရစ်တော် စိတ်ထား ရှိသူတိုင်းကလည်း ချစ်ကြပါ၏၊***

ကျွန်ုပ်တို့အား ပေါင်မုန့်တစ်ချပ်ကို တစ်ပတ်တစ်ကြိမ် နှုန်းဖြင့် ကျွေးကြသည်တွင် ခရစ်ယာန်အချို့သည် မိမိတို့၏ ခွဲတန်းပေါင်မုန့်နှင့် ဆေးဝါးများကို အနီးအနားမှာ ဖျားနာနေသော မိတ်ဆွေ အကျဉ်းသား မှန်လျှင် ကျွန်ုပ်တို့ကို ညှင်းပန်းနှိပ်စက်ခဲ့သောသူဖြစ်လင့်ကစား မျှဝေ စားသုံးစေခဲ့ကြသည်။





အမေရိကန် လွှတ်တော်အမတ်များ ရှေ့၌ သက်သေခံခဲ့စဉ်က (Pastor Wurmufrand) သည် အင်္ကျီကို ချွတ်ကာညှင်းပန်းနှိပ်စက်ခြင်းကြောင့် ရရှိခဲ့သော ကိုယ်ပေါ်ကအမာရွတ်များကို ပြခဲ့သည်။ စကားအမျိုးပေါင်းများစွာ ပြောတတ်ရကား အသင်းတော်နှင့် ပတ်သက်၍ ရုရှားသတင်းစာက လိမ်လည် ရေးသားထားသော အချက်ကိုလည်း ထောက်ကာ ပြောပြခဲ့သည်။

ရိုမေးနီးယား ဝန်ကြီးချုပ်ဟောင်းဖြစ်လျက် ထောင်ထဲမှာ သေဆုံးခဲ့သော Iuliu Maniu ခေါ် ခရစ်ယာန် ပုဂ္ဂိုလ်ကြီးက ပြောဖူးသည်မှာ "တကယ်လို့ ကျွန်ုပ်တို့တိုင်းပြည်မှာ ကွန်မြူနစ်တို့ကို ဖြုတ်ချလို့ရခဲ့ရင် ခရစ်ယာန်တို့ရဲ့ အသန့်ရှင်းဆုံးသော မဖြစ်မနေ တာဝန်တစ်ရပ်ဟာ နိုင်လိုမင်းထက် ကျင့်ခြင်းခံခဲ့တဲ့ ပြည်သူတို့ရဲ့ တရားသော အမျက်ဒေါသထခြင်းမှ ကွန်မြူနစ်တို့ကို လမ်းပေါ်ထွက်ကာ အသက်ပေး ကာကွယ်ခြင်းပင် ဖြစ်ပါတယ်" ဟူ၍ ဖြစ်သည်။

ကျွန်ုပ် အသက်တာပြောင်းလဲခါစ နေ့ရက်များတွင် ဆက်လက်အသက်ရှင်နိုင်လိမ့်မည်ဟု မထင်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် လမ်းလျှောက်ထွက်တိုင်း ဖြတ်သန်းသွားလာသူအားလုံး၏ ဝိညာဉ်ရေးရာကို တွေးကြည့်သော အခါ အသဲနှလုံးသာမက ခန္ဓာကိုယ်ထိတိုင်အောင် နာကျင်မှုဒဏ် ခံစားရသည်။ နှလုံးသားကိုလည်း ဓားဖြင့်ထိုးသကဲ့သို့ ခံစားပြီး 'သူ/သူမသည်ကယ်တင်ခြင်းရပါလေစ' ဟူသော အတွေးမီးလျှံဖြင့် လောင်ကျွမ်းလျက်ရှိ၏။ ကျွန်ုပ် အသင်းတော်မှ အသင်းသူ/သားတစ်စုံ တစ်ယောက် အပြစ်ကျူးခဲ့မိလျှင်လည်း နာရီအတန်ကြာအောင် ငိုလေ့ရှိ၏။

*လူသားတိုင်းကယ်တင်ခြင်း ရရှိရန်လိုလားစွဲလန်းခြင်းက နှလုံးသားထဲ ကိန်းအောင်း စွဲမြဲနေ ပါသဖြင့် ကွန်မြူနစ်များကိုလည်း ပမထားနိုင်ပါ၊*

ထိုကဲ့သို့ လူသားတိုင်း ကယ်တင်ခြင်း ရရှိရန် လိုလားစွဲလန်းခြင်းက ကျွန်ုပ်နှလုံးသားထဲတွင် ကိန်းအောင်း စွဲမြဲနေပါသဖြင့် ကွန်မြူနစ်များကိုလည်း ပမထားနိုင်ပါ။

တစ်ဦးတည်း အကျဉ်းထောင်၌ သီးသန့်ရောက်သောအခါတွင်မူ အရင်ကကဲ့သို့ ဆုမတောင်းနိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် မတွေးဆနိုင်လောက်အောင် ဆာလောင်မွတ်သိပ်ကြသည် သာမက ရူးလုမတတ် ဆေးအမျိုးမျိုးတိုက်ခြင်း ခံခဲ့ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အရိုးပေါ် အရေတင်ရုံပဲ ရှိခဲ့ကြသည်။ ပဌနာတော်သည်ပင်လျှင် ကျွန်ုပ်အတွက် ရှည်လွန်းသည်ဟုထင်၏။ ပိန်ချုံးချိနဲ့လွန်းသဖြင့် အားမရှိချေ။

ထပ်ကာတလဲလဲ (တိုတိုတောင်းတောင်း) ရွတ်နေခဲ့သော ဆုတောင်း ပဌနာသည် "ယေရှု ကိုယ်တော်ကိုချစ်သည်" ဟူသော စကားပင်ဖြစ်ပေသည်။ နေ့ထူးရက်မြတ် တစ်နေ့တွင် ယေရှုထံမှ အဖြေရခဲ့သည်မှာ "သင်ငါ့ကို ချစ်တယ်ဟုတ်လား၊ အခု သားကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါ ပြမယ်" ဟူ၍ ဖြစ်သည်။

ချက်ခြင်းပင် ကျွန်ုပ်၏ နှလုံးသားတွင်နေဆယ်စင်း ပူလောင်သကဲ့သို့ အပူဒဏ် ခံစားရသည်။ ဧမောက်လမ်းပေါ်က တမန်တော်တို့ကလည်း ယေရှု စကားပြောသံ ကြားကြသည်နှင့် တစ်ပြိုင်တည်း စိတ်နှလုံးလောင်ကျွမ်းခြင်း ယိုဖိတ်မတတ် ခံစားခဲ့ကြသည် မဟုတ်ပါလား။

ကျွန်ုပ်တို့အားလုံးအတွက် ကားတိုင်မှာ အသက်ပေးတော်မူခဲ့သော အရှင်၏ ချစ်မေတ္တာအကြောင်း သိခဲ့ပြီးပါပြီ။ ထိုချစ်မေတ္တာတော်သည် ကွန်မြူနစ်တို့အား မည်မျှပင် အပြစ်ကြီးသည်ဖြစ်စေ ကျောခိုင်းစွန့်ပစ်မထားပေ။

ကွန်မြူနစ်တို့သည် ကြီးလေးညစ်ညမ်းသော အပြစ်ကို ကျူးလွန်ခဲ့ကြပြီ၊ ဆက်လက် ကျူးလွန်နေကြဆဲ ဖြစ်ပါသော်လည်း "မေတ္တာသည် သေခြင်းနှင့်အမျှ တန်ခိုးကြီးပါ၏။ မနာလို ဝန်တိုစိတ်သည် မရဏာနိုင်ငံနှင့် အမျှ ခက်ထန်ပါ၏... ရေများတို့သည် မေတ္တာကို မသတ်နိုင်၊ မြစ်ရေတို့သည် မလွှမ်းမိုးနိုင်" (ရှောလမုန်သီချင်း ၈း၆–၇)။ မရဏာနိုင်ငံသည် ချမ်းသာသူ၊ ဆင်းရဲသူ၊ လူကြီး လူငယ်၊ လူမျိုးဘာသာမရွေး၊ နိုင်ငံမရွေး နိုင်ငံရေးခံယူချက် မရွေး၊ သူတော်စင်နှင့် လူယုတ်မာမရွေး လက်ကမ်းဆွဲခေါ်နေ သကဲ့သို့ ချစ်ခြင်းမေတ္တာကလည်း လူသားအားလုံးကို လွှမ်းခြုံရစ်ပတ်လျက် ရှိပေသည်။ လူဝင်စားသော ချစ်ခြင်းမေတ္တာ အရှင်ခရစ်တော်သည် လူသားအားလုံးကို အထံတော်သို့ ရောက်စေလိုသည်။ ၎င်းတို့အနက် ကွန်မြူနစ်တို့လည်း အပါအဝင်ဖြစ်သည်။

အမှုတော်ဆောင် တစ်ပါးအား ပြင်းထန်စွာ ရိုက်ပုတ်ကြပြီးမှ ကျွန်ုပ်အခန်းထဲသို့ ပစ်လာခဲ့ကြသည်။ မျက်နှာနှင့်တစ်ကိုယ်လုံးမှ သွေးအလူးလူးထွက်ပြီး သေလုနီးပါး ခံစားနေသည်။ သူ့ကို ကျွန်ုပ်တို့က



“မြေအောက်သင်းဝင်တစ်ဦးဖြစ်ပြီး၊ အကျဉ်းထောင်မှာ မသေဘဲ လွတ်လာသော သူအနေနဲ့၊ ထောင်ထဲမှာ ကျန်ခဲ့သော ညီအစ်ကိုများထံမှ တောင်းပန်နိုးဆော်သောစကား ယူဆောင်လာခဲ့တယ်။ ကွန်မြူနစ်တိုင်းပြည်များနှင့် ဖိနှိပ်ခံ တိုင်းပြည်များသို့ ခရစ်တော်ကို ဆောင်ယူဖို့ အရမ်းလိုအပ်နေပြီ ဖြစ်ကြောင်း ပြောခဲ့ပြီးပြီ။ ခရစ်ယာန် မာတုရများ၏ မိသားစုများကို အကူအညီပေးဖို့ အရမ်းလိုအပ်နေကြောင်းလဲ ပြောပြီးခဲ့ပြီ”

အခွင့်အရေးတိုင်းကို လက်လွှတ်မခံဘဲ ဘာသာရေးနှင့် နိုင်ငံရေး အစည်းအဝေးတိုင်းတွင် ‘ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့’ အား လစ်လျူရှု မထားရန်(Pastor Wurmbrand)သည် အစဉ်သတိပေးဟောပြောလေ၏။



ဆေးကြောပေးသည်။ အကျဉ်းသား တစ်ချို့က ကွန်မြူးနစ်တို့ကို ကျိန်ဆဲကြသည်ကို ကြားသောအခါ ထိုသူသည် ညည်းညူသံဖြင့် "မကျိန်ဆဲပါနဲ့ဗျာ၊ ငြိမ်ငြိမ်သာ နေကြစမ်းပါ။ သူတို့အတွက် ကျနော် ဆုတောင်းချင်တယ်" ဟူ၍ စကားပြောလာခဲ့သည်။

ꩤꩤꩤꩤꩤ

## ထောင်ထဲ၌ပင်လျှင် ဝမ်းမြောက်ပျော်ရွှင်မှု ရရှိနိုင်သော နည်းလမ်း

## How we could be joyful - even in prison

တစ်ဆယ်လေးနှစ် ထောင်ဘဝကို စဉ်းစားသောအခါတိုင်း ဝမ်းမြောက်ဝမ်းသာ ရှိခဲ့သည့် အချိန်များလည်း ရှိခဲ့ကြောင်း သတိရမိပါသည်။ အလွန်ဆိုးဝါးသော ပတ်ဝန်းကျင် အခြေအနေ၌ပင်လျှင် ခရစ်ယာန်များသည် ဝမ်းမြောက်ပျော်ရွှင်စွာ နေခဲ့ကြသည်ကို အခြားသော အကျဉ်းသားများနှင့် အစောင့်များက မြင်သောအခါ အံ့အားသင့်ကြသည်။

သီဆိုခြင်းကြောင့် ရိုက်ပုတ်ခြင်းခံခဲ့ကြပါသော်လည်း ကျွန်ုပ်တို့ သီချင်းမဆိုဘဲ မနေနိုင်ကြပါ (Nightingales)ခေါ် ညတေးသီငှက်များသည် သီဆိုအပြီး ပစ်သတ်ခြင်း ခံမည်ကို သိသော်ငြားလည်း မဆိုဘဲ မနေနိုင်ကြောင်း သဘောပေါက်မိသည်။ ထောင်ထဲက ခရစ်ယာန်များသည် ဝမ်းမြောက်ခြင်းဖြင့် ကခုန်ကြသည်။ ဤကဲ့သို့ ဝမ်းနည်းဖွယ် အခြေအနေမျိုးမှာ အဘယ်ကြောင့် ဝမ်းသာနေကြရပါသနည်း။

တမန်တော်များကို သွန်သင်သောခရစ်တော်၏ "ယခုမြင်သမျှသောအရာတို့ကို သင်တို့မြင်သောကြောင့် သင်တို့ မျက်စိသည် မင်္ဂလာရှိ၏" ဟူသော ကျမ်းချက်ကို ကျွန်တော် ထောင်ထဲမှ မကြာခဏ ရွတ်လေ့ရှိ၏။ (လုကာ ၊ ၁၀ း ၂၃)

တမန်တော်တို့သည် ရွံ့မုန်းစက်ဆုပ်ဖွယ် ဖြစ်ရပ်များကို ပါလက်စတိုင်း တစ်လျှောက် မြင်တွေ့ခဲ့ကြအပြီး၊ အိမ်ပြန်လာကြသည်။ ပါလက်စတိုင်းသည် ရိုမေးနီးယားကဲ့သို့ ဖိနှိပ်ခံတိုင်းပြည် ဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်ခြင်း ခံရသော လူတန်းစားများ၏ ပြင်းထန်သော စိတ်ဆင်းရဲခြင်းကို နေရာတကာ မြင်ရကြသည်။ ဖျားနာခြင်း၊ ရောဂါဘယ၊ အစာငတ်မွတ်ခေါင်းပါးခြင်းနှင့် ဝမ်းနည်းစရာ ဖြစ်ရပ်တမျိုးမျိုး တွေ့မြင်ခဲ့ကြသည်။ မျိုးချစ်ပုဂ္ဂိုလ်များ အဆွဲခံလျက် မိဘ သို့မဟုတ် ဇနီးသည်များ ငိုကြွေးနေရသော အိမ်ထောင် မိသားစုများလည်း တွေ့ခဲ့ကြသည်။ ရှုမောဖွယ် လှပသော တိုင်းပြည် မဟုတ်ခဲ့ချေ။

သို့တစေ၊ ယေရှုက သွန်သင်ရာ၌ "သင်တို့မြင်သည့် အရာများကို မြင်သောမျက်စိသည် မင်္ဂလာရှိ၏" ဟူ၍ မြွက်ဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် အခက်အခဲများကိုသာ မြင်တွေ့ရသည် မဟုတ်။ ကယ်တင်ရှင်ကိုလည်း မြင်ခဲ့ကြသည်။ အစပထမ၌မူ အရုပ်ဆိုးသော ပိုးကောင်များ ထွက်လာပါသည်။ ၎င်းနောက် ခူကောင်များ အဖြစ်သစ်ရွက်ပေါ် တွယ်တက်လာကြပြီး နောက်ဆုံးတွင် လှပသော ရောင်စုံလိပ်ပြာဘဝအဖြစ် ရောက်လာကာ ပန်းတစ်ပွင့်မှ နောက်တစ်ပွင့်သို့ လူးလာကူးခပ် ဝတ်မှုံစုပ်နေသော လိပ်ပြာကဲ့သို့ ကျွန်ုပ်တို့ ဘဝသည်လည်း ထပ်တူထပ်မျှရှိကြောင်း၊ ခက်ထန်သော ဘဝကြားက နားလည် ကြပါ၏။ ထိုကဲ့သို့သော ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့အတွက်လည်း ဖြစ်သည်။

ကျွန်ုပ်၏ ဘေးပတ်လည်တွင် 'ယောဘ'များစွာ ရှိကြသည်။ အချို့သည် ယောဘထက်ပင် အနာတရ ခံခဲ့ကြရ၏။ သို့သော် ကျွန်တော် ယောဘအကြောင်း ကောင်းစွာသိသည်။ ယခင်ကထက် နှစ်ဆသော ကောင်းကြီးမင်္ဂလာ ခံစားခဲ့သည်။ ၎င်းပြင် ကျွန်ုပ်၏ ဘေးပတ်ဝန်းကျင်မှာ လာဇရုကဲ့သို့ အနာစိမ်းနှင့် ပြည့်လျက် ဆာလောင်မွတ်သိပ်ခြင်း ခံစားနေသော သူတောင်းစားများ ရှိကြပါသည်။ တစ်နေ့ ထိုလူများ အကျဉ်းသားများသည် အာဗြဟံ၏ ရင်ခွင်သို့ ကောင်းကင်တမန်များက ယူဆောင်သွားကြမည် ဖြစ်ကြောင်း သိပါ၏။




ထောင်ထဲကလွတ်သည်နှင့် တစ်ပြိုင်တည်း ထောင်ပေါင်းများစွာသော ဝတ်ပြုအစည်းအဝေးများတွင် (Pastor Wurmbrand) သည် သက်သေခံ ဝေငှလေ့ရှိ၏။ (Voice of the Martyrs Missions) ခေါ် မာတုရများ၏ အသံသာသနာပြု အဖွဲ့ များသည် (I.C.A) ခေါ် တစ်ကမ္ဘာလုံး ခရစ်ယာန် အဖွဲ့ အစည်းနှင့် ပူးပေါင်းလုပ်ရှား လျက်ရှိ၏။ အောက်ပုံသည် ၎င်း အဖွဲ့ အစည်း၏ ပထမဆုံးအစည်းအဝေးများ အနက်တစ်ခုအပါအဝင်ဖြစ်သည်။



အနာဂတ်မှာ ဘုန်းဝင်စားမည့် အခြေအနေအရ သူတို့ကို ကျွန်တော်မြင်ခဲ့သည်။ အနားမှာရှိသည့် စုတ်တေညစ်ပတ်၍ အားနည်းပိန်လှီသော မာတုရများသည် မနက်ဖြန် ထယ်ဝါလှပသည့် သရဖူဆောင်းမည့် သူတော်စင်များ အနေဖြင့် မြင်မိသည်။

လူများကို လက်ရှိ အခြေအနေအတိုင်း မဟုတ်ဘဲ အနာဂတ် အခြေအနေအတိုင်း မြင်တတ်လာသောအခါ၊ ကျွန်ုပ်တို့ကို ညှင်းဆဲနေသော သူများကိုလည်း တာရှုမြို့က ရှောလုဖြစ်သော အနာဂတ် ပေါလုကဲ့သို့ မြင်တတ်လာခဲ့ပြီ။ အချို့သည် ကျွန်တော်မြင်ခဲ့သည့် အနာဂတ် အခြေအနေသို့ တကယ်ရောက်ရှိ နေခဲ့ကြပြီ။ လျှို့ဝှက်ရဲတပ်ဖွဲ့က အရာရှိများစွာတို့သည် ကျွန်တော်တို့၏ ဝေဒ သက်သေခံခြင်းကြောင့် ခရစ်တော်ကို လက်ခံယုံကြည်လာကြပြီး၊ နောင်တစ်ချိန်မှာ အကျဉ်းထောင်ထဲ ရောက်ဖို့အရေးကိုပင် မကြောက်ဘဲ ဝမ်းမြောက်ဝမ်းသာ ရှိကြ၏။

ပေါလုကို သုံးဆယ်ကိုးကြိမ် ရိုက်ခဲ့ကြသကဲ့သို့ ကျွန်ုပ်တို့ကို ရိုက်ပုတ်ခဲ့ကြပါသော်လည်း ထောင်မှူးများစွာ အနက်ဖိလ္လိပ္ပိထောင်မှူး ကဲ့သို့ အသက်တာ ပြောင်းလဲလာမည့်သူများကို ကြိုတင်မြင်ယောင်မိသည်။ မကြာမီ သူတို့က "ကယ်တင်ခြင်းရဖို့ ဘာလုပ်ရမလဲ"ဟု မေးလာမည့် အချိန်ကို အိပ်မက် မက်မိသည်။

***၎င်းတို့က ကျွန်ုပ်တို့ကို ညှင်းပန်းနှိပ်စက်နေသည့် အကြားမှာ သူတို့ကို ချစ်ဖို့ သင်ခန်းစာ ရလေ့ရှိ၏။***

ခရစ်ယာန်များကို လက်ဝါးကပ်တိုင်များမှာ ဆွဲတင်ကာ အမျိုးမျိုး ကျီစယ်ပြောင်လှောင်ရင်း လူ့မစင်ဖြင့် ပက်ဖြန်းသုတ်လူးသော သူများ အထဲတွင် အပြစ်ကြောင့် နောင်တရကာ ရင်ထုနေကြသော ဂေါလဂေါသခေါ် ဦးခေါင်းခွံအရပ်က လူထုကို မြင်ယောင်မိသည်။

ကွန်မြူနစ်တို့အတွက် ကယ်တင်ခြင်းရဖို့ မျှော်လင့်စရာအကောင်းဆုံးသော နေရာသည်။ အကျဉ်းထောင်ပင်ဖြစ်သည်။ ဤနေရာသည်သာ မိမိကံကြမ္မာကို မိမိဖန်တီးပိုင်ခွင့်ရှိကြောင်း သဘောပေါက်နိုင်သော

နေရာဖြစ်သည်။ ၎င်းတို့က ကျွန်ုပ်တို့ကို ညှင်းပန်းနှိပ်စက် နေသည့်ကြားမှ သူတို့ကို ချစ်ဖို့ သင်ခန်းစာ ရလေ့ရှိ၏။

ကျွန်ုပ်၏ မိသားစုထဲက အများစုသည် အသတ်ခံကြရသည်။ ထိုလူသတ်သမားသည် ကျွန်ုပ်အိမ်မှာပင် အသက်တာပြောင်းလဲခဲ့သည်။ ထိုသူအဖို့ အသက်တာပြောင်းလဲရန် အသင့်တော်ဆုံး နေရာသည် ကျွန်ုပ်အိမ်ပင်ဖြစ်သည်။ အတွေ့အကြုံအရ ကွန်မြူနစ်တို့ထံသို့ အမှုတော်ဆောင်ရွက်ရန် နည်းပရိယာယ်သည် ကွန်မြူနစ်အကျဉ်းထောင်ကပင် မွေးဖွားခဲ့ပါသည်။

ပုရွက်ဆိတ်တို့၏ အမြင်သည် လူ့အမြင်နှင့် မတူသကဲ့သို့ လူတို့၏ အမြင်သည် ဘုရားသခင်၏ အမြင်နှင့်မတူချေ။ ကားတိုင်မှာ ဆွဲတင်ပြီး မစင်လူးခြင်းခံရသည်မှာ လူ့အမြင်အားဖြင့်ဆိုလျှင် အလွန်ဆိုးယုတ်ညစ်ညမ်းသော အမှုပင်ဖြစ်ပေသည်။ သို့သော် သမ္မာကျမ်းစာကမူ မာတုရတို့၏ ဒုက္ခဆင်းရဲ ခံစားခြင်းကို "ပေါ့ပါးသော နာကျင်ခြင်း" ဟု ခေါ်သည်။

ထောင်ထဲမှာ တစ်ဆယ်လေးနှစ်တိုင်တိုင် နေရခြင်းသည် ကျွန်ုပ်တို့အဖို့ အလွန်ကြာညောင်းသလို ခံစားရသည်။ ကျမ်းစာကမူ "တစ်ခဏ" ဟုခေါ်ပြီး ဤအရာများသည် "အတိုင်းထက်အလွန် ကြီးမြတ်လေးလံသော နိစ္စထာဝရဘုန်းအသရေကို ငါတို့အဖို့ ဖြစ်စေတတ်၏" ဟု မှတ်တမ်းတင်ထား၏ (၂ကော ၄:၁၄)

ဤအချက်က ကျွန်တော်တို့အား ကွန်မြူနစ်တို့၏ရွံစရာကောင်းသော အပြစ်များနှင့် ခွင့်မလွှတ်နိုင်သော လုပ်ရပ်များသည် ဘုရားသခင်၏ အမြင်တော်တွင် ကျွန်ုပ်တို့၏ အမြင်ကဲ့သို့ မဟုတ်ဘဲ အသေးအမွှားသာဖြစ်ကြောင်း သင်ခန်းစာပေး၏။ ၎င်းတို့၏ တရားမရှိ ဓားမရှိနိုင်ထက်စီးနင်း လုပ်ရပ်များသည် လူ့တစ်သက် နာကျည်းဖွယ်ကောင်းပါသော်လည်း အနှစ်တစ်ထောင်သည် တစ်ရက်ကဲ့သို့သာ အထံတော်၌ရှိတော်မူသော ဘုရားသခင်အတွက်မူ တစ်ခဏတာပြစ်မှားမိခြင်း ကဲ့သို့သာ ဖြစ်သည်။ ထို့ကြောင့် ကွန်မြူနစ်တို့သည်လည်း ကယ်တင်ခြင်းရရှိရန်

အခွင့်အရေး ရှိပါသေးကြောင်း ထင်ရှားပါသည်။

ကောင်းကင်ဘုံ၏ တံခါးများသည် ကွန်မြူနစ်တို့အတွက် ပိတ်မထားပါ။ အလင်းရောင်သည်လည်း ၎င်းတို့အတွက် မှေးမှိန်မသွားပါ။ အခြားသော လူသားများကဲ့သို့ပင် နောင်တရခွင့် ရှိကြပါ၏။

ကွန်မြူနစ်ဖြစ်စေ၊ သူပုန်သူကန်ဖြစ်စေ ချစ်ခြင်းမေတ္တာကသာ ပြောင်းလဲစေနိုင်၏။ သို့သော် ၎င်းချစ်ခြင်းမေတ္တာသည် ခရစ်ယာန် မဟုတ်သော ဒဿနိက ဗေဒပညာရှင်များ၊ အချို့သော အသင်းတော်ခေါင်းဆောင်များ စသည်တို့ကဲ့သို့ ဤလောကနှင့် အပေးအယူလုပ်နေကြသော သူတို့၏ ကျင့်သုံးပိုင်ဆိုင်သော အချစ်မျိုး မဟုတ်ပေ။ မုန်းတီးမှုသည် မျက်စိကန်းစေသည်။ ဟစ်တလာသည် ကွန်မြူနစ်တို့၏ ရန်သူဖြစ်ပါ သော်လည်း မုန်းတီးခြင်းနှင့် ပြည့်သူဖြစ်သည်။ ထို့ကြောင့် သူသည် ကွန်မြူနစ်တို့ကို သိမ်းပိုက်မည့်အစား တစ်ကမ္ဘာလုံး၏ သုံးပုံတစ်ပုံသို့ ပြန့်ပွားစေခဲ့သည်။

ကွန်မြူနစ်ထောင်များသို့ သာသနာပြုခြင်း အမှုတော်မြတ်ကို ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာအားဖြင့် အစပြုရန် စီစဉ်ခဲ့ကြသည်။ ပထမဦးစားပေးအနေဖြင့် ခေါင်းဆောင်များကို ချိန်ရွယ်ခဲ့ကြသည်။

အချို့သော သာသနာပြု ဌာနက ဒါရိုက်တာ ခေါင်းဆောင်ကြီးများသည် အသင်းတော်သမိုင်းကို သိသင့်သလောက် မသိကြဟန်တူ၏။ နော်ဝေတိုင်းပြည်သည် ခရစ်တော်အတွက် မည်သို့မည်ပုံ ပြောင်းလဲခဲ့ပါသနည်း။ ရှင်ဘုရင် King Olaf ဦးစွာ ပြောင်းလဲခြင်းအားဖြင့် ဖြစ်နိုင်သည်။ ရုရှားသည်လည်း အသက်တာ ပြောင်းလဲလာသော ဘုရင် Vladimir ခေတ်မှ စ၍ သတင်းကောင်း စတင်ကြားနာခွင့် ရခဲ့သည်။

အလားတူ ဟန်ဂေရီသည် မိမိ ရှင်ဘုရင် St. Stephen အသက်တာ ပြောင်းလဲလာခြင်းအားဖြင့် ခရစ်ယာန်တိုင်းပြည် ဖြစ်လာသည်။ ပိုလန်နိုင်ငံသည်လည်း ထို့အတူပင် ဖြစ်သည်။ အာဖရိကတိုက်တွင်လည်း လူမျိုးနွယ်စုတို့၏ သူကြီးများကို အရင်ပြောင်းလဲစေခြင်းအားဖြင့် ကျန်လူများလည်း အလိုလို ပြောင်းလဲကြပါသည်။ မစ်ရှင်ခေါ် သာသနာပြုလုပ်ငန်းကို သာမန်လူ ခရစ်ယာန်အစစ်များအားဖြင့် စတင်

လုပ်ဆောင်ခဲ့သည်။ ၎င်းတို့သည် သာမန်လူများပီပီ၊ သူတစ်ပါးကို လွှမ်းမိုးရာ၌လည်းကောင်း၊ အခြေအနေကို ပြောင်းလဲစေရေးတွင်လည်းကောင်း အားနည်းကြသည်မှာ အမှန်ပင် ဖြစ်သည်။

အုပ်ချုပ်သူ လူတန်းစားများ၊ နိုင်ငံရေး၊ စီးပွားရေးခေါင်းဆောင်များနှင့် ဝိဇ္ဇာ သိပ္ပံပါရဂူ လူကြီးများကိုလည်း ချဉ်းကပ်ကာ အသက်တာပြောင်းလဲစေရမည်။ ၎င်းတို့သည် အထက်တန်းစားများ ဖြစ်သည်အားလျော်စွာ သူတစ်ပါးကို လွှမ်းမိုးနိုင်သော တန်ခိုးရှိကြသည်။ ၎င်းတို့ကို စိုးမိုးနိုင်လျှင် အလွှမ်းမိုးခံလူတန်းစားများသည် အလိုလိုနိုင်ပြီး ဖြစ်ကြသည်။

သာသနာပြု ဆရာတို့၏ ရှုထောင့်အားဖြင့်ကြည့်လျှင် ကွန်မြူနစ်စနစ်သည် ဗဟိုဦးစီးနစ်ဖြစ်သောကြောင့် အခြားလူမှုအဖွဲ့အစည်းများထက် အမြတ်ထုတ်စရာ အကြောင်းတစ်ခု ရှိသည်။ အကယ်၍ အမေရိကန်သမ္မတသည် Mormonism ခေါ် ခရစ်ဂိုဏ်းသို့ပြောင်းသွားသည် ဆိုပါစို့။ ၎င်းကြောင့် အမေရိကန်ပြည်သူလူထု ပြောင်းသွားချင်မှ ပြောင်းသွားလိမ့်မည်။ ကွန်မြူနစ် ခေါင်းဆောင်များမှာမူ ခရစ်ယာန်ဘာသာသက်ဝင် ယုံကြည်လာခဲ့ကြလျှင် တစ်တိုင်းတစ်ပြည်လုံး နှံ့သွားနိုင်သည်။ ခေါင်းဆောင်များသည် အလွန်တန်ခိုးကြီးကာ သူတစ်ပါးကို လွယ်လင့်တကူ လွှမ်းမိုးနိုင်သည်။

၎င်းခေါင်းဆောင်များသည် ပြောင်းလဲနိုင်ပါမည်လော။ ပြောင်းလဲနိုင်သည်မှာ အမှန်ပင်။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းတို့၏ အသက်တာသည် ငယ်သားများကဲ့သို့ပင် လုံခြုံမှုနှင့်ပျော်ရွှင်မှုအတိမရှိ။ ရုရှားကွန်မြူနစ်ခေါင်းဆောင်အားလုံးနီးပါး ထောင်ထဲသို့ ဘဝနိဂုံးချုပ်ခဲ့ကြသည်၊ သို့မဟုတ် မိမိတို့၏ အပေါင်းပါများ ပစ်သတ်ခြင်း ခံခဲ့ကြသည်။ တရုတ်လည်း ထို့အတူပင်။

ပြည်တွင်းရေးရာဝန်ကြီးများဖြစ်ကြသော Iagoda, ezhov, Beria တို့ သုံးဦးသည် တန်ခိုးအလွန်ကြီးခဲ့ကြပါသော်လည်း တန်ပြန်တော်လှန်ရေးသမားများကဲ့သို့၊ လည်ပြင်းမှာ ကျည်ဆန်တစ်ချက်ဖေါက်ရုံဖြင့် သေခဲ့ကြသည်။ လွန်ခဲ့သော နှစ်အနည်းငယ်တွင် ဆိုဗီယက်

ယူနီယံပြည်တွင်းရေးရာဝန်ကြီး Rankovic တို့သည် အဝတ်စုတ်ပမာ လွှင့်ပစ်ခြင်း ခံခဲ့ကြသည်။

## ဝိညာဉ်ရေးရာအားဖြင့် ကွန်မြူနစ်စနစ်ကို ကျွန်ုပ်တို့ မည်သို့ အနိုင်ယူနိုင်ပါသနည်း

## How we can attack communism spiritually

ကွန်မြူနစ်အုပ်ချုပ်ရေးသည် မည်သူ့ကိုမျှ ဝမ်းမသာစေနိုင်ပါ။ အမြတ်ထုတ်နေသောသူများပင်လျှင် ဝမ်းမသာကြ။ ပါတီလမ်းကြောင်း အပြောင်းအလဲရှိ၍ လျှို့ဝှက်ရဲတို့၏ ကားဖြင့် ညအခါ ဘယ်နေ့ဘယ်ရက် လာရောက်အဖမ်းခံပါမည်နည်းဟု စိုးရိမ်တုန်လှုပ်လျက် နေကြသည်။ ကွန်မြူနစ်ခေါင်းဆောင်များစွာ ကျွန်တော်ကိုယ်တိုင် သိကျွမ်းပေါင်းဖော်ခဲ့ဖူးသည်။ ၎င်းတို့သည် ကိုယ့်ဝမ်းနာကိုယ်သာ သိဆိုသလို စိတ္တ ဒုက္ခ ကိုယ်စီရှိကြသည်။ ယေရှုကသာ ချမ်းသာပေးနိုင်သည်။

ကွန်မြူနစ်ခေါင်းဆောင်များအား ခရစ်တော်အတွက် အောင်နိုင်ခြင်းသည် ဤကမ္ဘာကြီးကို အနုမြူဗုံးမှ ကယ်ဆယ်ခြင်းနှင့် လူသားအားလုံးကို အစာငတ်မွတ် ခေါင်းပါးခြင်းမှ ကယ်ဆယ်ခြင်းနှင့်တူ၏။ အဘယ်ကြောင့်ဆိုသော် ကောက်ခံရရှိသော အခွန်အများစုသည် စစ်လက်နက် ဝယ်ဖို့ အသုံးပြုကြသောကြောင့် ဖြစ်သည်။ ကွန်မြူနစ်ခေါင်းဆောင်များ၏ အသက်တာပြောင်းလဲစေနိုင်ခြင်းသည် ကြီးမားသော ကမ္ဘာ့ ပြဿနာတစ်ခုကို ဖြေရှင်းပေးခြင်းနှင့်တူ၏။ ကွန်မြူနစ်ခေါင်းဆောင်နှင့် အုပ်ချုပ်သူများအား နာမတော်ဖြင့် အနိုင်ယူကာ အသက်တာပြောင်းလဲ စေနိုင်ခြင်းသည် ခရစ်တော်နှင့် ကောင်းကင်တမန်များအား ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝစေ၏။

နယူးဂီနီ သို့မဟုတ် မာဒဂတ်စကာ တို့ကဲ့သို့ ခက်ခဲစွာ သာသနာပြုရသော နိုင်ငံများတွင် ကွန်မြူနစ် ခေါင်းဆောင်များအား



ညှင်းပန်းနှိပ်စက်ခြင်းဒဏ်ရာ၏ အမာရွတ်များအား လည်ပြင်း၊ ကျောကုန်း နှင့် ရင်ပတ်များတွင် သက်သေထူရင်း Pastor Wurmbrand သည် ညှင်းပန်းနှိပ်စက်မှုအောက်က အာဖရိက ခရစ်ယာန်များ၏ ခံစားချက်များကို ကောင်းစွာသဘောပေါက်သည်။ (VOM) သာသနာပြု မိသားစုသည် ၁၉၆၀ လွန်နှစ်များက အာဖရိကသို့ ပံ့ပိုးကူညီမှုများ ပေးလျက်ရှိ၏။

အသက်တာ ပြောင်းလဲစေနိုင်ခဲ့သည့်ရှိသေး၊ ပြည်သူလူထုသည် လွယ်လင့် တကူ ပါလာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းဆောင်တစ်ဦးက သက်ဝင်ယုံကြည်လာသော ဘာသာသည် တွန်းအားပိုမိုရလျက်ရှိ၏။

အသက်တာပြောင်းလဲလာခဲ့သော ကွန်မြူနစ်များစွာ ကျွန်တော် သိကျွမ်းပေါင်းဖေါ်ခဲ့ဖူးသည်။ ကျွန်တော်ကိုယ်တိုင် အရွယ်ရောက်ခါစတွင် ဘုရားမဲ့ဝါဒီ စစ်သားတစ်ယောက်ဖြစ်ခဲ့ဖူးသည်။ အသက်တာပြောင်းလဲလာသော ကွန်မြူနစ်နှင့် ဘုရားမဲ့ဝါဒီတို့က ခရစ်တော်ကို အလွန်ချစ်ကြသည်မှာ အလွန် ဆိုးသွမ်းခဲ့ကြသောကြောင့် ဖြစ်သည်။

မစ်ရှင်ခေါ် သာသနာပြုလုပ်ငန်းတိုင်း တွင် နည်းဗျူဟာ စဉ်းစားဖို့လိုသည်။ ဝိညာဉ်ကယ်တင်ခြင်း ရှုထောင့်အားဖြင့် ကြည့်လျှင် ဝိညာဉ် အားလုံး အတူတူပင်ဖြစ်သည်။ သာသနာပြုခြင်း ရှုထောင့်အားဖြင့် ကြည့်ပါက မတူကြပေ။

တောတွင်းလူရိုင်းတစ်ယောက်ကို အသက်တာ ပြောင်းလဲ စေနိုင်ပါက တဦးတည်း ရရှိမည်။ သူတစ်ပါးကို လွှမ်းမိုးနိုင်သော တန်ခိုးကြီး ပုဂ္ဂိုလ်အား ပြောင်းလဲစေနိုင်ခြင်းက သာ၍ အကျိုးရှိသည်။ အကြောင်းမှာ ထိုသူသည် ထောင်ချီသောဝိညာဉ်ကို ဆက်လက်၍ အသက်တာ ပြောင်းလဲစေနိုင်သောကြောင့် ဖြစ်သည်။

***အသက်တာပြောင်းလဲလာသော ကွန်မြူနစ်နှင့် ဘုရားမဲ့ဝါဒီတို့က ခရစ်တော်ကို အလွန်ချစ်ကြသည်မှာ အလွန်ဆိုးသွမ်းခဲ့ကြသောကြောင့် ဖြစ်သည်၊***

ထို့ကြောင့်သာ ယေရှုသည် မိမိ၏ အမှုတော် ဆောင်လုပ်ငန်းကို တောရွာဇနပုတ်တွင် အဆုံးမသတ်ဘဲ ကမ္ဘာ့ဝိညာဉ်ရေးရာဌာနချုပ် ဖြစ်သော ယေရုရှလင် မြို့၌ အဆုံးသတ်ခဲ့သည်။ ရောမမြို့သို့ရောက်ရန် ပေါလု (Paul) အလွန်အမင်းဆန္ဒကြီးပြင်းခဲ့ခြင်းသည်လည်း အလားတူ ရည်ရွယ်ချက်ကြောင့် ဖြစ်ပေမည်။

မိန်းမ၏ အမျိုးအနွယ်သည် မြွေ၏ခေါင်းကိုကြိတ်လိမ့်မည်ဟု သမ္မာကျမ်းစာကဆို၏ (က၊ ၃း၁၅)။ ကျွန်ုပ်တို့သည်မြွေကိုရယ်စေခြင်း

၄၁ ဝမ်းဗိုက်ကလိထိုးလေ့ ရှိ၏။

ယနေ့ မြွေဆိုးသည် တရုတ်ပြည်ကို ဖြတ်သန်းလျက် မြောက်ကိုးရီးယား၊ ဗီယက်နက်နှင့် လာအိုတိုင်းပြည်များသို့ တွားကာသွားလျက်နေ၏။ ယနေ့ အရှေ့အလယ်ပိုင်းတိုင်းပြည် အချို့တွင် ဘုရားကျောင်း တစ်ခုမျှဆောက်ခွင့် မပြုသော တိုင်းနိုင်ငံများရှိသေးသည်။

အသင်းတော်ခေါင်းဆောင်များ၊ မစ်ရှင်ဒါရိုက်တာများနှင့် စဉ်းစားဆင်ခြင်တတ်သော ခရစ်ယာန်တိုင်း ကျွန်ခံတိုင်းပြည်များ၏ အကြပ်အတည်းများကို လူထုရှေ့သို့ အစဉ်တင်ပြ(ဆုတောင်း) ရမည်။

ယေရမိ ၄၈း၁၀ ၌ "ထာဝရဘုရား၏ အမှုတော်ကို ကြိုးစား၍ မဆောင်ရွက်သောသူသည် ကျိန်ဆဲခြင်းကို ခံစေ" ဟု အမှုတော်ကို တာဝန်အရသာ မထမ်းဆောင်ကြရန် လိုအပ်သည်။ (အထူးသဖြင့်) ကျွန်ခံတိုင်းပြည်များ၏ အုပ်ချုပ်ရေးခေါင်းဆောင်များရှေ့တွင် အသင်းတော်သည် ရှေ့တန်းရဲဘော်များကဲ့သို့ ဝိညာဉ်ရေးရာ တိုက်ပွဲဝင်သောအခါ ခံစစ်နည်းဗျူဟာထက် ထိုးစစ်နည်းဗျူဟာသာ အသုံးပြုသင့်သည်။

ဆာလံ ၁၀၇း၁၆ ၌လည်း ကြေးဝါတံခါးတို့ကို ချိုး၍၊ သံကန့်လန့်တို့ကို အပိုင်းအပိုင်းဖြတ်သော အရှင်သည် ဘုရားသခင်ဖြစ်သည်ဟု တွေ့ရသည်။ သံတိုင်သံကြိုးများ ဖြတ်တောက်ဖျက်ဆီးခြင်း အမှုသည် ဘုရားသခင်အတွက် သေးငယ်သော အမှုသာဖြစ်သည်။

ကနဦး အသင်းတော်သည် တရားမဝင်သော်လည်းကောင်း၊ လျှို့ဝှက်စွာသော်လည်းကောင်း လှုပ်ရှားခဲ့ကြပါသော်လည်း အောင်မြင်မှုရခဲ့ကြသည်။ ၎င်းတို့၏ နည်းဗျူဟာကို ကျွန်ုပ်တို့ အတုယူရလိမ့်မည်။

ကွန်မြူနစ်ခေတ် မတိုင်မီ ခမ္မသစ်ခေတ်က အမည်နာမအားချစ်စနိုးခေါ်တတ်ကြသည်ကို သဘောပေါက် နားမလည်ခဲ့ပါ။ ရှိမုန်ကို Niger ယောဟန်ကို Mark စသည်ဖြင့် ခေါ်ကြသည်။ ကျွန်ခံ တိုင်းပြည်မှာလည်း လျှို့ဝှက်နာမည်ကို ကျွန်ုပ်တို့ ဆက်လက်အသုံးပြုခဲ့ကြသည်။

နောက်ဆုံးသော ညစာစားပွဲ စီစဉ်ရန် ဆန္ဒရှိတော်မူသော ခရစ်တော်သည် နေရာကိုမပြောဘဲ "သင်တို့သည် မြို့ထဲသို့သွားကြ၊ ရေအိုး

ဆောင်သော သူကိုတွေ့လိမ့်မည်" ဟု တပည့်တော်တို့အား စေခိုင်းတော်မူခြင်းကို ယခင်က ကျွန်တော် သဘောမပေါက်ခဲ့ချေ။ (မာကု၊ ၁၄း၁၃) ယခုမူ သဘောပေါက်ပြီ။ မြေအောက်အသင်းတော် လှုပ်ရှားမှုတွင်လည်း ကျွန်ုပ်တို့လျှို့ဝှက်သင်္ကေတနှင့် လျှို့ဝှက်လက္ခဏာများကို အသုံးပြုခဲ့သည်။

ဤကဲ့သို့ ကနဦးအသင်းတော်များ၏ နည်းစနစ်အတိုင်း တံခါးပိတ်တိုင်းပြည်များတွင် အမှုတော်ဆောင်မည်ဆိုလျှင် ပိုမိုထိရောက်မှုရှိသည်။

သို့တစေ၊ ကျွန်တော်တွေ့ခဲ့သော အနောက်တိုင်း အသင်းတော်ခေါင်းဆောင်အချို့တို့သည် ကွန်မြူနစ်များကို ချစ်ခင်ကြင်နာမည့်အစား၊ ၎င်းတို့၏ မူဝါဒများသည် ကွန်မြူနစ်တို့၏ မူဝါဒနှင့် တူနေပါကြောင်းတွေ့ရသည်။ ကွန်မြူးနစ်တို့ကို ဝိညာဉ်ရေးရာအားဖြင့် ချစ်သောစိတ်သဘောထားရှိခဲ့ကြလျှင် ကွန်မြူနစ်တိုင်းပြည်များ၌ သာသနာပြု အဖွဲ့အစည်းများလွန်ခဲ့သော နှစ်များစွာက ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်နိုင်သည်။ Carl Marx ၏ မူဝါဒဆိုင်ရာ အိမ်ကြီးထဲမှာ နေကြကုန်သော ကွန်မြူနစ်တို့ထံ၌ ရှမာရိလူကောင်း၌ရှိသော အကြင်နာတရားမျိုးကို အနောက်နိုင်ငံများတွင် ကျွန်တော် မတွေ့ရပေ။

လူသည် အယူဝါဒ အစဉ်အလာအရ ရွတ်ဆိုနေကျဖြစ်သော ကျမ်းစကားကို ယုံချင်မှ ယုံပေမည်။ တကယ်ယုံကြည်သော အရာအတွက်ဆိုလျှင် လူသည် သေဖို့မကြောက်ကြပေ။ မြေအောက် အသင်းတော်က ခရစ်ယာန်တို့သည် မိမိတို့၏ ယုံကြည်ခြင်းအတွက် အသေခံရန် အဆင်သင့်ရှိကြသည်။ ကျွန်ုပ်တို့၏တစ်ကမ္ဘာလုံးဆိုင်ရာ သာသနာပြုအဖွဲ့အစည်းသည် မလွတ်လပ်သေးသော ကျွန်ခံတိုင်းပြည်များတွင် လျှို့ဝှက်စွာ ယနေ့ ဆက်လက်အမှုတော်ဆောင်လျက် ရှိ၏။ မိမိတို့ အမှုတော်ဆောင်ရာ တိုင်းပြည်များ၌ အဖမ်းခံခဲ့မိပါက ထောင်ဒဏ်သာမကဘဲ သေသည့်တိုင်အောင် ညှင်းပန်းနှိပ်စက်ခြင်း ခံဖို့ အဆင်သင့်ရှိကြသည်။ ကျွန်တော် ရေးသားထားသော အရာများကို ကျွန်တော် ရေးသားထားသည့်အတိုင်း ယုံကြည်ပါသည်။

ကျွန်တော် မေးခွင့်ရှိပါသည်။ ကွန်မြူနစ်ဝါဒနှင့် မိတ်ဖွဲ့လျက်နေကြသည့် အမေရိက အသင်းတော်ခေါင်းဆောင်များသည် ၎င်းတို့၏ယုံကြည်ခြင်းအတွက် အသေခံရဲကြသလား။ အနောက်နိုင်ငံမှာ အဆင့်မြင့်သော ရာထူးများကို ထားခဲ့ပြီး၊ အရှေ့တိုင်းမှာ အစိုးရ အသိအမှတ်ပြုအသင်းတော်များ၌ သင်းအုပ်ပါစတာလုပ်ဖို့ မည်သူက ဟန့်တားကြပါသနည်း။ ကွန်မြူနစ်တို့နှင့် ထိုနေရာများမှာ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရန် မည်သည့်အရာက ဟန့်တားနေပါသလဲ။

ထိုကဲ့သို့သော ယုံကြည်ခြင်းကို အနောက်တိုင်း အသင်းတော်ခေါင်းဆောင်များအနက် တစ်ဦးတစ်ယောက်မျှ သက်သေပြသူ မရှိသေးပါ။

တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိရန်၊ တစ်ဦးနှင့်တစ်ဦး ခံစားချက်များ ရင်ဖွင့်ဆွေးနွေးရန်ဟူသော လူသားတို့၏ လိုအပ်ချက်နှီးဆော်မှုကြောင့် လူ့စကားဟူသည်ရှိ၏။ သို့သော် ထိုလူ စကားသည်ဘုရားသခင်၏ လျှို့ဝှက်နက်နဲသော အရာများနှင့် ဝိညာဉ်ရေးရာ အသက်တာ၏ နက်ရှိုင်းမှုကိုမူ ပြည့်စုံလုံလောက်အောင် မဖော်ပြနိုင်ချေ။

အလားတူ နတ်ဆိုး ဝိညာဉ်ဆိုးများ၏ နက်ရှိုင်းသော ဆိုးယုတ်ညစ်ညမ်းမှုသည် လူ့ဘာသာစကားအားဖြင့် ပြည့်စုံလုံလောက်အောင် မဖော်ပြနိုင်ချေ။ ငရဲအိုင်ထဲသို့ နာဇီတို့မှ ပစ်ချခံမည့်သူ၏ ကြောက်စိတ်ခံစားချက်၊ သို့တည်းမဟုတ် ထိုနေရာသို့ မိမိရင်သွေး ပစ်ချခြင်းကို မြင်နေသောသူ၏ ခံစားချက်မျိုးကို မည်သည့်ဝေါဟာရစကားအားဖြင့် ဖော်ပြနိုင်ပါမည်နည်း။

ထိုကြောင့် ကနဦး ခရစ်ယာန်များ၏ ညှင်းပန်းနှိပ်စက်မှု ခံစားချက်များနှင့် ယနေ့လက်ရှိ ကွန်မြူနစ်တိုင်းပြည်များ၏ ခံစားချက်မျိုးစုံတို့ကို ပြည့်ပြည့်စုံစုံဖော်ပြရန် ကြိုးစားခြင်းသည် အကျိုးမရှိပေ။

ရိုမေးနီးယားတိုင်းပြည်၌ ကွန်မြူနစ်ဝါဒ ကြီးစိုးလာသည်အထိ သယ်ဆောင်လာခဲ့သော ပုဂ္ဂိုလ်ကြီး Lucretiu နှင့် ထောင်ထဲမှာ ကျွန်တော်အတူနေခဲ့ဖူးသည်။ ၎င်း၏ သွေးသောက်မိတ်ဆွေများက သူ့ကိုထောင်ဒဏ်လက်ဆောင် ပေးခဲ့ကြသည်။ စိတ္တဇရောဂါ မစွဲကပ်မီကပင်

စိတ္တဇ ဆေးရုံက အရူးများနှင့်အတူ တမင်ထားခဲ့ကြပါသဖြင့် နောက်ဆုံးတွင် ထိုပုဂ္ဂိုလ်ကိုယ်တိုင် အရူးဖြစ်သွားခဲ့ရရှာသည်။

၎င်းတို့ထက် အရင်နိုင်ငံတော်အစိုးရ အတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့သူ Anna Pauker သည်လည်း အထက်ပါအတိုင်းပင် နှိပ်စက်ခြင်းခံခဲ့ရသည်။ ခရစ်ယာန် အကျဉ်းသားများကလည်း အလားတူ နှိပ်စက်ခြင်း မကြာခဏ ခံစားခဲ့ကြသည်။ ဓာတ်လိုက်စေခြင်းလည်း ခံစားခဲ့ကြသည့်အပြင် အလွန်တင်းကြပ်သော သားရေဂျာကင်အင်္ကျီများကို ဝတ်ခိုင်းခြင်းဖြင့်လည်း မတရား နှိပ်စက်ညှင်းပန်းမှုများ ပြုလေ့ရှိကြသည်။

တရုတ်ပြည်ရှိ လမ်းမကြီးများပေါ်က အဖြစ်အပျက်များသည် ကမ္ဘာကို တုန်လှုပ်စေခဲ့သည်။ Red Guard ခေါ် ပြည်သူ့ရဲများသည် လူသူအများရှေ့မှာ မတရားပြုကျင့်နေကြသည်။ မည်သူမျှ မမြင်ရသော တရုတ်ပြည် အကျဉ်းထောင်များ၌ ချုပ်ထားခြင်း ခံနေရသည့် ခရစ်ယာန်များအပေါ် ဖြစ်ပျက်ခဲ့သမျှကို စဉ်းစားကြည့်ပါ။

ကြားဖူးပါသည်။ တရုတ်နာမည်ကြီး ဧဝံဂေလိ စာရေးဆရာတစ်ပါးနှင့် အခြားခရစ်ယာန်များသည် မိမိတို့၏ ယုံကြည်ခြင်းကို စွန့်လွှတ်ရန် ငြင်းဆန်ခဲ့ကြသဖြင့် နားရွက်များ၊ လျှာများနှင့် ခြေထောက်များထိတိုင်အောင် အဖြတ်ခံခဲ့ကြသည်ဆို၏။ ယနေ့ တရုတ် အကျဉ်းထောင်များမှာ ခရစ်ယာန်များစွာ ရှိနေကြသည်။

လူ့ကိုယ်ခန္ဓာ ညှင်းပန်းအသတ်သေခြင်းသည် ကွန်မြူနစ်တို့၏ အဆိုးဆုံးသော လုပ်ရပ်မဟုတ်ပေ။ လူ့အတွေးအခေါ်ကို စိတ်ပျက်စရာကောင်းလောက်အောင် လိမ်လည်လှည့်ဖြားကာ လူပျိုလူရွယ်နှင့် ကလေးသူငယ်တို့၏စိတ်ကို အဆိပ်တိုက်ကျွေးလျက်ရှိ၏။ မိမိတို့၏ လူယုံတော်များကို ခေါင်းဆောင် နေရာများတွင်ထားကာ အသင်းတော်ကိုလမ်းမှားသို့ ဦးဆောင်ရင်း ပျက်စီးစေ၏။ လူငယ် လူရွယ်များအား ဘုရားသခင်နှင့် ခရစ်တော်၏ နာမတော်ကို မယုံကြည်ရုံသာမကဘဲ မုန်းတီးသောစိတ်ပွားအောင် ပြုကျင့်ကြသည်။

ထိုကဲ့သို့သော ဦးနှောက်ကျင့်ခြင်း လုပ်ရပ်များကြောင့် ခရစ်

ယာန်မာတုရများ အချုပ်ခံနေရသည့် ကာလအချိန် အတောအတွင်းမှာ မိမိတို့၏ ကလေးများသည် ဘုရားမဲ့ ရဲဘော်များ ဖြစ်လာကြရာ၊ ထောင်မှ လွတ်လာသဖြင့် အိမ်ပြန်လာသော ဖခင်များ ကိုပင် ရင်သွေးများက မထီ မဲ့မြင် ဆက်ဆံသည့် ဝမ်းနည်းစရာ ဖြစ်ရပ်သည် လူ့ဝေါဟာရစကား အားဖြင့် ဖော်ပြပြောဆို၍ပင် မကုန်နိုင်။ ဤစာအုပ်သည် မင်များများဖြင့် မရေးရပါ။ နှလုံးသားထဲက ယိုစီးလာသော အသွေးနှင့်သာ ရေးခြင်းဖြစ်သည်။

*ဤစာအုပ်သည် မင်များများဖြင့် မရေးရပါ၊ နှလုံးသားထဲက ယိုစီးလာခဲ့သော အသွေးနှင့်သာရေးခြင်း ဖြစ်သည်၊*

ဒံယေလ အနာဂတ္တိကျမ်းပါ မီးလောင်နေသည့် မီးဖိုထဲမှာ ပစ်ချခြင်း ခံခဲ့ကြသော လူပျိုသုံးယောက်တို့သည် မီးဖိုထဲက ထွက်လာကြသည့်အခါ မီးလောင်သော အနံ့ကင်းလွတ်သကဲ့သို့ ကွန်မြူနစ် အကျဉ်းထောင်မှ လွတ်လာခဲ့သည့် ခရစ်ယာန်များသည် ကွန်မြူနစ်တို့အပေါ်မှာ ခါးသီး မှုစိတ်ထား ကင်းလွတ်ကြသည်။

သင်သည် ပန်းလေးတစ်ပွင့်ကို ခြေနှင့် ကြေမွအောင် နင်းသောအခါ မွှေးသောရနံ့ ထွက်လာသကဲ့သို့ ကွန်မြူနစ်တို့သည် ခရစ်ယာန်များကို ညှင်းပန်းနှိပ်စက်သောအခါ ချစ်ခြင်းမေတ္တာ မွှေးရနံ့ ခံစားခဲ့ကြသည်။ ကျွန်ုပ်တို့သည် ထောင်မှူးများစွာကို ခရစ်တော်ထံအရောက် ပို့ဆောင် ခဲ့ကြသည်။ ကျွန်ုပ်တို့မှာရှိသော ပြင်းပြသည့် တစ်ခုတည်းသော ဆန္ဒသည် ကျွန်ုပ်တို့၌ ရှိသမျှထဲမှာ အကောင်းဆုံးဖြစ်သည့် ခရစ်တော်ထံကလာသော ကယ်တင်ခြင်းကို အမိအရ ပေးရန်ပင် ဖြစ်ပေသည်။

ယုံကြည်ခြင်း၌ ကျွန်ုပ်၏ ညီအစ်ကိုများစွာကဲ့သို့ ကျွန်တော်သည် ထောင်ထဲမှာ မာတုရသေခြင်း အခွင့်မရခဲ့ချေ။ လွတ်လာခဲ့သဖြင့် ရိုမေးနီးယားမှ အနောက်တိုင်းနိုင်ငံပင် ရောက်လာခဲ့ပြီ။

ယခင်က သံတိုင်ကာ အကျဉ်းထောင်၊ ယခုဝါးလုံးကာ အကျဉ်းထောင်များမှ မြေအောက်အသင်းတော် ခရစ်ယာန် ညီအစ်ကိုများအပေါ် သနားကြင်နာခြင်း စိတ်ထားသည် အနောက်တိုင်း အသင်းတော် ခေါင်း

ဆောင်အချို့အတွက်ဆိုလျှင် ဆန့်ကျင်ဘက်ဖြစ်နေသည်။

အနောက်တိုင်းခရစ်ယာန်များစွာတို့သည် ချုပ်နှောင်ခံ တိုင်းပြည်များက ညီအစ်ကိုများအတွက် သနားကြင်နာစိတ် မရှိကြကြောင်း သက်သေသာဓကကိုသူတို့၏ ကယ်တင်ခြင်းအတွက် ဘာမျှ မလုပ်ကြခြင်းပင်ဖြစ်သည်။ ဂိုဏ်းဂဏတစ်ပါးမှ အခြားဂိုဏ်းဂဏတစ်ပါးသို့ ပြောင်းရွှေ့သင်းဝင်စေရန်မျှသာ သာသနာပြုကြသည်။ များစွာသော အဖွဲ့အစည်းတို့သည် ကျွန်ခံတိုင်းပြည်များတွင် သာသနာမပြုကြ "တရားဥပဒေနှင့်ဆန့်ကျင်သည်" ဟု ဆိုကြ၏။

၎င်းတို့အတွက် မေတ္တာအကြင်နာစိတ် မရှိကြပါ။ရှိခဲ့သည် ရှိသော် William Carey က အိန္ဒိယလူမျိုးတို့ အတွက် ဖြစ်စေ၊ သာသနာပြုအဖွဲ့ အစည်းများဖန်တီး တည် ထောင်ခဲ့ကြသလို မဖြစ်နိုင်သည့်ကြားကတတ်နိုင်သမျှ တည်ထောင်ကြပေလိမ့်မည်။

> ***များစွာသောအဖွဲ့အစည်းတို့သည် ကျွန်ခံတိုင်းပြည်များတွင်သာသနာ မပြုကြ တရားဥပဒေနှင့်ဆန့်ကျင်သည် ဆိုကြသည်၊***

ချုပ်နှောင်ခံ ကျွန်ခံတိုင်းပြည်က လူများကို မချစ်မကြင်နာ၍ ခရစ်တော်ထံ အရောက်ပို့ဆောင်ရေး အမှုမထမ်းဆောင်ခဲ့ကြသည်က ထားဦး။

၎င်းတို့ကို အမှုမထားမကြင်နာခြင်းကြောင့် တစ်ခါတစ်ရံ ညှင်း ပန်းနှိပ်စက်ခြင်းအမှု ကျူးလွန်နေသောသူများနှင့် အနောက်တိုင်း အသင်းတော်ခေါင်းဆောင်အချို့တို့ ပူးပေါင်းသကဲ့သို့ ပြုမူလှုပ်ရှားခြင်းသည် ဘုရားမဲ့ဝါဒီတို့ကို ခွန်အားပေး သလို ရှိ၏။

ထိုသူတို့က ကွန်မြူနစ်ဝါဒကို အနောက်တိုင်း အသင်းတော်များသို့ ထိုးဖောက်ဝင်ရောက်စေကာ၊ ကမ္ဘာ့အသင်းတော်စာအုပ်သည် မင်းများများဖြင့် မရေးရပါ။ နှလုံးသားထဲက ယိုစီးလာသော အသွေးနှင့်သာ ရေးခြင်းဖြစ်သည်။ အသင်းတော်များစွာ၌ ကွန်မြူနစ်တို့ကို နေရာပေးသကဲ့သို့ ရှိသည်။ ခရစ်ယာန်များမှ ကွန်မြူနစ်ဝါဒ၏ အန္တရာယ်ကိုသတိမထားမိစေရန် အထောက်အကူ ပြုကြသည်။



(ယခင်) ဆိုဗီယက်နှင့် အခြား ကွန်မြူနစ်တိုင်းပြည်များတွင် သမ္မာကျမ်းစာနှင့် ခရစ်ယာန်စာပေများကို အနှစ် (၇၀)တိုင်အောင် တရားမဝင် ပိတ်ပင်ထားခဲ့ကြသည်။ ခရစ်ယာန်များစွာတို့သည် ပုံနှိပ်စက်များကို လျှို့ဝှက်နည်းလမ်းဖြင့် တင်သွင်းယူဆောင်လာခဲ့ကြပြီး၊ ဂူများ၊ မြေအောက်တိုက်ခန်းများတွင် ပုံနှိပ်လုပ်ရှားခဲ့ကြသည်။ အလားတူ လုပ်ရပ်သည် ယနေ့ တရုတ်ပြည်နှင့် ခွင့်ပြုချက်မရှိသော အရှေ့အလယ်ပိုင်းတိုင်းပြည်များတွင် ဆက်လက် လုပ်ဆောင်လျက်ရှိ၏။ (အောက်ပုံ)



ကွန်မြူနစ်တို့ကိုလည်းကောင်း၊ ကျွန်ခံတိုင်းသူပြည်သားများကို လည်းကောင်း၊ မချစ်မကြင်နာခြင်းကြောင့် " Nero ခေတ်က ကနဦး ခရစ်ယာန်များသည် သတင်းကောင်း ပြန့်ပွားရေးအတွက် ခွင့်ပြုချက် တောင်းဆိုခဲ့ကြပါသော်လည်း မရခဲ့ကြသကဲ့သို့ ငါတို့လည်း ခွင့်ပြုချက်မှ မရဘဲ " ဟူ၍ ဆင်ခြေပေးကာ အသင်းသူ/သားများအား တစ်ကမ္ဘာလုံး ဆိုင်ရာ ဝိညာဉ်ရေးရာ တိုက်ပွဲတွင် မပါဝင်စေခြင်းဖြင့် အနောက်တိုင်း အသင်းတော်ခေါင်းဆောင်များသည် မိမိတို့၏ အသင်းသူ/သားများ အပေါ် မချစ်ရာရောက်ပေသည်။

~~~~~

## သမိုင်းပေးသင်ခန်းစာများသည် လျစ်လျူရှုခံခဲ့ရသည်
## The Lessons of History are ignored

ပထမရာစုနှစ်အတွင်း၌ ခရစ်ယာန်သာသနာသည် မြောက် အာဖရိကတိုက်တွင် ရှင်သန်တိုးပွားလျက် ရှိခဲ့သည်။ ထိုဒေသမှ St. Augustine, St. Cyprian, St. Athanasius နှင့် Tertullian ခေါ် သူတော်စင်များ ထွက်ပေါ်လာခဲ့ကြသည်။ အာဖရိက မြောက်ပိုင်းခရစ်ယာန် များသည်လည်း တာဝန်တစ်ခု လျစ်လျူရှုနေကြပြီ။ ယင်းတာဝန်မှာ မူဆလင်များအား ခရစ်တော်အတွက် သိမ်းသွင်းအနိုင်ယူခြင်း တာဝန်ပင် ဖြစ်သည်။

မြောက်အာဖရိကတိုက်တွင် မူဆလင်များ၏ ဝင်ရောက်စီးနင်း သိမ်း ပိုက်မှုကြောင့် ခရစ်ယာန် သာသနာသည် ရာစုနှစ်များစွာ အညွှန့်တုံးခဲ့ သည်။ ယနေ့မြောက်အာဖရိကတိုက်သည် မူဆလင်နိုင်ငံ ဖြစ်နေပါသဖြင့်၊ အချို့ ခရစ်ယာန် သာသနာပြု မစ်ရှင်များက "သတင်းကောင်း ငြင်းဆန် သော အုပ်စု" ဟူ၍ပင် ခေါ်နေကြသည်။ သမိုင်းအားဖြင့် သင်ခန်းစာ ရယူ ကြပါစို့။
~~~~~

ပြုပြင်ပြောင်းလဲရေး Reformation ခေတ်တွင် (ခရစ်ယာန် ဖခင်များဖြစ်ကြသော Huss, Luther နှင့် Calvin တို့၏ ဘာသာရေး စိတ်ဝင်စားမှုသည် ပုပ်ရဟန်းမင်း ထမ်းပိုးအောက်က လွတ်မြောက်လိုကြ သော ဥရောပတိုက်သားများ၏ စိတ်ဝင်စားမှုနှင့် ထပ်တူထပ်မျှ ဖြစ်ခဲ့ သည်။ ၎င်းထမ်းပိုးသည် ဘာသာရေးသာမကဘဲ နိုင်ငံရေးနှင့် စီးပွား ရေးအတွက်လည်း အဟန့်အတားဖြစ်ခဲ့သည်။ အလားတူ၊ ယနေ့ ကျွန်ခံ တိုင်းပြည်များက အုပ်ချုပ်ခံနှင့် အုပ်ချုပ်သူ လူတန်းစားများထံသို့ သတင်း ကောင်း ပြန့်ပွားရေးအတွက် မြေအောက်အသင်းတော်များ၏ စိတ်ဝင်စား မှုသည်၊ ယနေ့ လွတ်လပ်သော တိုင်းသူပြည်သားများ၏ ဆက်လက် လွတ်လပ်လိုသော စိတ်ဆန္ဒနှင့် တစ်ထပ်တည်း ရှိပေသည်။

နိုင်လူမင်းထက်ပြုနေသော အစိုးရမင်းများစွာတို့သည် ယနေ့ အနုမြူစွမ်းအားပိုင်ရှင်များ ဖြစ်နေကြသဖြင့် စစ်ရေးအရ ၎င်းတို့ကို တိုက်ခိုက်မည်ဆိုပါက လူသူသန်းပေါင်းများစွာ သေကြေစေမည့် ကမ္ဘာ စစ်ဖြစ်လာနိုင်သည်။ အချို့အနောက်တိုင်း အုပ်ချုပ်ရေး ခေါင်းဆောင်များ သည် ဦးနှောက်ကျင်းခြင်း ခံကြရသဖြင့် ၎င်းမင်းဆိုးများကို ဖြုတ်ချလိုသော ဆန္ဒပင် မရှိကြချေ။ ဤအတိုင်း မကြာခဏပြောကြသည်။

မူးယစ်ဆေးဝါး သုံးစွဲခြင်းကို တိုက်ဖျက်ခြင်း၊ လူဆိုးဂိုဏ်းများ ကို ဖြိုဖျက်ခြင်းနှင့် ကင်ဆာတီဘီရောဂါများ ချုပ်ငြိမ်းစေခြင်း အမှုတို့၌ မူ ပါဝင်လိုကြပါသော်လည်း အလွန်ဆိုးယုတ် ညစ်ညမ်းလျက် အထက်ပါ အန္တရာယ်များထက်ပင်သာ၍ များစွာသောလူများကို ဖျက်ဆီးနေသည့် ကွန်မြူနစ်ဝါဒ တိုက်ဖျက်ရေးတွင်မူ မပါဝင်လိုကြချေ။

ဆိုဗီယက် စာရေးဆရာကြီး Ilya Ehrenburg က ပြောဖူး သည်မှာ "တကယ်လို့ စတာလင်ဟာ အခြားလုပ်ငန်းဘာမျှ မလုပ်ဘဲနေပြီး၊ မိမိကြောင့် သေဆုံးခဲ့သော အပြစ်မဲ့လူသားများရဲ့ အမည် နာမအားလုံးကို တစ်ခုပြီးတစ်ခု ရေးခိုင်းခဲ့ကြရင်၊ တစ်သက်လုံး ကုန်အောင် ရေးနိုင်မှာ မဟုတ်ဘူး"။

အကြိမ်နှစ်ဆယ်မြောက် ဗဟိုကွန်မြူနစ်ပါတီ အစည်းအဝေးကြီး

တွင် Khrushchev က ပြောဖူးပါသည်။ စတာလင်ဟာ ထောင်ပေါင်းများစွာသော အပြစ်မဲ့ ကွန်မြူနစ်ရဲဘော်များကို အရည်ပျော် သေကြေစေခဲ့တယ်။ ဒါတင်မကဘူး၊ ခုနစ်ကြိမ်မြောက် ဗဟိုကော်မီတီအစည်းအဝေးက ရွေးချယ်ခဲ့သော ကော်မီတီအဖွဲ့ဝင်နဲ့ အဖွဲ့ဝင်လောင်း တစ်ရာသုံးဆယ်ကိုးဦးအနက်၊ ခုနစ်ဆယ်ရာခိုင်နှုန်းရှိတဲ့ ကိုးဆယ်ရှစ်ဦးတို့ကို ဖမ်းချုပ်ပစ်သတ်ခဲ့တယ်ဗျာ"

ခရစ်ယာန်တို့အပေါ် ခရစ်ရက်ကလည်း မည်ကဲ့သို့ ပြုကျင့်လုပ်ဆောင်ခဲ့ကြောင်း ဆက်လက် စဉ်းစားကြစို့။ သူသည် စတာလင်ကို မထောက်ခံခဲ့ပါသော်လည်း စတာလင်ကဲ့သို့ပင် ပြုမူခဲ့သည်။ ၁၉၅၉ ခုနှစ်မှစ၍ ဆက်လက်ဖွင့်လှစ်နေဆဲ အသင်းတော် ဘုရားကျောင်းများ အနက်ထက်ဝက်ကို ပိတ်ပင်ခဲ့သည်။

စတာလင်ခေတ်ကထက်ပင်သာ၍ ဆိုးသော လူသတ်ရိုင်းစိုင်းမှုလှိုင်းဂယက်ကြီးသည် တရုတ်ပြည်တွင်ထခဲ့သည်။ မြေပေါ်တွင် ဘုရားကျောင်းတစ်ကျောင်းမျှ မရှိတော့ချေ။ ရုရှားနှင့် ရိုမေးနီးယားတွင် အသစ်သော ဖမ်းဆီးမှု စတင်လာသည်။ ဆိုဗီယက်ယူနီယံ၌ ကွန်မြူနစ်စနစ်ကျဆုံး ပြိုလဲပြီးနောက်ပိုင်းတွင် ရုရှား၌ ခရစ်ယာန်များအား အစုလိုက်အပြုံလိုက် ဖမ်းဆီးမှုရှိခဲ့ကြောင်း အစိုးရက လူထုထံသို့ ဝန်ခံခဲ့သည်။

လိမ်လည်လှည့်ဖြားမှုများစွာဖြင့် လူဦးရေ သန်းတစ်ထောင်ရှိတိုင်းပြည်များက လူငယ်လူရွယ် ရှိသမျှအား အနောက်တိုင်းနိုင်ငံများနှင့် ပတ်သက်သော အရာဟူသမျှနှင့် အထူးသဖြင့် ခရစ်ယာန်ဘာသာကို မုန်းတီးစိတ်(မျိုးစေ့) ကြဲခဲ့ကြသည်။

ရုရှားတွင် ဒေသန္တရ အမှုထမ်းအရာထမ်းများသည် ဘုရားကျောင်းရှေ့၌ ကလေးများကို စောင့်ကြည့်ကာ ဝတ်ပြုရန်လာသော သူများကို ရိုက်ပုတ်နှင်ထုတ်ခဲ့ကြသည်မှာ အဆန်းမဟုတ်။ အနာဂတ်ကာလတွင် အနောက်တိုင်း ခရစ်ယာန်ဘာသာ ဖျက်ဆီးချုပ်ငြိမ်းစေမည့် နည်းလမ်းကို စနစ်တကျ ဂရုတစိုက် မွေးထုတ်ပျိုးထောင်လျက် နေကြသည်။

ဆိုးယုတ်ညစ်ညမ်းသော အစိုးရအား ပျက်ပြားစေနိုင်သည့် အစွမ်း

တန်ခိုးသည် တစ်မျိုးတည်းသာ ရှိသည်။ ၎င်းမှာ မယုံကြည်သူရောမ အင်ပိုင်ယာတွင် ခရစ်ယာန်နယ်မြေများ ပေါ်ပေါက်လာစေခဲ့သော Teutons နှင့် Vikings ခေါ် လူရိုင်းနွယ်စုများကို ခရစ်ယာန်ဖြစ်စေနိုင်သော မတရားစုံစမ်း ရှာဖွေဖမ်းချုပ်တတ်သော အစိုးရကို ဖြုတ်ချနိုင်သော "အစွမ်းတန်ခိုး" ပင် ဖြစ်ပေသည်။

ဤအစွမ်းတန်ခိုး၏ ဇာစ်မြစ်သည် သတင်းကောင်း မြေအောက် အသင်းတော်များမှ ကျွန်ခံတိုင်းပြည်များတွင် ဝေငှသက်သေခံနေရသော ခရစ်တော်၏ သတင်းကောင်းပင် ဖြစ်ပါသည်။

ဤအသင်းတော်အား မြဲမြံစေရေးနှင့် ပံ့ပိုးကူညီနိုင်ရေးအတွက် ကျွန်ုပ်တို့သည် ညှင်းပန်းခံ ညီအစ်ကိုများနှင့် စည်းလုံးမှုရှိရမည်။ ဆိုလိုသည်မှာ သင်၏ တိုင်းပြည် သို့မဟုတ် သင်၏ အသင်းတော်အတွက် သင်သည် အသက်ပေးဆက်ရမည်။ ဤအသင်းတော်အား မြဲမြံစေရေးသည် လွတ်လပ်သော ခရစ်ယာန်များ၏ စိတ်ဝင်စားမှုသာ မဟုတ်ဘဲ၊ လွတ်လပ်သော အစိုးရများ၏ နိုင်ငံရေးမူ Policy တစ်ရပ်လည်း ဖြစ်သင့်သည်။

မြေအောက်အသင်းတော်သည် ကွန်မြူနစ်ခေါင်းဆောင်များကိုလည်း ခရစ်တော်ထံသို့ သိမ်းသွင်းနိုင်ခဲ့ကြသည်။ ရိုမေးနီးယား ဝန်ကြီးချုပ် Gheorghiu Dej သည် အပြစ်များကို ဝန်ချတောင်းပန်ပြီး အသက်တာ ပြောင်းလဲပြီးမှ သေဆုံးခဲ့သည်။ ချုပ်နှောင်ခံ တိုင်းပြည်များစွာတို့တွင် အစိုးရ အဖွဲ့ဝင်များအနက် အချို့တို့သည် လျှို့ဝှက်ခရစ်ယာန်များ ဖြစ်ကြသည်။ ၎င်းသည် ပြန့်ပွားနိုင်သော အရာပင်ဖြစ်သည်။

၎င်းနောက် အစိုးရ အချို့၏ ပေါ်လစီအပြောင်းအလဲရှိသည်အထိ ကျွန်ုပ်တို့ မျှော်မှန်းနိုင်ပေသည်။ သို့သော် Tito နှင့် Gomulka တို့၏ ပြုပြင်ပြောင်းလဲရေးကဲ့သို့ မကြာမီ ဘုရားမဲ့ဝါဒီ အာဏာရှင်စနစ် အစိုးရ စိုးမိုးသော ပြုပြင်ပြောင်းလဲမှုမျိုး မဖြစ်သင့်ပါ။ စစ်မှန်သော ခရစ်ယာန် ဖြစ်ခြင်းနှင့် စစ်မှန်သော လွတ်လပ်ရေးပန်းတိုင်သို့ အရောက်ပို့သော ပြုပြင် ပြောင်းလဲမှုမျိုး ဖြစ်ရမည်။

## အထူးအခွင့်အရေးပေါ်လာပြီ

## Exceptional opportunities exist now

ခရစ်ယာန်တို့သည် မိမိတို့၏ ယုံကြည်ခြင်း၌ ခိုင်မြဲစွာ ရပ်တည်ကြသကဲ့သို့ ကွန်မြူနစ်တို့သည် ကွန်မြူနစ်စနစ်ကို ခိုင်မြဲစွာ ယုံကြည်ခြင်းဖြင့် ပြဿနာမျိုးစုံ ဖြတ်သန်းခဲ့ကြသည်။ ကွန်မြူနစ်စနစ်သည် လူသားအားလုံးကို ညီအစ်ကိုကဲ့သို့ သဘောထား ဖန်တီးပေးလိမ့်မည်ဟု တကယ်ယုံကြည်ကြသည်။ သို့သော် ယခု ကွန်မြူနစ်တိုင်းပြည်များသည် အရှေ့ဘက်ခြမ်း တိုင်းပြည်များကဲ့သို့ ပြိုကွဲနေကြလေပြီ။

ကွန်မြူနစ်စနစ်သည် ဤလောကတွင် ပါရဒိသုခဘုံ တကယ်ဖန်တီးမည်ဟု ယုံကြည်ကြသည်။ တကယ့်ကောင်းကင်ဘုံကိုမူ စိတ်ကူးယဉ်သာဖြစ်သည့်ဟု ကန့်ကွက်ကြသည်။ ယခု ၎င်းတို့၏ တိုင်းသူပြည်သားများသည် အစာငတ်မွတ်ခြင်းဘေး ခံစားနေကြပြီ။ အရင်းရှင်နိုင်ငံများမှ ဂျုံစပါးများ တင်သွင်းနေကြရပြီ။

*ကွန်မြူနစ်တို့၏ နှလုံးသားတွင် ဟာကွက် ရှိသည်၊ ၎င်းကို ခရစ်တော်ကသာ ဖြည့်ဆည်းနိုင်သည်၊*

မြောက်ကိုရီးယားသည်လည်း အလားတူ အစာခေါင်းပါးခြင်း ပြဿနာရင်ဆိုင်ခဲ့သည်။ ကမ္ဘာမှာ သီးသန့်ရပ်တည်နိုင်သော နိုင်ငံတစ်နိုင်ငံ အဖြစ် ထင်ခဲ့ကြသော မြောက်ကိုရီးယားနိုင်ငံသည် ယခုကိုယ်ခန္ဓာ ငတ်မွတ်ခြင်းဘေး ဆိုက်ရောက်ခံစားနေပါပြီ။ ရေကြီးခြင်းဘေး အန္တရာယ်ကြောင့် သီးနှံများ ပျက်ဆီးရုံသာမကဘဲ အစားအစာကုန်သွယ်မှုလမ်းကြောင်းလည်း ရပ်တန့်စေခဲ့သည်။ ယခု လုံးဝမတတ်နိုင်တော့သည့် အဆုံးတွင် မြောက်ကိုရီးယားသည် သံဆူးကြိုးနောက်ကွယ်က မိမိတိုင်းပြည်ကို တစ်ကမ္ဘာလုံးက မြင်ရလေအောင် တိုင်းပြည်၏ ပြတင်းပေါက်နှင့် တံခါးများကို ကျယ်ကျယ်ဖွင့်လျက် ရှိနေပါပြီ။

ကွန်မြူနစ်တို့သည် မိမိတို့၏ ခေါင်းဆောင်များကို ယုံကြည်လေးစားကြသည်။ မိမိတို့ အပိုင်သတင်းစာများတွင် ယခု စတာလင်သည်

လူသတ်သမား Khrushchevသည် အရှုးဟုရေးနေ ကြပြီ။ အမျိုးသား အာဇာနည်များဖြစ်ကြသော Rakosi, Gero, Anna Pauker နှင့် Rankovici စသည်တို့ကိုလည်း အလားတူရှုတ်ချနေကြပြီ 'ခေါင်းဆောင်သည် အမှားမရှိ' ဟူသော ဆောင်ပုဒ်ကို ကွန်မြူနစ်တို့သည် လက်ခံယုံကြည်ခြင်း မရှိကြတော့ပါ။ ပုပ်ရဟန်းမပါသော ကာသိုလိပ်လူထုနှင့် တူနေကြပြီ။

ကွန်မြူနစ်တို့၏ နှလုံးသားတွင် ဟာကွက်ရှိသည်။ ၎င်းကို ခရစ်တော်ကသာ ဖြည့်ဆည်းနိုင်သည်။ လူ့နှလုံးသားသည် သဘာဝအားဖြင့် ဘုရားသခင်ကို ရှာလေ၏။ ခရစ်တော်က မဖြည့်ဆည်းလျှင် လူသားတိုင်း၌ ဝိညာဉ်ရေးရာ ဟာကွက်ရှိသည်။ ၎င်းသည် ကွန်မြူနစ်နှင့် အခြားကျွန်ခံတိုင်းပြည်အားလုံးတွင် အတူတူပင်ဖြစ်သည်။

သတင်းကောင်းတွင် ၎င်းတို့ကို စွဲဆောင်နိုင်သော ချစ်ခြင်းတန်ခိုးရှိသည်။ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ဖူးပြီ။ အောင်မြင်မှုရှိမည် ဖြစ်ကြောင်းသေချာပါသည်။

ကွန်မြူနစ်တို့က ပျက်ရယ်ပြောင်လှောင်လျက် ညှင်းပန်းနှိပ်စက်နေကြသော ခရစ်ယာန်များသည် မိမိတို့အပေါ်၌ ဖြစ်စေ၊ မိသားစုတို့အပေါ်၌ဖြစ်စေ၊ ဖြစ်ပျက်သမျှကို မေ့ပစ်ကာခွင့်လွှတ်နေကြသည်။

အခက်အခဲများကို ကျော်လွှားလျက် ကွန်မြူနစ်တို့က ခရစ်တော်ထံသို့ သွားသောလမ်းစတွေ့ရန် ခရစ်ယာန်တို့အနေဖြင့် အတတ်နိုင်ဆုံး ကူညီကြသည်။ ၎င်းအမှုတွင် ထိုခရစ်ယာန်တို့သည် ကျွန်ုပ်တို့၏ အကူအညီ လိုအပ်ကြသည်။

၎င်းအတွက်သာမဟုတ်။ ခရစ်ယာန်တို့၏ ချစ်ခြင်းမေတ္တာသည် တစ်ကမ္ဘာလုံးနှင့်ဆိုင်၏။ ခရစ်ယာန်တို့သည် ကျောသားရင်သား မခွဲကြ၊ မျက်နှာမလိုက်ကြ။ ခရစ်တော်ကလည်း ဘုရားသခင်၏ နေသည်ကောင်းသောသူ မကောင်းသောသူ အပေါ်၌ အတူတူသာကြောင်း မိန့်တော်မူ၏။ ခရစ်ယာန်တို့၏ ချစ်ခြင်းမေတ္တာသည် အလားတူပင် ဖြစ်သည်။

ကွန်မြူနစ်တို့နှင့်ဖြစ်စေ၊ မင်းဆိုးရာဇာတို့နှင့်ဖြစ်စေ၊ မိတ်ဖွဲ့

ကြသော အနောက်တိုင်း ခရစ်ယာန်ခေါင်းဆောင်များသည် ရန်သူကို ချစ်ရမည်ဟူသော ယေရှု၏ သွန်သင်ခြင်းဖြင့် မိမိကိုမိမိ မှန်ပါသည်ဟု အကြောင်းပြကြသည်။ သို့သော် ရန်သူကိုသာ ချစ်လျက် မိမိ၏ ညီအစ်ကို များကို မေ့ပစ်ထားဖို့ ယေရှုက မသွန်သင်ခဲ့ဘူးပါ။

သတ်ဖြတ်ခဲ့သော ခရစ်ယာန်တို့၏ အသွေးများဖြင့် လက်များ နီမြန်းညစ်ပတ်နေသော သူတို့ကို အစားအစာများ ကျွေးမွေးပေးကမ်းခြင်း အားဖြင့် မေတ္တာပြကြသည်။ သို့သော် ခရစ်တော်၏ ကယ်တင်ခြင်း သတင်းကောင်းကိုမူ ဝေငှသက်သေခံခြင်း မပြုကြ။

နိုင်လိုမင်းထက် အစိုးရများ လက်အောက်က ဖိနှိပ်ခံ လူတန်းစား ကိုလည်း သတိမရကြပါ။ ၎င်းတို့ကိုမူ မေတ္တာ ကရုဏာ မပြကြပါ။

လွန်ခဲ့သော ဆယ်နှစ်ခန့်တွင် အနောက်ဂျာမဏီမှ ဧဝံဂေလိ (Evangelical) အသင်းတော်နှင့် ကာသိုလိပ်အသင်းတော် နှစ်ပါးပူးပေါင်း ကာ ဒေါ်လာ သန်း(၁၂၅)ကို ငတ်မွတ်သူများအား ပေးလှူခဲ့ကြသည်။ အမေရိကန် ခရစ်ယာန်များ ပေးလှူထည့်ဝင်သော ငွေကသာ၍ပင် များပါ သေးသည်။

ဤလောကမှာ ဆာလောင်ငတ်မွတ်နေသောသူများစွာ ရှိသည်။ သို့သော် ခရစ်ယာန်မာတုရများကဲ့သို့ ဆာလောင်မွတ်သိပ်သောသူ ရှိအံ့ မထင်။ လွတ်လပ်သော ကမ္ဘာမှ ခရစ်ယာန်များက အကူအညီပေးရန် အသင့်တော်ဆုံးနှင့် အထိုက်တန်ဆုံးသည် ထိုမာတုရများပင်ဖြစ်ပေသည်။ အကယ်၍ ဂျာမဏီ၊ ဗြိတိန်၊ အမေရိကနှင့် စကင်ဒီနေးဗီယံတိုင်းပြည်များမှ အသင်းတော်များက ကယ်ဆယ်ရေးအတွက် ငွေကြေးမြောက်မြားစွာ ထည့်လှူသည် ဆိုပါစို့။ လိုအပ်သောသူတိုင်း ကူညီထောက်ပံ့မည် ဆိုပါက အလိုအပ်ဆုံးသည် မာတုရ ခရစ်ယာန်များနှင့် မိသားစုများပင် ဖြစ်သည်။

ထိုကဲ့သို့ ယခု လုပ်ဆောင်နေကြပြီလား။

ကျွန်ုပ်ကို ခရစ်ယာန်အဖွဲ့အစည်းများက ငွေကြေးဖြင့် ရွေးယူ ကယ်နှုတ်ခဲ့ကြသည်။ ၎င်းက ခရစ်ယာန်များသည် ငွေကြေးဖြင့် ရွေးယူ ၍ရကြောင်း သက်သေပြသည်။ ခရစ်ယာန်များက ရိုမေးနီးယားတွင်

ငွေကြေးဖြင့် ရွေးယူကယ်နှုတ်သော အမှုသည် ကျွန်ုပ်အမှုတစ်မှုတည်းသာ ဖြစ်ကောင်းဖြစ်နိုင်သည်။ ထိုသို့ဖြစ်လျှင် အခြားခရစ်ယာန်များ ရွေးယူကယ်နှုတ်ခြင်း အမှုတွင် အနောက်တိုင်းခရစ်ယာန် အဖွဲ့အစည်းများသည် တာဝန်မကျေသလို ဖြစ်ပေလိမ့်မည်။

ကနဦး ခရစ်ယာန်များက ၎င်းတို့၏ အသင်းတော်သည် ဂျူးလူမျိုးအတွက် ပဲလား၊ တစ်ပါးအမျိုးသားများ ပါဝင်နိုင်သလားဟု မိမိကို မိမိ မေးကြသည်။ တစ်ပါး အမျိုးသားများ ပါဝင်နိုင်ပေသည်ဟူသော အဖြေသည် မှန်ကန်သော အဖြေဖြစ်သည်။

**ခရစ်တော်ကို ကားတိုင်တင် သတ်ကြစဉ်တွင် လက်တစ်ဖက်သည် အနောက်တိုင်းဘက်သို့ ဆန့်ကာ ကျန်လက်တစ်ဖက်သည် အရှေ့တိုင်း ဘက်ဆီသို့ ဆန့်တော်မူ၏၊**

၎င်းမေးခွန်းသည် နှစ်ဆယ်ရာစုတွင် ပုံစံတစ်မျိုးဖြင့် ပြန်ပေါ်လာခဲ့သည်။ ခရစ်ယာန်ဘာသာသည် အနောက်တိုင်းနိုင်ငံများအတွက်သာ မဟုတ်။ ခရစ်တော်သည် အမေရိက၊ အင်္ဂလန်နှင့် အခြားဒီမိုကရေစီ တိုင်းပြည်များအတွက်မဟုတ်။

ခရစ်တော်ကို ကားတိုင်တင်သတ်ကြစဉ်တွင် လက်တစ်ဖက်သည် အနောက်တိုင်းဘက်သို့ဆန့်ကာ၊ ကျန်လက်တစ်ဖက်သည် အရှေ့တိုင်းဘက်ဆီသို့ ဆန့်တော်မူ၏။ ဂျူးဘုရင်အတွက်သာ မဟုတ်ဘဲ၊ တစ်ပါးအမျိုးသားများ ကွန်မြူနစ်များနှင့် အနောက်တိုင်း ကမ္ဘာ အတွက် ခရစ်တော်သည် ဘုရင်ဖြစ်တော်မူ၏။

ယေရှုမိန့်တော်မူခဲ့သည်။ "လောကီနိုင်ငံ အရပ်ရပ်ရှိသမျှသို့ သွား၍၊ ဝေနေယျသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိ တရားကို ဟောကြလော့" (မာကု ၁၆း၁၅)။

အသွေးတော်သည် အားလုံးအတွက် သွန်းလောင်းတော်မူသော ကြောင့် အားလုံးက သတင်းကောင်းကို ကြားနာပြီး ယုံကြည်ရမည်။

ကျွန်ခံတိုင်းသူပြည်သားများထံသို့ ဝမ်းမြောက်ဖွယ် သတင်းကောင်းဝေငှ သက်သေခံရန် အားပေးတိုက်တွန်းသော အရာသည် ၎င်းနိုင်ငံများ၌ ခရစ်ယာန်ဖြစ်လာကြသော ယုံကြည်သူငယ်တို့၏ ချစ်တတ်ခြင်း

နှင့် စိတ်အားထက်သန်ခြင်းပင် ဖြစ်ပေသည်။ ရုရှားခရစ်ယာန်များအနက် မပူမအေး ခရစ်ယာန်မတွေ့ခဲ့ဘူးချေ။ ယခင်က ကွန်မြူနစ်လမ်းစဉ် လူငယ်နှင့် မူဆလင်လူငယ်တို့သည်ပင်လျှင် ယခု စိတ်အားထက်သန်သော ခရစ်တော်၏ တမန်တော်များ ဖြစ်လာခဲ့ကြလေပြီ။

ခရစ်တော်သည် အပြစ်သားအားလုံးကို ချစ်တော်မူလျက် အပြစ်ကျွန်အဖြစ်မှ လွတ်စေလိုသော ဆန္ဒရှိသကဲ့သို့ အထက်ပါ လူသူအားလုံးတို့ကိုလည်းချစ်တော်မူလျက် လွတ်ခြင်းပေးရန် ဆန္ဒရှိတော်မူ၏။

ဤမှန်ကန်သည့် တစ်ခုတည်းသော စိတ်နေသဘောထားကို အနောက်တိုင်း အသင်းတော်ခေါင်းဆောင် အချို့သည် အခြားတစ်ခုဖြင့် အစားထိုးခဲ့ကြ၏။ ၎င်းသည် 'ခရစ်ယာန်များကို ညှင်းပန်းနှိပ်စက်နေသောသူများအပေါ် စိတ်ကျေနပ်ခြင်း' ပင် ဖြစ်ပေသည်။ မိမိတို့၏ တန်ခိုးအာဏာတည်မြဲရေးအတွက် (ခရစ်ယာန်များကို) ညှင်းပန်းနှိပ်စက်သောသူများအား အကူအညီပေးလျက်၊ အပြစ်ကျူးလွန်သူများကို ဦးစားပေးခြင်းဖြင့် အုပ်ချုပ်ခံလူတန်းစားများသာမက မိမိတို့၏ ရန်သူများဖြစ်ကြသည့် အုပ်ချုပ်သောလူတန်းစားများ၏ ကယ်တင်ခြင်းကိုပင် အဟန့်အတား ပြုခဲ့ကြသည်။

~~~~~

## ထောင်မှလွတ်လာသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တွေ့ခဲ့ရသောအရာသည်

## What I found upon my releare

ထောင်ကလွတ်လာပြီး ဇနီးသည်နှင့်အတူ နေလာသောအခါ သူမက ကျွန်ုပ်၏အနာဂတ် အကြံအစည်များကို မေးခဲ့သည်။ ကျွန်ုပ်၏ အဖြေသည် "ဝိညာဉ်ရေးရာ၌ တစ်ကိုယ်တော်နေဖို့ စိတ်ကူးထားတယ်" ဟူ၍ ဖြစ်သည်။ ဇနီးသည်က အလားတူအကြံမျိုးရှိကြောင်း ပြောပါသည်။
~~~~~

ကျွန်တော်သည် လူပျိုအရွယ်တုန်းက ခွန်အားကောင်းပြီး ဖျတ်ဖျတ်လတ်လတ်ရှိခဲ့သည်။ သို့သော် ထောင်ထဲရောက်ပြီးမှ တွေးတောငေးမောတတ်သော အကျင့်ရှိလာ၏။ အခြားတစ်ဖက်မှာ ရင်ထဲက သောကမုန်တိုင်းအားလုံး ရပ်စဲခဲ့ပြီ။ ကွန်မြူနစ်ဝါဒကိုလည်း အမှုမထားတော့ပါ သတိပင် မရခဲ့ပါ။

ကောင်းကင်သတို့သား၏ ပွေ့ဖက်ခြင်းကို ခံစားခဲ့သည်။ ညှင်းပန်းသောသူများကို နှလုံးသား အကြွင်းမဲ့ချစ်လျက် သူတို့အတွက် ဆုတောင်းခဲ့သည်။

ထောင်ကလွတ်လာဖို့ကိုမှ မမျှော်လင့်နိုင်လောက်အောင် ဖြစ်ခဲ့သည်။ လွတ်ခဲ့လျှင် ကျွန်တော်မည်သည့် အလုပ်ကို လုပ်မလဲဟု တစ်ချိန်ပြီး တစ်ချိန်စဉ်းစားမိသည်။ အများအားဖြင့် ထွက်လာသော အဖြေသည် အမှုတော်မြတ်မှ အငြိမ်းစားယူပြီး လူသူကင်းရှင်းသည့် ကန္တာရကဲ့သို့သော နေရာမျိုးမှာ ကောင်းကင်ဘုံက သတို့သားနှင့် ချိုမြသော ဆက်ဆံခြင်းဖြင့် အချိန်ဖြုန်းရန် စဉ်းစားခဲ့သည်။

ဘုရားသခင်သည် 'သမ္မာတရားအစစ်' ဖြစ်သည် (the Truth)

သမ္မာကျမ်းစာသည် 'သမ္မာတရား အစစ်၏ သမ္မာတရား' ဖြစ်သည် (truth about the Truth) သီအိုလော်ဂျီသည် 'သမ္မာတရား အစစ်၏ တရားထဲက သမ္မာတရားတစ်မျိုး' (truth about the truth about the Truth) ဖြစ်သည်။

ခရစ်ယာန်တို့သည် သမ္မာတရားအစစ်ထဲမှာရှိသော သမ္မာတရားများစွာထဲ၌ အသက်ရှင်နေထိုင်ကြပါသောကြောင့် 'သမ္မာတရားအစစ်' (the Truth) ကို လက်လွှတ်တတ်ကြသည်။

ဆာငတ်မွတ်သိပ်ခြင်း၊ ရိုက်ပုတ်နှိပ်စက်ခြင်းနှင့် ဆေးဝါးမျိုးစုံ အတင်းတိုက်ကျွေးခြင်းတို့ကြောင့် ကျွန်ုပ်တို့သည် သီအိုလိုဂျီနှင့် ရွှေကျမ်းချက်များ မေ့လျော့ကုန်ပြီ။ 'သမ္မာတရား အစစ်၏ သမ္မာတရား' ကိုလည်း မေ့ပစ်ထားသည်။ ထို့ကြောင့် 'သမ္မာတရားအစစ်' (the Truth) အထဲ၌ ကျွန်ုပ်တို့ရောက်ခဲ့သည်။

"သင်တို့မထင်မမှတ်သော အချိန်နာရီ၌ လူသားသည် ကြွလာလိမ့်မည်" (မ၊ ၂၄း၄၄) ဟူ၍ ကျမ်းစာမှာတွေ့ရသည်။ ကျွန်ုပ်တို့သည် ထောင်ထဲတွင် မည်သည့်အရာမျှ မစဉ်းစားနိုင်တော့ပါ။ ညှင်းပန်းနှိပ်စက်ခြင်း၏ မှောင်မဲသော ညများတွင် လူသားသည် ကျွန်ုပ်တို့ထံသို့ ကြွလာပြီး၊ အကျဉ်းထောင်၏ နံရံများသည် ပတ္တမြားကဲ့သို့ တောက်ပလာကာ တစ်ခန်းလုံးကို အလင်းရောင် ပြည့်စေ၏။

အဝေးတစ်နေရာတွင် ခန္ဓာကိုယ်၏ နယ်ပယ်၌ ကျွန်ုပ်တို့ကို ညှင်းဆဲသောသူများရှိ၏။ ၎င်းနေရာသည် ကျွန်တော်တို့နေရာ၏ အောက်ပိုင်းတွင်ရှိသည်။ သို့သော် ကျွန်ုပ်တို့၏ ဝိညာဉ်သည် ကိုယ်တော်၌ ဝမ်းမြောက်လျက်ရှိ၏။ ဤကဲ့သို့သော ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့ လောကီရွှေနန်းတော်နှင့် မလဲနိုင်ပါ။

တစ်ဦးတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုကို တိုက်လှန်ဖီဆန်လိုသောစိတ်ထားသည် ကျွန်ုပ်မှာ လုံးဝမရှိ။ တရားသော စစ်ပွဲဖြစ်၏။ မည်ကဲ့သို့သော စစ်ကိုမျှ မတိုက်လိုပါ။ ထိုထက် ခရစ်တော်ကို ရှေ့ရှုလျက်အသက်ရှင်သော ဗိမာန်တော်များသာ တည်ဆောက်လိုပါ၏။ ထောင်ထဲမှာ နှစ်အတန်ကြာတွေးတောငေးမောစဉ်က နောင်ရေးအတွက် အထက်ကအတိုင်း မျှော်လင့်ခြင်းဖြင့် ထောင်ကို စွန့်ခွာခဲ့ရသည်။

သို့သော် ထောင်ကလွတ်လာသောနေ့မှစ၍ အချုပ်ထဲမှာ ကျွန်တော် ခံစားခဲ့ရသော အခက်အခဲမျိုးစုံထက်ပင်သာ၍ အရုပ်ဆိုးသော ကွန်မြူနစ်ဝါဒ၏ ရှုထောင့်တစ်မျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။ အသင်းတော်အသီးသီးမှ သင်းအုပ်များ၊ နာမည်ကျော် တရားဟော ဆရာကြီးများနှင့် ဘုန်းတော်ကြီးများ တွေ့ခဲ့သမျှတို့က ၎င်းတို့သည် လျှို့ဝှက်ရဲတပ်ဖွဲ့အတွက် မိမိတို့ သိုးစု အသီးသီး၏ ဖေါ်ကောင်များ ဖြစ်ကြကြောင်း ဝမ်းနည်းစွာ ဝန်ခံခဲ့ကြသည်။

ဖေါ်ကောင်မလုပ်ဘဲ အချုပ်ထဲရောက်သည်ကသာ၍ မကောင်းဘူးလားဟု မေးသောအခါ၊ အားလုံးက ခေါင်းခါခဲ့ကြပြီး၊ မိမိတို့ ထောင်ကျမှာကို စိုးရိမ်၍မဟုတ်ကြောင်း၊ အသင်းတော်မှာ အသစ်သော တိုးတက်မှု

အမျိုးမျိုးရှိနေပါသောကြောင့် ဖြစ်ကြောင်း ရှင်းပြကြပါသည်။ (၎င်းတို့၏ ဖြေရှင်းချက်များအနက်) ကျွန်တော်ထောင်ထဲ မရောက်မီက မရှိခဲ့ဘူးသေးသော စကားသည် 'ဖော်ကောင်လုပ်ဖို့ ငြင်းဆန်ခဲ့ရင် ကျုပ်ဘုရားကျောင်း အပိတ်ခံရမှာပေါ့..' ဟူသော ဖြေရှင်းချက်ပင်ဖြစ်ပေသည်။

မြို့တိုင်းမှာ ယုံကြည်ခြင်းဆိုင်ရာအဖွဲ့အစည်းများကို အစိုးရကိုယ်စားလှယ်အဖြစ် ကွပ်ကဲအုပ်ချုပ်သော လျှို့ဝှက်ရဲ တစ်ယောက်ထားကြသည်။ ၎င်းပုဂ္ဂိုလ်သည် သင်းအုပ်နှင့် ဘုန်းတော်ကြီးများကို အချိန်မရွေးခေါ်ခွင့်ရှိသည်။ မည်သူသည် ဘုရားကျောင်း မှန်မှန်တက်သည်၊ ပွဲတော်မင်္ဂလာ မှန်မှန်သုံးဆောင်သည်၊ ဘာသာရေးသာ၍ ကိုင်းရှိုင်းသည်၊ ပျောက်ဆုံးဝိညာဉ်ဖမ်းဆီးသည်၊ သက်သေခံသည် စသည်တို့ကို စုံစမ်းကာ စာရင်းပေးခိုင်းသည်။ ကျေနပ်အောင် အဖြေမပေးလျှင် အလုပ်ဖြုတ်ခြင်းခံရ ပြီး၊ သတင်းပို၍ ပေးပို့တတ်သော အမှုတော်ဆောင် တစ်ပါးပါးကို အစားထိုးခန့်အပ်သည်။

*ပထမဆုံး အနေဖြင့် အသင်းတော်သမိုင်းတွင် ဘုရားမဲ့ဝါဒီဖြစ်ကြောင်း ပေါ်တင်ကျေညာသော အဖွဲ့အစည်းမှအသင်းတော်ခေါင်းဆောင် ရွေးခဲ့ကြသည်တကား။*

အစားထိုးမည့် အမှုတော်ဆောင် မတွေ့ရသောအခါ(တွေ့ရသည် ကများ၏) ထိုကိုယ်စားလှယ်သည် ၎င်းဘုရား ကျောင်းကို ပိတ်ခွင့်ရှိသည်။ ယနေ့ တရုတ်ပြည်မှာ ဤကဲ့သို့သော အဖြစ်အပျက်မျိုး မကြာခဏတွေ့ရ သည်။

အမှုတော်ဆောင် အများစုတို့သည် လျှို့ဝှက်ရဲတပ်ဖွဲ့သို့ သတင်းပို့လေ့ ရှိကြ၏။ အချို့က မပေးချင်ပေးချင်ဖြင့်၊ ကိစ္စအချို့ကို ဖုံးကွယ်ရင်း သတင်းပေးကြသည်။ အချို့အတွက်မူ ၎င်းအဖြစ်အပျက်သည် ရိုးနေပြီ ဖြစ်သောကြောင့် တင်းခံကာနေကြ၏။ အချို့ကမူ လိုသည်ထက် ပို၍ပြောကြ၏။

ခရစ်ယာန် မာတုရ မိသားစုမှ သားသမီးများသည် မိသားစု သတင်းပေးပို့မှသာ ကျောင်းတက်ခွင့်ရပြီး၊ သတင်းမပေးပါက ကျောင်းထုတ်မည်ဟု ကြိမ်းမောင်းခံကြရကြောင်း ကလေးများကိုယ်တိုင်

သက်သေခံချက် ကြားဖူးသည်။

အလံနီကွန်မြူနစ်တို့က အသင်းတော်ခေါင်းဆောင် ရွေးကောက်ပွဲကို ကြီးမှူးကျင်းပသည့် နှစ်ခြင်းအသင်းတော် အစည်းအဝေးကြီးသို့ ကိုယ်တိုင်တက်ရောက်ပါဝင်ခဲ့ဖူးသည်။ ထိုအချိန်မှစ၍ အသင်းတော်ခေါင်းဆောင်တိုင်းသည် ကွန်မြူနစ်တို့မှ ရွေးကောက်တင်မြှောက်ထားသော ပုဂ္ဂိုလ်များဖြစ်ကြောင်း သိခဲ့ရသည်။ ထို့ကြောင့် ယေရှုမိန့်မြွက်တော်မူခဲ့သည့် ရွံ့စရာကောင်းသော အရာအကြောင်းသဘောပေါက်လာခဲ့သည်။

သင်းအုပ်ပါစတာနှင့် တရားဟော ဆရာများထဲမှာလည်း လူကောင်း လူဆိုးရှိစမြဲဖြစ်သည်။ သို့သော် ပထမဆုံးအနေဖြင့် အသင်းတော် သမိုင်းတွင် ဘုရားမဲ့ဝါဒီဖြစ်ကြောင်း ပြောင်ပြောင်တင်းတင်း ကြေညာသော အဖွဲ့ အစည်းမှ အသင်းတော်ခေါင်းဆောင် မွေးခဲ့ကြသည်တကား။ ၎င်းသည် ဘာသာရေးကို အမြစ်ပါအောင် နှုတ်ထုတ် ဖျက်ဆီးလိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ကြခြင်းဖြစ်သည်။ စိတ်ကြိုက် ခေါင်းဆောင် ရွေးကြခြင်းသည် ဘာသာရေးကို အမြစ်ပါအောင် ဆွဲနှုတ်ရာ၌ အကူအညီ ရလိုသောကြောင့် ဖြစ်သည်။

Lenin ကရေးသားထားခဲ့သည်မှာ "ဘာသာရေးတိုင်း၏ ယုံကြည်ချက်၊ ဘုရားသခင်၏အယူအဆတိုင်း၊ ဘုရားသခင်၏ သဘောထားနှင့် ပျော်မွေ့ခြင်းသည်ပင်လျှင် နှုတ်နှင့်ပင်ပြော၍မရအောင်၊ အဓိပ္ပါယ်မဲ့လျက် အန္တရာယ် အများဆုံးဖြစ်ကာ၊ ရွံရှာဖွယ် အကောင်းအဆုံးသော ကူးစက်တတ်သော ရောဂါနှင့်တူ၏။ ဘုရားသခင်၏ ပရိယာယ်များသော ဝိညာဉ်ရေးရာ သဘောထားသည် သန်းပေါင်းများစွာသော အပြစ်များ ညစ်ညမ်းသော လုပ်ရပ်များ၊ အကြမ်းဖက်မှုများနှင့် ကိုယ်ခန္ဓာ၌ ကူးစက်တတ်သောရောဂါများထက်သာ၍ ကြောက်စရာ ကောင်း၏"ဟူ၍ဖြစ်၏။

ဆိုဗီယက်ယူနီယံက ကွန်မြူနစ်ပါတီများသည် Lenin အယူဝါဒီများဖြစ်ကြသည်။ ၎င်းတို့အတွက် ဘာသာရေးသည် ကင်ဆာ၊ တီဘီနှင့် ကာလသားရောဂါထက်ပင် ကြောက်မက်ဖွယ်ကောင်းသည်။ ၎င်းတို့က ဘာသာရေးခေါင်းဆောင်များအဖို့ မည်သူသင့်တော်မည်နည်း ဟု

ဆွေးနွေးဆုံးဖြတ်ကြသည်။ အစိုးရအသိအမှတ်ပြုအသင်းတော်များ သည် ၎င်းတို့နှင့်အတိုင်းအတာတစ်ခုခုအထိ အပေးအယူလုပ်ကြသည်။

ကလေးသူငယ်နှင့်လူပျိုလူရွယ်များအား ဘုရားမဲ့ဝါဒအားဖြင့် စိတ်နှလုံးအဆိပ်ခတ်နေကြသည်ကို ကျွန်တော်ကိုယ်တိုင် ခံခဲ့ပြီ။ အသိအမှတ်ပြုခံရသော အသင်းတော်များက ကလေးများကို အဆိပ်ခတ်ခြင်းသည် မိမိတို့အတွက် ပျက်စီးခြင်းဖြစ်ကြောင်း၊ အနည်းငယ်မျှ မရိပ်မိခဲ့ကြချေ။ ကျွန်ုပ်တို့၏ မြို့တော် Bucharest တွင် လူငယ်များ၏ ဝတ်ပြုအစည်း အဝေး သို့မဟုတ် တနင်္ဂနွေနေ့၊ ဥပုသ်စာဖြေကျောင်း တစ်ကျောင်းမျှ မရှိချေ။ ခရစ်ယာန်မိသားစုမှ ကလေးများသည်ပင်လျှင် မုန်းတီးခြင်း ကျောင်းများ၌ ကြီးပြင်းလာခဲ့ကြသည်။

ဤအရာများတွေ့မြင်ပြီးနောက် ညှင်းပန်းနှိပ်စက်ခြင်းခံခဲ့စဉ်က မမုန်းခဲ့သောကွန်မြူနစ်ဝါဒကို ယခုကျွန်တော်မုန်းနေပြီ။ ကျွန်ုပ်ထံသို့ ပြုခဲ့သော အရာများကြောင့် မုန်းခြင်းမဟုတ်။ ဘုရားသခင်ဘုန်းတော်၊ ခရစ်တော်၏ နာမတော်နှင့် ကွန်မြူနစ်ဝါဒ၏ လွှမ်းမိုးမှုအောက် ရောက်နေကြသော သန်းတစ်ထောင်ခန့်ရှိ ယောကျ်ားများအပေါ် ပြစ်မှားမှုကြောင့် မုန်းခြင်းဖြစ်သည်။

တစ်တိုင်းပြည်လုံးရှိ တောင်သူလယ်သမားများသည် ကျွန်ုပ်ကို မေးဖို့ရောက်လာကြပြီး၊ လယ်ယာမြေ ပြည်သူပိုင် သိမ်းခြင်းနှင့် စုပေါင်းလုပ်ကိုင်ခြင်းအကြောင်းရေးလာ ပြောလာကြသည်။ ယခင်က မိမိတို့ အပိုင်လယ်မြေများနှင့် စပျစ်ခြံများအတွင်း၌ ၎င်းတို့သည် ယခုဆာလောင်နေသော ကျွန်များဖြစ်ကုန်ကြပြီ။ စားစရာမရှိကြတော့ပေ။ ရိုမေးနီးယားသည် ယခင်က ခါနန်ပြည်ကဲ့သို့ သဘာဝအရ ချမ်းသာသော နိုင်ငံဖြစ်ပါသည်။

ညီအစ်ကိုများက ကျွန်ုပ်အား ဝန်ချပြောပြကြသည်မှာ Lenin ၏ ကွန်မြူနစ်အုပ်ချုပ်ရေးသည် မိမိတို့ကို သူခိုးနှင့်လူလိမ်များဖြစ်စေသည်ဆို၏။ ဆာလောင်မွတ်သိပ်စွာနေကြရသောကြောင့် ယခင်ကမိမိတို့ အပိုင်ဖြစ်လျက် ယခုအများပြည်သူပိုင်ဖြစ်သော လယ်ယာခြံမြေများမှ ခိုးယူကြရတော့သည်။ ခိုးယူမှုများကို ဖုံးကွယ်ရန် လိမ်ပြောကြရ တော့သည်။



ကွန်မြူနစ်အုပ်ချုပ်မှုအောက်တွင် ကလေးများအား ဘုရားတရားအကြောင်း သင်ကြားခြင်း တားမြစ်လျက်ရှိ၏။ အထက်ပုံပါ မြောက်ကိုးရီးယားကလေးများသည် မိမိတို့ကို ယေရှုက ချစ်တော်မူကြောင်း သာမန်သာသနာပြုနည်းလမ်းအရ ကြားနာကြရမည်မဟုတ်။ VOM သည် ၎င်းတို့အတွက် သတင်းကောင်းနှင့် အထူးစာပေများကို ပုံနှိပ်ထုတ်ဝေကာ ပြိုင်ဖက်ကင်းသောမျှောင်ခိုနည်းဖြင့် ဖြန့်ချိ၏။ အောက်ပုံပါ ဗီယက်နမ်ကလေးများသည် VOM မှပုံနှိပ်ထုတ်ဝေသည့်၊ 'ကိုယ်တော်သည်ကျွန်ုပ်တို့အလယ်၌နေတော်မူ၏' ဟူသော ခရစ်တော်၏အသက်တာ ရုပ်ပြစာအုပ်ကို ဖတ်နေကြသည်။



အလုပ်သမားများကလည်း အရင်းရှင်စံနစ်အတွင်း၌ အိပ်မက်ပင် မမြင်မက်ခဲ့ဘူးသည့် ခေါင်းပုံဖြတ်စနစ်နှင့် စက်ရုံအတွင်း အကြမ်းဖက်မှု အကြောင်းများလာပြောကြသည်။ အလုပ်သမားများ၌ ဆန္ဒပြခွင့်မရှိကြချေ။

ဉာဏ်ကြီးရှင်များကလည်း မိမိတို့၏ နှလုံးသားခံယူချက်နှင့် ဆန့်ကျင်ကာ ဘုရားမရှိဟု သင်ပြကြရသည်။

ထိုအချိန်က တစ်ကမ္ဘာလုံး လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသော လူတို့၏ အသက်တာနှင့် စဉ်းစားဉာဏ်သည် ယနေ့ ဖိနှိပ်ချုပ်ချယ်ခြင်း ခံနိုင်ငံများကဲ့သို့ ဖျက်ဆီးချိုးနှိမ်ခြင်းခံခဲ့ကြသည်။

အပျိုလူရွယ် မိန်းကလေးများကလည်း လာရောက်ညည်းတွား ကြသည်မှာ မိမိတို့အား ကွန်မြူနစ်လမ်းစဉ် လူငယ်အဖွဲ့အစည်းသို့ ခေါ်ပြီး ခရစ်ယာန်လူပျိုလူရွယ်များကို နမ်းသည်ဆိုကာ ကြိမ်းမောင်းဆုံးမခဲ့ကြ သည်။ ခရစ်ယာန်မဟုတ်သည့် မည်သူမည်ဝါများကိုသာ နမ်းရမည်ဟု အမည်နာမများပင် ဖေါ်ပြလေ့ရှိကြသည်။ အရာခပ်သိမ်းမှားယွင်းလျက် အရုပ်ဆိုးလှပြီတကား။

မြေအောက်အသင်းတော်မှ 'သစ္စာရှိသော ငယ်သားများ' ကိုလည်း တွေ့ခဲ့ရသည်။ ၎င်းတို့သည် ကျွန်တော်၏ သွေးသောက်မိတ်ဆွေ ဟောင်းများဖြစ်ကြသည်။ အချို့သည် ထိုရက်နေ့တိုင်အောင် အဖမ်းမခံကြ သေးပါ။ အချို့သည် ထောင်ကလွတ်ပြီးမှ ဒုတိယအကြိမ် မြေအောက် သွေးသောက်ရဲဘော်အဖြစ်ပါဝင်ကြခြင်းဖြစ်သည်။ ကျွန်ုပ်ထံ လာလည် ကြပြီး ၎င်းတို့နှင့်အတူ ဆက်လက်တိုက်ခိုက်ရန် သွေးဆောင်ကြသည်။ သူတို့၏ လျှို့ဝှက်ဝတ်ပြုအစည်းအဝေးသို့ လိုက်သွားရာ လက်ဖြင့်ရေး သော ဓမ္မသီချင်းကို ဆိုခဲ့ကြသည်။

အနှစ်သုံးဆယ်တိုင်အောင် ကန္တာရမှာ အချိန်ယူခဲ့သည် St. Anthony the Great ကို သတိရမိသည်။ ကမ္ဘာကြီးကို ကျောခိုင်း ကာ၊ အသက်တာတစ်ခုလုံးကို အစာရှောင်ဆုတောင်းခြင်း၌ အပ်နှံခဲ့သည်။ သို့သော် St. Athanasius နှင့် Arius တို့သည် 'ခရစ်တော်၏ ဘုရား ဖြစ်ခြင်း' ဟူသော သီအိုလော်ဂျီဘာသာရပ်၌ တိုက်ခိုက်နေခဲ့ကြသည်ကို

ကြားသိရသောအခါ တစ်ကိုယ်တော်သီးခြားနေထိုင်ခြင်းဘဝကို စွန့်ကာ အမှန်တရားကို ဖေါ်ပြရန် Alexandria မြို့သို့ ပြန်လည် ရောက်ရှိလာခဲ့သည်။

တောင်ပေါ်ရသေ့နာမည်ကြီး St. Bernard de Clairvaux ကိုလည်း သတိရပါ၏။ Crusades ခေါ် အာရပ်နှင့် ဂျူးခရစ်ယာန်များ အချင်းချင်းသော်လည်းကောင်း၊ အခြားဂိုဏ်းဂဏမှ ယုံကြည်ခြင်း တူညီအစ်ကိုများကိုလည်းကောင်း သတ်ဖြတ်ခဲ့ကြသည်။ အဓိပ္ပါယ်မရှိသော ခရစ်ယာန်ဘာသာရေးစစ်ပွဲအကြောင်းကို ကြားသိရသောအခါ ကရူးဆိတ်စစ်သားများကို တရားဟောရန် တောင်ထိပ်ပေါ်ရှိ မိမိကျောင်းမှ ဆင်းလာခဲ့ပါသည်။

ခရစ်ယာန်တိုင်းလုပ်ရမည့် အလုပ်ဟူသမျှကို ဆောင်ရွက်ရန် ကျွန်တော် ဆုံးဖြတ်ချက်ချခဲ့သည်။ ခရစ်တော်၊ ပေါလုနှင့် သူတော်စင်ကြီးများ၏ လမ်းစဉ်ကိုလိုက်ရန်၊ အငြိမ်းစားယူမည်ဟူသော အတွေးကို ဖြုတ်လျက် တိုက်ရေးခိုက်ရေးတွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့သည်။ မည်ကဲ့သို့သော တိုက်ပွဲမျိုးပါလိမ့်။

အကျဉ်းထောင်ထဲက ခရစ်ယာန်များသည် မိမိတို့၏ ရန်သူများအတွက် ဆုတောင်းခဲ့ကြပြီး လှပသော ပုံသက်သေကိုပြခဲ့ကြသည်။ ကျွန်ုပ်တို့ စိတ်နှလုံး၏ တောင့်တချက်သည် ၎င်းတို့၏ ကယ်တင်ခြင်းရရှိရေးနှင့် ရရှိလေတိုင်း ဝမ်းမြောက်ခြင်းခံစားရန်ဖြစ်ပေသည်။ သို့သော် ကွန်မြူနစ်စနစ်၏ ဆိုးသွမ်းမှုကို မုန်းတီးသဖြင့် မြေအောက်အသင်းတော်ကို ခွန်အားဖြည့်လိုက်ချင်သည်။ ၎င်းသည် ဝမ်းမြောက်ဖွယ် သတင်းကောင်း တန်ခိုးအားဖြင့် ဆိုးယုတ်သော နိုင်လိုမင်းထက် အုပ်ချုပ်ရေးကို ဖြုတ်ချနိုင်သည့် တစ်ခုတည်းသော စွမ်းပကားဖြစ်သည်။

ရိုမေးနီးယား နိုင်ငံတစ်နိုင်ငံတည်းကိုသာ မစဉ်းစားပါ။ ကွန်မြူနစ်ကမ္ဘာတစ်ခုလုံးကို စဉ်းစားသည်။ သို့တစေ၊ အနောက်တိုင်းတွင် ဤကဲ့သို့ တာဝန်ယူ ဂရုစိုက်လိုသော စိတ်သဘောထား မရှိလှကြောင်း တွေ့ရသည်။

ကွန်မြူနစ် စာရေးဆရာများဖြစ်ကြသော Sinaiavsi နှင့် Daniel တို့အား မိမိတို့၏ သွေးသောက်ရဲဘော်များမှ အကျဉ်းထောင်ထဲ ပို့ကြသောအခါ တစ်ကမ္ဘာလုံး စာရေးဆရာများက ကန့်ကွက်ခဲ့ကြသည်။ သို့သော် ယုံကြည်ခြင်းကြောင့် ခရစ်ယာန်များ အချုပ်ခံကြသော အခါတွင်မူ အသင်းတော်များက ကန့်ကွက်ခြင်း လုံးဝမရှိ။

ဆရာကြီး Torrey ၏ ဆက်ကပ်ခြင်းဆိုင်ရာ စာအုပ်ငယ် အချို့နှင့် သမ္မာကျမ်းစာ အပိုင်းအစများ ဖြန့်ချိခြင်းကြောင့်'အဆိပ်ပါသော ခရစ်ယာန်စာပေ ဖြန့်ချိခြင်း' ဟူသော အမှုဖြင့် ထောင်ဒဏ်ပေးခြင်းခံသည့် Brother Kuzyck ကို မည်သူဂရုစိုက်ခဲ့ပါသနည်း။ တရားဟောချက် ပုံနှိပ်စာများ ဖြန့်ချိခြင်းကြောင့် ထောင်ဒဏ်ပေးခြင်းခံသည့် Brother Prokofieu အကြောင်းမည်သူသိသနည်း။ အလားတူအမှုကြောင့် ရုရှား နိုင်ငံ၌ ထောင်ဒဏ်ပေးခြင်းခံခဲ့ရသည့် ဟေဗြဲခရစ်ယာန် Grunvald အကြောင်းမည်သူသိသနည်း။ ထိုသူ၏ သားသည်လည်း ကွန်မြူနစ်တို့က ခေါ်သွားပြီး တစ်သက်လုံးပေါ်မလာတော့ဘူး။

သားလေး **Mihai ကို ထားခဲ့ပြီး** ကျွန်ုပ်ကို ခေါ်သွားကြသော အခါ ကျွန်ုပ်၏ **ခံစားချက် ကျွန်တော်သိပါ၏**။ အလားတူ Brother Grunvald, Ivanenko, **Granny Shevchuk**, Taisya Tkachenko, Ekaterina Vekazina, **Georgi Vekazin, latvia** မှ Pilat ဧနီးမောင်နှံ အမည်နာမ မဖော်ပြသော **နှစ်ဆယ်ရာစုသူတော်စင်များ**နှင့် ယုံကြည်ခြင်း သူရဲကောင်းများအတွက်လည်း ထပ်တူထပ်မျှ **ခံစားခဲ့**သည်။ ကနဦး ခရစ်ယာန်တို့သည် မိမိတို့၏ ယုံကြည်ခြင်း**ညီအစ်ကိုများ**ကို သားရဲခြံထဲ လွှင့်ပစ်ဖို့အလို့ငှါ ခေါ်ဆောင်လာခဲ့ကြသော**အခါ၊ ၎င်းတို့၏** လက်ထိပ် သံကြိုးများကို နမ်းရှုပ်ခဲ့ကြသကဲ့သို့၊ ကျွန်**တော်လည်း အထက်ပါ**သူ တော်စင်နှင့်သူရဲကောင်းတို့၏ လက်ထိပ်သံကြိုး**များကို နမ်းရှုပ်ရန်** ဦးညွတ်ပါ၏။

အချို့သော အနောက်တိုင်းခေါင်းဆောင်များက ၎င်းတို့ကို ဂရု မစိုက်ကြချေ။ ၎င်းတို့၏ ဆုတောင်းစာရင်းတွင် မာတုရများမပါချေ။

မာတုရများကို ညှင်းပန်းနှိပ်စက်ပြီးထောင်ဒဏ်ပေးနေကြသော အချိန်မှာ ၎င်းတို့ကို ရှုတ်ချလျက် တိုင်တောခဲ့ကြသော ရုရှားနှစ်ခြင်းအသင်းတော်နှင့် မူဟောင်းဂိုဏ်းမှ ခေါင်းဆောင်များသည် ဒေလီမြို့၊ ဂျီနေဗာမြို့နှင့် အခြားဘာသာရေးအစည်းအဝေးကြီးများတွင် ဝမ်းပန်းတစ်သာကြိုဆို ဧည့်ခံခြင်းခံခဲ့ကြသည်။

ထိုအစည်းအဝေးကြီးများတွင် ရုရှား၌ ဘာသာရေးလွတ်လပ်မှု အပြည့်ရှိကြောင်း ၎င်းတို့က ကျေညာခဲ့သေးသည်။

ဤကဲ့သို့ ကြေညာခဲ့သော Bolshevik ဂိုဏ်းမှ ဘုန်းတော်ကြီး Nikodim အား ကမ္ဘာ့အသင်းတော်များကောင်စီ (WCC) ခေါင်းဆောင်တစ်ဦး က နမ်းရှုပ်ခဲ့သည်။ ၎င်းနောက် ကြီးကျယ်ခမ်းနား ညစာစားပွဲကြီးကို ခန့်ငြားထယ်ဝါသော ကမ္ဘာ့အသင်းတော်များကောင်စီ၏ အမည်ဖြင့် ခင်းကျင်း ဧည့်ခံသုံးဆောင်ခဲ့ကြသည်။ ထိုအချိန်တွင် ထောင်ထဲက သူတော်စင်များသည် ကော်ပီထုတ်ကို ရေမဆေးသော (အမဲ) အူနှင့် ဝါးစားခဲ့ကြသည်။ ကျွန်တော်လည်း ယေရှုနာမဖြင့် ၎င်းအစားအစာကို စားလေ့ရှိခဲ့ဖူးသည်။

မည်သည့်အရာမျှ မတည်မြဲဘူး၊ မြေအောက်အသင်းတော်က အခြေအနေကောင်းလျှင် အနောက်တိုင်း ခရစ်ယာန်များအား ဖြစ်ပျက်ခဲ့သမျှကို သတင်းသွားပို့ဖို့ ရိုမေးနီးယားမှ ထွက်သွားရန် ကျွန်ုပ်ကို အကြံပြုခဲ့ကြသည်။

ကွန်မြူနစ်များကို ချစ်ပါသော်လည်း ကွန်မြူနစ်ဝါဒကိုမူ ရှုတ်ချတိုက်ခိုက်ရန် ကျွန်တော်ဆုံးဖြတ်ခဲ့သည်။ ကွန်မြူနစ်ဝါဒကို ရှုတ်ချဖီဆန်ခြင်းမပြုဘဲ သတင်းကောင်းဟောခြင်းကို တရားသည် ဟုမထင်ပါ။

အချို့က ကျွန်ုပ်ကို “ သတင်းကောင်းသက်သက်သာ ဟောပါလား ” ဟုပြောကြသည်။ ၎င်းက ကျွန်ုပ်ကို သတိရစေသည်မှာ လျှို့ဝှက်ရဲတစ်ယောက်က ခရစ်တော်အကြောင်းသာ ဟောဖို့၊ ကွန်မြူနစ်ဝါဒအကြောင်းထည့်မဟောဖို့ ပြောခဲ့ဖူးသည်ကို သတိရစေသည်။ မှန်ပါသည်။ ‘သတင်းကေင်းသက်သက်’ ဟူသော စိတ်ထားရှိသူတို့ကို ကောင်းကြီး

မှုတ်သွင်းသော ဝိညာဉ်သည် လှို့ဝှက်ရဲများ၏ ဝိညာဉ်နှင့် အတူတူပင် မဟုတ်ပေဘူးလား။

'သတင်းကောင်းသက်သက်' ဟူသော စကားကို ကျွန်တော်သဘော မပေါက်နိုင်ပါ။ ဗတ္တိဇံဆရာယောဟန်ဟောသော တရားဒေသနာသည် 'သတင်းကောင်းသက်သက်' လားမသိ။ ၎င်းသည် "ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ၊ ထို့ကြောင့် နောင်တရကြ လော့' ဟူ၍သာ ဟောသည်မဟုတ်( မ၊ ၃း၂)။ ဟေရုဒ်ဘုရင်ကိုလည်း "ဟေရုဒ်ပြုသော ဒုစရိုက်အဖြစ် ရှိသမျှတို့ကို ယောဟန်သည် ဖော်ပြ၍ ဆုံးမ" ခဲ့ကြောင်း တွေ့ရသည် (လုကာ၊ ၃း၁၉)။ ဒေသနာတော်ကို အကန့်အသပ်ပြုကာ လျှော့မဟောသောကြောင့် ခေါင်းဖြတ်ခံခဲ့ရပါသည်။

တောင်ပေါ်ဒေသနာတော်တွင်လည်း ယေရှုသည် 'သတင်းကောင်းသက်သက်' ကိုသာ ဟောသည်မဟုတ်။ အသင်းတော်ခေါင်းဆောင်အချို့က 'အာမင်' မပေးနိုင်သော ဒေသနာလည်း ဟောတော်မူခဲ့သည်။ "လှို့ဝှက်သော ကျမ်းပြုဆရာ၊ ဖာရိရှဲတို့ သင်တို့သည် အမင်္ဂလာရှိကြ၏။ မြွေဆိုးအမျိုးတို့ သင်တို့သည် အပြစ်ငရဲမှ အဘယ်သို့ လွတ်နိုင်ကြမည်နည်း"(မ၊ ၂၃း၂၇-၃၃)။ "သတင်းကောင်းသက်သက်" မဟုတ်သော ဤစေတနာကြောင့် ကိုယ်တော်သည် ကားတိုင်တင်သတ်ခြင်းခံခဲ့ရသည်။ တောင်ပေါ်ဒေသနာကို ဖာရိရှဲတို့သည် 'အာမင်' ပေးနိုင်မည် မထင်။

အပြစ်ကို အမည်နာမတည့်တည့်မှည့်ကာခေါ်ရသည်။ ကွန်မြူနစ်ဝါဒသည် ယနေ့ကမ္ဘာမှာ ကြောက်စရာအကောင်းဆုံးသော အပြစ်ဒုစရိုက်တစ်မျိုးဖြစ်သည်။ ၎င်းကို ရှုတ်ချကာ ဗီလာဆန့်ကျင်မပြုသော သတင်းကောင်းဟူသမျှသည် 'သန့်ရှင်းသော သတင်းကောင်း သို့မဟုတ် သတင်းကောင်းသက်သက်' မဟုတ်နိုင်ပေ။ မြေအောက်အသင်းတော်ကမူ ၎င်းကို ရှုတ်ချဆန့်ကျင်လျက် လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားလှုပ်ရှားနေကြသည်။

ကွန်မြူနစ်ဝါဒကို ရှုတ်ချဆန့်ကျင်ရန် ကျွန်တော်ဆုံးဖြတ်ခဲ့ပြီ။

သို့သော် (Anti-Communists) ခေါ် "ကွန်မြူနစ်ဆန့်ကျင်ရေးသမား များ" က ဆန့်ကျင်သကဲ့သို့ မူ ဆန့်ကျင်သည်မဟုတ်၊ ဟစ်တလာသည် ၎င်းကို ဆန့်ကျင်သော်လည်း (သူတစ်ပါးကို) နိုင်လိုမင်းထက် ပြုနေသေး သည်။ ကျွန်ုပ်တို့သည် အပြစ်ကို မုန်း၏ အပြစ်သား ကိုချစ်၏။

ꩤꩤꩤꩤꩤ

## အနောက်တိုင်းမှာ အဘယ်ကြောင့်ကျွန်တော်ခံစားခဲ့ရသနည်း (Why I suffer in the West )

ကွန်မြူနစ်တိုင်းပြည်များကထက်ပင် အနောက်တိုင်းမှာသာ၍ ကျွန်တော်ခံစားမိသည်။ ကျွန်ုပ်၏ ခံစားချက်များအနက်တစ်ခုသည် နှုတ် ဖြင့် ပြော၍မကုန်နိုင်သော မြေအောက်အသင်းတော်၏ လုပခြင်းကို လွမ်း ဆွတ်သတိရခြင်းပင်ဖြစ်ပေသည်။ ၎င်းသည် လက်တင် (Latin) စကားပုံ တစ်ခုကို ပြည့်စုံစေသော အရာဖြစ်သည်။ " အဝတ်အစားမရှိက အဝတ် အစားမပါသော ခရစ်တော် နောက်ကိုလိုက် "

ကျွန်ခံတိုင်းပြည်များတွင် လူသား (The Son of Man) နှင့် ၎င်း၏ လူတို့သည် ခေါင်းချစရာနေရာမရှိကြပေ။ ထိုနေရာတွင် ခရစ်ယာန်များစွာတို့သည် မိမိတို့အတွက် အိမ်မဆောက်ကြပေ။ အဘယ်ကြောင့်ဆိုသော် မိမိတို့ အဖမ်းခံသောအခါ ဆက်လက် အသိမ်း ခံမည်ကို သိကြသောကြောင့်ဖြစ်သည်။ အိမ်ရှိခြင်းသည်ပင်လျှင် အဖမ်းခံ ရန်သာ၍အခွင့်အလမ်းရှိစေသကဲ့သို့ဖြစ်သည်။ အကြောင်းမှာ သူတစ်ပါး သည် ထိုအိမ်ကို တပ်မက်လျက်ရှိ၏။ ထိုနေရာတွင် ခရစ်တော်၏ နောက် တော်သို့မလိုက်မီ ဖခင်ကို သင်္ဂြိုဟ်ရန်နှင့် မိသားစုကို နှုတ်ဆက်ရန် အချိန်ရ မည် မဟုတ်ပေ (လုကာ ၊ ၉း၅၉)

သင်၏ ညီအစ်ကိုမောင်နှမများနှင့် သင်၏ အမေသည် မည်သူ

တွေနည်း။ ဤနေရာတွင် သင်သည် ယေရှုကဲ့သို့ဖြစ်၏။ ဘုရားသခင်၏အလိုတော်ကို ပြည့်စုံစေသောသူများသည်သာ သင်၏ အမေနှင့် ညီအစ်ကိုများဖြစ်ကြသည်။ လင်မယားကွာရှင်းခြင်း သားသမီးများက မိဘများကို သစ္စာဖေါက်ခြင်းနှင့် သတို့သမီးက သတို့သားအား ရှုတ်ချပြစ်တင်ခြင်းသည် အကြိမ်ပေါင်းများလွန်းသဖြင့် သဘာဝဆွေမျိုးတော်စပ်မှုဆိုသည်မှာ အဓိပ္ပါယ်မရှိတော့ချေ။ ဝိညာဉ်ရေးရာ ဆွေမျိုးတော်ခြင်းသာ တဖြည်းဖြည်း တိုးတက်မြဲမြဲမည့်အရာဖြစ်ပါသည်။

မြေအောက်အသင်းတော်သည် ဆင်းရဲမွဲတေသည်သာမက အတိဒုက္ခမျိုးစုံခံစားရသော အသင်းတော်ဖြစ်သည်။ သို့သော် မပူမအေး သင်းဝင်အနည်းငယ်ပါဝင်ကြသည်။

မြေအောက်အသင်းတော်မှ ဘာသာရေးဝတ်ပြု အစည်းအဝေးသည် လွန်ခဲ့သော အနှစ်တစ်ထောင်ကိုးရာခန့်က ကနဦးအသင်းတော်တို့၏ စည်းဝေးပွဲနှင့်တူ၏။ တရားဟောဆရာသည် သီအိုလော်ဂျီလည်း နားမလည်။ တရားဟောပုံဟောနည်းလည်း ပေတရုကဲ့သို့ပင် မကျွမ်းကျင်။ သီအိုလော်ဂျီ ကထိကတိုင်း ပင်တေကုတ္တေနေ့၌ တရားဟောခဲ့သော ပေတရုအား အောင်မှတ်ပေးကြမည်မဟုတ်။

***မြေအောက် အသင်းတော်များ၏ ဝိညာဉ်ရေးရာအလှကိုသိသောသူတိုင်း အနောက်တိုင်း အသင်းတော်အချို့တို့၏ ဟာလာဟင်းလင်း ဖြစ်နေခြင်းကို မကျေနပ်ကြ။***

တိုင်းပြည်များစွာတွင် ကျမ်းစာပိတ်ပင် ခြင်းရှိသဖြင့် ကျမ်းချက်များကို မသိကြချေ။ ၎င်းပြင် တရားဟောဆရာသည် အများအားဖြင့် ထောင်ထဲမှာ အချိန်ကုန်သောကြောင့် ကျမ်းစာဖတ်ချိန်မရ။

ခမည်းတော်ဘုရားကို ယုံကြည်ခြင်း အကြောင်းနှင့်ပတ်သက်၍ နောက်ကွယ်မှာ ပြဇာတ်ကလိုက်လာတတ်သော ကြောင့် အဓိပ္ပါယ်လေးနက်လှသည်။အကျဉ်းသားများသည် ခမည်းတော် ဘုရားအား နေ့စဉ်နှင့်အမျှ ပေါင်မုန့် တောင်းကြပါသော်လည်း လက်တွေ့အားဖြင့် ရွံ့စရာကောင်းအောင် ညစ်ပတ်သော ကော်ပီထုတ်များသာ ရခဲ့ကြသည်။

သို့သော် ဘုရားသခင်အား ချစ်ခင်ကြင်နာသော ခမည်းတော်အဖြစ် ယုံကြည်မြဲ ယုံကြည်ကြသည်။

ငင်းတို့သည် ယောဘနှင့် တူကြ၏။ ယောဘသည် မိမိကို အသေသတ်လျှောင်လည်း ထိုဘုရားကို ယုံမြဲယုံကြည်မည်ဟု သစ္စာဆို၏။ ငင်းတို့သည် ကားတိုင်တော်မှာ စွန့်ပစ်ခြင်းခံခဲ့သော ယေရှုနှင့်တူကြ၏။ ယေရှုသည် ထိုအချိန်၌ပင် ဘုရားသခင်ကို "ခမည်းတော်" ဟုခေါ်ခဲ့သည်။

**မြေအောက်အသင်းတော်များ၏ ဝိညာဉ်ရေးရာအလှကို သိသောသူတိုင်း၊ အနောက်တိုင်းအသင်းတော်အချို့ဟာလဟင်းလင်းဖြစ်နေခြင်းကို မကျေနပ်ကြ။**

ကွန်မြူနစ်ထောင်များမှာ ခံစားရသည်ထက် အနောက်တိုင်း၌ ကျွန်တော်ပို၍ ခံစားသည်။ အကြောင်းမှာ သေနေသော အနောက်တိုင်း ယဉ်ကျေးမှုကို ကိုယ်တိုင်မြင်တွေ့သောကြောင့်ဖြစ်သည်။

Oswald Spengler က 'အနောက်တိုင်း၏ ဆုတ်ယုတ်မှု' (Decline of the West) ဟူသောစာအုပ်တွင် **အောက်ပါအတိုင်း** ရေးသားထားသည်။

**"သင်သေနေသည်။ သင်၌ အသရေပျက်လျက်ဆွေးမြေ့မည့် စရိုက်လက္ခဏာများတွေ့နေရပြီ။ သင်၏ ကြီးမားသော ကြွယ်ဝချမ်းသာခြင်း ကြီးမားသော ဆင်းရဲမွဲတေခြင်း၊ သင်၏ အရင်းရှင်စနစ်၊ သင်၏ ဆိုရှယ်လစ်စံနစ်၊ သင်တိုက်နေသောစစ်ပွဲများ၊ သင်၏တော်လှန်ရေးများ သင်၏ ဘုရားမဲ့ဝါဒ သင်၏ အရာရာတိုင်းကို မဖြစ်နိုင်သည့် ဘက်က မြင်တတ်ခြင်း၊ သင်၏အဆိုးမြင်ဝါဒ၊ သင်၏ ကိုယ်ကျင့်တရားဖေါက်ပြန်မှု သင်၏လင်မယားကွာရှင်းမှု၊ သင်၏ သန္ဓေသား ဖျက်ဆီးမှု၊ ငင်းသည် အောက်ခြေမှ သွေးများယိုစီးမှုနှင့် ထိပ်ဆုံးက ဦးနှောက်ကို သတ်သေခြင်းအားဖြင့် (အရှုံးပေါ်မည့်အရာများဖြစ်ကြောင်း) ဤအချက်များသည် ရှေးယခင်က Alexandria, Greece နှင့် Rome စသည့် အင်ပိုင်ယာနယ်ကြီးများ ကျဆုံးစေခဲ့သောအချက်အလက်များဖြစ်ရာ သင့်အတွက်လည်း ဆိုးသောပုံသက်သေများဖြစ်ပေသည်"။**

ဤစာသည် ၁၉၂၆ ခုနှစ်တွင် ရေးသားထားသောစာဖြစ်သည်။ ထိုအချိန်မှစ၍ ဒီမိုကရေစီ (Democracy) နှင့် ကောင်းသောယဉ်ကျေးမှုများသည် ဥရောပတိုက်ထက်ဝက်အပြင် ကျူးဘား (Cuba) ကျွန်းအထိ တိုင်အောင် သေဆုံးခဲ့ပြီးဖြစ်သည်။ အနောက်တိုင်းနိုင်ငံအများစုသည် အိပ်ပျော်လျက်ရှိနေကြသည်။

သို့သော် အိပ်မနေသောစွမ်းအား (force) တစ်ခုရှိသည်။ အရှေ့တိုင်းကမ္ဘာတွင် ကွန်မြူနစ်တို့ စိတ်ပျက်လက်လျှော့ဖြစ်လျက် အထင်အမြင်လွဲမှားမှုနှင့် ဆုတ်ယုတ်မှုရှိနေသောအချိန်တွင်၊ အနောက်တိုင်းနိုင်ငံများ၌ 'လူမှုရေးရာ ကွန်မြူနစ်ဝါဒ' ကျန်ရစ်သောင်းကျန်းလျက်ရှိ၏။

အနောက်တိုင်းမှ 'လူမှုရေးကွန်မြူနစ်အုပ်စု' တို့သည် ကွန်မြူနစ်တိုင်းပြည်များမှ ဆိုးယုတ်ကြမ်းတမ်းမှုသတင်းများနှင့် ညှင်းပန်းနှိပ်စက်ခြင်းဆိုင်ရာ စိတ်ဆင်းရဲစရာ သတင်းများကို အယုံအကြည်မရှိကြချေ။ ထို့ကြောင့် မိမိတို့၏ ယုံကြည်ခြင်းကို အထက်တန်းလူတန်းစားများထံသို့ဖြစ်စေ၊ ပညာရှိတို့ ဆုံရာဇရပ်များသို့ဖြစ်စေ၊ ကောလိပ်ကျောင်းများသို့ဖြစ်စေ၊ ဆင်းရဲသားရပ်ကွက်များသို့ဖြစ်စေ နေရာတကာ မမေ့နိုင်သော ဖွဲ့ဖြင့် ပျံ့နှံ့စေခဲ့ကြသည်။

ကျွန်ုပ်တို့ ခရစ်ယာန်များသည် ပြီးပြည့်စုံလင်သော (Whole truth) သမ္မာတရားဘက်သို့ စိတ်နှစ်ခွ ရပ်တည်တတ်ကြသည်။ ၎င်းတို့မှာမူ လိမ်လည်သည့်ဘက်၌ နှလုံးအကြွင်းမဲ့ရပ်တည်ကြသည်။

အနောက်တိုင်း သီအိုလော်ဂျီယံများသည် သေရေးရှင်ရေးတမျှ အရေးပါသော အချိန်မျိုးတွင် အရေးမပါသောကိစ္စမျိုးကို ရေးကြီးခွင်ကျယ် ဆွေးနွေးတတ်ကြသည်။ ၎င်းက ကျွန်ုပ်ကို တစ်ခုသတိရစေသည်။ Mahomet II စစ်တပ်မှ ၁၄၉၃ ခုနှစ်တွင် Constantinople မြို့ကို ဝိုင်းရံနေသောအချိန်မှာ Balkan အမျိုးသားတို့သည် ရာစုနှစ် များစွာ ခရစ်ယာန်တို့၏ လက်အောက်၌ နေကြရမည်လော၊ သို့မဟုတ် မူဆလင်တို့၏ လက်အောက်၌လောဟူသော အရေးကြီးမေးခွန်း ဆွေးနွေးသင့်သောအချိန်တွင်၊ ဝိုင်းရံခြင်းခံမြို့တစ်မြို့၏ ဒေသန္တရ သင်းတော်များ

ကောင်စီသည် အောက်ပါမေးခွန်းကို ရေးကြီးခွင်ကျယ် ဆွေးနွေးခဲ့ကြသည်။

"အပိုကြညာမာရိ၏မျက်လုံးသည် မည်သည့်အရောင် ရှိသနည်း၊ ကောင်းကင်တမန်များ၌ မည်သည့်လိင်ရှိကြသနည်း၊ နာမတော်အားဖြင့် စင်ကြယ်သော ရေဇလုံ၌ ယင်ကောင်ကျခဲ့သည်ရှိသော်၊ ယင်ကောင်သည် စင်ကြယ်သော သတ္တဝါဖြစ် သွားမည်လော၊ စင်ကြယ်သော ရေသည် ညစ်ပတ်သွားမည်လော ?"။

ဤအကြောင်းအရာများသည် ထိုအချိန်က ဒဏ္ဍာရီမျှသာဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် ယနေ့အသင်းတော် ပုံမှန်သတင်းစာများကို ဖတ်ရှုပါက အထက်ပါမေးခွန်းမျိုးကို ဆွေးနွေးကြောင်း သိပါလိမ့်မည်။ နှိပ်စက်ညှင်းပန်းသူတို့၏ ရက်စက်ကြမ်းကြုတ်ခြင်းသတင်းများနှင့် မြေအောက်အသင်းတော်များ၏ အတိဒုက္ခခံစားခြင်းသတင်းများကိုမူ ဖော်ပြခြင်းမရှိလှချေ။

သီအိုလော်ဂျီဆိုင်ရာ ဆွေးနွေးချက်များ၊ ဘာသာရေးထုံးတမ်းဓလေ့များနှင့် အရေးမကြီးသော ကိစ္စရပ်များကို အဆုံးအစမရှိဆွေးနွေးကြသည်။

ဟော်တယ်ညှော့ခန်းစားပွဲပါတီတစ်ခုမှာ တစ်ယောက်ကမေးသည်။ "အကယ်၍ သင်သည် နစ်နေသော သင်္ဘောပေါ်မှာရှိလျက်၊ သီးခြားကျွန်းတစ်ကျွန်းသို့ ရောက်ကာ၊ သင်္ဘောစာအုပ်တိုက်မှ တစ်အုပ်တည်းသာ ယူဆောင်သွားခွင့်ရှိသည်ဆိုပါက။ မည်သည့်စာအုပ်ရွေးမည်နည်း"။

တစ်ယောက်ကဖြေသည်။ "သမ္မာကျမ်းစာ" အခြားတစ်ဦးကမူ " Shakespeare ဝတ္ထု " သို့သော် စာရေးဆရာတစ်ဦးက အဖြေမှန်ရသည်။ "အိမ်ပြန်ရောက်နိုင်ဖို့ သင်္ဘောတည်ဆောက်နည်းစာအုပ်ရွေးပြီး အိမ်ရောက်မှ ကြိုက်ရာစာအုပ်ဖတ်နိုင်မယ်.."

ဂိုဏ်းဂဏအသီးသီးနှင့် သီအိုလော်ဂျီအားလုံး၏ လွတ်လပ်ခြင်းအခွင့်ရှည်ရေးနှင့် ဘာသာရေးဖိနှိပ်ချုပ်ချယ်မှုကြောင့် ပျောက်ဆုံးသွားသော လွတ်လပ်ခြင်း ပြန်လည်ရယူထိန်းသိမ်းခြင်းသည် သီအိုလော်ဂျီ

အယူအဆတစ်မျိုးကို အတင်းသင်ပေးခြင်းထက်သာ၍ အရေးကြီးသည်။

"သမ္မာတရားသည် သင်တို့ကို လွှတ်လိမ့်မည်" ဟုယေရှုမိန့်တော်မူ၏။ (ယော၊ ၈း၃၂)။ သို့သော် ၎င်း လွတ်လပ်ခြင်း၊ တစ်ခုတည်းသော လွတ်လပ်ခြင်းသည်သာ သမ္မာတရားကိုပေးနိုင်၏။ အရေးမကြီးသော ကိစ္စတစ်ခု၌ အငြင်းပွားသည်ထက် ကမ္ဘာပေါ်ရှိ မင်းဆိုးရာဇာနှင့် စံနစ်ဆိုးများမှ လွတ်လပ်မှုရရှိလေအောင် အတူတကွ စည်းရုံးတိုက်ခိုက်သင့်ပေသည်။

ကျွန်ခံတိုင်းပြည်များမှ အသင်းတော်များ ညှင်းပန်းနှိပ်စက်မှုတိုးပွားလာခြင်းကိုလည်း မျှဝေခံစားမိပါသည်။ ဤညှင်းပန်းနှိပ်စက်မှုများကို ကိုယ်တိုင်ကြုံတွေ့ခံစားကျော်လွှားခဲ့ရသဖြင့် ထင်းထင်းကြီးမြင်နိုင်ပေသည်။

၁၉၆၆ ခုနှစ် ဇွန်လထုတ် ဆိုဗီယက်သတင်းစာ Izvestia နှင့် Dervenskais Jizn တို့က ရုရှားနှစ်ခြင်းအသင်းတော်သည် အပြစ်လွှတ်ခြင်း ယဇ်ပူဇော်ရန် ကလေးများကို သတ်ဖို့အသင်းသူ/ သားများအား သင်ကြားပို့ချသည်ဟု စွပ်စွဲခဲ့သည်။ ၎င်းသည် ဂျူးလူမျိုးတို့ကိုလည်း စွပ်စွဲခဲ့ကြသည့်ဘာသာရေးဓလေ့ဟောင်းတစ်ခုဖြစ်သည်။

သို့သော် ၎င်းစွပ်စွဲချက်၏ ရည်ရွယ်ချက်ကို ကျွန်တော် ကောင်းကောင်းသိပါ၏။ ၁၉၅၉ ခုနှစ် Cluj အကျဉ်းထောင်ရောက်ခဲ့စဉ်က ကလေးမတစ်ယောက်ကို သတ်သည်ဟု စွပ်စွဲချက်ဖြင့် ထောင်ထဲရောက်လာသူ Lazarovici နှင့်အတူ နေခဲ့ဖူးသည်။ အသက်သုံးဆယ်သာရှိသေးသော်လည်း ညှင်းပန်းနှိပ်စက်ခြင်းကြောင့် နေ့ချင်းညချင်းဆံပင်ဖြူပါသဖြင့် အဘိုးကြီးနှင့်တူ၏။ မကျူးလွန်ခဲ့သော စွပ်စွဲချက်ကို ဝန်ခံရလေအောင် လက်သည်းများ တစ်ခုပြီးတစ်ခု ခွာထုတ်ခြင်းခံခဲ့ရသည်။

တစ်နှစ်လုံးလုံး ညှင်းဆဲခြင်းခံပြီးမှ အပြစ်မရှိကြောင်း သိလာကြသောအခါ ထောင်မှ လွှတ်ခြင်းခံခဲ့ရသည်။ သို့သော် လွှတ်ခြင်းသည် သူ့အတွက် အကျိုးမရှိတော့ချေ။ တစ်သက်လုံးအရူးဖြစ်သွားရရှာသည်။

ကွန်မြူနစ်ခေတ်က ရုရှားသတင်းစာ၏ နှစ်ခြင်းအသင်းတော်

အား စွပ်စွဲချက်များကို ဖတ်ရှုသောသူများသည် ရယ်မောကာ နေကြ၏။ စွပ်စွဲချက်သည် မည်သည့်အရာကို ရည်ရွယ်ကြောင်း ကျွန်တော် နားလည်ပါသည်။

အနောက်နိုင်ငံမှာနေလျက် ဤကဲ့သို့သော စွပ်စွဲချက် ရုပ်လုံးများ အာရုံထဲ အစဉ်မြင်နေရသည်မှာ စိတ်ခြောက်ခြားဖွယ်ကောင်းပေသည်။

ဆိုဗီယက်အစိုးရနှင့် မတွဲလိုသော Kaluga မှ ဘုန်းတော်ကြီး Yermogen နှင့် အခြားဘုန်းတော်ကြီး ခုနှစ်ပါးတို့သည် အစိုးရလက်ပါးစေ အသင်းတော်ဖခင် Alexei နှင့် ဘုန်းတော်ကြီး Nikodim တို့အား ဆန့်ကျင်ခဲ့ကြသောအခါ မည်ကဲ့သို့သော အဖြစ်အပျက် ဖြစ်ပျက်ခဲ့ပါသနည်း။

ထိုကဲ့သို့ ဆန့်ကျင်ခဲ့ခြင်းကြောင့် ထောင်ထဲရောက်လာသော ရိုမေးနီးယားဘုန်းတော်ကြီးတစ်ပါးသည် ကျွန်ုပ်အခန်းဘေးမှာ သေဆုံးမသွားခဲ့ပါလျှင်၊ လေးစားထိုက်သော ၎င်းဘုန်းတော်ကြီးများ၏ အကြောင်းကို ကျွန်တော်သေချာနားလည်ချင်မှ နားလည်ပေလိမ့်မည်။

***အခြားတိုင်းပြည်များ၌လည်း ညှင်းပန်း နှိပ်စက်ခြင်း ခံစားကြရသော (ညီအစ်ကို) များ အတွက် တုန်လှုပ်မိပါသည်၊***

အမှုတော်ဆောင်များဖြစ်ကြသော Nikolai Eshliman နှင့် Gleb Yakunin တို့အား အဆိုပါ အသင်းတော်ဖခင်က ပြင်းထန်စွာ ဆုံးမကြိမ်းမောင်းခဲ့သည်မှာ ဘာသာရေး လွတ်လပ်မှု တောင်းလျှောက်ကြခြင်းကြောင့် ဖြစ်သည်။

အနောက်တိုင်းကမ္ဘာက ဤကိစ္စကို ကောင်းစွာသိရှိနားလည်ပေ၏။ ဤအမှုမျိုးကြောင့် အကျိုးဆောင် အဆင့်သို့ရောက်ခဲ့သော ရိုမေးနီးယားမှ ဘုန်းတော်ကြီး Ioan of Vladimive -shti နှင့်အတူနေခဲ့သေးသည်။ အပေါ်ယံ အားဖြင့်ဆိုသော် ဘာသာရေးဆိုင်ရာ ဆုံးမခြင်းနှင့်တူပါသော်လည်း၊ ကျွန်ုပ်တို့၏ တရားဝင်အသင်းတော်ခေါင်းဆောင်များသည် ကွန်မြူနစ်နိုင်ငံက တရားဝင်ခေါင်းဆောင်များကဲ့သို့ လျှို့ဝှက်ရဲများနှင့် လက်တွဲလုပ်ဆောင်သော အမှုတော်ဆောင်များဖြစ်ကြသည်။

၎င်းတို့၏ ဆုံးမသြဝါဒပေးခြင်းခံသူများသည် အခြားအကျဉ်းသားများကဲ့သို့ ညှင်းပန်းနှိပ်စက်ခြင်းမျိုးစုံ၊ ရိုက်ပုတ်ခြင်းနှင့် ဆေးဝါးအတင်း တိုက်ကျွေးခြင်းခံ ကြရသည်။

**အခြားတိုင်းပြည်များ၌လည်း ညှင်းပန်းနှိပ်စက်ခြင်း ခံစားကြရသော ညီအစ်ကို များအတွက် တုန်လှုပ်မိပါသည်။** ညှင်းပန်း နှိပ်စက်သူများ၏ ဘဝပန်းတိုင်ကို စဉ်းစားသောအခါ၌သာ၍ တုန်လှုပ်မိသည်။ ညှင်းပန်းနှိပ်စက်ခြင်းခံ ညီအစ်ကိုများအား မကူညီသော အနောက်တိုင်းခရစ်ယာန်များအတွက်လည်း တုန်လှုပ်ခြောက်ခြား ဖြစ်မိပါသည်။

နှလုံးသား အကြွင်းမဲ့ခံစားလျက် ဆန္ဒပြုမိသော အရာသည် ကိုယ့်စပျစ်ခြံ၏ အလှကို ကိုယ်တိုင် ထိန်းသိမ်းလိုသည်၊ အထက်ပါကဲ့သို့ ပြင်းထန်သော တိုက်လှန်ခြင်းတွင်မပါလိုပါ။ ငြိမ်သက်မှုရှိသော နေရာတစ်နေရာတွင် နားနားနေနေ နေချင်မိသည်။ သို့သော် မဖြစ်နိုင်ပေ။

ကွန်မြူနစ်တို့က တိဗက် (Tibet) ပြည်ကို ကျူးကျော်သိမ်းပိုက်သော အခါ ဝိညာဉ်ရေးရာအလေးထားသောသူများကို အဆုံးတိုင်နှိမ်နင်းခဲ့ကြသည်။ ရိုမေးနီးယားတွင်လည်း ကွန်မြူနစ်တို့သည် အမှန်တရားကိုင်းရှိုင်းသူများကို အဆုံးတိုင် ချေမှုန်းနှိမ်နင်းခဲ့ကြသည်။ ၎င်းနောက် ဘုရားကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများကို ပိတ်ပင်ခဲ့သည်။ နိုင်ငံခြားသားများကို မျက်လှည့်ပြဖို့ အချို့သောကျောင်းအနည်းငယ်ကိုသာ ဖွင့်ထားကြသည်။

ကျွန်တော် တမ်းတခဲ့သော ငြိမ်သက်စွာ နားနားနေနေနေခြင်းသည် အမှန်တရားမှ ကင်းကင်းကွာကွာနေခြင်းဖြစ်လျှင် ဝိညာဉ် အတွက် အန္တရာယ်ရှိနိုင်သည်။

ဤတိုက်ပွဲကို ကျွန်တော်ဦးဆောင်နေရသည်မှာ ကျွန်ုပ်အတွက် အန္တရာယ်ကြီးလှပါသည်။ ၁၉၄၈ ခုနှစ်မှာ ကျွန်ုပ်ကို လမ်းပေါ်မှာ အလစ်သုတ်ကာပြန်ပေးဆွဲခဲ့ကြပြီး နာမည်အတုပေးခဲ့ကြသည်။ ထိုအချိန်က နိုင်ငံတော်အစိုးရ၏ အတွင်းရေးမှူး Anna pauker က ဆွီဒင်သံအမတ် (Sir Patrick von Reuterswaerde) အား "Wurmbrand ဟာ

အခုအချိန်မှာ Copenhagen လမ်းမကြီးပေါ် လမ်းလျှောက်နေ၏ ”ဟု ပြောခဲ့ဖူးသည်။

ထောင်ထဲက အခကြေးငွေဖြင့် ရွေးနှုတ်ခြင်းခံရ၍ လွတ်မြောက်ခဲ့ပြီဖြစ်ကြောင်း ကျွန်တော်ရေးလိုက်သော စာသည် ၎င်းသံအမတ်ကြီး၏ အိပ်ကပ်ထဲရောက်နေပါသဖြင့် သူသည် အလိမ်ခံနေခဲ့ကြောင်း ရိပ်မိပါသည်။ ထိုကဲ့သို့သော အဖြစ်အပျက်မျိုးသည် ထပ်မံဖြစ်ပေါ်နိုင်သော အဖြစ်အပျက်မျိုးပင်ဖြစ်ပေသည်။

ကျွန်တော်အသတ်ခံလျှင် လူသတ်သမားအား ကွန်မြူနစ်တို့က ချီးမြှောက်သောအားဖြင့် အလုပ်ခန့်လိမ့်မည်။ မည်သူမျှ ကျွန်ုပ်ကို သတ်ဖို့ရည်ရွယ်ချက်မရှိ။ ကျွန်ုပ်အား ခိုးသည်၊ လိင်တူချင်းဆက်ဆံသည်၊ သူများမယားပြစ်မှားသည်၊ နိုင်ငံရေးအရ မမှီခိုထိုက်သော သူဖြစ်သည်၊ လိမ်သာသည် သို့မဟုတ်အခြားတစ်ခုခုဖြစ်သည်ဟု စွပ်စွဲသတင်းကြားမိသည်ရှိသော်၊ လျှို့ဝှက်ရဲများက ကျွန်ုပ်ကို ခြိမ်းခြောက်ခဲ့သော စကားပြည့်စုံခြင်းသာဖြစ်လိမ့်မည်။ “အကျင့်စာရိတ္တအားဖြင့် မင်းကို ငါတို့ဖျက်ဆီးမည်”

ယုံကြည်ထိုက်သော ပုဂ္ဂိုလ်က ကျွန်ုပ်ကို ပြောဖူးသည်မှာ ၁၉၆၀ လွန်နှစ်အတွင်း အမေရိကန်အထက်လွှတ်တော် ရုံးကြီး၌ သက်သေ ခံပြီးမှ ရိုမေးနီးယား ကွန်မြူနစ်တို့သည် ကျွန်ုပ်ကို သတ်ဖို့ ဆုံးဖြတ်ချက်ချခဲ့ကြသည်ဆို၏။

သို့သော် ကျွန်တော်အငြိမ်မနေနိုင်ပါ။ မိတ်ဆွေ၏ တာဝန်သည် ကျွန်တော်ပြောသမျှ ဟုတ်မဟုတ် အေးအေးဆေးဆေး စစ်ဆေးဖို့သာ ရှိတော့သည်။

နှိပ်စက်ညှင်းဆဲမှုမျိုးစုံ ခံစားဖြတ်သန်းလာခဲ့ရသောကြောင့်၊ ၎င်းနှင့်ပတ်သက်သော စိတ်ရောဂါစွဲနေပြီဟု ထင်ကောင်းထင်ကြပေလိမ့်မည်။ ကွန်မြူနစ်ဝါဒ၏ ကြောက်မက်ဖွယ်ကောင်းသော တန်ခိုးသည် တိုင်းသူပြည်သားများအားလုံးကို ကြောက်စိတ်ရောဂါ စွဲကပ်စေခဲ့သည်သာဖြစ်ကြောင်း မိမိတို့ မိမိစဉ်းစားကြည့်လျှင် တွေ့ရလိမ့်မည်

အစောင့်ရဲများကတွေ့လျှင် တစ်မိသားစုလုံး ပစ်သတ်ခြင်းခံ

ကြရမည်ကို သိလျက်နှင့် အရှေ့ဂျာမဏီမှ ယောက်ျားများသည် ကလေးငယ်တစ်ယောက်ကို မြေထိုးစက်ပေါ်တင်လျက်၊ သံဆူးကြိုးစည်း ရိုးကို အတင်းကျော်ဖြတ်မောင်းနှင်ခြင်း တန်ခိုးသည် မည်ကဲ့သို့သော တန်ခိုးဖြစ်သနည်း။

အနောက်တိုင်းသည် အိပ်ပျော်နေပါသဖြင့် ချုပ်နှောင်ခံတိုင်းပြည် များ၏ ဆိုးဝါးသော အခြေအနေများကို တွေ့မြင်သိရှိနားလည်ပါရန် နိုးသင့်ပါပြီ။

× × × × × × ×

မကြာခဏ ဒုက္ခခံစားတတ်သောသူသည် သူတစ်ပါးအား အပြစ်ဖို့ရန် Scapegoat ခေါ် အပြစ်အစားတောအရပ်သို့ လွှတ်ရမည့် ဆိတ်ကို လက်ညှိုးထိုးကာ ရှာဖွေတတ်ကြသည်။ တွေ့ရှိသောအခါ စိတ်**သောက** ဝ**န်ကို**များစွာ ပေါ့ပါးစေသည်။ ကျွန်တော်သည် ထိုကဲ့သို့ မလုပ်**နိုင်ပါ**။

**ခရစ်ယာန်**တို့ကို မုန်းသော ကွန်မြူနစ် တို့နှင့် အပေးအယူ လုပ်**နေသော အနောက်**တိုင်းက အသင်းတော်ခေါင်းဆောင်အချို့အပေါ်၌ လည်း **အပြစ်မတင်နိုင်**ပါ။ မကောင်းမှုသည် သူတို့ထံကလာသည်မဟုတ်။ ၎င်းတို့သည် **မကောင်း**ဆိုးဝါး စာတန်၏ လက်နက်များသာ ဖြစ်သည်။ အသင်းတော်အတွင်း ရှုပ်ထွေးမှုသည် ၎င်းတို့က ဖန်တီးသည် မဟုတ် ရှိခဲ့ပြီးသော အရာကို မြင်တွေ့သောသူများသာ ဖြစ်ကြသည်။

အနောက်တိုင်းမှာ နေရသောကြောင့် **ဓမ္မတက္ကသိုလ်များစွာ** ရောက်ခဲ့ပါပြီ။ ထိုကျောင်းများတွင် ခေါင်းလောင်း၏သမိုင်း၊ **ဝတ်ပြုသီချင်း** သမိုင်းစသည်တို့နှင့် ခေတ်အဆက်ဆက်ဆွေးနွေးလေ့ရှိသော ဖဖအုပ် ပေါင်းမှ သမ္မာကျမ်းစာတစ်အုပ် ဖြစ်လာရခြင်း၏ နည်းဥပဒေသများ သို့မဟုတ် ခေတ်ကုန်နေပြီဖြစ်သော အသင်းတော်တစ်ပါး၏ စည်းကမ်း စသည်တို့ကို ရေးကြီးခွင်ကျယ် သင်ကြားပို့ချခဲ့ကြကြောင်း ကြားရပါ သည်။ အချို့သီအိုလော်ဂျီကျောင်းသားများသည် ကျမ်းစာလာ ဖန်ဆင်း ခြင်းအကြောင်းမှာ အမှန်တကယ်မဟုတ်၊ အာဒံ၊ ရေလွှမ်းမိုးခြင်း သို့မဟုတ်

မောရှေပြုသော နိမိတ်လက္ခဏာများသည် တကယ့်အဖြစ် အပျက်မဟုတ် ဟူ၍ သင်ကြားကြရကြောင်းကြားသိရသည်။

အချို့ကလည်း ပရောဖက်များ၏ ဟောကိန်းများသည် ၎င်း အဖြစ်အပျက် ဖြစ်ပျက်ပြီးမှ ရေးသားထားခြင်းဖြစ်သည်။ အပျိုကညာ ကလေး မွေးခြင်းနှင့် ယေရှုရှင်ပြန်ထမြောက်ခြင်းတို့သည် ဒဏ္ဍာရီပုံပြင် ဖြစ်သည်၊ ယေရှု၏ ရုပ်ကလာပ်မှ အရိုးများသည် သင်္ချိုင်းတစ်ခုခုတွင် ရှိသည်၊ ဩဝါဒပေးစာများသည် အစစ်မဟုတ်၊ ဗျာဒိတ်ကျမ်းသည် အရူး တစ်ယောက်ကရေးသော စာဖြစ်သည်။ ထိုသို့ မဟုတ်ပါက သမ္မာကျမ်းစာ သည် သန့်ရှင်းမြင့်မြတ်သော စာအုပ်ဖြစ်သည် ဟူ၍ သင်ကြားကြသည်။ (တရုတ်ကွန်မြူနစ်သတင်းစာများထက် လိမ်ညာမှုပိုများသည်ဟု သမ္မာ ကျမ်းစာကို စွပ်စွဲကြသည်။)

ယနေ့အနောက်တိုင်းအသင်းတော်ခေါင်းဆောင်များသည် ကျောင်းသားဘဝတွင် အထက်ပါအတိုင်း သင်ယူကြသည်။ အထက်ပါ အခြေအနေအတွင်း အသက်ရှင်နေထိုင်ကြသည်။

ထိုကဲ့သို့ ထူးဆန်းသောအကြောင်းအရာများဖြင့် မယုံကြည်ထိုက် သော ယေရှုသခင်အပေါ် သူတို့သည် မည်ကဲ့သို့ သစ္စာရှိနိုင်ပါမည်နည်း။ ဘုရားသခင်သည် သေနေသည်ဟု လွတ်လွတ်လပ်လပ်သင်ကြားဟောပြော နေသော အသင်းတော်တွင် အသင်းတော်ခေါင်းဆောင်များသည် မည်ကဲ့သို့ သစ္စာရှိနိုင်ကြပါမည်နည်း။

ဂိုဏ်းဂဏများစွာမှ အချို့ခေါင်းဆောင်များနှင့် ခရစ်ယာန်များ သည် ခရစ်တော်အတွက် သတို့သမီးမဟုတ်ကြချေ။ ခေတ်အဆက်ဆက် **ယေရှု**သခင်ကို သစ္စာဖေါက်သော အသင်းသားများစွာ စုရုံးရာအသင်း တော်မှ ခေါင်းဆောင်များဖြစ်ကြသည်။ ၎င်းတို့သည် မြေအောက်အသင်း တော်မှ မာတုရတစ်ဦးကို တွေ့သောအခါ စိမ်းကားစွာ ကြည့်ကြသည်။

လူတစ်ယောက်ကို ၎င်း၏ စိတ်နေသဘောထားတစ်ခုတည်းအား ဖြင့် အစဥ်စစ်ကြောစီရင်၍ မရပေ။ စီရင်စစ်ကြောမိလျှင် ကျွန်ုပ်တို့သည် ဖာရိရှဲများကဲ့သို့သာ ဖြစ်လိမ့်မည်။ ဖာရိရှဲတို့၏ အမြင်**တွင် ယေရှုသည်**

လူကောင်းမဟုတ်၊ အကြောင်းမှာ ၎င်းတို့၏ ဥပုသ်နေ့ စည်းမျဉ်းစည်းကမ်းကို အလေးထားတော် မမူသော ကြောင့်ဖြစ်သည်။ ၎င်းတို့သည် ယေရှု၏ ချစ်ဖွယ်ကောင်းသော လုကွက်များကို မမြင်ရလေအောင် မျက်စိမှိတ်ထားကြသည်။

ကွန်မြူနစ်ဝါဒအပေါ်လွဲမှားသော အယူအဆရှိသည့် အဆိုပါ အသင်းတော်ခေါင်းဆောင်များသည် အခြားအရာများတွင် မှန်ကန်သော အမြင်ရှိကောင်းရှိနိုင်ပြီး၊ သစ္စာသမာဓိရှိသောသူများ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ မှားလျှင်လည်း အမှားကိုဝန်ခံကာ ပြန်လည်ပြုပြင်တတ်ကြပါသည်။

Orthodox ခရစ်ယာန်မူဟောင်းဂိုဏ်းဘုန်းတော်ကြီး တစ်ပါးနှင့် ကျွန်တော် ရှိမေးနီးယားမှာ အတူနေခဲ့ဖူးသည်။ ထိုသူသည် ကွန်မြူနစ်ရဲဘော်တစ်ဦးဖြစ်၍ မိမိ၏ သိုးစု(အသင်းတော်) ကိုသစ္စာဖေါက်သောဘုန်းတော်ကြီးဖြစ်သည်။ သူ့လက်ကို ဆွဲဆုပ်ရင်း ကျမ်းစာထဲက ပျောက်သော သားငယ်အကြောင်းကို ပြောပြသည်။ ထိုသူ၏ခြံထဲ တစ်ခုသော ညနေခင်း၌ ဖြစ်သည်။

ကျွန်တော်က ပြောသည်။ "အိမ်ပြန်လာခဲ့သော အပြစ်သားကို ဘုရားသခင်ဟာ ဘယ်လိုအချစ်မျိုးနဲ့ လက်ခံတယ်ဆိုတာ ကြည့်လေ။ ဘုန်းတော်ကြီးတောင်မှ နောင်တရရင် ကိုယ်တော်ဝမ်းမြောက်ဝမ်းသာ လက်ခံမှာပါ။"

ဆက်လက်၍ ခရစ်ယာန်သီချင်းဆိုပေးသည်။ ထိုအခါ အသက်တာပြောင်းလဲသွားသည်။

မူဟောင်းဂိုဏ်းဘုန်းတော်ကြီးတစ်ပါးနှင့် တစ်ခန်းတည်းမှာ အချုပ်ခံခဲ့ဖူးသည်။ တစ်နေ့နေ့လွတ်လိုလွတ်ငြားဖြင့် ဘုရားမဲ့ဝါဒီသင်ကြားဖို့ သင်ခန်းစာရေးလေ့ရှိ၏။ သူ့ကို ကျွန်တော်စကားပြောလိုက်သော အခါ သူရေးထားခဲ့သမျှကို ဖွဲဆုတ်ပြီး ထောင်ကမလွတ်လျှင်လည်း အကြောင်းမဟုတ်ဟူ၍ စိတ်ဓါတ်တင်းကာ အရဲစွန့်သဘောရှိလာခဲ့တော့သည်။

ကျွန်ုပ်နှလုံးသားထဲမှာ ရှိသော ဝန်ထုပ်ဝန်ပိုး ပိုမိုပေါ့ပါးသွားရလေအောင်ဟူသော ရည်ရွယ်ချက်ဖြင့် မည်သူ့ကိုမျှ အပြစ်မတင်ခဲ့ချေ။

အခြားနာကျင်မှု တစ်ခုရှိသေးသည်။ ၎င်းမှာ မိတ်ဆွေစစ် တစ်ယောက်က အထင်လွဲခြင်းဖြစ်သည်။ အချို့ကလည်း ကွန်မြူနစ်ဝါဒကို ခါးသီးစွာ မုန်းတီးသူဟူ၍ ကျွန်ုပ်ကို စွပ်စွဲခဲ့ကြသည်။ မှန်မည်လားမသိပေ။

မောရှေအကြောင်း စာတမ်းပြုစုရေးသားခဲ့သူ Claude Montefiore က ပြောခဲ့သည်မှာ ကျမ်းတတ်ပုဂ္ဂိုလ်များနဲ့ ဖာရိရှဲတို့ အပေါ် ယေရှုရဲ့ စိတ်နေသဘောထားရယ်၊ လူထုရှေ့မှာ ၎င်းတို့ကို ရှုတ်ချခဲ့ပုံဟာ ရန်သူကို ချစ်ခြင်းနဲ့ ကျိန်ဆဲသူတို့ ကောင်းကြီးပေးခြင်း ဆိုတဲ့ သူကိုယ်တိုင် သွန်သင်ချက်နဲ့ မကိုက်ညီဘူး" ဟူ၍ ဖြစ်သည်။ ၎င်းကို လန်ဒန်မြို့ စိန်ပေါကျောင်းမှ အငြိမ်းစားကျောင်းဆရာ Dr. W.R.Mathews က လည်း ဆီလျော်မှုမရှိသည့်အပြင် နားလည်ရန် မလွယ်သော သွန်သင် ချက်ဖြစ်သည်ဆို၏။ ဆက်လက်၍ ဖတ်ရှုပြီးတွေးခေါ်ဆင်ခြင် တတ်သော ပုဂ္ဂိုလ်မဟုတ်ဟူ၍ နိဂုံးချုပ်ခဲ့သည်။

ယေရှုနှင့်ပတ်သက်၍ Montefiore ၏ အမြင်သည် မှားသည် လူထုရှေ့၌ ရှုတ်ချသော်ငြားလည်း ယေရှုသည် ဖာရိရှဲများကို ချစ်တော်မူ၏။ ကျွန်တော်လည်း ကွန်မြူနစ်တို့ကို ရှုတ်ချသည်တိုင်အောင် ၎င်းတို့ ကိုယ်တိုင်သာမကဘဲ ၎င်းတို့၏ လက်နက်များဖြစ်ကြသော အသင်းတော် ခေါင်းဆောင်များကိုလည်း ချစ်ပါ၏။

ကျွန်ုပ်ကို မကြာခဏဆိုသလို ပြောကြသည်မှာ "ကွန်မြူနစ်တို့ ကို မေ့ပစ်လိုက်ပါတော့။ ဝိညာဉ်ရေးရာအတွက်သာ အလုပ်လုပ်လိုက်ပါ" ဟူ၍ဖြစ်သည်။

နာဇီ ဝါဒစိုးမိုးသောခေတ်က နှိပ်စက် ညှင်းဆဲခြင်းခံ ခဲ့ဖူးသော ခရစ်ယာန်တစ်ဦးတွေ့ခဲ့သည်။ သူက ကျွန်ုပ်ကို ပြောသည်မှာ "ဆရာက ယေရှုကို သက်သေခံနေသမျှ ကျွန်တော်ဆရာ့ဘက်မှာ ရပ်တည်မယ်။ ဒါပေမယ့် ကွန်မြူနစ်ဝါဒအကြောင်းကိုတော့ တစ်ခွန်းမျှ မပြောပါနဲ့ဗျာ"

ကျွန်တော်ကမေးသည်။ "တကယ်လို့ ဂျာမဏီနိုင်ငံက နာဇီဝါဒ ကို တိုက်ခိုက်ခဲ့သော ခရစ်ယာန်များဟာ မင်းဆိုးမင်းညစ် ဟစ်တလာ အကြောင်းကို တစ်ခွန်းမျှ ဆန့်ကျင်မပြောဘဲ ကျမ်းစာကိုသာ ပြောတယ်

ဆိုရင်ဖြစ်ပါ့မလား" သူကပြန်ပြောသည်မှာ "ဟစ်တလာကျတော့ ဂျူး လူမျိုးခြောက်သန်း သတ်ခဲ့တယ်လေ၊ ဆန့်ကျင် မပြောလို့ ဘယ်ဖြစ်မလဲ"

ကျွန်တော်က အောက်ပါအတိုင်းအဖြေပေးသည်။"ကွန်မြူနစ်ဝါဒ ဟာ ရုရှားလူမျိုးသန်းသုံးဆယ်၊ တရုတ်လူမျိုးသန်းပေါင်းများစွာနဲ့ တစ်ခြား လူမျိုးများစွာ သတ်ခဲ့ပြီနော်။ ဂျူးလူမျိုးလည်း သတ်ပါသေးတယ်။ ဂျူး လူမျိုးတွေ သတ်မှသာ ဆန့်ကျင်တော်လှန်ပြီးတော့၊ ရုရှားနဲ့ တရုတ်လူမျိုး တွေသတ်တဲ့အခါ ဒီအတိုင်းဘဲ လက်ပိုက်ကြည့်နေရမှာလား" သူပြန်ပြော သည်မှာ "ဒါက တစ်ခြားစီပဲလေ" ဟူ၍ ဖြစ်ရာဖြေရှင်းချက် မပေးတော့ပါ။

ဟစ်တလာခေတ်၌ ဖြစ်စေ၊ ကွန်မြူနစ်တို့၏ ခေတ်၌ဖြစ်စေ ရဲများသည် ကျွန်ုပ်ကို အမျိုးမျိုးရိုက်ပုတ်နှိပ်စက်ခဲ့ကြပါသဖြင့် ၎င်းတို့၌ ကွာခြားချက်မတွေ့ရပေ။ အတူတူပင်ဖြစ်ကြသည်။ နှစ်ခုစလုံး အနာတရ ခံစားခဲ့ရပါသည်။

ခရစ်ယာန်တို့သည် ကွန်မြူနစ်ဝါဒသာမဟုတ်ဘဲ အပြစ်ဒုစရိုက် ၏ ဖာစ်မြစ်ဟူသမျှကို ဆန့်ကျင်တိုက်ခိုက်ရပါမည်။ ကွန်မြူနစ်ပြဿနာ တစ်ခုတည်းကိုသာ ကျွန်ုပ်တို့ စိတ်ထဲမှာ စွဲလန်းနေသည်မဟုတ်။ သို့သော် ကွန်မြူနစ်ဝါဒသည် ခရစ်ယာန်ဘာသာအတွက် အကြီးဆုံး ရန်သူနှင့် ကြောက်မက်ဖွယ်အကောင်းဆုံးအန္တရာယ်ဖြစ်သည်။ ၎င်းနှင့် ပတ် သက်လာလျှင် ကျွန်ုပ်တို့ စည်းလုံးမှုရှိရမည်။

ထပ်မံပြောပါရစေ။ **လူသားအတွက် အမြင့်ဆုံးသော ပန်းတိုင် သည် ခရစ်တော်နှင့်တူသော အသက်တာ ရရှိရေးပင် ဖြစ်ပေသည်။** ၎င်းကို အဟန့် အတားပြုခြင်းသည် ကွန်မြူနစ်တို့၏ ရည်ရွယ်ချက်ဖြစ်သည်။ သူတို့သည် နဂိုကတည်းက ဘာသာရေးကို ဆန့်ကျင်သောသူများဖြစ် ကြသည်။ လူသည် သေသွားသောအခါ ဆားနှင့်ဓါတ်သတ္တုဖြစ်သွားသည်၊ ၎င်းအပြင် ဘာမျှမရှိဟုထင်ကြသည်။ လူ့အသက်တာ တစ်လျှောက်လုံးကို ပစ္စည်းပစ္စယအနေဖြင့်သာမြင်ခဲ့ကြသည်။

စုပေါင်းလုပ်အားသဘောဆောင်သော အစုလိုက်အပြုံလိုက် ဟူသော စိတ်သဘောရှိကြသည်။ ဓမ္မသစ်ထဲက အမည်နာမမေးသောအခါ

'လေဂေါင်' ဟု နတ်ဆိုးကပြောပြသကဲ့သို့ 'ငါတို့က အများကြီး' ဆိုသည်မှာ ကွန်မြူနစ်တို့၏ စကားဖြစ်သည်။

ဘုရားပေးဆုကျေးဇူးများအနက် အကြီးမားဆုံး ဆုတစ်ဆုဖြစ်သော 'တစ်ကိုယ်တော်အရည်အသွေး'သည် ဖျက်ဆီးပစ်ရမည်ဆို၏။ Alfred Adler ရေးသော 'တစ်ကိုယ်တော် စိတ္တဗေဒ' ( Individual psychology) ဟူ သောစာအုပ် ဖတ်သော ကြောင့် လူတစ်ယောက်ကို ဖမ်းချုပ်ကြသည်။ လျှို့ဝှက်ရဲအရာရှိ တစ်ဦးက အသံမြှင့်လျက်၊ "အဲ၊ တစ်ကိုယ်တော် အမြဲ တစ်ကိုယ်တော်၊ အစုလိုက်၊အရုံးလိုက်ကော မဖြစ်နိုင်ဘူးလား" ဟုအော်ဟစ်မေးမြန်းခဲ့သည်။

***လူသားအတွက် အမြင့်ဆုံးသော ပန်းတိုင်သည် ခရစ်တော်နှင့်တူသော အသက်တာရရှိရေးပင် ဖြစ်ပေသည်၊ ၎င်းကို အဟန့်အတားပြုခြင်းသည် ကွန်မြူနစ်တို့၏ ရည်ရွယ်ချက်ဖြစ်သည်၊***

ယေရှုသည် ကျွန်ုပ်တို့၏ တစ်ကိုယ်တော် ခံယူချက်နှင့် ယုံကြည်ချက်ကို အထူးဦးစားပေးတော်မူ၏။ ထို့ကြောင့် ကွန်မြူနစ်ဝါဒနှင့် ကျွန်ုပ်တို့သည် အပေးအယူ မလုပ်ကောင်းပေ။ ဤ အချက်ကို ကွန်မြူနစ်တို့ ကောင်းကောင်းသိသည်။

၎င်းတို့၏ 'သိပ္ပံနှင့်ဘာသာရေး' (Nauka i Religia-Science and Religion)ခေါ် မဂ္ဂဇင်းတွင် အောက်ပါအတိုင်း ရေးသားထားသည်။"ဘာသာရေးသည် ကွန်မြူနစ်စံနစ်နှင့် မနိုင်းထိုက်ပေ။ ရန်ဖက်ဖြစ်ကြသည်။ ကွန်မြူနစ်တို့၏ အစီအစဉ် မာတိကာတွင် ပါဝင်သမျှ သည် ဘာသာရေးအတွက် သေမင်း၏ လက်သီးဖြစ်သည်။ ၎င်းအစီအစဉ် သည် ဘုရားမဲ့ဝါဒီလူမှု အဖွဲ့အစည်းဖန်ဆင်းခြင်းအစီအစဉ်ဖြစ်သည်။ ၎င်းအစီအစဉ်ကြောင့် ဘောင်အတွင်းတွင် လူသည် ဘာသာရေး ကျွန်ခံခြင်းမှ ထာဝရလွတ်ကင်းနိုင်မည်။"

ခရစ်ယာန်ဘာသာသည် ကွန်မြူနစ်ဝါဒနှင့်အတူ တည်ရှိတွဲနိုင်မည်လော။ ကွန်မြူနစ်တို့က အဖြေပေးနေပါသည်။" ကွန်မြူနစ်ဝါဒသည် ဘာသာရေးအတွက် သေမင်း၏ လက်သီးဖြစ်သည်"



၅

# တားဆီး၍ မရနိုင်သော မြေအောက် အသင်းတော်၏ တိုးတက်ပြန့်နှံ့မှု

## The invincible, Widespread Underground Church

မြေအောက် အသင်းတော်သည် အလွန်ခဲယဉ်းသော အခြေအနေအောက်တွင် လုပ်ကိုင်လှုပ်ရှားလျက်ရှိသည်။ ဘုရားမဲ့ဝါဒသည် ကွန်မြူနစ်တိုင်းပြည်အားလုံး၏ နိုင်ငံတော်ဘာသာဖြစ်သည်။ သက်ကြီးရွယ်အိုများအား ကြိုက်ရာဘာသာ ယုံကြည်ခွင့် ပြုပါသော်လည်း ကလေးလူရွယ်များကိုမူ ခွင့်မပြုချေ။

ကွန်မြူနစ်တိုင်းပြည်များနှင့် ကျွန်ခံတိုင်းပြည်များတွင် ရေဒီယို၊ တီဗွီ၊ ရုပ်ရှင်၊ ပြဇာတ်၊ ပုံနှိပ်တိုက်နှင့် စာပေထုတ်လုပ်ရေးစသည်တို့အားလုံးသည် ခရစ်ယာန်တို့၏ယုံကြည်ခြင်းတိုက်ဖျက်ရေးအတွက် အသုံးပြုကြသည်။

မြေအောက်အသင်းတော်သည် အစိုးရ၏ ကြီးမားသော အစွမ်းတန်ခိုးကို ဆန့်ကျင်ဖီဆန်ရန် ခွန်အား အနည်းငယ်သာရှိသည်။ ရုရှားပြည်မြေအောက်အသင်းတော်က အမှုတော်ဆောင်များသည် သီအိုလော်ဂျီသင်တန်းဆင်းတစ်ပါးမျှ မရှိ။ ယနေ့တရုတ်ပြည်၌လည်း ဓမ္မကျမ်းစာတစ်အုပ်လုံးကုန်အောင် မဖတ်ဘူးသေးသော သင်းအုပ်များရှိကြသည်။

သင်းအုပ်ဆရာများစွာအား ဘယ်ပုံဘယ်နည်း ဘိသိက်လက်တင်မင်္ဂလာပေးကြောင်း ဝေငှပါရစေ။ လျှို့ဝှက် အမှုတော်ဆောင် ရုရှားလူငယ်တစ်ပါး တွေ့ခဲ့ဖူးသည်။ "မည်သူက သိက္ခာတင်မင်္ဂလာ (ordained) ပေးခဲ့ကြောင်း ကျွန်တော်က မေးသည်။ ၎င်း၏ အဖြေသည် မည်သူမည်ဝါက ဘိသိက်ပေးခြင်းခံဖို့ ကျွန်ုပ်တို့မှာ ဘုန်းတော်ကြီး အစစ်မရှိပါဘူး။ အစိုးရ အသိအမှတ်ပြု ဘုန်းတော်ကြီးကလည်း ကွန်မြူနစ်ပါတီက အသိ

အမှတ်မပြုသော သင်းအုပ်ကို ဘိသိက်လက်တင်မင်္ဂလာ မပေးရဘူး။ ဒီတော့ ကျွန်ုပ်တို့ ခရစ်ယာန်လူငယ် ဆယ်ယောက်တို့ဟာ မာတုရရဲ့ သေဆုံးသွားခဲ့သော ဘုန်းတော်ကြီး သင်္ချိုင်းကို သွားရတယ်။ ကျွန်ုပ်တို့ အထဲက နှစ်ယောက်ဟာ အုတ်ဂူကျောက်ပြားကို ကိုင်နေတုန်းမှာ အခြား ရှစ်ယောက်ဟာ ကျွန်ုပ်တို့ရဲ့ ဘေးပတ်လည်မှာ စက်ဝိုင်းပုံဖေါ်ကာရပ် နေကြတယ်။ ဒါနဲ့ ဝိညာဉ်တော်ကို ကျွန်ုပ်တို့အား သိက္ခာတင်မင်္ဂလာပေး ဖို့ ဆုတောင်းခဲ့ကြတယ်။ သံရိုက်ခံ ယေရှုရဲ့ လက်တော်က ကျွန်ုပ်တို့ကို သိက္ခာတင် မင်္ဂလာပေးတော်မူကြောင်း ကျွန်ုပ်တို့ သေချာခံစားခဲ့တယ်"၊ ဟူ၍ဖြစ်သည်။ ကျွန်ုပ်အတွက်ဆိုလျှင် ဤလူငယ်၏ ဘိသိက်မင်္ဂလာသည် ဘုရားသခင်ရှေ့တော်မှာ ပြည့်စုံလောက်မှုရှိပါသည်။

ထိုကဲ့သို့ ဘိသိက်ခံသော လူ၊ သီအိုလော်ဂျီ မသင်ဘူးသော လူနှင့်ဘင်္ဂလာဒေ့ချ်က ဧဝံဂေလိဆရာ အချို့ကဲ့သို့ ကျမ်းစာ မကျွမ်းကျင်သော လူတို့က ခရစ်တော်၏ အမှုတော်မြတ်ကို ဆောင်ရွက်ခဲ့ကြသည်။

ပထမရာစုခေတ်က အသင်းတော်နှင့် မတူပေဘူးလား။ ခရစ်တော် အတွက် ကမ္ဘာကို မှောက်လှန်ခဲ့ကြသောသူများသည်မည်သည့်ဓမ္မကောလိပ် တက်ခဲ့ကြပါသနည်း။ ၎င်းတို့အားလုံး စာဖတ်တတ်ကြသလား။ မည်သည့် နေရာက ကျမ်းစာရခဲ့ကြပါသနည်း။ ဘုရားသခင်က သူတို့ကို တိုက်ရိုက် စကား ပြောတော်မူခဲ့သည်မဟုတ်လား။

ကျွန်ုပ်တို့ မြေအောက်အသင်းတော်၌ ဘုရားကျောင်းကြီးများမရှိ။ သို့သော်တောတွင်း တစ်နေရာမှာ လျှို့ဝှက် စုရုံးစည်းဝေးကြသောအခါ အပေါ်ကို မျှော်ကြည့်၍ မြင်ရသော ကောင်းကင်ကဲ့သို့ လှပသော ဘုရား ကျောင်း အဘယ်မှာ ရှိလိမ့်မည်နည်း။ ကျေးငှက်သာရကာတို့၏ အော်သံ က အော်ဂင်တီးသံ၊ ပန်းမျိုးစုံ၏ မွှေးရနံ့က ကျွန်ုပ်တို့၏ ရနံ့။ ထောင် ထွက် မာတုရ၏ စုတ်ပြဲနေသော ဝတ်စုံသည် ယဇ်ပုရောဟိတ်၏ ဝတ်ရုံ ထက်ပင် အထင်ကြီးစရာ၊ ကြယ်နှင့်လက ကျွန်ုပ်တို့၏ ဖယောင်းတိုင် လာရောက်ထွန်းညှိသူတွေက ကောင်းကင်တမန်များ။

ဤအသင်းတော်၏ အလှကို ကျွန်တော် မပြောတတ်တော့ချေ။

လျှို့ဝှက်အစည်းအဝေး ပြီးသည်နှင့် တစ်ပြိုင်နက် ခရစ်ယာန်များသည် မကြာခဏ ထောင်ထဲသို့ ပို့ခြင်းခံခဲ့ကြသည်။ အကျဉ်းထောင်ထဲတွင် ခရစ်ယာန်တို့သည် မိမိချစ်သူပေးသော အဖိုးတန် ရတနာကို လက်ခံကာ ဝတ်ထားသော သတို့သမီးသကဲ့သို့ လက်ထိပ်ကို အားရဝမ်းသာ ဝတ်ဆင်ခဲ့ကြသည်။ ထောင်ထဲကရေသည် ငြိမ်သက်လှသည်။ ၎င်းတို့သည် ကိုယ်တော်၏ ဖက်နမ်းခြင်းကို ခံစားကြရသဖြင့် ထိုနေရာကို ဘုရင့်နန်းတော်နှင့် မလဲနိုင်ကြ။

မြေအောက်အသင်းတော်များသည် ဖိနှိပ်ခံခဲ့ပါသော်လည်း မိတ်ဆွေများစွာရှိကြသည်။ လျှို့ဝှက်ရဲများနှင့် အစိုးရဝန်ထမ်းများ အထဲ၌လည်း မိတ်ဆွေရှိကြသည်။ ၎င်းလျှို့ဝှက်ယုံကြည်သူများကမြေအောက်အသင်းတော်ကို တစ်ခါတစ်ရံ အကာအကွယ်ပေးကြသည်။

***အစစ်အမှန် ဝမ်းမြောက်သော ခရစ်ယာန်များကို သမ္မာကျမ်းစာမြေအောက် အသင်းတော်နှင့်ထောင်ထဲ၌သာ ကျွန်တော် မြင်ဖူးသည်၊***

ယခင် ဆိုဗီယက် အင်ပိုင်ယာ ရုရှားသတင်းစာများက "လျှို့ဝှက် ယုံကြည်သူများ" တိုးပွားလျက်ရှိကြောင်း အားမလို အားမရရေးသား ဝေဖန်ခဲ့ကြသည်။ ၎င်းလျှို့ဝှက် ယုံကြည်သူများသည် ကွန်မြူနစ် တန်ခိုးအောက်က အစိုးရ ရုံးများ၊ နိုင်ငံရေးဝါဒ ဖြန့်ချိရေးဌာနများနှင့် အခြားအစိုးရဌာနများစွာက ဝန်ထမ်းများဖြစ်ကြသည်။ အပြင်သဏ္ဍာန်အားဖြင့် ကွန်မြူနစ် တင်းပြည့် ပါတီဝင်များ ဖြစ်ကြပါသော်လည်း၊ အတွင်းသဘောအားဖြင့်မူ မြေအောက် အသင်းတော်ဝင် လျှို့ဝှက်ယုံကြည်သူများဖြစ်ကြသည်။

နိုင်ငံရေးဝါဒဖြန့်ချိရေးဌာနက မိန်းကလေးတစ်ယောက်၏ အကြောင်းကို ကွန်မြူနစ်သတင်းစာက ဝေဖန်ခဲ့ဖူးသည်။ ရုံးဆင်းပြီးမှ အခြားတိုက်ခန်းများက လူငယ်များကို ယောကျာ်းဖြစ်သူနှင့် မိမိတို့တိုက်ခန်းမှာ စုရုံးစေခဲ့ကြပြီး ကျမ်းစာလေ့လာခြင်းနှင့် ဆုတောင်းခြင်းကို လျှို့ဝှက်စွာ ဦးဆောင်ခဲ့ကြသည်ဆို၏။

ဤကဲ့သို့သော အဖြစ်အပျက်မျိုးသည် တစ်ကမ္ဘာလုံး ဖြစ်ပျက်နေသော အရာဖြစ်သည်။ လျှို့ဝှက်ယုံကြည်သူများသည်လည်း ကမ္ဘာမှာ ထောင်ပေါင်းများစွာ ရှိကြသည်။ အပေါ်ယံ အသင်းတော်များကို တက်ရောက်လျက် ရေရောသော သတင်းကောင်းကို ကြားနာရင်း လျှို့ဝှက်စုံစမ်းခြင်းခံရသည်ထက် ထိုကဲ့သို့ နေခြင်းကသာ၍ ကောင်းသည်ထင်ကြ၏။ ထို့ကြောင့် မိမိတို့၏ရာထူးနှင့် ရုံးများတွင်အသာနေရင်း ခရစ်တော်အတွက် အောင်မြင်စွာ သက်သေခံခဲ့ကြသည်။

ထိုကဲ့သို့သော နေရာများတွင် မြေအောက် အသင်းတော်သည် သင်းဝင်များစွာရှိ၏။ ၎င်းတို့သည် မြေအောက်တိုက်ခန်းများ၊ ထပ်ခိုးများ၊ သာမန်တိုက်ခန်းများနှင့် တောတွင်း တစ်နေရာ စသည်တို့တွင် လျှို့ဝှက်ဝတ်ပြုပွဲများ ပြုလုပ်လေ့ ရှိကြသည်။

ယခင် ကွန်မြူနစ် ရုရှားတွင် ကလေးလူကြီး ဗတ္တိဇံကိစ္စ ငြင်းခုံခြင်း၊ ပုပ်ရဟန်းမင်းသည် မှားနိုင်သည် မမှားနိုင်ဘူးဟု ဝေဖန်သုံးသပ်ခြင်းနှင့် အနှစ်တစ်ထောင် အုပ်စိုးခြင်းက အရင်လာမည်လား၊ နောက်မှ လာမည်လား စသည့် ငြင်းခုံခြင်းမျိုးမကြားရပါ။ ထိုခေတ်က ခရစ်ယာန်များသည် ပရောဖက်ပြုခြင်းကို ဘာသာမပြန်တတ်က၊ အငြင်းအခုံ မပြုတတ်ကြပါသော်လည်း ဘုရားမဲ့ဝါဒီများထံသို့ ဘုရားသခင်ရှိတော်မူကြောင်း ကောင်းမွန်တိကျစွာ သက်သေခံတတ်ကြသည်ကိုမူ ကျွန်တော်အံ့ဩလှပေသည်။

ဘုရားမဲ့ဝါဒီတို့ကို ၎င်းတို့က ပေးသော အဖြေသည် ရိုးရိုးလေးပင်ဖြစ်သည်။ "စားကောင်းသောက်ကောင်း စားသုံးဖို့ အဖိတ်ခံခဲ့ရင်၊ ထိုအစားအစာများ ချက်ပြုတ်သူ ရှိလိမ့်မယ်ဆိုတာ ယုံတယ်မဟုတ်လား။ အလားတူ၊ သဘာဝ တရားကြီးဟာ ကျွန်ုပ်တို့အတွက် ပြင်ဆင်ထားတဲ့ ခမ်းနားသော ညစာစားပွဲကြီးလိုပါပဲ။ အားလူး၊ မက်မွန်သီး၊ ပန်းသီး၊ နွားနို့နဲ့ ပျားရည်စတဲ့အရာတွေကို စားဖူးတယ်မဟုတ်လား၊ ဤအရာများကို လူသားအားလုံးအတွက် ဘယ်သူ ပြင်ဆင်ပေးပါသလဲ။ သဘာဝတရားဆိုတာ မျက်စိကန်းတယ်။ မိတ်ဆွေ ဘုရားကိုမယုံရင် ဤစားရာများကို မျက်စိကန်းတဲ့သဘာဝတရားက စုံလင်ဖေါ်သီစွာ ဘယ်လို ဖန်ဆင်းပေးနိုင်မှာပါလိမ့်။"



မြေအောက်အသင်းတော်သည် မည်သည့်နေရာတွင် တွေ့ဆုံကြပါသနည်း။ အိမ်ခန်းများ၊ ထပ်ခိုးများ၊ မြေအောက်တိုက်ခန်းများ၊ မြစ်ကမ်းများသို့မဟုတ် တောတွင်းနေရာများတွင် တွေ့ဆုံစုရုံးကြသည်။ ယုံကြည်သူများသည် လျှို့ဝှက်စွာ အဘယ်နေရာမဆို တွေ့ဆုံနိုင်ကြ၏။ ထိုကဲ့သို့သော လျှို့ဝှက်အစည်းအဝေးများကို ဗီယက်နမ်၊ လာအို၊ တရုတ်၊ အရှေ့အလယ်ပိုင်းတိုင်းပြည်များနှင့် ချုပ်ချယ်ခံတိုင်းပြည်များတွင် ဆက်လက် ကျင်းပလေ့ရှိ၏။ တစ်ခါတစ်ရံ ၎င်းတို့၏အစည်းအဝေးများကို ရဲများက ရိုပ်မိသဖြင့် ကြီးစွာသော ဒဏ်ပေးခြင်း ဖမ်းချုပ်ခြင်းနှင့် အကျဉ်းချခြင်းများ ခံခဲ့ရသည်။

ထာဝရ အသက်ရှိကြောင်းလည်း သက်သေပြကြသည်။ ဘုရားမဲ့ ဝါဒီတစ်ယောက်ကို ရှင်းပြသော စကားကြားဖူး သည်မှာ " တကယ်လို့ ကျွန်ုပ်တို့ သန္ဓေသားကို စကားပြောလို့ရတယ်ဆိုကြပါစို့။ မိတ်ဆွေက "သားအိမ်ထဲမှာ နေရတာ တစ်ခဏပါ။ အပြင်မှာ ပိုပြီးရှည်တဲ့ အသက်တာ ရှိပါသေးတယ်" လို့ ပြောတယ်ဆိုပါစို့။ သန္ဓေသားက ဘယ်လိုဖြေမလဲ။ ကျွန်ုပ်တို့က ပရဒိသုခဘုံနဲ့ ငရဲအကြောင်းပြောတဲ့အခါ ခင်ဗျားတို့ ဘုရားမဲ့ ဝါဒီတွေရဲ့ အဖြေအတိုင်းပါပဲ ပြောမှာကတော့ " မိခင်ဝမ်းထဲက အသက်တာဟာ နောက်ဆုံး အသက်တာပါ။ ကျန်တာတွေဟာ ဘာသာရေး မိုက်မဲမှုပါ။"

"ဒါပေမယ့် သန္ဓေသားကသာ စဉ်းစားဉာဏ်ရှိတယ်ဆိုရင် မိမိကို မိမိပြောမှာကတော့၊ "ငါ့လက်တွေ ဘာဖြစ်လို့ ငါ့ကိုယ်ပေါ်မှာ ကြီးထွား နေရတာတုန်း၊ ငါ့ရဲ့ နောင်တစ်ဘဝအတွက် အလုပ်လုပ်နိုင်ဖို့ ကြီးထွား တာလားမှ မသိဘဲ။ ခြေထောက်တွေကလည်း ကြီးထွားလာပေမယ့် ငါ့ ရင်ပတ်ပေါ်မှာ ကွေးကပ်နေတုန်းပဲ။ ဘာဖြစ်လို့ ကြီးထွားနေကြတာတုန်း၊ လမ်းလျှောက်လို့ရတဲ့ နောင်တစ်ဘဝရဲ့ ကမ္ဘာကြီးရှိသလားမှ မသိပဲ။ မျက်စိကလည်း ကြီးထွားရှင်သန်လာပါတယ်။ ဒါပေမယ့် ပတ်ဝန်းကျင် တစ်ခုလုံး မဲမှောင်နေလေတော့ ငါ့မျက်စိကို အလိုမရှိပါဘူး။ ဘာဖြစ်လို့ ငါမျက်စိ ရှိနေရပါသလဲ။ အလင်းရောင်နဲ့ အရောင်မျိုးစုံရှိတဲ့ ကမ္ဘာများ ရှိလေ သလားမှ မသိဘဲ။"

"ဒီလိုပဲ၊ သန္ဓေသားဟာ မိမိ ကြီးထွားမှုကို မိမိလေ့လာရင်း၊ မမြင်ဘူးသေးတဲ့ သားအိမ် အပြင်ဘက်က အသက်တာကို သဘောပေါက် လာပါလိမ့်မယ်။ ကျွန်ုပ်တို့လည်း ဒီတိုင်းပါပဲ။ ငယ်တုန်းက အားမန် တက်ကြွပေမယ့် နှလုံးသားကိုတော့ မှန်မှန် အသုံးမချတတ်ကြသေးဘူး။ နှစ်တွေများလာလို့ ဗဟုသုတနဲ့ အသိပညာရှင်တွေ ရှင်သန် တိုးတက် လာတဲ့အခါမှာ ဆိုရင်၊ နိဗ္ဗာန်ယာဉ်ဟာ ကျွန်ုပ်တို့ကို သင်္ချိုင်းကုန်းပို့ဖို့ စောင့်ဆိုင်းနေတယ်"

" ကျွန်ုပ်တို့ အသုံးမချနိုင်တဲ့ အသိပညာနဲ့ ဗဟုသုတတွေဟာ

ဘာဖြစ်လို ရှင်သန်ကြီးထွားဖို့လိုတာပါလိမ့်။ သားအိမ်ထဲမှာ ဘာဖြစ်လို့ ခြေလက်နဲ့မျက်စိတွေ ကြီးထွားနေရတာလဲ။ ဆက်လာမယ့်ဘဝ အသက်တာအတွက် ဒီအတိုင်းပဲ ကျွန်ုပ်တို့ ဒီကမ္ဘာမှာ ရှိနေကြတယ်။ အတွေ့အကြုံမှာရော၊ ဗဟုသုတမှာရော၊ အသိပညာမှာပါ ဆက်လာမည့်ဘဝကို ပိုမိုအဆင့်မြင့်တဲ့ အခြေအနေအဆင့်အတန်းအားဖြင့် အသုံးချနိုင်ဖို့ စီစဉ်နေကြတာဖြစ်တယ်။ဒါတွေဟာ သေပြီးမှ တွေ့ကြုံရမယ့်အခြေအနေတွေပဲ"

ယေရှုနှင့် ပတ်သက်၍ ကွန်မြူနစ်များမှ ယေရှုဆိုသည်မှာ မရှိခဲ့ဘူးကြောင်း ရေးသားထုတ်ဝေခဲ့ကြသည်။ ၎င်းကို မြေအောက်အသင်းတော်က အမှုထမ်းတစ်ယောက်သည် လွယ်ကူစွာ အဖြေပေးနိုင်ခဲ့သည်။ "အိတ်ကပ်ထဲမှာ ဘာသတင်းစာထည့်ပါသလဲ။ Pravda သတင်း မနေ့ကဟာလား၊ ကနေ့ထုတ်လား။ ကြည့်ပါရစေလား။ အော်၊ ရက်စွဲက ၁၉၆၄ ခုနှစ် ဇနန်ဝါရီလ၊ (၄)ရက်နေ့ ထုတ်ပဲ။ ၁၉၆၄ ခုနှစ်ဆိုတာ ဘယ်က စရေတွက်ခဲ့တာ ပါလိမ့်။ ယေရှုမရှိဘူးလို့ပြောတယ်။သက္ကရာဇ်ကို တော့ ယေရှုမွေးတဲ့နှစ်လ မှစရေတွက် လို့ပါလား။ အချိန်ဆိုတာ ယေရှု မလာမီ ကတည်းက ရှိပြီလေ။ ဒါပေမယ့် ယေရှုလာတဲ့အခါ လူသားတွေအတွက် အရင်ဖြစ်ပျက်ခဲ့ သမျှဟာ အလဟဿလိုပါပဲ။ တကယ့်အချိန်ဆိုတာ အခုမှ စသလိုပါပဲနော်။ ခင်ဗျားတို့ ကွန်မြူနစ်သတင်းစာကပဲ ယေရှုဟာ ပုံပြင် မဟုတ်ကြောင်း သက်သေပြ နေတာပါလား"

အနောက်တိုင်း သင်းအုပ်ပါစတာများက ထင်ကြသည်မှာ မိမိတို့၏ အသင်းသူ/သားများသည် ခရစ်ယာန် ဘာသာ၏ အဓိက သမ္မတရားကို နားလည်သဘောပေါက်ကြသည်ဟု ထင်ကြသည်။ ထိုကဲ့သို့ မဟုတ်ချေ။ ယုံကြည်ခြင်း၏ သမ္မာတရားကို သက်သေပြသော တရားဒေသနာကို ကျွန်ုပ်တို့ ရှားရှားပါးပါး ကြားနာရသည်။ သံချောင်း ကန့်လန့် ကာနောက်ကွယ်မှ ယုံကြည်သူများမှာမူ ပညာသင်ယူခြင်းရှိကြပါသော်လည်း၊ မိမိတို့အားဖြင့် အသက်တာ ပြောင်းလဲသော သူများကို သမ္မာတရား၌ ခိုင်မြဲစွာ ရပ်တည်စေနိုင်ကြသည်။



သက်စွန့်ဆံဖျား စွန့်စားခြင်းဖြင့် ဘုရားသခင့် “လား”များ ဖြစ်ကြသော ကျမ်းစာ သယ်ဆောင်သူများသည် နည်းလမ်းမျိုးစုံဖြင့် ချုပ်ချယ်ခံ တိုင်းပြည်များက ဆာငတ်နေသော ယုံကြည်သူများထံသို့ နှုတ်ကပတ်တော်ကို သယ်ဆောင်ပေးပို့ခဲ့ကြသည်။ ဤပုံသည် အရှေ့ ဂျာမဏီနယ်စပ် အစောင့်ရဲက ကားတံခါး၊ ကြမ်းပြင်နှင့်နံရံများကို လွန်ပူဖြင့် အပေါက်ဖေါက်ကာ တရားမဝင် သမ္မာကျမ်းစာကို ရှာဖွေနေစဉ်။

ခရစ်ယာန်ဘာသာအတွက် အဓိက ခံတပ်ဖြစ်သော မြေအောက်အသင်းတော်သည် အဘယ်မှာဆုံး၍ အစိုးရ အသိအမှတ်ပြု အသင်းတော်သည် အဘယ်ကစသနည်းဟူ၍ နယ်နိမိတ် မျဉ်းကြောင်း ရေးဆွဲ သတ်မှတ်ထားရန် မလွယ်ကူချေ။ နှစ်ခုစလုံးရောယှက်နေကြသည်။ ကျွန်ခံတိုင်းပြည်များမှ အချို့အပေါ်ယံအသင်းတော်က သင်းအုပ်တို့သည် မိမိတို့အပေါ် အစိုးရက သတ်မှတ်ထားသော နယ်နိမိတ်မျဉ်းကြောင်းများကို ကျော်လွန်သည်တိုင်အောင် လျှို့ဝှက်အမှုတော် ဆောင်သူများလည်းရှိကြသည်။

ကွန်မြူနစ်အစိုးရနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှု ရှိသော အသိအမှတ်ပြု အသင်းတော်များ၏ ရာဇဝင်သမိုင်း အလွန်ရှည်လျားကြသည်။ ၎င်းသမိုင်းသည် ရုရှားဆိုရှယ်လစ်တော်လှန်ရေး ပြီးလျှင် ပြီးချင်း၊ "အသက်ရှင်သော အသင်းတော်"၏ ခေါင်းဆောင်ဖြစ်သော ဘုန်းတော်ကြီး Sergius အားဖြင့် အစပြုသည်။

ထိုပုဂ္ဂိုလ်နှင့် လက်တွဲလုပ်ဆောင်သူတစ်ဦးက ပြောဖူးသည်မှာ "မားစ်ဝါဒသည်ဘုရားမဲ့တို့၏စာလုံးဖြင့်ရေးသားထားသောသတင်းကောင်းဖြစ်သည်ဟူ၏။ အဘယ်မျှလောက် ကောင်းသော သီအိုလော်ဂျီပါလိမ့်။

တိုင်းပြည်အသီးသီး၌ Sergius ကဲ့သို့သော လူများစွာ ရှိခဲ့ကြပြီး ဆက်လက်ရှိနေကြသည်။

ဟန်ဂေရီနိုင်ငံကာသိုလိပ်ဂိုဏ်း၌ ( Father Balogh ) ရှိသည်။ ၎င်းနှင့် အချို့သော Protestant အမှုတော်ဆောင်များ၏ အကူအညီဖြင့် ကွန်မြူနစ်တို့သည် ၎င်းတိုင်းပြည်ကို အသားကုန် လွှမ်းမိုးနိုင်ခဲ့သည်။ ရိုမေနီးယားတွင်လည်း ကွန်မြူနစ်တို့သည် (Fascist ) ဝါဒဖြစ်သော ဂိုဏ်းဘုန်းကြီး (Burducea) ၏ အကူအညီဖြင့် အာဏာရလာခဲ့ကြသည်။ ထိုဘုန်းကြီးသည် ယခင်က မိမိ အပြစ်များကို ဖုံးကွယ်လိုသော သဘောဖြင့် ကွန်မြူနစ်များထက်ပင်သာ၍ ပြင်းထန်သော ကွန်မြူနစ်ဖြစ်လာခဲ့သည်။ ဆိုဗီယက်ပြည်ထဲရေးဝန်ကြီး (Vishinski)က ကွန်မြူနစ်အစိုးရ တက်လာပြီဖြစ်ကြောင်း ကြေညာခဲ့စဉ်ကလည်း အနားမှာ ရပ်လျက်ထောက်ခံ အပြုံးဖြင့် ပြုံးပြခဲ့သေးသည်။ ဝန်ကြီး၏ မိန့်ခွန်းသည်"ဤအစိုးရသစ်က ခင်ဗျား

တို့ကို လောကနိဗ္ဗာန်တည်ဆောက်ပေးမှာမို့လို့ ခင်ဗျားတို့ ကောင်းကင်ဘုံက ပရဒိသု ဘုံဆိုတာ အလိုရှိကြတော့မှာ မဟုတ်ဘူး" ဟူ၍ ဖြစ်သည်။

ရုရှားအသင်းတော် တစ်ပါးမှ သင်းအုပ် Nikolai ကဲ့သို့ အစိုးရအတွက် ဖော်ကောင်လုပ်ပေးနေသော သင်းအုပ်များစွာရှိကြောင်း မှတ်တမ်းရှိခဲ့သည်။ Nikolai သည်လည်း အစိုးရကိုယ်စားလှယ် ဖြစ်ကြောင်း ရုရှားလူမျိုး လျှို့ဝှက်ရဲတပ်ဖွဲ့မှ နုတ်ထွက်ခဲ့သော ဗိုလ်မှူး Deriabin က သက်သေခံခဲ့သည်။

အသင်းတော်ဂိုဏ်းဂဏအားလုံးနီးပါး ဤအတိုင်းဖြစ်ကြသည်။ ရိုမေးနီးယား နှစ်ခြင်းအသင်းတော်များသည် အစိုးရ၏ စိတ်ကြိုက် ခန့်အပ်ထားသော သင်းအုပ်များက ဦးဆောင်ခဲ့ကြသောကြောင့် စစ်မှန်သော ယုံကြည်သူများသည် မျက်နှာမရရှုတ်ချခြင်းခံခဲ့ကြသည်။ ရုရှားနှစ်ခြင်းအသင်းတော်များမှာလည်း အလားတူပင်ဖြစ်သည်။ ရိုမေးနီးယား Adventists ဂိုဏ်း ဥက္ကဋ္ဌ Tachici က ကျွန်ုပ်ကို ပြောခဲ့သည်မှာ မိမိသည် ကွန်မြူနစ်များ အာဏာရသော နေ့ကစပြီး လျှို့ဝှက်ရဲတို့ကို သတင်းပေးသော ဖော်ကောင်ဖြစ်ခဲ့သည်ဆို၏။ ဘုရားကျောင်းပေါင်းများစွာ ပိတ်ပင်ခဲ့ကြပါသော်လည်း၊ အသင်းတော်အချို့ကို အသိအမှတ်ပြုကာ၊ ခရစ်ယာန်များနှင့် ခရစ်ယာန်သာသနာကို ထိန်းချုပ်လေ့လာဖို့ရန် အလို့ငှါ ပြတင်းပေါက်အနေဖြင့် အသုံးပြုခဲ့ကြသည်။ ခရစ်ယာန် သာသနာ အဆောက်အအုံကိုမူ မဖျက်ဆီးဘဲ ခရစ်ယာန်များကို ထိန်းချုပ်ရေး လက်နက် ကိရိယာအဖြစ်သော်လည်းကောင်း၊ နိုင်ငံခြားဧည့်သည်များကို လှည့်စားရန်သော်လည်းကောင်း ဆက်လက်ထားရှိရန် ဆုံးဖြတ် ကြသည်။

တရုတ်ပြည်ရှိ TSPM အသင်းတော်၌လည်း ထောင်စုနှစ်သစ်ရောက်သည့်တိုင်အောင် အခြေအနေသည် အထက်ပါအတိုင်း ပုံတူကူးလျက် လိုက်လျှောက်ကြသည်။ ၎င်းသည် တရုတ်ပြည်ရှိ ခရစ်ယာန်လူဦးရေအားလုံး၏ နှစ်ဆယ် ရာခိုင်နှုန်းထက်ပိုနည်းသည်။

ရိုးမေးနီးယားတွင် ကျွန်ုပ်ကိုလည်း အထက်ပါအတိုင်း အသင်းတော်တစ်ပါးမှာ သင်းအုပ်လုပ်လျက် အသင်း သားများ၏ အကြောင်းစုံကို

လျှို့ဝှက်ရဲများထံသို့ သတင်းပိုရန် စည်းရုံးခဲ့ကြပါသည်။ ရိုးသားသော အနောက်တိုင်းသားများ အတွက်ဆိုလျှင် ဤအရာသည် နားလည်သဘော ပေါက်ရန် ခဲယဉ်းပေလိမ့်မည်။ မြေအောက် အသင်းတော်များသည် လူငယ် လူရွယ်များ အပါအဝင် ဝေနေယျသတ္တဝါ အပေါင်းထံသို့ စစ်မှန်သော ဧဝံဂေလိ သတင်းကောင်းပြန့်ပွားရေးကို အစားထိုးကာ အခြားအသင်းတော် များကို ထိန်းချုပ်ဖေါ်ကောင်လုပ်သည့် အသင်းတော်ဖြစ်ခြင်းကို လက်မခံ ကြပေ။

သို့သော် အသိအမှတ်ပြုခြင်းခံ အသင်း တော်များတွင် သစ္စာမဲ့သော ခေါင်းဆောင်များ ဦးဆောင်သည့်တိုင်အောင် ဝိညာဉ်ရေးရာ၌ စစ်မှန်သော အသက်တာလည်း တွေ့ရသည်။ အနောက်တိုင်း အသင်းတော်များစွာ၌လည်း အလားတူ အခြေအနေ မျိုးရှိကြောင်း ကျွန်တော်တွေ့ရသည်။ ခေါင်းဆောင် များကြောင့်မဟုတ်ဘဲ ခေါင်းဆောင်များ မစစ်မှန် သည့်တိုင်အောင် အသင်းသူ/ သားများအထဲ၌ သစ္စာ ရှိလျက် စစ်မှန်သော ခရစ်ယာန်များတွေ့ရ တတ် သည်)။

***အသင်းတော် အချို့ သည် ခရစ်ယာန်များ ထိန်းချုပ်ရေးနှင့် နိုင်ငံခြား ညှော်သည် များကို လှည့်စားရန် အတွက် ကွန်မြူနစ် တို့၏ လက်နက် ကရိယာ ဖြစ်လာခဲ့ ကြသည်၊***

ရုရှားတွင် orthodox ဂိုဏ်း၏ ဝတ်ပြု ကိုးကွယ်နည်းစနစ်နှင့် ထုံးစံသည် အပြောင်းအလဲ မရှိခဲ့သည့်အပြင် ကွန်မြူနစ်များကို မြှောက်စားသော ဒေသနာများ ဟောပြောကြပါသော်လည်း၊ အသင်း သူ/သားများ၏ နှလုံးသားကို အစာကျွေးလျက် ရှိ၏။ Lutherans, Presbyterians နှင့် အခြား Protestants ဂိုဏ်းများစွာတို့သည် အတူတူဖြစ်သော Hymns ခေါ် ဓမ္မသီချင်းဟောင်းများကို သီဆိုကြသည်။ ဖော်ကောင်တို့၏ တရားဒေသနာတွင် နှုတ်ကပတ်တော် တစ်စိပ်တစ်ပိုင်း ပါလေ့ရှိသဖြင့် တော်ပါသေးသည်။

ယနေ့တရုတ်ပြည်တွင် လူများစွာ တို့သည် မိမိတို့ကို လွှမ်းမိုး လျက် ဖော်ကောင်ဖြစ်ကြောင်းသိသော သင်းအုပ်ဆရာများ၏ လက်

အောက်၌ပင်လျှင် အသက်တာ ပြောင်းလဲနေကြသည်။ အသက်တာ ပြောင်းလဲကြောင်းကို လျှို့ဝှက်ရဲများထံသတင်းပို့မည်ဖြစ်ကြောင်း သိထားကြသည်။ ညစ်ညမ်းဆိုးယုတ်သော ဒေသနာရှင် သစ္စာဖေါက် လောက်ကောင်တို့၏ ရှေ့မှောက်တွင် မိမိတို့ အသက်တာ ပြောင်းလဲကြောင်း မပြသည်က သာ၍ကောင်း၏။

(ဝတ်ပြုရာကျမ်း ၁၁း၃၇) တွင် ဘုရားသခင်၏ ကြီးမားသော နိမိတ်လက္ခဏာ တစ်ပါးကို ပုံဆောင်ချက် တစ်ခုဖြင့် ဖော်ပြကြောင်း တွေ့ရသည်။ "ကြဲစရာမျိုးစေ့အပေါ်၌ ထိုအသေကောင်ကျလျှင် (မောရှေ၏ ပညတ်တော်အရ မစင်ကြယ်သော အရာဖြစ်ပါသော်လည်း) မျိုးစေ့သည် မစင်ကြယ်ရာသို့ မရောက်"။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင်၊ တရားဝင် အသင်းတော် ခေါင်းဆောင်အားလုံးနှင့် အစိုးရ ထိပ်တန်းခေါင်းဆောင်အားလုံး ကွန်မြူနစ် မဟုတ်ကြချေ။ ခရစ်ယာန်များလည်းပါဝင်ကြသည်။

အချို့သော မြေအောက်အသင်းတော်မှ သင်းဝင်တို့သည် တရားဝင် အသင်းတော်၌ ထင်ပေါ်ကျော်ကြားသော အသင်းသားများအဖြစ် ဟန်ဆောင်ကာ ပါဝင်ကြ၏။အချို့မှာမူ အကြောင်းကြောင်းကြောင့် မပါဝင် ဖြစ်ကြဘဲ လျှို့ဝှက်စွာသာ နေထိုင်ကြသည်။ ခရစ်ယာန်ဘာသာတရားနှင့်ယုံကြည်ခြင်းဆိုသည်မှာပေါ့ပေါ့ဆဆ ခံယူနေထိုင်၍ ရသောအရာ မဟုတ်ဘဲ လိုအပ်ပါက တိုက်ရခိုက်ရမည့် ယုံကြည်ခြင်းဖြစ်ကြောင်း သတိပြုကြသည်။

ရိုးမေနီးယား Vladimireshti ခေါ်ခရစ်ယာန် ဘုန်းတော်ကြီး ကျောင်းနှင့် ရှရှားရှိ အခြားကျောင်းများစွာ ပိတ်ပေးပါရန် လျှို့ဝှက်ရဲများ ရောက်လာကြသောအခါ မလွယ်ကူကြောင်း သိခဲ့ကြရသည်။ ဘာသာ တရားကို ပိတ်ပင်ရေးအတွက် ကွန်မြူနစ်အချို့သည် မိမိတို့၏ အသက်ကို ပင် ပေးကြရသည်။



ဤပုံပါ ဘုရားရှိခိုးကျောင်းကဲ့သို့ ထောင်ပေါင်းများစွာသော ဘုရားကျောင်းတို့သည် ဆိုဗီယက်နှင့် ဥရောပ အရှေ့ပိုင်းတိုင်းပြည်များတွင် ကွန်မြူနစ်အစိုးရက ဖျက်ဆီးပစ်ခဲ့ကြသည်။ ယနေ့တိုင် ဘုရားမဲ့ ဝါဒီအုပ်ချုပ်သူလူတန်းစားတို့သည် ဘုရားကျောင်းများကို ဆက်လက်ဖျက်ဆီးလေ့ရှိကြ၏။ ပုံမှာ ကျူးဘားရှိ Cuatro Caminos ဒေသ ဘုရားကျောင်းဖြစ်ရာ ၁၉၉၆ ခုတွင် ခေါင်းဆောင် Fidel Castro က မြေတူးစက်ဖြင့် ဖျက်ဆီးခဲ့သည်။ အခြားကျောင်း ၄၀ ကိုလည်း ၁၉၉၇ ခုနှစ်တွင် ပိတ်ပင်ခဲ့သည်။



သို့သော် အသိအမှတ်ပြုခံတရားဝင် အသင်းတော်သည်လည်း တဖြည်း ဖြည်း လျော့နည်းလာခဲ့ပါသည်။ ဆိုဗီယက်ယူနီယံ တစ်ခုလုံးတွင် ကွန်မြူနစ်လက်အောက်၌ အသင်းတော်ပေါင်း ငါးထောင် သို့မဟုတ် ခြောက်ထောင် မျှသာရှိမည်ဟုထင်ပါသည်။ လူဦးရေအတူတူပင်ဖြစ်သော အမေရိကနိုင်ငံတွင် လွန်ခဲ့သော ဆယ်နှစ်ခန့်က အသင်းတော်ပေါင်း သုံးသိန်း မျှရှိသည်။ အထက်ပါ အသင်းတော်များသည် အများအားဖြင့် အိမ်တွင်းပုန်း အသင်းတော်များ သာဖြစ်ကြသည်။ စိတ်ထဲမှာ မြင်ယောင်မိသော ဘုရားကျောင်းကြီးများ မဟုတ်ကြချေ။

မော်စကိုမြို့တွင် Protestant အသင်းတော် တစ်ပါးတည်း သာရှိရာ လူပြည့်လျှက်ရှိကြောင်း နိုင်ငံခြားဧည့်သည်များ မြင်နေကျ ဖြစ်သည်။ ထိုအခါ စိတ်ထဲမှာ ထင်ကြမည်။ "ဘုရားကျောင်းများလည်း ပြည့်လျှံလျက်ပါလား၊ လွတ်လပ်မှု အတော်အသင့်ရှိသားပဲ"။ ဤသို့ ဝမ်းပန်းတသာသတင်းပေးတတ်ကြသည်။

လူခုနစ်သန်းအတွက် Protestant အသင်းတော်ဘုရား ကျောင်းတစ်ကျောင်းတည်းရှိသည်ဟူသော ဝမ်းနည်းစရာအချက်ကို မူမမြင်ကြပေ။ ဆိုဗီယက် ယူနီယံရှိလူဦးရေ ၈၀% အတွက်လည်း အိမ်တွင်းပုန်း ဘုရားကျောင်းများသည် တစ်ခုနှင့်တစ်ခု အလှမ်း ဝေးကွာလှပေသည်။

၎င်းလူထုကြီးအား မေ့ပစ်ထားရမည်လား သို့မဟုတ် မြေအောက် ဧဝံဂေလိလုပ်ရှားမှုနည်းလမ်းဖြင့် အရောက် သတင်းကောင်း ကြားနာစေရမည်လား။ အခြားနည်းလမ်း မရှိတော့ချေ။ တိုင်းပြည် တစ်ခုမှာ ကွန်မြူနစ်တို့ကြီးစိုးလေလေ အသင်းတော်သည် မြေအောက်အသင်းတော် ဖြစ်လာလေလေသာဖြစ်ပေသည်။

တရားဝင် အသင်းတော်များ အပိတ်ခံလာခဲ့လျှင် ထိုနေရာသည် ဘာသာရေး ဆန့်ကျင်သူတို့ စုရုံးစည်းဝေးသော နေရာဖြစ်လာတော့သည်။

## ဘုရားမဲ့ဝါဒီတို့၏ စာပေအားဖြင့်မြေအောက်အသင်းတော်များ ခွန်အားယူခြင်း

## How the Underground Church "feeds" on atheistic Literature

လေဝိယသည် ကျီးအအားဖြင့် ကာယခွန်အား ယူသလို၊ မြေအောက် အသင်းတော်များသည် ဘုရားမဲ့ဝါဒီတို့၏ စာပေအားဖြင့် ဝိညာဉ်ခွန်အား ယူတတ်ကြပေသည်။

ဘုရားမဲ့ဝါဒီတို့သည် ရွှေကျမ်းချက်များစွာတို့ကို ကောက်နှုတ်ကာ ဝေဖန်ရှုတ်ချခဲ့ကြရာတွင် စိတ်အား ထက်သန်လျက် ကျွမ်းကျင်ခဲ့ကြပါသော်လည်း ယုတ္တိမရှိသည်က များ၏။

စာအုပ်နှစ်အုပ်ထုတ်ခဲ့ကြရာ တစ်အုပ်ကို Comical ကျမ်းဟူ၍လည်းကောင်း၊ ကျန်တစ်အုပ်ကို 'ယုံကြည် သူနှင့် မယုံကြည်သူတို့အတွက် ကျမ်းစာအုပ်' ဟူ၍လည်းကောင်း အမည်ပေးကြပါသည်။ ကျမ်းစာသည် လူတို့အတွက် မိုက်မဲမှုတစ်ခုသာ ဖြစ်ကြောင်း ဆွေးနွေးတင်ပြရန် ကြိုးစားရေးသားရာ၌ ရွှေကျမ်းချက်များစွာမှ ကောက်နှုတ်ရေးသားခဲ့ ကြသည်။ ၎င်းအတွက် ကျွန်ုပ်တို့ ဝမ်းသာမဆုံး ဖြစ်ခဲ့ရသည်။ ထိုစာအုပ်သည် အရေအတွက်အားဖြင့် ထောင်ပေါင်းများစွာ ထုတ်ဝေကြပြီး၊ အရည်အသွေးကလည်း မပြောနိုင်လောက်အောင် လှပကာ၊ ကျမ်းချက်များစွာ ပါဝင်သဖြင့်၊ ယုတ္တိမရှိ ဝေဖန်ပြောင်လှောင်ချက်များကို မည်သူမျှ ဂရုမစိုက်ဘဲ ပါလာသော ကျမ်းချက်များအပေါ် ဝမ်းသာကြည်နူးခဲ့ကြသည်။

ရေးခေတ် စုံစမ်းထောက်လှမ်းရေးအဖွဲ့က 'မိစ္ဆာဒိဋ္ဌိကောင်များ' ဟု စွပ်စွဲခံခဲ့ကြသော သူတော်စင်များအား မီးရှို့သတ်ပစ်ရန် တန်းစီခိုင်းပြီး၊ ပြောင်လှောင်သောအားဖြင့် ငရဲမီးလျှံပုံများ၊ စာတန်နတ်ဆိုးပုံများ ရေးဆွဲထားသော အဝတ်များကိုဝတ်စေခဲ့ကြပါသည်။ အမှန်တကယ် ထိုပုဂ္ဂိုလ်တို့သည် သူတော်စင်များ ဖြစ်ခဲ့ကြသည်။





НАУЧНЫЙ АТЕИЗМ

7/1988

КЛЕРИКАЛЬНАЯ РАДИОПРОПАГАНДА — ОРУДИЕ «ПСИХОЛОГИЧЕСКОЙ ВОЙНЫ»

ယခင် ဆိုဗီယက်ယူနီယံက ယုံကြည်သူများသည် VOM မှ အသံလွှင့်ချက်များကို စုဆောင်း၍ အထက်ပုံအတိုင်း ခရစ်ယာန်စာအုပ်များ ပုံနှိပ်ထုတ်ဝေခြင်းဖြင့်ကွန်မြူနစ်အမှောင်ကာလတွင် အသင်းတော်ကို ရှင်သန်စေကြသည်။

"မာတုရ တို့၏အသံ" သည် ကျွန်ခံတိုင်းပြည်သို့ အနှစ်(၃၀) ကျော်ရေဒီယိုဖြင့် အသံလွှင့်ခဲ့သည်။ ကျန်တစ်ပုံသည် စာ-၆၂ မျက်နှာရှိ "သိပ္ပံနည်းကျ ဘုရားမဲ့ဝါဒ" စာအုပ်ဖြစ်၍ ၁၉၈၈ ခု၊ ဇူလိုင်လထုတ်သည့်ဆောင်းပါးမှာ "ခရစ်ယာန်တို့၏ဝါဒ ဖြန့်ချိရေး လေလှိုင်းသံသည် စိတ်ဓာတ်စစ်ဆင်ရေး လက်နက်ဖြစ်သည်" ဟူ၍ဖြစ်သည်။ "လေလှိုင်းတရားဟောချက်များသည် ရုရှားကွန်မြူနစ် ဘုရားမဲ့ဝါဒီစာပေအားနှောင့်နှေးပျက်ပြယ်စေသည်" ဟူ၍လည်း ညီးတွားသည်။

အလားတူ စာတန်က ကောက်နုတ်သည်ဖြစ်စေ၊ ၎င်း ရွေကျမ်းချက်များသည် နုတ်ကပတ်တော်များပင် ဖြစ်ပေသည်။

ကွန်မြူနစ်ပုံနှိပ်တိုက်သည် ကျမ်းစာကို ပြောင်လှောင်သော ဘုရားမဲ့ဝါဒီတို့၏ စာအုပ်အား ထပ်မံပုံနှိပ်ပါရန် ပေးစာထောင်ပေါင်းများစွာ ရလာသောအခါ အလွန်ဝမ်းမြောက်သည်။ ကျမ်းစာရဖို့ အခြားနည်းလမ်းနှင့် အခွင့်အရေး မရှိခဲ့သော မြေအောက် အသင်းတော်က ခရစ်ယာန်များ၏ စာဖြစ်ကြောင်း မသိကြချေ။

ဘုရားမဲ့ဝါဒီတို့၏ အစည်းအဝေးများကိုလည်း ကျွန်ုပ်တို့ အမြတ်ထုတ်တတ်ပါသည်။

ကွန်မြူနစ် ပါမောက္ခတစ်ဦးက အစည်းအဝေး တစ်ခုတွင် ယေရှုသည် မျက်လှည့်ဆရာတစ်ယောက်သာ ဖြစ်ခဲ့ ကြောင်း၊ ဖန်ခွက်ရှိ ရေထဲသို့ အမှုန့်လေးတစ်မျိုးကို ထည့်လျက် နီစေခြင်းအားဖြင့် သရုပ်ပြ ပြောင်လှောင်ခဲ့သည်။

"နိမိတ်လက္ခဏာဆိုတာ ဒါပါပဲ။ ယေရှုဟာ ဒီလိုပေါင်ဒါမှုန့်မျိုးကို အကျီလက်ထဲမှာ ဝှက်ထားပြီး ရေကို အံ့ဖွယ်စပျစ်ရည်အဖြစ် ဟန်ဆောင်ပြောင်းလဲ စေခဲ့တာပါ။ ယေရှုထက်တောင် ငါလုပ်တတ်တယ် မဟုတ်လား။ အခု စပျစ်ရည်ကို ရေပြန်ဖြစ်စေပါမယ်" ဟု ဆိုကာ အခြားအမှုန့်တစ်မျိုးကို ရေထဲထပ်ထည့်ခဲ့သည်။ နီသော ရေသည် ပြန်လည်ကြည်လာပါသည်။ နောက်တစ်မျိုး ပြန်ထည့်ပြီး နီစေခဲ့ပါသည်။

ခရစ်ယာန်တစ်ဦး မတ်တပ်ထကာမေးခဲ့သည်။ "ဆရာကြီးဟာ ကျွန်ုပ်တို့ကို အင်မတန် အံ့သြစေခဲ့ပါတယ်။ ဒါပေမယ့် ဆရာကြီးကို ကျွန်ုပ် တစ်ခုမေးပါရစေ။ စပျစ်ရည်ကို ဆရာကြီး သောက်ပြပါလား"

"ဘယ်ရမလဲ။ ဒီအမှုန့်ဟာ အဆိပ်တွေပဲ" ဟူသော အဖြေထွက်လာခဲ့သည်။

၎င်းခရစ်ယာန် တစ်ဦးကပင် ပြန်ပြောသည်မှာ "ဆရာကြီးနဲ့ ယေရှု မတူတာက ဒါပဲပေါ့။ ကိုယ်တော်ဟာ မိမိရဲ့ စပျစ်ရည်အားဖြင့် အနှစ် နှစ်ထောင်လုံးလုံး ကျွန်ုပ်တို့ကို ပျော်မြူး ဝမ်းသာစေခဲ့ပြီ။

ဆရာကြီးကျတော့ အဆိပ်အားဖြင့် ကျွန်ုပ်တို့ကို သတ်နေတာပဲ မဟုတ်လား"။ ထိုခရစ်ယာန် ညီအစ်ကိုသည် ချက်ခြင်းဆိုသလို ထောင်ထဲရောက်ရသည်။ သို့သော် ၎င်းအငြင်း အခုံ သတင်းစကားသည် ဝေးလံသော နေရာအထိ ပြန့်နှံ့သွားခဲ့ရာ လူများစွာတို့၏ ယုံကြည်ခြင်းကို ခိုင်မြဲစေ၏။

ကျွန်ုပ်တို့တတွေသည် ခွန်အားနည်းသော ဒါဝိဒ်ငယ်လေးများ ဖြစ်ပါသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ဘက်၌ ရှိတော်မူသောကြောင့် ဘုရားမဲ့ဝါဒီ ဂေါလျတ်(Goliath) ကြီးထက်သာ၍ အားသန်ကြသည်။ သမ္မာတရားသည် ကျွန်ုပ်တို့၌ ရှိ၏။

အစီအစဉ်တစ်ခုတွင် ကွန်မြူနစ် တစ်ယောက်သည် ဘုရားမဲ့ဝါဒီအကြောင်းဟောပြောခဲ့သည်။ စက်ရုံ လုပ်သားအားလုံးကို တက်ခိုင်းကြရာ ခရစ်ယာန်များစွာ ပါဝင်ကြသည်။ ထိုပုဂ္ဂိုလ်က ယေရှုကို ယုံကြည်ခြင်းသည် မိုက်မဲရာရောက်ကြောင်းနှင့် ဘုရားသခင် အကြောင်းများကို ဆန့်ကျင်ဟောပြောနေစဉ် ငြိမ်သက်စွာ နားထောင်ခဲ့ကြသည်။ ဝိညာဉ်ကမ္ဘာ မရှိ၊ ဘုရားမရှိ၊ ယေရှုမရှိ၊ နောင်ဘဝမရှိ၊ ဝိညာဉ် မပါဘဲ လူသာပဓာနဟူ၍ ဟောပြောနေသည်။ မြင်၍ရသော ဒြပ်ဝတ္ထု လောကသာရှိ၍ မမြင်ရသောလောက မရှိကြောင်း ထပ်ကာတလဲလဲ ဟောလျက် ရှိသည်။

*ဘုရားသခင်သည်ကျွန်ုပ်တို့ဘက်၌ ရှိတော်မူသော ကြောင့်ဘုရားမဲ့ဝါဒ ဂေါလျတ်ကြီးထက်သာ၍အားသန်ကြသည်၊*

ထိုအခါ ခရစ်ယာန်တစ်ဦးထ၍ စကားပြောခွင့်တောင်းသည်။ ခွင့်ပြုချက်ရသည်။ မိမိ၏ ခေါက်ကုလားထိုင်ကို ကိုင်ကာကြမ်းပေါ်သို့ပစ်ချလိုက်သည်။ ၎င်းကို ကြည့်ရင်း ခဏတာအငြိမ်နေခဲ့သည်။ ထို့နောက် ခပ်တည်တည် စင်မြင့်ပေါ်တက်ပြီး တရားဟောနေသော ကွန်မြူနစ်ဆရာ တစ်ပါးကို ပါးရိုက်ချလိုက်သည်။

ပါမောက္ခကြီး အလွန်စိတ်ဆိုးနေသဖြင့် မျက်နှာနီရဲနေသည်။ ညစ်ညမ်းသော စကားဖြင့်အော်ဟစ်ရင်း မိတ်ဆွေ ကွန်မြူနစ်များကို ထိုသူ

အား ဖမ်းရန်အော်ခဲ့သည်။ "မင်းအတင့်ရဲလှချည်လား၊ ဘာကို မကျေနပ်လို့လဲကွ..." ဟု ကြိမ်းမောင်းခဲ့သည်။

ခရစ်ယာန်ကပြန်ပြောသည်မှာ "ခင်ဗျားကို ခင်ဗျားလူလိမ်လူညာကြီး ဖြစ်ကြောင်းပြနေတာပဲ။ ဒြပ်ဝတ္ထုသာအဓိက၊ အခြားဘာမျှမရှိလို့ ခင်ဗျားပြောတယ်။ ထိုင်ခုံကို ကျွန်တော်ကိုင်ကာ ကြမ်းပေါ်ပစ်ချလိုက်တယ်။ ဒါဟာဒြပ်ဝတ္ထုပဲ။ ထိုင်ခုံဟာ လုံးဝစိတ်မဆိုးဘူး။ ဒြပ်ဝတ္ထုပဲကိုး...။ ဒြပ်ဝတ္ထုပဲကိုး...။ ခင်ဗျားကို ပါးရိုက်ချလိုက်တော့ ထိုင်ခုံလိုအငြိမ်မနေဘူး။ ခင်ဗျားရဲ့ တုန့်ပြန်မှုကတော့ တစ်ခြားစီပဲ။ ဒြပ်ဝတ္ထုကစိတ်မဆိုးတတ်ဘူး၊ ခင်ဗျားကျတော့ စိတ်ဆိုးနေတယ်။ ဒါကြောင့် မိတ်ဆွေပါမောက္ခကြီးရာ၊ ဆရာကြီးမှားနေပြီ။ လူဟာဒြပ်ဝတ္ထုထက် သာလွန်ပါတယ်။ ဝိညာဉ်ရှိတဲ့သတ္တဝါတွေပါ...။"

ဤကဲ့သို့ မရေမတွက်နိုင်သော နည်းလမ်းများအားဖြင့် မြေအောက်အသင်းတော်က ခရစ်ယာန်တို့သည် ခန့်ညားထည်ဝါသော ဘုရားမဲ့ဝါဒီတို့၏ ဆွေးနွေးချက်များကို ဝရုန်းသုန်းကား ဖြစ်စေခဲ့ ကြပါသည်။

ထောင်ထဲတွင် နိုင်ငံရေးအရာရှိတစ်ဦးက ကျွန်ုပ်ကိုကြမ်းတမ်းစွာမေးခဲ့သည်မှာ – "ခင်ဗျားရဲ့ မိုက်ရူးရဲဘာသာရေးကို ဘယ်လောက်ကြာအောင် ခင်ဗျားကိုင်ထားမှာပါလိမ့်"။

ကျွန်တော်က ပြန်ပြောလိုက်သည်။ "ဘုရားမဲ့ဝါဒီများစွာသေခါနီးမှာ ဘုရားမရှိလို့ နောင်တရပြီး ခရစ်တော်ရဲ့ နာမတော်ကို ခေါ်ခဲ့ကြတာအများကြီးတွေ့ခဲ့ရပြီ။ စဉ်းစားကြည့်လေ၊ ခရစ်ယာန်တစ်ဦးဟာခရစ်ယာန်ဖြစ်ခဲ့တာကို နောင်တရလို့သေခါနီးမှာ Marx တို့ Lenin တို့ကိုကယ်တင်ခြင်းအတွက် ခေါ်တာတွေ့ဖူးပါသလားဗျာ..'

အရာရှိက ရယ်မောနေရင်း... "ပိုင်သားပဲ.." ဟု မှတ်ချက်ချသည်။

ကျွန်တော်ကပဲဆက်၍ လက်ချာရိုက်ခဲ့သေးသည်။ "အင်ဂျင်နီယာ တစ်ဦးက တံတားဆောက်တဲ့အခါ ကောင်း မကောင်းစမ်းကြည့်

ဖို့ ကြောင်လေးတစ်ကောင်ကို ဖြတ်သွားခိုင်းမှာ မဟုတ်ဘူး။ ခိုင်မခိုင် ကြည့်ဖို့ရထားဖြတ်ကူးနိုင်မှ သိရမှာပါ။ အခြေအနေကောင်းနေတုန်းမို့ ခင်ဗျားဘုရားမဲ့ဝါဒီလုပ်နေနိုင်တာ။ အကြီးအကျယ်ပြဿနာ ကြုံလာတဲ့နေ့ကျရင် မရဘူးနော်”

ဆိုဗီယက်ယူနီယံ ခေါင်းဆောင်ဖြစ်လာခဲ့သော လီနင် ကိုယ်တိုင် ပြဿနာကြုံသောအခါ ဆုတောင်းလေ့ ရှိကြောင်း လီနင်ရေးသော စာအုပ်ကို သက်သေပြကာ ထိုပုဂ္ဂိုလ်ကို ရှင်းပြခဲ့သည်။

ကျွန်ုပ်တို့ ခရစ်ယာန်များသည် အေးအေးဆေးဆေးနေလျက်၊ အခြေအနေတိုးတက်မှုများကို ငြိမ်သက်စွာ စောင့်ဆိုင်းတတ် ကြပါသည်။ ငြိမ်သက်စွာမနေတတ်သောသူသည် ကွန်မြူနစ်တို့သာ ဖြစ်သဖြင့် ဘာသာရေးဆန့်ကျင်ရေးဟောပြောပွဲများ ကျင်းပလေ့ရှိကြ၏။ ၎င်းတို့သည် St. Augustine ပြောဖူးသော စကားကို ပြည့်စုံစေရာ ရောက်ပေသည်။ “ကိုယ်တော်၌ အနားမယူသော နှလုံးသားသည် ဗျာများ လေ့ရှိ၏။”

## အဘယ်ကြောင့်ကွန်မြူနစ်များကိုပင်လျှင်အောင်နိုင်ရသနည်း
## Why even communists can be won

မြေအောက် အသင်းတော်သည် လွတ်လပ်သောတိုင်းပြည်မှ ခရစ်ယာန်များကို အကူအညီပေးပါလျှင်၊ ကွန်မြူနစ် တို့၏ စိတ်နှလုံးကိုပင် အောင်နိုင်ပြီး၊ ကမ္ဘာကြီးကိုလည်း မှောက်လှန်နိုင်ကြပါလိမ့်မည်။ သေချာပါသည်။ ၎င်းတို့ကို အောင်နိုင်မှာပါ။ အဘယ်ကြောင့်ဆိုသော် လူသားအနေဖြင့် ကွန်မြူနစ်ဖြစ်ခြင်းသည် လုံးဝ သဘာဝမကျပေ။ ခွေးပင်လျှင် ကိုယ်ပိုင်အရိုးရှိချင်သည်၊ ကွန်မြူနစ်တို့၏ စိတ်နှလုံးသည် မိမိတို့ ပိုင်သင့်ပိုင်ထိုက်သော ပြုသင့်ပြုထိုက်သော အရာများကို ဆန့်ကျင် ဖိလာလုပ်သည်သာမက၊ သဘာဝမကျသော အဓိပ္ပါယ်မရှိသည့် အရာကို ယုံကြည်သည်။

ကွန်မြူနစ်တို့မှ "ရုပ်ဒြပ်သည်သာပဓါန၊ လူသည် လက်တစ်ဆုပ်စာ ဓါတုပစ္စည်းပေါင်းစပ်ဖွဲ့စည်းခြင်းသာ ဖြစ်၍ သေသွား သောအခါ ဆားနှင့် သတ္တုသာပြန်ဖြစ်သွားမည်" ဟူသော စကားကို အမြဲတစေ ဟောပြောလေ့ရှိကြ၏။ ထိုအခါ ပြန်လည်မေးမြန်းသင့်သော မေးခွန်းမှာ ဒီလိုဆိုရင် ကွန်မြူနစ်တို့ဟာ ဘာဖြစ်လို့ နိုင်ငံများစွာမှာ မိမိတို့ရဲ့ ယုံကြည်ခြင်းကြောင့် အသက်ပေးရက်ကြတာတုန်း၊ လက်တစ်ဆုပ်စာဖြစ်တဲ့ ဓါတုပစ္စည်းကကော ယုံကြည်ခြင်းရှိနိုင်ရဲ့လား။ သတ္တုပစ္စည်း ကကော အခြားလူများကောင်းစားရေးအတွက် အသက်ပေးနိုင်လို့လား" ဟူ၍ မေးသင့်ပေသည်။ ဤမေးခွန်းကို သူတို့ အဖြေမပေးတတ်ပေ။

ကွန်မြူနစ်သည် လူကို တိရစ္ဆာန်ကဲ့သို့ ထင်၏။ အမှန်တစ်ကယ် လူသည် တိရစ္ဆာန်ကဲ့သို့ ဖန်ဆင်းထားသည်မဟုတ်၊ တိရစ္ဆာန်ကဲ့သို့ ကြမ်းတမ်းစွာ ဆက်ဆံခြင်းလည်းကြာရှည်မခံနိုင်။ ၎င်းအချက်၏ သာဓကအနေဖြင့် နာဇီဝါဒနှင့် အုပ်ချုပ်ရေးများ ပျက်သုဉ်း ခဲ့စဉ်က အုပ်ချုပ်သူခေါင်းဆောင်များအနက် အချို့သည် မိမိကို မိမိ သတ်သေအဆုံးစီရင်ခဲ့ကြကြောင်းနှင့် အချို့သည် အပြစ်များကို နောင်တရလျက် တောင်းပန်ဝန်ခံခဲ့ကြကြောင်း တွေ့ရသည်။

ကွန်မြူနစ် တိုင်းပြည်များတွင် အရက်ကို အလွန်အကျွံ သောက်စား မူးယစ်သူများစွာတွေ့ရသည်။ ၎င်းကပင်လျှင် ကွန်မြူနစ်တို့သည် ကွန်မြူနစ်ဝါဒက မပေးနိုင်သော သာ၍ အဓိပ္ပါယ်ရှိသည့် အသက်တာကို မှန်းမျှော်ကြကြောင်း ထင်ရှားစေသည်။

အများအားဖြင့် ရုရှားလူမျိုးတို့သည် စိတ်သဘောထားကြီးသည်၊ လေးနက်သည်၊ ရက်ရောကြသည်။ ကွန်မြူနစ်ဝါဒသည် တိမ်ကောသည်၊ အပေါ်ယံမျှသာဖြစ်သည်။ အသက်တာ၏ လေးနက်မှုကို ရှာသော်လည်း မတွေ့ရသဖြင့် သေရေသေရက်မှာ ရှာကြ၏။ သူအသက်ရှင်ရသည့်၊ ကြမ်းတမ်းသော လိမ်လည်လှည့်ဖြားတတ်သော အသက်တာကို အရက်သေစာ မူးယစ်ခြင်းအားဖြင့် အကောင်အထည်ဖော်ခဲ့သည်။ အရက်သည် သူ့ကို တစ်ခဏလွတ်လပ်မှုသာ ပေးသည်။ သမ္မာတရားကမူ

တစ်သက်တာလွတ်ခြင်းပေးသည်ကို မသိရှာကြပေ။

ရိုမေးနီးယားကို ရုရှားတို့ သိမ်းပိုက်အုပ်စိုးခဲ့စဉ်ကာလဖြစ်သော ၁၉၄၇–၁၉၈၉ ခုနှစ်အကြား မြို့တော် Bucharest တွင် အရက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ရန်နှိုးဆော်မှုရခဲ့သည်။ ဇနီးသည်ကို ခေါ်သွားသည်။ အရက်ဆိုင်ထဲတွင် သေနတ်ကိုင်လျက် လူတိုင်းကို ချိမ်းခြောက်ကာ အရက်ပိုတိုက်ကြပါရန် တောင်းနေသော ရုရှားစစ်ဗိုလ်ကြီး တစ်ယောက်ကိုတွေ့ရသည်။ အလွန်မူးနေပြီဖြစ်သောကြောင့် အဘယ်သူမျှ ထပ်မတိုက်ရဲကြတော့ချေ။ လူတွေ ရတ်ရတ်သဲသဲဖြစ်နေကြသည်။

ကျွန်တော် ဆိုင်ရှင်ထံသို့သွားသည်။ ဆိုင်ရှင်သည် ကျွန်တော်နှင့်သိသောသူဖြစ်သည်။ အရက်ကိုပေးရန်နှင့် အနားမှာထိုင်ပြီး ငြိမ်သက်စွာစောင့်ထိန်းရန် ကျွန်တော်တာဝန်ယူမည် ဖြစ်ကြောင်းပြောပြသည်။ အရက်တစ် ပုလင်းပြီးတစ်ပုလင်း ရောက်လာသည်။ စားပွဲပေါ်မှာ ခွက်သုံးခွက်ရှိသည်။ ဗိုလ်ကြီးက ယဉ်ကျေးသိမ်မွေ့စွာ ခွက်များကို ဖြည့်သည်။ သို့သော် သုံးခွက်စလုံး သူကသာ အကုန်သောက်သည်။

ဇနီးသည်နှင့် ကျွန်တော်သည် အရက်ကို မသောက်။ ဗိုလ်ကြီးသည် အလွန်မူးနေပါသော်လည်း ပြောသော စကားနားထောင်နိုင်ပါသေးသည်။ အရက်သမားတစ်ယောက်ဖြစ်ကြောင်း သေချာသည်။ ခရစ်တော်အကြောင်း ပြောသမျှကို စိတ်ဝင်တစား နားထောင်နေသည်။

ကျွန်တော် စကားဆုံးသွားသောအခါ သူကပြောသည်။ "အခုခင်ဗျားဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတဲ့ အကြောင်း ခင်ဗျားပြောပြီးပါပြီ။ ကျွန်တော် ဘယ်သူလဲဆိုတာ ကျွန်တော်ပြောပါရစေ။ ကျွန်တော် Orthodox ဂိုဏ်း ဘုန်းကြီးတစ်ပါးပါ။ စတာလင် ခေတ်ဦးပိုင်းညှင်းပန်းနှိပ်စက်ခြင်း ပြင်းထန်ခဲ့တဲ့အချိန်မှာ မိမိယုံကြည်ခြင်းကို၊ ငြင်းပယ်စွန့်ခွါခဲ့တဲ့သူတွေအထဲက တစ်ပါးအပါအဝင်ပေါ့ဗျာ။ ကျွန်တော်တစ်ရွာပြီးတစ်ရွာလှည့်ကာ ဘုရားမရှိကြောင်း တရားဟောလာခဲ့တယ်။ သူတစ်ပါးကိုလှည့်ဖြားခဲ့တဲ့ ဘုန်းတော်ကြီးပေါ့ဗျာ။ ဒါနဲ့ ကွန်မြူနစ်တို့ကို 'ကျွန်တော်ဟာ လူလိမ်ကြီးပါ၊ အခြားအမှုတော်ဆောင်တွေလဲ မထူးမခြားဘဲပေါ့။ '

လို့ပြောခဲ့ရာ၊ ကျွန်တော်ရဲ့ စိတ်ထက်သန်ခြင်းနဲ့ ပွင့်လင်းမှုကို သဘောကျကြတဲ့အတွက် လျှို့ဝှက်ရဲအရာရှိ ရာထူးပေးခဲ့ကြတယ်။ ဘုရားသခင်က ဒီအပြစ်ကြောင့် ကျွန်တော့ကို ဒဏ်ခတ်တဲ့အတွက် ခရစ်ယာန်များကို ညှင်းပန်းနှိပ်စက်ပြီး ဒီလက်ဖြင့်သတ်ဖြတ်ရန် တာဝန်ကျခဲ့သည်။ ကျွန်တော် ပြုခဲ့မိုက်မဲခဲ့သမျှကို မေ့ပစ်ရန်ဆိုပြီး အရက်ကို တစ်ချိန်လုံး သောက်နေခဲ့ပေမယ်လို့ မထူးပါဘူးဗျာ..။"

ကွန်မြူနစ်များစွာတို့သည် မိမိကို မိမိသတ်သေခြင်းဖြင့် အဆုံးစီရင်ခဲ့ကြသည်။ ၎င်းတို့၏ နာမည်အကြီးဆုံးကဗျာ ဆရာနှစ်ဦးဖြစ်သော Essenin နှင့် Maiakovski တို့လည်း မိမိကိုယ်ကို မိမိသတ်သေကြသည်။ နာမည်ကြီးစာရေးဆရာ Fadeev လည်း အလားတူပင်။ ၎င်းသည် "ဝမ်းမြောက်ခြင်း"ဟူသော ဝတ္ထုကိုရေးသည်။ ကွန်မြူနစ်ဝါဒအတွက်၊ မနေမနား အလုပ်လုပ်ခြင်းသည် စစ်မှန်သော ဝမ်းမြောက်ခြင်းကို ပေးသည်ဟူ၍ ၎င်းဝတ္ထုကို ရေးသားအပြီး၊ ၎င်းဝတ္ထုအပေါ် အလွန်ဝမ်းမြောက်၍ မိမိကို မိမိသေနတ်ဖြင့် သတ်သေခဲ့၏။ ထိုကဲ့သို့ ကြီးမားသော လိမ်လည်မှုကို ခံစားရန် မိမိ၏ဝိညာဉ်သည် မတတ်နိုင်တော့ပါသဖြင့် သတ်သေခြင်း ဖြစ်ပါလိမ့်မည်။

ဇာဘုရင်များခေတ်က ကွန်မြူနစ်ဝါဒအတွက် သက်စွန့်ဆံဖျားတိုက်ခိုက်ခဲ့ကြသော Joffe နှင့် Tomkin စသည့် ကွန်မြူနစ်ခေါင်းဆောင်ကြီးများသည် ကွန်မြူနစ်ဝါဒ၏ တကယ့်အဖြစ်အပျက်မှန်ကို မမြင်နိုင်ကြပါသဖြင့် မိမိကို မိမိ အလားတူအဆုံးစီရင်ခဲ့ကြခြင်းဖြစ်သည်။

ကွန်မြူနစ်တို့၌ဝမ်းမြောက်ခြင်းမရှိ။ ၎င်းတို့၏ သက်ဦးဆံပိုင်ခေါင်းဆောင်ကြီးများသည်ပင်လျှင် ဝမ်းမြောက်ခြင်းမရှိကြ။ စတာလင်သည်လည်း အလားတူပင်ဖြစ်သည်။ မိမိ၏ သွေးသောက် မိတ်ဆွေအားလုံးနီးပါးသတ်သေပြီးမှ မိမိသည်လည်း အဆိပ်တိုက် ကျွေးခြင်းအားဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းအား ဖြင့်ဖြစ်စေ၊ သတ်ဖြတ်ခြင်းခံမည်လားဟူ၍ အစဉ်စိုးရိမ်မှုရှိခဲ့သည်။ ငွေတိုက်ဘဏ် ရုံးတံခါးများကဲ့သို့ လုံခြုံစွာ သော့ခတ်နိုင်သော အိပ်ခန်းရှစ်ခန်းရှိသည်။ မည်သည့်နေရက်တွင် မည်သည့် အခန်း၌

အိပ်ကြောင်း မည်သူမျှ မသိပေ။ သူတို့ကို အစာကျွေးသောသူက အရင်မစားသော ထမင်းကို ဘယ်သောအခါမျှ သူမစားချေ။

ကွန်မြူနစ်ဝါဒသည် မည်သူ့ကိုမျှ ဝမ်းမသာစေပါ။ အာဏာရှင်ခေါင်းဆောင်များသည်ပင်လျှင် ဝမ်းမြောက် ဝမ်းသာမရှိကြပါ။ ခရစ်တော်ကို အလိုရှိကြသည်။

ခရစ်ယာန်များကို ညှင်းပန်းနှိပ်စက်နေသောသူများ၏ အသက်တာကို ပြောင်းလဲစေခြင်းသည် ညှင်းပန်းခြင်း ခံစားနေသော သူများကို လွတ်ခြင်းပေးသည်သာမက ညှင်းပန်းသူများ၏ အသက်တာကိုလည်း လွတ်ခြင်းပေးရာရောက်၏။ **မြေအောက်အသင်းတော်သည် လွတ်လပ်မှု မရှိသော တိုင်းပြည်များမှ ကျွန်ခံပြည်သူလူထု၏ အနက်ရှိုင်းဆုံးသော လိုအပ်ချက်ကို ကိုယ်စားပြုသည်။ ကူညီကြပါစို့။**

***မြေအောက်အသင်းတော်သည် လွတ်လပ်မှု မရှိသော တိုင်းပြည်များ မှ ကျွန်ခံ ပြည်သူလူထု ၏ အနက်ရှိုင်းဆုံးသော လိုအပ်ချက်ကို ကိုယ်စားပြုသည်၊ ကူညီကြပါစို့၊***

မြေအောက်အသင်းတော်၏ သိသာထင်ရှားသော လက္ခဏာသည် ယုံကြည်ခြင်း၌ စိတ်အား ထက်သန်ခြင်းပင် ဖြစ်သည်။

George ဟူသော အမည်တုဖြင့် မြေအောက်အသင်းတော်အကြောင်းကို ရေးသားထားသော အမှုတော်ဆောင် တစ်ပါးကအောက်ပါအတိုင်းရေးသားခဲ့သည်။

ဟန်ဂေရီတိုင်းပြည်တွင် ရုရှားစစ်ဗိုလ် ကြီးတစ်ယောက်သည် အမှုတော်ဆောင်တစ်ပါးကို သီးသန့်တွေ့လိုကြောင်း လာပြောသည်။ ထိုလူငယ်ဗိုလ်ကြီးသည် အလွန်ဖြတ်လတ်ရဲရင့်၍ စစ်အောင်သူဖြစ်ကြောင်း ထင်ရှားသည်။ အစည်းအဝေးခန်းမငယ် တစ်ခုဆီသို့ သွားပြီး တံခါးပိတ်ကာ နံရံမှာချိပ်ထားသော ကားတိုင်ရှေ့မှာ ထိုလူငယ် ဗိုလ်ကြီးသည် ဦးညွှတ်ခဲ့သည်။

"လိမ်လည်လှည့်ဖြားခြင်းသာဖြစ်တယ်ဆိုတာ သိတယ်နော်

ဆရာ” ဟု ဗိုလ်ကြီးကပြောပြီး ဆက်လက်၍ “ဆင်းရဲသားများကို ချမ်းသာသောသူများအနေနဲ့ အုပ်ချုပ်ရလွယ်အောင်ဆိုပြီး ဆရာတို့ အမှုတော်ဆောင်များက လှည့်စားတာပဲ မဟုတ်လား။ ကျွန်ုပ်တို့ နှစ်ယောက်ထဲရှိတာ အမှန်ကို ဝန်ခံလိုက်ပါ။ ယေရှုခရစ်ဟာ ဘုရားသခင်ရဲ့ သားတော်ဖြစ်တယ်ဆိုတာ ဆရာကိုယ်တိုင် မယုံဖူးဘူးမဟုတ်လား”။

အမှုတော်ဆောင်က ပြုံးပြလိုက်ပြီး “သားလေးရာ၊ ဘာဖြစ်လို့ မယုံရမှာလဲ၊ အဲဒါအမှန်ပဲ” ဟု ပြောလိုက်သည်။

“ကျွန်ုပ်ကိုတော့ မလှည့်စားပါနဲ့ဆရာ၊ တကယ်သိချင်လို့ မေးတာ၊ ကျွန်ုပ်ကို မရယ်ပြပါနဲ့ဗျာ...” ဟု ဗိုလ်ကြီးကအော်ပြော၏။

ထိုအခါ ခြောက်လုံးပြူးကို ကိုင်ပြီး အမှုတော်ဆောင်ကို ချိန်ရင်း “ဒါဟာ လှည့်စားခြင်းပါလို့မပြောရင် ဆရာ့ကို ပစ်သတ်မယ်” ဟု ကြမ်းတမ်းစွာ မေးလာခဲ့သည်။

“မပြောနိုင်ပါဘူး၊ သားရယ်။ ဒါဟာ အမှန်ပါ။ ကျွန်ုပ်တို့ရဲ့ အရှင်သခင်ဟာ ဘုရားသခင်ရဲ့ သားတော် အစစ်ပါ..”ဟု အမှုတော်ဆောင်က ပြော၏။

ဗိုလ်ကြီးက ခြောက်လုံးပြူးကို ကြမ်းပေါ်သို့ ပစ်ချပြီး ဘုရား၏ လူကို ပွေ့ဖက်ရင်း မျက်ရည်များ ကျလာခဲ့သည်။

“ဟုတ်ပြီ၊ မှန်ပါတယ်ဆရာ၊ ကျွန်တော်လည်း ဒီလိုပဲ ယုံပါတယ်။ ဒါပေမယ့် ကိုယ်တိုင် မခံစားခင်မတော့ ဒီယုံကြည်ခြင်းကြောင့် လူတွေဟာ ဘာဖြစ်လို့ သေရဲကြတယ်ဆိုတာ မသိခဲ့ဘူး။ ဩ..... ကျေးဇူးတင်လိုက်တာ...။ဆရာအားဖြင့် ယုံကြည်ခြင်းခွန်အားတိုးလာပါတယ်။ အခု ကျွန်တော်ကိုယ်တိုင်လည်း ခရစ်တော်အတွက် သေရဲပါပြီ။ ဆရာက လမ်းပြလိုက်ပြီလေ...” ဟု လူငယ်ဗိုလ်ကြီးက တဖွဖွပြောရှာ၏။

အလားတူ အဖြစ်အပျက်မျိုး အချို့ရှိသေးသည်။ ရိုမေနီးယားကို ရုရှားက သိမ်းပိုက်ခဲ့စဉ်ကလည်း ရုရှားစစ်သား နှစ်ယောက်သည် သေနတ်ကိုင်ပြီး ဘုရားကျောင်းထဲ ဝင်လာခဲ့ကြသည်။

၎င်းတို့က ပြောသည်မှာ“ခင်ဗျားတို့ရဲ့ ယုံကြည်ခြင်းကို ကျွန်ုပ်

တို့မယုံဘူး။ မစွန့်လွှတ်သောသူကို ငါတို့တစ်ခါထဲပစ်သတ်မယ်။ယုံကြည်ခြင်းကို စွန့်လွှတ်မယ့်သူများ ညာဘက်ကိုရွှေ့”ဟု ကြိမ်းမောင်းကြသည်။

အချို့သည် ညာဘက်သို့ ရွှေ့ကြပြီးမှ အိမ်ပြန်ခွင့်ရကြသည်။ အသက်ဘေးကလွတ်အောင် ထွက်ပြေးခဲ့ကြသည်။

ကျန်ရစ်ခဲ့သော ခရစ်ယာန်များကို ထိုစစ်သားနှစ်ယောက်သည် ပွေ့ဖက်ကာ ရင်ဖွင့်ပြီး “ကျွန်ုပ်တို့လည်း ခရစ်ယာန်တွေပါ။ ဒါပေမယ့် သမ္မာတရားအတွက် အသေခံရဲသော ခရစ်ယာန်တွေနဲ့သာ မိဿဟာယပြုချင်တယ်...” ဟု ပြောကြသည်။

***ကွန်မြူနစ်တို့ကို ကျွန်ုပ်တို့ နိုင်ပါလိမ့်မည်၊ အကြောင်းမှာ ကျွန်ုပ်တို့ ဟောပြောသော ဒေသနာသည် သူတို့ စိတ်နှလုံးထဲက အနက်ရှိုင်းဆုံးသော လိုအပ်ချက်ကို တန့်ပြန်လျက် ရှိ၏၊***

ယနေ့ အာရှအရှေ့တောင်ပိုင်းမှ ကွန်မြူနစ်နိုင်ငံများတွင် ထိုကဲ့သို့သော လူတစ်ချို့သည် သတင်းကောင်းအတွက် အသက်ပေးကာ ဆက်လက်တိုက်ခိုက်နေကြပါသည်။ သတင်းကောင်းအတွက်သာ တိုက်ခိုက်ကြသည် မဟုတ်။ လူသားတို့၏ လွတ်လပ်ရေးအတွက်လည်း တိုက်ခိုက်ကြသည်။

အနောက်တိုင်းက ခရစ်ယာန် အိမ်ထောင်စုများသည် အချိန် နာရီများစွာကို လောကီတေးဂီတ နားထောင်ခြင်းအားဖြင့် ကုန်စေခဲ့ကြသည်။ ကျွန်ုပ်တို့၏ အိမ်များတွင်လည်း ကျယ်လောင်သော တူရိယာအသံများ ကြားနာမိကြပါလိမ့်မည်။ သို့သော် သတင်းကောင်းနှင့် မြေအောက် လုပ်ငန်းဆွေးနွေးပြောဆို သက်သေခံခြင်းကို အိမ်နီးနားခြင်းက မကြား နာရအောင်၊ လျှို့ဝှက်ရဲများထံ မတိုင်ရလေအောင် ကျယ်လောင်စွာ ဖွင့်ခြင်း သာဖြစ်သည်။

တစ်ခါတစ်လေ အနောက်တိုင်း ဧည့်သည် ခရစ်ယာန်စစ်စစ်များကို တွေ့ရသည့်အခါ မြေအောက်အသင်းတော်များ အလွန် ဝမ်းမြောက်ကြလေသည်။

ဤစာရေးသူသည် အညတရလူသားတစ်ယောက်သာ ဖြစ်ပါ

သည်။ သို့သော် ကျွန်တော်သည် အသံမရှိသော သူတို့၏ အသံ၊ နှုတ်သီးစွပ်ထားခြင်းခံရပြီး မည်သူကမျှ ၎င်းတို့၏ သတင်းကို အနောက်တိုင်းသို့ ပေးပို့ ပြောဆို ကိုယ်စားပြုခြင်းမရှိသေးသော မြေအောက်အသင်းတော်၏ ကိုယ်စားလှယ်သာ ဖြစ်ပေသည်။

၎င်းတို့၏ အမည်နာမဖြင့် စစ်မှန်ပြင်းထန်သော ယုံကြည်ခြင်းနှင့် ခရစ်ယာန်သာသနာ၏ ပြဿနာများ ဖြေရှင်းရေးကို တောင်းလျှောက်ဆန္ဒပြုလိုပါ၏။ ၎င်းတို့၏ ကိုယ်စား မိတ်ဆွေ၏ ဆုတောင်းပေးခြင်းနှင့် လက်တွေ့အကူ အညီပေးခြင်းကို တောင်းလျှောက် အသနားခံလိုပါ၏။ ထိုသူတို့သည် ဘုရားသခင်၌ သစ္စာရှိလျက် ကွန်မြူနစ်တိုင်းပြည် များနှင့် အခြားကျွန်ခံတိုင်းပြည်များတွင် ညှင်းပန်းနှိပ်စက်မှုမျိုးစုံကို ခံစားနေကြရသော မြေအောက်အသင်းတော်များပင်ဖြစ်ပေသည်။

* * * * * * * * * * *

ကွန်မြူနစ်များကို ကျွန်ုပ်တို့နိုင်ရမည်။ အဘယ်ကြောင့်ဆိုသော်၊ ပထမချက်အနေဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ဘက်၌ ရှိတော်မူ၏။ ဒုတိယချက်အနေဖြင့် ကျွန်ုပ်တို့၏ ဒေသနာတရားတော်သည် လူသားတို့ စိတ်နှလုံး၏ အနက်ရှိုင်းဆုံးသော လိုအပ်ချက်ကို ဖော်ထုတ် တို့ထိနေပါသောကြောင့် ဖြစ်သည်။

နာဇီဝါဒီတို့ အုပ်ချုပ်ခဲ့စဉ်က ထောင်ထဲရောက် ကွန်မြူနစ်တို့သည် ခဲယဉ်းသော အချိန်ကာလတိုင်း ဆုတောင်းလေ့ရှိကြကြောင်း ကျွန်ုပ်ကို ဝန်ခံကြသည်။ ကွန်မြူနစ်အရာရှိများ သေသောအခါ “ယေရှု” ဟူ၍ ပါးစပ်ဖျားမှ ရွတ်နေကြသည်ကိုလည်း ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ဖူးသည်။

ငါတို့ အနိုင်ရလိမ့်မည်။ အကြောင်းမှာ ငါတို့၏ ယဉ်ကျေးမှုအမွေအနှစ်အားလုံးသည် ငါတို့ဘက်မှာ ရှိသည်။ ခေတ်မှီခရစ်ယာန် အရေးအသားအားလုံး ကွန်မြူနစ်တို့က ပိတ်ပင်တားမြစ်ထားသည်။ Tolstoy နှင့် Dosteyevski တို့၏ စာအုပ်စာပေများသာ ရှိလင့်ကစား လူတို့သည် ခရစ်တော်၏ အလင်းတွေ့နိုင်ခဲ့သည်။ အလားတူ အရှေ့ဂျာမဏီ၌ Goethe

ပိုလန်တိုင်းပြည်၌ Sienkiewicz တို့၏ စာအုပ်စာပေများ ကြားက လူတို့သည် ခရစ်တော်၏ အလင်းကို မြင်တွေ့နိုင်ခဲ့ကြသည်။ ရိုမေးနီးယားတွင် နာမည်ကြီး စာရေးဆရာ Sadoveanu ရေးသားထုတ်ဝေခဲ့သော "သူတော်စင်များ၏ အသက်တာများ" (The Lives of Saints ) ဟူသောစာအုပ်ကို ကွန်မြူနစ်တို့က "သန့်ရှင်းသူများ၏ ဒဏ္ဍာရီ" (The Legend of Saints) ဟူသော ခေါင်းစဉ်ဖြင့် ထုတ်ဝေပေးခဲ့ကြသည်။ စာအုပ်အမည်ပြောင်းခဲ့ပါသော်လည်း စာသားပါ သန့်ရှင်းသူတို့၏ အသက်တာအကြောင်းသည် ဖတ်ရှုသူတို့အတွက် ကောင်းချီးမင်္ဂလာဖြစ်ပါသေးသည်။

သမိုင်းဝင်စာပေ ပါရဂူများဖြစ်ကြသော Raphael, Michelangelo နှင့် Leonardo da Vinci တို့၏ စာအုပ်စာပေများကိုလည်း မဖြန့်ချိဘဲ မနေခဲ့ကြပါသဖြင့် ၎င်းဝိဇ္ဇာသမိုင်းဝင် စာပေရုပ်ပုံများသည် ခရစ်တော်အကြောင်း ကို ဖေါ်ပြလေ့ရှိ၏။

ကွန်မြူနစ်တစ်ယောက်ထံ ကျွန်တော်မှခရစ်တော်အကြောင်းကို ပြောပြသောအခါ ၎င်း၏ စိတ်နှလုံးထဲ၌ အနက်ရှိုင်းဆုံးသော ဝိညာဉ်ရေးရာ လိုအပ်ချက်သည် ကျွန်တော်နှင့်အတူတူပင်ဖြစ်သည်။ ၎င်းအတွက် အကြီးမားဆုံးသော အခက်အခဲသည် ကျွန်ုပ်၏ ဆွေးနွေးချက်များကို အဖြေမပေးဘဲ မနေနိုင်ခြင်းပင်ဖြစ်သည်။ ၎င်း၏ ကြီးမားသော အခက်အခဲသည် မိမိသြတ္တပ္ပစိတ် (conscience)၏ အော်သံကို ရေငုံနှုတ်ပိတ် နေခြင်းပင်ဖြစ်ပေသည်။ ဖွင့်ဟပြောဆိုသမျှသည် ကျွန်ုပ်၏ အလိုဆန္ဒ နှင့် တစ်ညီတည်းသာ ရှိပေသည်။

ကျွန်တော်သိသော မက်(စ)ဝါဒဆိုင်ရာ ပါမောက္ခတစ်ဦးသည် ဘုရားမဲ့ဝါဒ မဟောပြောမီ ဘုရားသခင်ထံ ဆုတောင်းခဲ့သည်ကို တွေ့ဖူးသည်။ အဝေးတစ်နေရာမှာ လျှို့ဝှက်ဘာသာရေး အစည်းအဝေးတက်ဖို့သွားခဲ့ကြသော ကွန်မြူနစ်များကိုလည်း ကျွန်တော်သိခဲ့ဖူးသည်။ လျှို့ဝှက်ရဲများက ၎င်းတို့ကို တွေ့ခဲ့ကြသောအခါ မြေအောက်အစည်းအဝေး မတတ်ရောက်ကြပါကြောင်း ငြင်းဆိုခဲ့ကြသည်။ မကြာမီ သူတို့ငြင်းဆိုချက်ကို နောင်တရ၍ ငိုကြသည်။ သူတို့တွေလည်း လူသားတွေပဲ မဟုတ်လား။

ယုံကြည်ခြင်းဆိုသည်မှာ မူလအစက သေးငယ်ပါသော်လည်း တဖြည်းဖြည်း တိုးပွားလာတတ်သည်။ ငါတို့၏ ယုံကြည်ခြင်းသည် ကွန်မြူနစ်ဝါဒကို အနိုင်ယူလိမ့်မည်ဟု ကျွန်ုပ်တို့ အသေအချာယုံကြည်သည်။ အကြောင်းမှာ မြေအောက်အသင်းတော်အနေဖြင့် ၎င်းအခြေအနေမျိုးကို မကြာခဏ တွေ့ကြုံရသောကြောင့်ဖြစ်သည်။

ခရစ်တော်သည် ကွန်မြူနစ်များနှင့် ယုံကြည်ခြင်း၏ ရန်သူများကို ချစ်တော်မူ၏။ ထိုကြောင့် ၎င်းတို့ကိုလည်း ခရစ်တော်အတွက် နိုင်နိုင်မည်၊ နိုင်ရမည်။ လူသားတိုင်း ကယ်တင်ခြင်း ရရှိရန် ခရစ်တော်၏ တမ်းတချက် စိတ်ဆန္ဒကို ဖြည့်ဆည်းရန် အလိုရှိသောသူတိုင်း မြေအောက်အသင်းတော်၏ အမှုတော်တွင် ပါဝင်ရမည်။

ယေရှုက "လူမျိုးတကာကို ဟောကြားပါ" ဟု မိန့်တော်မူ၏။ ဧဝံဂေလိ တရားဟောရန် အစိုးရ၏ ထောက်ခံချက်အရင်ယူပါဟု ခိုင်းတော်မမူ။ဘုရားသခင်အားသစ္စာရှိခြင်းနှင့် ခရစ်တော်၏ မဟာမိန့်မှာ စေစားချက် The Great Commission သည် ကျွန်ုပ်တို့ကို မလွတ်လပ်သော တိုင်းပြည်ရှိ လူမျိုးများထံသို့ သတင်းကောင်း ဟောကြားရန် နှိုးဆွ ပို့ဆောင်လျက်ရှိ၏။ ရှိနှင့်ပြီးဖြစ်သော မြေအောက်အသင်းတော်ကို ကူညီပံ့ပိုးခြင်းအားဖြင့် မဟာစေခိုင်းချက်ကို ပြည့်စုံစေနိုင်ပါသည်။

## မြေအောက်အသင်းတော်၌ပါဝင်သောအုပ်စုအဖွဲ့အစည်းများ

## Component of the Underground Church

မြေအောက်အသင်းတော်သည် အုပ်စုသုံးစုအားဖြင့် ဖွဲ့စည်းထားသည်။ ပထမအုပ်စုသည် ထောင်ပေါင်းများစွာသော သင်းအုပ်နှင့် အမှုတော်ဆောင်ဟောင်းများ ဖြစ်ကြသည်။ ၎င်းတို့သည် ယုံကြည်ခြင်းကို သစ္စာမဖေါက်နိုင်ကြသောကြောင့် မိမိတို့၏ အသင်းတော်များမှ ဖြုတ်ချ

ခြင်းခံသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ၎င်းသင်းအုပ်၊ သင်းထောက်နှင့် အမှုတော်ဆောင်များစွာတို့သည် ထိုကဲ့သို့ ယုံကြည်ခြင်းကို မစွန့်လွှတ်ကြပါသဖြင့် နှစ်ပေါင်းများစွာ ထောင်ချ ညှင်းဆဲခြင်း ခံခဲ့ကြရပါသည်။ လွတ်လာကြသောအခါ၌လည်း အမှုတော်မြတ်ကိုသာ ဆက်လက်ထမ်းရွက်ကြသည်။ မြေအောက်အသင်းတော် လှုပ်ရှားမှု၌ လှို့ဝှက်စွာနှင့် အောင်မြင်စွာ ပါဝင်ခဲ့ကြသည်။

ကွန်မြူနစ်များနှင့် အခြားအစိုးရအဖွဲ့အစည်းများက ၎င်းတို့၏ ဘုရားကျောင်းများကို ပိတ်ပင်တားမြစ်သည် ဖြစ်စေ၊ မိမိတို့ ကြိုက်နှစ်သက်ရာ အမှုတော်ဆောင်သစ်များကို အစားထိုးလာသော အခါဖြစ်စေ၊ သစ္စာရှိသော သင်းအုပ်များနှင့် သင်းဝင်များသည် စပါးကျီများ၊ ထပ်ခိုးများ မြေအောက်တိုက်ခန်းများနှင့် ညအခါ ကောက်ရိုးပုံဘေး စသည့်နေရာတို့၌ စုရုံးဝတ်ပြုခြင်းအားဖြင့် လှို့ဝှက်စွာနှင့် စိတ်အားထက်သန်စွာ ပါဝင်ကြပါသည်။ ထိုပုဂ္ဂိုလ်ယောကျ်ားကြီးများသည် 'အသက်ရှင်သော မာတုရများ' ပင်ဖြစ်ပေသည်။ အမှုတော်မြတ်ကို လက်မလွှတ်ဘဲ (သစ္စာရှိစွာ ဆက်လက် ထမ်းရွက်တတ်ကြခြင်းကြောင့်) မကြာခဏ အဖမ်းခံလျက် ညှင်းဆဲခြင်းကို သာ၍ခံစားကြသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

မြေအောက် အသင်းတော်၌ ဒုတိယ အုပ်စုသည် အသက်တာ တစ်ထစ်ချ ဆက်ကပ်သော ယုံကြည်သူ လူထု တပ်မကြီးပင် ဖြစ်ပေသည်။ တစ်ကမ္ဘာလုံးရှိ လူဦးရေငါးပုံအနက် တစ်ပုံသည် ကွန်မြူနစ် တရုတ်ပြည်၌ နေကြသည်။ တရုတ်ပြည်တွင် ထောင်ပေါင်းများစွာသော လူဝတ်ကြောင် ခရစ်ယာန်များ Lay Christians သည် 'ခွင့်ပြုချက်' မရဘဲ ဝမ်းမြောက်ဖွယ် သတင်းကောင်းဟောနေကြသည်။ နှိပ်စက်ခြင်းသည်သာ၍ ကောင်းမွန်သော ခရစ်ယာန် သက်သေခံဝါသနာပါသော ခရစ်ယာန် သို့မဟုတ် ဝိညာဉ်ဖမ်းသော ခရစ်ယာန်ကို မွေးထုတ်လေ့ရှိ၏။ အလားတူ ကွန်မြူနစ်တို့ ၏ ညှင်းပန်းနှိပ်စက်ခြင်းသည် ၎င်းတို့ကို မှန်းချက်နှင့် နှမ်းထွက် မကိုက် ဖြစ်စေပြီး စိတ်အားထက်သန်စွာ အသက်တာ ဆက်ကပ်သော ခရစ်ယာန်များကို မွေးထုတ်ပေးလေ့ ရှိ၏။ ထိုကဲ့သို့သော ခရစ်ယာန်များ

သည် လွတ်လပ်သော တိုင်းပြည်များတွင်ရှား၏။ ခရစ်ယာန်ဖြစ်ပါသော်လည်း တွေ့သမျှအား ခရစ်တော်အတွက် သိမ်းသွင်း ဖမ်းဆီးလိုသော စိတ်ထား မရှိသော ခရစ်ယာန်များကို မြေအောက်အသင်းတော်များကမူ သဘောမပေါက် ဖြစ်ချေသည်။

'ကြယ်နီ' ခေါ် ရုရှားစစ်တပ် သတင်းစာက ရုရှားခရစ်ယာန်များကို အောက်ပါအတိုင်း ဝေဖန် တိုက်ခိုက်ခဲ့သည်။ "ခရစ်တော်အား ကိုးကွယ်သောသူများသည် လူတိုင်းကို လောဘကြီးသော လက်သည်းဖြင့် ကုတ်ချင်ကြသည်"။

သို့သော် ၎င်းတို့၏ တောက်ပသော ခရစ်ယာန် အသက်တာသည် တစ်ရွာသားချင်းနှင့် အိမ်နီးနားချင်း၏ ချစ်ခြင်းမေတ္တာနှင့် လေးစားခြင်း ကို ခံစားစေ၏။ မြို့တိုင်း ရွာတိုင်းတွင် လူကြိုက် အများဆုံးသောသူသည် ခရစ်ယာန်တို့သာ ဖြစ်ကြသည်။

မိခင်အပြင်းဖျား၍ ကလေးများ မကြည့်ရှုနိုင်သောအခါ သွားရောက်ကြည့်ရှုပေးသော သူသည် ခရစ်ယာန် မိခင်သာဖြစ်သည်။ ဖခင်မကျန်းမာ၍ ထင်းမခွေနိုင်သောအခါ ထို အိမ်ထောင်ကို ထင်းခွေပေးသောသူသည် ခရစ်ယာန် ယောကျ်ားသာ ဖြစ်သည်။

စစ်မှန်သော ခရစ်ယာန် အသက်တာအတိုင်း အသက်ရှင်ကြပါသဖြင့် ခရစ်တော်အတွက် သက်သေခံဝေငှ လာကြသောအခါ နားထောင်သောသူများ၏ အသက်တာပြောင်းလဲလေ့ရှိ၏။ အကြောင်းမှာ ၎င်းတို့၏ နေ့စဉ် အသက်တာ၌ ခရစ်တော်ကို တွေ့ကြရသောကြောင့် ဖြစ်သည်။

တရားဝင် အသင်းတော်တွင် လိုင်စင်ရ အမှုတော်ဆောင်သာ တရားဟောခွင့် ရှိသောကြောင့် စိတ်အား ထက်သန်သည့် ထောင်ပေါင်းများစွာသော ခရစ်ယာန်တို့သည် ဈေးများ၊ ရေတွင်းများနှင့် ကွန်မြူနစ်ကမ္ဘာရှိ လူသူစုရုံးရာ ရောက်လေရာ နေရာ အသီးသီးတွင် ဝေငှသက်သေခံခဲ့ကြသည်။

ခရစ်ယာန် အသားသတ်သမားများသည် အသားထုတ် စက္ကူများအကြားတွင် ဝေစာများ ထည့်ထားတတ်ကြကြောင်း ကွန်မြူနစ်

သတင်းစာက ဖေါ်ထုတ်ရေးသားခဲ့သည်။ ကွန်မြူနစ် ပုံနှိပ်တိုက်များမှ အာဏာရှိ ခရစ်ယာန် ဝန်ထမ်းများသည် ညနက်ချိန်တွင် အလုပ်ရုံကို ဖွင့်လျက် ထောင်ပေါင်းများစွာသော ခရစ်ယာန်စာပေများကို ပုံနှိပ်ပြီး နေမထွက်မီ ပြန်ပိတ်ကြကြောင်း ကွန်မြူနစ် ပုံနှိပ်တိုက်များက ဝန်ခံခဲ့ကြသည်။

မော်စကိုမြို့က ခရစ်ယာန်ကလေးလူငယ်များသည် အချို့သော နည်းလမ်းများအားဖြင့် သတင်းကောင်း စာပေများ ရရှိကြကြောင်း၊ အချို့သော စာပိုဒ်များကိုလက်ဖြင့် ကူးယူတတ်ကြကြောင်း ကွန်မြူနစ် ပုံနှိပ်တိုက်က ဝန်ခံထုတ် ဖေါ်ခဲ့သည်။ ၎င်းကလေးများသည် မိမိတို့ ကူးယူထားသော စာပိုဒ်များကို ကျောင်းခန်းထဲ၌ ချိပ်ထားသော ဆရာများ၏ အင်္ကျီအိတ်များတွင် တိတ်တခိုး ထည့်ထားတတ်ကြသည်။

ဤလူဝတ်ကြောင် ခရစ်ယာန် မိန်းမယောကျ်ားများစွာတို့သည် ကွန်မြူနစ်တိုင်းပြည် အသီးသီး၌ တွေ့ရသည့် တန်ခိုးကြီးကာ၊ အောင်မြင်စွာဖြင့် ပျောက်ဆုံးဝိညာဉ်ကို ဖမ်းဆီးကြရသော သာသနာပြု အဖွဲ့အစည်းကြီး ဖြစ်နေခဲ့ပြီ။

***ကြားနာသူတိုင်း အသက်တာ ပြောင်းလဲလေ့ ရှိသည်မှာ ၎င်းတို့၏ နေ့စဉ် အသက်တာ၌ ခရစ်တော်ကိုတွေ့ကြရသောကြောင့် ဖြစ်သည်၊***

ဤကဲ့သို့ အသက်တာ အပြီးအပိုင် ဆက်ကပ်လျက် သစ္စာရှိကာ စစ်မှန်သော ယုံကြည်သူ လူဝတ်ကြောင် ခရစ်ယာန် သန်းပေါင်းများစွာတို့သည် ကွန်မြူနစ်တို့၏ ညှင်းပန်း နှိပ်စက်ခြင်း မီးလျှံက စစ်ကြောမွေးထုတ်ထားသောသူများဖြစ်ကြသည်။ ညှင်းပန်း နှိပ်စက်ခြင်းသည် ၎င်းတို့၏ ယုံကြည်ခြင်းကို လောင်ကျွမ်းစေသည်ဟု ထင်ကြပါသော်လည်း သာ၍ စစ်မှန်ထက်မြက်စေ၏။

ကွန်မြူနစ်ကျူးဘားကျွန်းတွင် အစိုးရ၏ ညှင်းဆဲ နှောင့်ယှက်မှု ရှိလင့်ကစား တိုက်ခန်းအိမ်တွင်း ဘုရားကျောင်း ထောင်ပေါင်းများစွာ တိုးပွားလာ၏။ ကျူးဘားတစ်နိုင်ငံလုံး ညီညွတ်ခြင်းဆိုင်ရာကောင်စီ (Ecumenical council of Cuba) ခေါ် ကျူးဘားခရစ်ယာန် ကောင်စီ

သည် မာခ်စ်ဝါဒီသင်းအုပ်ခေါင်းဆောင် အများစုအားဖြင့်ဖွဲ့စည်းထားသည်။

တတိယ အရေးပါသော မြေအောက်အသင်းတော် အုပ်စုအဖွဲ့အစည်းသည် တရားဝင် အသင်းတော်၌ ဇက်ကြိုးတပ်ခြင်းခံလျက် ငြိမ်သက်သော အသင်းတော်အားဖြင့် ပါဝင်ပါသော်လည်း ခရစ်တော်၌ သစ္စာရှိသည့် များစွာသော သင်းအုပ်ပါစတာများ ဖြစ်ကြသည်။

မြေအောက်အသင်းတော်သည် ခွင့်ပြုချက်ရသော တရားဝင် အသင်းတော်နှင့် လုံးဝခွဲခြားကင်းကွာလျက် နေသည်မဟုတ်။ ပိုလန်၊ ဟန်ဂေရီနှင့် ယခင်ယူဂိုစလားဗီးယား နိုင်ငံများအား ကွန်မြူနစ်တို့ အုပ်စိုးခဲ့စဉ်က တရားဝင် အသင်းတော်များမှ သင်းအုပ်ပါစတာ များစွာတို့သည် မြေအောက်အသင်းတော်နှင့် လက်တွဲလှုပ်ရှားခဲ့ကြပါသည်။

ယနေ့ထက်တိုင်အောင် ဤအသင်းတော်နှစ်မျိုးသည် အချို့သော နိုင်ငံများတွင် လက်ချင်းယှက်ကာ လှုပ်ရှား လုပ်ဆောင်လျက် ရှိကြ၏။ မြေအောက်အသင်းတော်က ပါစတာများသည် မိမိတို့၏ ကျဉ်းမြောင်းသော အိမ်ခန်း၊ ဘုရားကျောင်းများမှအပ အပြင်တွင် ခရစ်တော် အကြောင်း ဟောပြောခွင့် မရကြချေ။ ကလေးလူငယ်များ သို့မဟုတ် လူပျိုလူရွယ်များကို အသင်းတော်တွင် ထားရှိခွင့်မရကြချေ။ ခရစ်ယာန် မဟုတ်သော သူများသည် အိမ်ကျောင်းများသို့ မလာရဲကြချေ။ ဖျားနာသောသူများကိုလည်း အိမ်တိုင်ရာရောက် ဆုတောင်းပေးခွင့် မရကြပေ။ တရားဝင် အသင်းတော်များကိုသာ ဦးစားပေးလျက်၊ တရားမဝင် သင်းအုပ်များမှာမူ ကွန်မြူနစ်တို့၏ စည်းမျဉ်းစည်းကမ်းများဖြင့် ဘက်ပေါင်းစုံမှ ကြပ်တည်းစွာ ထိန်းချုပ်ထားခြင်း ခံခဲ့ကြသည်။ သို့သော် တရားဝင် အသင်းတော်များမှာ အဓိပ္ပါယ်မဲ့သော အသင်းတော်များသာ ဖြစ်ကြသည်။

ဘာသာရေးလွတ်လပ်မှုကို ပျက်ရယ်ပြုသော စည်းမျဉ်း စည်းကမ်း ထိန်းချုပ်မှုများကို ရင်ဆိုင်နေသည့် အထက်ပါ သင်းအုပ်ဆရာများသည် လျှို့ဝှက်အမှုတော်မြတ်၌ စွန့်စားပါဝင်ခြင်း အားဖြင့် အစိုးရ၏ ကန့်သတ်ချက်များကိုပင် မကြာခဏ ကျူးလွန်လေ့ရှိကြ၏။

ကလေးများနှင့် လူပျိုလူရွယ်များထံသို့လည်း လျှို့ဝှက်စွာ

အမှုတော်ထမ်းဆောင်ကြသည်။ အရှေ့ဖျားနိုင်ငံများ၊ အာရှနှင့် မြောက်အာဖရိက နိုင်ငံများ၊ ခရစ်ယာန်အိမ်များ၊ မြေအောက် တိုက်ခန်းများတွင် သတင်းကောင်း ဝေငှသက်သေ ခံခဲ့ကြသည်။ လျှို့ဝှက်စွာ လက်ခံရရှိခဲ့ကြသော ခရစ်ယာန်စာပေများကို ဆာငတ်နေသော ဝိညာဉ်များအား ထပ်ဆင့် ဝေငှခဲ့ကြသည်။

ပတ်ဝန်းကျင်၌ရှိသော ဆာငတ်နေသည့် ဝိညာဉ်များ ဖမ်းဆီးရေးအတွက် အစိုးရ ကန့်သတ်ချက်မှုများကိုပင်လျှင် ကျော်လွန်သည် တိုင်အောင် မိမိတို့၏ လွတ်လပ်မှုကို လျှို့ဝှက်စွာ စွန့်စားလုပ်ဆောင် ခဲ့ကြသည်။

**နှုတ်ကပတ်တော်ကို လျှို့ဝှက်စွာ ဖြန့်ဝေနိုင် ရေးအတွက် မိမိတို့၏ အသက်ကိုပင် စွန့်စားခဲ့ကြသည်၊**

အပေါ်ယံကြောဖြစ်သော အများအမြင်တွင် အစိုးရကို ကျိုးနွံ နာခံသကဲ့သို့ ရှိကြပါသော်လည်း၊ နှုတ်ကပတ်တော်ကို လျှို့ဝှက်စွာ ဖြန့်ဝေ ပြန့်နှံ့ရေးအတွက်ဆိုလျှင် မိမိတို့၏ အသက်ကိုပင် စွန့်စားလုပ်ဆောင်ခဲ့ ကြသည်။

ယခင် ဆိုဗီယက်ယူနီယံတွင် ၎င်းတို့ကဲ့သို့ သော လူသူများစွာတို့ကို ဖေါ်ထုတ်ဖမ်းဆီးခဲ့ကြပြီး နှစ်ပေါင်းများစွာ ထောင်ချခဲ့ကြသည်။

ယနေ့ ထိုထက်များပြားသော ယုံကြည်သူ ယောကျ်ား၊ မိန်းမ မရွေး ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေကြပြီ။ လွတ်လပ်မှုမရှိသော တိုင်းပြည်များရှိ မြေအောက်အသင်းတော်မှ အဓိကကျသော အုပ်စုဖြစ်ကြသည်။

မိမိတို့ အသင်းတော်များမှ နှင်ထုတ်ခြင်း ခံခဲ့ကြရပြီး အစိုးရအရာရှိများက ညှင်းပန်းခြင်း ခံခဲ့ကြရသော ယခင် အမှုတော်ဆောင်များ၊ သာမန် အသင်းသားများနှင့် တရားဝင် သင်းအုပ်ဆရာများသည် ခွင့်ပြုချက်ကျော်လွန်သည့် တိုင်အောင် လျှို့ဝှက်စွာ အမှုတော်မြတ်ကို အခြားအမှုတော်ဆောင်များထက်ပင်လျှင် ကြီးမားကျယ်ဝန်းစွာ ထမ်းဆောင်နိုင်ခဲ့ကြပေသည်။ ၎င်းတို့အားလုံးသည် မြေအောက် သို့တည်းမဟုတ် 'တရားမဝင်' အသင်းတော် အနေဖြင့် လှုပ်ရှားလေ့ ရှိကြ၏။

မြေအောက်အသင်းတော်သည် ကွန်မြူနစ် ဝါဒနှင့် အခြားဝါဒ

များ (Communism and other "isms") မကျဆုံးမချင်း ဆက်လက်တည်ရှိနေမည်သာ ဖြစ်သည်။ အချို့သော တိုင်းပြည်များတွင် အထက်ပါအုပ်စုသုံးစုအနက် တစ်စုသည် အခြားအုပ်စုထက်သာ၍ အောင်မြင်မှုရလေ့ရှိ၏။ သို့သော် အားလုံးသည် ခရစ်တော်အတွက် သက်စွန့်ကြိုးပန်းလုပ်ဆောင်လျက် ရှိကြ၏။

ကွန်မြူနစ်တိုင်းပြည်များသို့ မကြာခဏ ခရီးလှည့်လည်ကာ ဘာသာရေးပဟေဠိ မေးခွန်းများကို စိတ်ဝင်စားသော ပုဂ္ဂိုလ်တစ်ယောက်သည် အိမ်ပြန်လာပြီး မိမိသည် ကွန်မြူနစ်တိုင်းပြည်များတွင် မြေအောက်အသင်းတော်ကို တစ်ပါးမျှ မတွေ့ခဲ့ရကြောင်း စာရေးခဲ့သည်။

ထိုအရာသည် အာဖရိကတိုက် အလယ်ပိုင်းရှိ စာမတတ်သော လူမျိုးစု တစ်စုထံသို့ အလည်သွားပြီး ပြန်လာ သောအခါ "၎င်းတို့အားလုံးကို ကဗျာစကား ပြောတတ်ကြသလားလို့ ငါကောင်းကောင်း စုံစမ်းမေးမြန်းခဲ့ပါတယ်။ မပြော တတ်ကြပါဘူးလို့ ငါ့ကို ပြောကြတယ်" ဟု ပြောသောသူနှင့် တူ၏။ အမှန်မှာ ၎င်းတို့အားလုံး ကဗျာစကား ပြောကြပါသော်လည်း ထိုစကားသည် ကဗျာစကားဖြစ်ကြောင်း ၎င်းတို့ မသိကြခြင်းနှင့် တူ၏။

ပထမ ဆယ်စုနှစ်က ကနဦး ခရစ်ယာန်များသည် မိမိတို့ကို မိမိတို့ ခရစ်ယာန်ဖြစ်ကြောင်း မသိကြသေးချေ။ ၎င်းတို့၏ ဘာသာရေးအမည်နာမကို မေးသည်ရှိသော် ဂျူးလူမျိုး၊ ဣသရေလ လူမျိုး၊ ယေရှုကို မေရှိယ အနေဖြင့် ယုံကြည်သောသူများ၊ ညီအစ်ကိုများ၊ သူတော်စင်များ၊ ဘုရားသခင်၏ သားသမီးများဟူ၍သာ အဖြေပေးကြပါလိမ့်မည်။ 'ခရစ်ယာန်' ဟူသော အမည်နာမသည် အခြားသူများက ပေးသော အမည်နာမသာဖြစ်ပြီး၊ နှစ်အတော်ကြာမှ အန္တိအုတ်မြို့တွင် ပထမဆုံး ရခဲ့ကြသော အမည်ဖြစ်ပေသည်။

Martin Luther ၏နောက်လိုက်တပည့် တစ်ဦးတစ်ယောက်မျှ မိမိသည် Lutheran ဟု အခေါ်ခံကြောင်း မသိခဲ့ကြပါ။ ၎င်းအခေါ်အဝေါ်ကိုလည်း မာတင်လူသာက ပြင်းထန်စွာ ကန့်ကွက်ခဲ့ဖူးသည်။

အလားတူ "မြေအောက်အသင်းတော်" ဆိုသည်မှာ ကွန်မြူနစ်တို့နှင့် ကျွန်ခံတိုင်းပြည်များမှ ဘာသာရေး အခြေအနေကို လေ့လာသော အနောက်တိုင်း သုတေသီများက ပေးသောအမည်ဖြစ်သည်။ ကွန်မြူနစ်တိုင်းပြည် အသီးသီးတွင် ပြိုင်တူဖွဲ့စည်းထားသော လျှို့ဝှက် အဖွဲ့အစည်းကို ခေါ်ဝေါ်သော အမည်နာမည်ဖြစ်သည်။

မြေအောက် အသင်းတော်သူ/သားများက မိမိတို့ကို ဤအမည်နာမဖြင့် မခေါ်ကြပါ။ ယုံကြည်သူ ခရစ်ယာန် များ၊ ဘုရားသခင်၏ သားသမီးများဟူ၍သာ ခေါ်ဆိုကြသည်။ သို့သော် မြေအောက်အလုပ်များကို ဆောင်ရွက်ကြသည်။ လျှို့ဝှက်စွာ တွေ့ဆုံကြသည်။ သတင်းကောင်းကို လျှို့ဝှက်စွာ ပြန့်နှံ့စေခဲ့ကြသည်။ ၎င်းတို့၏ ဝတ်ပြု အစည်းအဝေးကို "မြေအောက်အသင်းတော်ကို မတွေ့ခဲ့ဖူးဘူး" ဟု ပြောသော နိုင်ငံခြားသားပင်လျှင် တစ်ခါတစ်ရံ တတ်ဖြစ်ကောင်းတတ် ဖြစ်ပါလိမ့်မည်။ ဤအနည်နာမသည် ဆန့်ကျင်သူများနှင့် နိုင်ငံခြားမှ အမြတ်တနိုးလှမ်းကြည့်နေသော သူများက ပေးသောအမည်ဖြစ်သည်။

မိတ်ဆွေသည် အနောက်တိုင်းသို့ နှစ်အတန်ကြာ ခရီးလှည့်လည် သွားလာပါသော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ စုံထောက် ကွန်ချာအဖွဲ့ကြီးကို တွေ့ဖူးချင်မှ တွေ့ဖူးပေမည်။ မတွေ့သောကြောင့် ၎င်းအဖွဲ့အစည်း မရှိဟုဆိုပါက သဘာဝကျမည်မဟုတ်။ ၎င်းကွန်ချာက မိမိကိုမိမိ ခရီးသည်အား ပြမည်မဟုတ်ချေ။

ရှေ့လာမည့် အခန်းတွင် လွန်ခဲ့သော ဆယ်စုနှစ်များက ရုရှားပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့သော ဆောင်းပါးအချို့ကို ကောက်နှုတ်ဖော်ပြပါမည်။ ဤအချက်များအားဖြင့် ဖွဲ့ရှိသော မြေအောက် အသင်းတော် တကယ်ရှိပါ ကြောင်းနှင့် တိုးပွားလျက်ရှိ နေပါကြောင်း သက်သေထူပြပါလိမ့်မည်။



၆

# ခရစ်ယာန်ဘာသာသည် ကွန်မြူနစ်ဝါဒကို မည်ကဲ့သို့ အနိုင်ယူနေပါသနည်း။

## How Christianity is Defeating Communism

ရိုမေးနီးယား ကွန်မြူနစ်များနှင့် ဆိုဗီယက်စစ်တပ်သို့ ခရစ်တော်၏ သတင်းကောင်း ပြန့်ပွားရေးအတွက် ကျွန်ုပ်ကိုယ်တိုင် လှုပ်ရှားသည့် အတွေ့ အကြုံများကို ပြောပြခဲ့ပြီးဖြစ်သည်။ ကွန်မြူနစ်များနှင့် ဖိနှိပ်ခံ လူတန်းစားများထံသို့ ခရစ်တော်အကြောင်း ဟောကြားရေးအစီအစဉ်ကို ကူညီပံ့ပိုး ရန်လည်း ဓမ္မမိတ်ဆွေအား တောင်းပန်အသိပေးခဲ့ပြီး ဖြစ်သည်။ ကျွန်ုပ်၏ စိန်ခေါ်မှုသည် 'စိတ်ကူးယဉ်'ဆန်လွန်းသလား၊ လက်တွေ့ အကောင်အထည် မဖေါ်နိုင်သောအရာဟု ထင်မိပါသလား။

အာရှကွန်မြူနစ်နိုင်ငံများနှင့် အခြားကျွန်ခံတိုင်းပြည်များတွင် မြေအောက်အသင်းတော်များ တကယ်ရှိနေပါသလား။ မြေအောက်အသင်းတော် လှုပ်ရှားမှုသည် ထိုနိုင်ငံများတွင် ယခုရှိနိုင်၊ ဖြစ်နိုင်ပါသေးသလား။

ဤမေးခွန်းကိုကျွန်ုပ်တို့သတင်းကောင်းနှင့်ယှဉ်၍ဖြေနိုင်ပါသည်။

ကွန်မြူနစ်တို့သည် ၎င်းတို့၏ မူဝါဒနှင့်အုပ်ချုပ်ရေးစနစ်ကို နှစ်ငါးဆယ်ကျော် ဆင်နွှဲအကောင်အထည်ဖေါ်ခဲ့ကြပြီး ဖြစ်သည်။ သို့သော် ၎င်းတို့ အောင်မြင်ခြင်းသည် တဖြည်းဖြည်း ရှုံးနိမ့်နေပါသည်။ ကွန်မြူနစ်ကနိုင်သည်မဟုတ်၊ ကျွန်ုပ်တို့ အဖွဲ့အစည်းကို သေချာစွာ လေ့လာထားသော ရုရှားပုံနှိပ်တိုက် မြေအောက်အသင်းတော်နှင့် ပတ်သက်၍ မမှန်ကန်သော ကောလဟာလသတင်း ပြည့်လျက်ရှိ၏။ ရုရှား မြေအောက်အသင်းတော်သည် တိုးပွားခိုင်မာလာလျက် ရှိပြီဖြစ်ရာ လူထုအဖွဲ့ အစည်းအဆင့်သို့ တစ်ဖြည်းဖြည်း ရောက်နေပြီဖြစ်သဖြင့်၊ ကွန်မြူနစ်များကို ခြောက်လှန့်

လျက်ရှိနေပါပြီ။ ယခင်ဆိုဗီယက်ယူနီယံ သတင်းထုတ်ပြန်ချက်များသည် ကောလဟာလများသာဖြစ်ကြောင်း လက်ရှိအုပ်ချုပ်ရေး ခေါင်းဆောင်များက အတည်ပြုနေပါပြီ။

ယနေ့တစ်ကမ္ဘာလုံးရှိ မြေအောက်အသင်းတော်များသည် ပင်လယ်တွင် မျောနေသည့် ကြီးမားသော ရေခဲတောင်ကြီးနှင့် တူနေပါပြီ။ မမြင်ရသော ရေမျက်နှာပြင်အောက်၌ သာ၍ကြီးမားစွာ လှုပ်ရှားလျက် မြင်ရသော အပိုင်းတွင် အနည်းငယ်သာ လှုပ်ရှားလျက်ရှိ၏။

လာမည့်စာမျက်နှာများတွင် နှစ်ဆယ်ရာစု၌ ၎င်းတို့၏ အောင်မြင်မှုများကို အတိုချုပ်ဖော်ပြထားသည်။

ေဓေဓေဓေဓေဓ

## ရေခဲတောင်ထိပ်ပေါ်က လှုပ်ရှားမှုများ

## The tip of the iceberg

Caucasus အရပ်ဒေသရှိ Suhumi မြို့တွင် ၁၉၆၆ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့၌ မြေအောက်အသင်းတော်သည် လေဟာပြင် အစည်းအဝေးကြီး ကျင်းပခဲ့သည်။ အခြားမြို့များက ယုံယုံကြည်ကြည် တက်ရောက်လာခဲ့ကြသည်။ ဒေသနာရှင်၏ စိန်ခေါ်ချက်ကို လူငယ်(၄၇) ယောက်က တုန့်ပြန်ပြီး ယေရှုကို လက်ခံကာ ပင်လယ်နက် Black Sea တွင် ခမ္မဟောင်းခေတ်ကကဲ့သို့ ချက်ခြင်း ဗတ္တိဇံခံခဲ့ကြသည်။

ကွန်မြူနစ်အာဏာရှင် အုပ်ချုပ်ရေး ဆယ်ဆုနှစ်ကျော်လာသည် တိုင်အောင် သမ္မာကျမ်းစာ ခရစ်ယာန်စာပေများ၊ ဓမ္မကျမ်းစာကျောင်း များမပါရှိသဖြင့် မြေအောက်အသင်းတော်ခေါင်းဆောင်များသည် ဓမ္မပညာ သင်ယူခြင်းမရှိကြ။ သင်းထောက်လူကြီး ဖိလိပ္ပုလည်း အလားတူပင်။ သို့သော် နာရီဝက်ခန့် ဆွေးနွေးပြီးမှ ဘဏ္ဍာစိုး အမတ်က "ဤအရပ်တွင် ရေရှိပါ၏။ အကျွန်ုပ်ကို ဗတ္တိဇံ မခံစေခြင်းငှာ မည်သည့်အကြောင်း တားဆီး

ပါသနည်း။" ဟု မေးစမ်းခဲ့သည်။ ဖိလိပ္ပုကလည်း "သင်သည် စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင် ခံရသည်" ဟုဆိုလေ၏။ ၎င်းနောက် ဖိလိပ္ပုသည် အမတ်ကို ဗတ္တိဇံပေး၏ (တမန်တော် ၈း၃၆–၃၈)။

ပင်လယ်နက်တွင် ရေလုံလောက်စွာ ရှိပါသဖြင့် မြေအောက်အသင်းတော်မှ ဓမ္မဟောင်းခေတ်က အပြုအမူအတိုင်းလိုက်လုပ်ကြသည်။

ရုရှားဘာသာဖြင့် Uchitelskaia Gezeta ဟုခေါ်လျက် 'ဆရာများ၏ မဂ္ဂဇင်း" ဟု အဓိပ္ပါယ်ရသော ၁၉၆၆ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့ထုတ် စာစောင်တွင် ဆန္ဒပြမှု တစ်ခု အကြောင်းရေးသားထားသည်။ အကြောင်းရင်းခါတ်ခံမှာ အသင်းသူ/ သားများ မှတ်ပုံတင်ခြင်းနှင့် သင်းအုပ်ခေါင်းဆောင်များကို ကွန်မြူနစ်တို့မှ စိတ်တိုင်းကျ ခန့်အပ်ခြင်းတို့ကို လက်မခံ မလိုလားကြသောကြောင့်ဖြစ်ကာ ဆန္ဒပြပွဲ ကျင်းပသော မြို့သည် Rostor - on -Don မြို့၌ဖြစ်ပြီး ကျင်းပသူတို့သည် နှစ်ခြင်း အသင်းတော်မှ ဖြစ်ကြသည်။

သပိတ်မှောက် ဆန္ဒပြသောနေ့သည် မေလ တစ်ရက်နေ့ဖြစ်သည်။ ယေရှုသည် မိမိကို ဆန့်ကျင်သော ဖာရိရှဲတို့အား အန်တုသောအားဖြင့် ဥပုသ်နေ့တွင် နိမိတ်လက္ခဏာများ ပြတော်မူသကဲ့သို့ မြေအောက်အသင်းတော်သည် ကွန်မြူနစ်တို့၏ မူဝါဒကို အန်တုသောအားဖြင့် မေလ တစ်ရက်နေ့ကဲ့သို့သော ကွန်မြူနစ်တို့၏ နေထူးနေ့မြတ်များကို တမင်ရွေးကာ ဆန္ဒပြပွဲကျင်းပတတ်ကြသည်။

မေလတစ်ရက်နေ့တွင် ကွန်မြူနစ်တို့သည် အင်အားပြ အစည်းအဝေးကြီးနှင့် စားသောက်ပျော်မြူးသောပွဲကြီး ကျင်းပပြုလုပ်လေ့ ရှိရာ မည်သူမဆို မတက်မနေရပွဲကြီးဖြစ်သည်။ ၎င်းရက်နေ့ကိုပင် ရွေးချယ်ကာ ရုရှားမှာ ဒုတိယအကြီးဆုံးအုပ်စုဖြစ်သော မြေအောက်အသင်းတော်သည် လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြသည်။

ယုံကြည်သူ တစ်သောင်းငါးထောင်စုရုံးကြသည်။ ထိုကဲ့သို့ မထွက်မီစုရုံးစေသော အရာသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြစ်ပေသည်။ ၎င်းတို့သည် သက်စွန့်ကြိုးပမ်းစုရုံးကြခြင်းဖြစ်ရာ ဆာလောင်

မွတ်သိပ်ခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းသည် မိမိတို့ကို ထောင်ထဲမှ အသင့်စောင့်နေကြောင်းကိုပါ သိကြပေသည်။

Barnaul အရပ်က ဧဝံဂေလိ ခရစ်ယာန်များ ပုံနှိပ်ထုတ်ဝေသည့် Secret Manifesto စာစောင်သည် ရုရှားယုံကြည်သူ အားလုံး အသိဖြစ်သည်။ ထိုစာစောင်တွင် Kulunda ရွာက Hmara ခေါ် အမျိုးသမီးသည် ထောင်ထဲမှာ မိမိယောကျ်ား သေဆုံးခဲ့ကြောင်း သတင်းဖော်ပြထားသည်။ ကလေးငယ်လေးယောက်နှင့် ကျန်ရစ်ခဲ့သည်။

မိမိယောကျ်ား၏ အလောင်းကို လက်ခံရရှိသောအခါ ပထမဆုံး လက်ထိပ်ကြောင့် ပွန်းပဲ့သော အနာကိုတွေ့ရသည်။ ၎င်းနောက် လက်နှစ်ဖက်စလုံး လက်ချောင်းများနှင့် ခြေထောက်များတွင်ပြင်းထန်သော မီးလောင်ဒဏ်ရာများ တွေ့ရသည်။ ဝမ်းပိုက်အောက်ပိုင်းတွင် ဓားဖြင့်ထိုးသောဒဏ်ရာများတွေ့ရသည်။ ညာဘက်ခြေထောက်သည် ယောင်နေသည် ခြေ ထောက်နှစ်ဖက်စလုံးတွင် တုတ်ချောင်းဖြင့် ရိုက်သောဒဏ်ရာများ ထင်ကျန်နေသည်။ တစ်ကိုယ်လုံးပြင်းထန်သော ဒဏ်ရာများ ပြည့်နေသည်။

***၎င်းတို့သည် သက်စွန့်ကြိုးပမ်း စုဝေးကြခြင်းဖြစ်ရာ ဆာလောင်မွတ်သိပ်ခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းသည် မိမိတို့ကို ထောင်ထဲမှ အသင့်စောင့်နေပါကြောင်း သိကြပေသည်။***

Rostov-on-Don လမ်းမပေါ်မှာ ဆန္ဒပြသော ယုံကြည်သူအားလုံးက အထက်ပါ ကံကြမ္မာသည် မိမိတို့ကို စောင့်နေပါကြောင်း သိကြပါသော်ငြားလည်း လမ်းပေါ်အရောက် ထွက်လာခဲ့ကြသည်။

တစ်ဖက်က အသက်တာပြောင်းလဲလာပြီး သုံးလအကြာမှာ ဘုရားသခင်အတွက် မိမိအသက်ကို ပေးသော ထိုမာတုရ ပုဂ္ဂိုလ်ကြီးအား ကြော်ငြာစာရွက်ကြီးများဖြင့် အောက်ပါ ကျမ်းချက်များကိုရေးကာကိုင်လျက် လူထုကိုပြသည့် ယုံကြည်သူ လူစုလူရုံးကြီးက စည်းကား သိုက်မြိုက်စွာ သင်္ဂြိုဟ်ကြကြောင်းကိုလည်း ဆန္ဒပြသူများ သတိထားမိပါသည်။

"ငါအသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏" (ဖိ၊ ၁း၂၁)။

"ခန္ဓာကိုယ်ကို သာသတ်၍ စိတ်ဝိညာဉ်ကို မသတ်နိုင်သောသူတို့ ကို မကြောက်ကြနှင့်" (မ၊ ၁၀း၂၈)။

"နှုတ်ကပတ်တော်ကြောင့် အသေသတ်ခြင်းကို ခံရသော သူတို့၏ ဝိညာဉ်များကို ယဇ်ပလ္လင်အောက်၌ ငါမြင်၏" (ဗျာ ၆း၉)။

ထိုကဲ့သို့ ရွှေကျမ်းချက်များကိုင်ဆောင်လျက် ကြီးမားသော လူထုမှ စည်ကားသိုက်မြိုက်စွာ လိုက်ပို့သင်္ဂြိုဟ်ခြင်းကို မြင်ရသော Rostov-on-Don လမ်းမပေါ်က လူထုသည် အားတက်သရောရှိကြပေ သည်။ ၎င်းတို့သည် အိမ်ငယ်လေးတစ်ခုမှာ ပြည့်ကြပ်စွာ စုရုံးကြသည်။ ဘေးပတ်ဝန်းကျင်မှာလည်း လူတွေပြည့်နေသည်။ အချို့သည် ဇကွဲကဲ့သို့ အိမ်ခေါင်မိုးပေါ်နှင့်သစ်ပင်ပေါ်သို့ တက်ကြသည်။ လူပေါင်းရှစ်ဆယ် အသက်တာပြောင်းလဲသည်။ အများအားဖြင့် လူငယ်များဖြစ်ကြသည်။ ၎င်းတို့အနက်(၂၃)ယောက်သည် (Komsomols) ခေါ် ယခင်ကွန်မြူနစ် လမ်းစဉ်လူငယ်အဖွဲ့ဝင်များဖြစ်ကြသည်။

၎င်းခရစ်ယာန်များသည် တစ်မြို့လုံးကို နံ့အောင် လျှောက်ကာ ဆန္ဒပြရင်း (Don) မြစ်ရှိရာသို့ သွားကြကာ အသစ်သော ယုံကြည်သူများ ကို ရေနှစ်မင်္ဂလာပေးခဲ့ကြသည်။

ကားအစီးများစွာဖြင့် ကွန်မြူနစ်ရဲများ မကြာမီရောက်လာကြ သည်။ မြစ်ကမ်းပေါ်က ယုံကြည်သူများကို ဝိုင်းထားကြပြီးခေါင်းဆောင် များကို ဖမ်းရန် ဆိုင်းပြင်းနေကြသည်။ (လူပေါင်းတစ်သောင်းငါးထောင် ဖမ်းချုပ်ခြင်းကိုမူ မတတ်နိုင်ကြချေ။)

ယုံကြည်သူများသည် ချက်ချင်း ဒူးထောက်ကာ မိမိလူများကို အကာအကွယ်ပြုရန်နှင့် ထိုနေ့ဝတ်ပြုကိုးကွယ်ခြင်း စီအစဉ်ကို၎င်း ရဲများက ခွင့်ပြုပါရန် စိတ်အားထက်သန်စွာ ဘုရားသခင်ထံ ဆုတောင်း ခဲ့ကြသည်။ ညီအစ်ကိုမောင်နှမများသည် ဝတ်ပြုအစီအစဉ်ခေါင်းဆောင်များကို ရဲများက မဖမ်းချုပ်နိုင်အောင် ပခုံးချင်းထိ ဝိုင်းရံမတ်တပ်ရပ်ထားကြသည်။ အခြေ အနေသည် အလွန်တင်းမာလျက်ရှိ၏။

Uchitelkaia Gazeta သတင်းစာက ဖော်ပြသည်မှာ "တရား

မဝင်" နှစ်ခြင်းအသင်းတော်သည် Rostov မြို့တွင် မြေအောက်စာပုံနှိပ်တိုက်ရှိသည်ဟူ၏။ ရုရှားတွင်– Baptist ဟု ဆိုရာ၌ Evangelicals များနှင့် Pentecostals များလည်း အပါအဝင်ဖြစ်သည်။

မြေအောက်ပုံနှိပ်တိုက်များတွင် လူငယ်များကို ယုံကြည်ခြင်း၌ ခိုင်မြဲစွာ ရပ်တည်ရလေအောင်ခေါ်ထားခဲ့ကြသည်။ ခရစ်ယာန်မိဘများကိုလည်း သားသမီးများအား မာတုရများ သင်္ကြိုဟ်ရေးအစီအစဉ်နှင့် အခန်းအနားများကို တက်ရောက်စေရန် တိုက်တွန်းခဲ့ကြသည်။ ၎င်းသည် အလွန်ကောင်းသောအရာဖြစ်သည်ဟု ကျွန်တော်လည်းထင်၏။ အကြောင်းမှာ သေခြင်းသည် ဘဝကူးပြောင်းခြင်းသာဖြစ်၍ ကြောက်ဖို့မဟုတ်ကြောင်း လူငယ်များ သိသင့်သည်။

မိဘများအား သားသမီးများကို ခရစ်ယာန်စာပေစုဆောင်းရှာဖွေ သင်ကြားပေးရန် တိုက်တွန်းနိုးဆော်လျက်ရှိကြ၏။ သို့မှသာ ဘုရားမဲ့ဝါဒီတို့၏ အဆိပ်ပါသော ကွန်မြူနစ်ကျောင်းစာများအတွက် ခရစ်ယာန်စာပေသည် ဖြေဆေးဖြစ်နိုင်လိမ့်မည်။

Uchitelskaia Gazeta စာစောင်က ၎င်းဆောင်းပါးကို နိဂုံးချုပ်အနေဖြင့် ရေးသားဖော်ပြထားသည်မှာ "ဘာသာရေးကို အသုံးပြုလျက် မိသားစုများစွာက ကလေးများကို လူနံ့လူအများဖြစ်စေခြင်းအား ဆရာများက သတ္တိရှိရှိတိုက်ဖျက်သင့်သည်။"

၎င်း'ဆရာများမဂ္ဂဇင်း' ကပင် မြေအောက် အလုပ်သမားများကို လျှို့ဝှက်စွာနှစ်ခြင်းပေးသောသူအား တရားစွဲဆိုရာ၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို ဆက်လက်ဖော်ပြထားရာ၌ "သက်သေအဖြစ်ခေါ်ထားသော ယုံကြည်သူလူငယ်များသည် ကွန်မြူနစ်တရားရုံးကို အာခံဖီဆန်သော စိတ်ထားရှိကြသည်သာမကဘဲ၊ အထင်အမြင်သေးသော သဘောရှိကြသည်" ဟုရေးသားထားသည်။

"ထိုလူငယ်များသည် စိတ်ဆိုးမာန်ဆိုးဖြင့် တစ်ယူသန်စွာ ရပ်နေကြသည်။ တရားခံများဘက်မှ ပါဝင်ကြည့်ရှုအားပေးနေကြသော မိန်းမပျိုမိန်းမရွယ်များကလည်း ထိုလူငယ်များကို ထောက်ခံအားပေးသော

မျက်နှာဖြင့် ကြည့်ပြီး၊ ဘုရားမဲ့ဝါဒီလူထုတို့ကို သဘောမကျသော မျက်နှာဖြင့် ကြည့်နေကြသည်" ဟုလည်းဆက်လက်ဖော်ပြထားသည်။

မြေအောက်အသင်းတော်မှ သင်းဝင်များသည် ရုရှားကွန်မြူနစ်ဌာနချုပ်ရုံးရှေ့သို့ ထွက်ကာလွတ်လပ်ရေး ပိုမိုရရှိရေးအတွက် စုရုံးတောင်းဆိုကြသည်။ ထောင်ချရိုက်ပုတ်ခြင်းခံကြမည်ကို သိလျက်နှင့် သက်စွန့်ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။

မှောင်ခိုနည်းလမ်းဖြင့် အနောက်တိုင်းသို့ ခိုးထုတ်သယ်ယူသော စာရွက်စာတမ်း ကျွန်ုပ်တို့၌ ရှိသည်။ ၎င်းသည် ရုရှားနိုင်ငံမှ တရားမဝင်အဖွဲ့အစည်းဖြစ်သော Evangelical Baptist Churches of the Soviet Union ခေါ်ကော်မတီမှ ရရှိသော စာဖြစ်သည်။ ကွန်မြူနစ် လက်အောက်ရောက် 'Baptist Union' ခေါ်တရားဝင် အသင်းတော်အား ဦးဆောင်သူ Kharev က ခရစ်ယာန်များကို အစုလိုက် အပုံလိုက်သတ်ဖြတ်ကြသော ကွန်မြူနစ်များကို ချီးကျူးထောက်ခံပုံနှင့် ၎င်းတို့၏ အုပ်ချုပ်ရေးသည် လွတ်လပ်မှုရှိသည်ဟု မျှော်လင့်ထားခြင်းကို ဆန့်ကျင်သောစာ ဖြစ်သည်။

၎င်းလျှို့ဝှက်စာတမ်းတွင် မော်စကိုမြို့၌ အခြားလူထုဆန္ဒပြပွဲ ကြီးကျင်းပခဲ့ကြကြောင်း ဖော်ပြသည်။

၎င်းကို ကျွန်တော်အောက်ပါအတိုင်း ဘာသာပြန်ထားသည်။

**အလျင်အမြန်သတင်းပေးပို့ခြင်း။**

***ချစ်သောညီအစ်ကိုမောင်နှမများခင်ဗျား။ ငါတို့၏ ဖခင်ဘုရားသခင်နှင့်ယေရှုခရစ်တော်ထံမှ ငြိမ်သက်ခြင်းကောင်းကြီးမင်္ဂလာ ခံစားကြပါစေသော။ Evangelical နှစ်ခြင်းခရစ်ယာန်မှ ကိုယ်စားလှယ်ငါးထောင်တို့သည် ၁၉၆၆ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံဗဟိုကော်မတီရုံးချုပ်ရှေ့သို့ ဗဟိုအာဏာ ပိုင်များထံမှ တောင်းဆိုချက်များ ပြုလုပ်ကြားနာစေရန် လမ်းထွက်လျှောက် သွားကြောင်း အမြန်အကြောင်းကြားပါသည်။ ကျွန်ုပ်အထွေထွေ အတွင်းရေးမှူးချုပ် Brezhnev ထံသို့ အသနားခံလွှာ လျှောက်တင်ထားသည်။***

၎င်းစာတမ်းက ဆက်လက်ဖော်ပြထားသည်မှာ ၎င်းငါးထောင်သော ယောက်ျားကြီးများသည် ရုံးချုပ်ရှေ့တွင် တစ်နေ့လုံး စုရုံးမတ်တပ်ရပ်ကြသည်။ ၎င်းသည် မော်စကိုမြို့၌ ကွန်မြူနစ်အုပ်ချုပ်ရေးကို ပထမဆုံး လူထုဆန္ဒပြခြင်းဖြစ်သည်။ မြေအောက်အသင်းတော် ကိုယ်စားလှယ်များမှ ပြုလုပ်ဦးဆောင်သော ဆန္ဒပြပွဲကြီးဖြစ်သည်။

နေ့တာကုန်ဆုံးလာသောအချိန်တွင် Brezhnev ထံသို့ ဒုတိယအသနားခံလွှာတင်သွင်းနိုင်ခဲ့ကြသည်။ သွေးသောက်ရဲဘော် Stroganov သည် ၎င်းအသနားခံလွှာကို ဘရက်ဇနက်ထံသို့ တင်သွင်းရန် ငြင်းဆိုသည် သာမက လူထုကြီးကို ချိမ်းခြောက်ခဲ့ကြောင်းသိရသည်။

ကိုယ်စားလှယ် ငါးထောင်တို့သည် မိုးရွာပါသော်လည်း လမ်းပေါ်တွင် တစ်ညလုံးစုရုံးကာ နေခဲ့ကြသည်။ ကွန်မြူနစ်များက လှမ်းအော်ကျိန်ဆဲခြင်းနှင့် ဖြတ်သန်းသွားလာသော ကားဘီးများမှ ရွှံ့နွံများ ပက်ဖြန်းခြင်းခံခဲ့ကြပါသော်လည်း ကွန်မြူနစ်ပါတီ ဌာနချုပ်ရုံးရှေ့တွင် နံနက်အချိန်တိုင်အောင် နေခဲ့ကြသည်။

နောက်တစ်နေ့တွင် ညီအစ်ကိုငါးထောင်တို့သည် အဆောက်အအုံထဲသို့ ဝင်ကာ ကွန်မြူနစ်အရာရှိများနှင့် တွေ့ဆုံရန် စီစဉ်ကြသည်။ ကွန်မြူနစ်တို့၏ အာဏာပိုင်များကို တွေ့ဆုံရန်ကြိုးစားသော ယုံကြည်သူများသည် ၎င်းတို့၏ ရုံးခန်းထဲ ရောက်သွားသည်နှင့် တစ်ပြိုင်နက်ရိုက်နှက်ခြင်းခံကြကြောင်း ၎င်းတို့ သိထားလျက်နှင့် Brezhnev ထံမှ တစ်စုံတစ်ရာမရမချင်း အားလုံးသဘောတူစောင့်ဆိုင်းနေကြသည်။

မရှောင်လွှဲနိုင်သော အဖြစ်အပျက်တစ်ခုရောက်လာသည်။

နေ့လည်တစ်နာရီလေးဆယ်ငါးမိနစ်တွင် ဘတ်စ်ကား နှစ်ဆယ်ရှစ်စီးရောက်ရှိလာပြီး၊ ယုံကြည်သူများအားကြမ်းတမ်းစွာ ကလဲ့စားချေမှုဆိုက်ရောက်လာခဲ့တော့သည်။ "လက်ချင်းယှက်ဝိုင်းရပ်လျက် ဓမ္မသီချင်းဆိုကြသည်။ 'ကားတိုင်ထမ်းသောနေ့သည် ကျွန်ုပ်တို့အတွက် အကောင်းဆုံးသောနေ့ဖြစ်သည်'။ လျှို့ဝှက်ရဲများက ကျွန်ုပ်တို့ကို စတင်ရိုက်ပုတ်နေပြီ။ လူကြီးလူငယ်မရှောင်ကြပေ။ လက်ချင်းယှက်နေသော လူတွေထဲက

လူကြီးအချို့ကို ရွေးထုတ်ပြီး မျက်နှာနှင့် ခေါင်းများမရှောင် ရိုက်ပုတ်ကြသည်။ ၎င်းနောက်ကတ္တရာလမ်းပေါ်သို့ လွှင့်ပစ်ကြသည်။ ညီအစ်ကိုအချို့ကို ဆံပင်များမှ ဆွဲကိုင်ကာ ဘတ်စ်ကားပေါ် တက်ခိုင်းကြသည်။ ထွက်ပြေးရန် ဆိုင်းပြင်းကြိုးစားနေသောသူများကို သတိလစ်သည်တိုင်အောင် ရိုက်နှက်ခဲ့ကြသည်။ ဘတ်စ်ကားများ၌ ယုံကြည်သူများ ပြည့်လာသောအခါ မသိသော နေရာသို့ခေါ်သွားကြသည်။ လျှို့ဝှက်ရဲ ကားများပေါ်မှ ညီအစ်ကိုမောင်နှမများ၏ သီချင်းသံသည် ကြေကွဲဝမ်းနည်းဘွယ်ရာကြားနေရသည်။ လူထုရှေ့မှောက်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်မှန် ဖြစ်သည်”

လုပသော အရာတစ်ခုက လိုက်လာသည်။ လူပေါင်းငါးရာဖမ်းချုပ် ညှင်းပန်းနှိပ်စက်ခဲ့ပြီးသောအခါ ညီအစ်ကို G.Vins နှင့် ခရစ်တော်၏ သိုးထိန်းအစစ်ဖြစ်သူ Horev တို့သည် အဆိုပါ ရုံးချုပ်ရှေ့တွင် ထပ်မံသွားလိုသော ဖွဲ့သတ္တိရှိလာကြသည်။ ဗတ္တိဇံယောဟန် ဖမ်းချုပ်ခံပြီးမှ ယေရှုသည် နေရာအဟောင်း၌ပင် ယောဟန်အတွက် ခံစားစရာဖြစ်သော တရားဒေသနာအဟောင်းကို ဆက်လက် ဟောကြားခြင်းနှင့်တူ၏ “နောင်တရကြလော့ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ” (မ၄း၁၇)။

Vins နှင့် Horev က အဖမ်းခံသောသူများအား လွှတ်ပေး ရန်နှင့် ဘယ်နေရာမှာထားကြောင်း သွားရောက်မေးမြန်းတောင်း လျှောက်ခဲ့သည်။ ၎င်းတို့နှစ်ဦးလည်း ပျောက်ကွယ်ခဲ့ကြသည်။ များမကြာမီ ၎င်း တို့သည် Leftorovskaia ထောင်တွင်ရှိကြကြောင်း ကြားသိရသည်။

ဤမြေအောက်အသင်းတော်သည် ကြောက်တတ်ကြသလား။ မကြောက်တတ်ကြပါ။ အခြားသောသူများသည်လည်း အထက်ဖော်ပြပါစာတမ်းကို ပုံနှိပ်ထုတ်ဝေခြင်းကြောင့် အဖမ်းခံခဲ့ကြသည်။ “ခရစ်တော်ကို ယုံကြည်ခြင်းအခွင့်အပြင် ခရစ်တော်အတွက် ဆင်းရဲခံရသော အခွင့်ကိုလည်း ကျေးဇူးတော်အားဖြင့် ရကြ၏” ဟူသော (ဖိ၊ ၁း၂၉) လာ ရွှေကျမ်းချက်ကို ဆုပ်ကိုင်ထားလျက် ဝမ်းမြောက်ကြ၏။ ၎င်းပြင် “ငါတို့ခံရသော ဆင်းရဲခြင်းကြောင့် အဘယ်သူမျှ မရွေ့လျော့မည်အကြောင်း ထိုဆင်းရဲခြင်းကို ခံစေမည်အကြောင်း ငါတို့ကို ခန့်ထားတော်မူ သည်ဟု သင်တို့

ကိုယ်တိုင် သိကြ၏။" ဟူသော (၁ သက်၊ ၃း၃) အားဖြင့်လည်း ခွန်အား ပေးခဲ့ကြသည်။

မကသေးပါ။ "ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့် ရှက်ကြောက်သော အရာကို မမှတ်ဘဲ၊ လက်ဝါးကပ်တိုင်၌ ခံစားတော်မူ၏" ဟူသော (ဟေဗြဲ ၁၂း၂) အားဖြင့်လည်း ခွန်အားယူကြ၏။

***"ခရစ်တော်ကို ယုံကြည်ခြင်းအခွင့်အပြင် ခရစ်တော်အတွက် ဆင်းရဲခံရသော အခွင့်ကိုလည်း ကျေးဇူးတော်အားဖြင့် ရကြ၏၊***

Rostov နှင့် Moscow မြို့က မြေအောက်အသင်းတော်သည် ဘုရားမဲ့ဝါဒီလူငယ်များအား စိတ္တဇအဆိပ်ခတ်ခြင်းကို ပွင့်လင်းစွာ တိုက်လှန်ကြ၏။ ရုရှား တစ်နိုင်ငံလုံးမှာလည်း အလားတူပင်ဖြစ်သည်။ ကွန်မြူနစ်များ၏ အဆိပ်တရားဝင်အသင်းတော်များမှ ခေါင်းဆောင်များ၏ အဆိပ်နှင့် တရားဝင်အသင်းတော်များမှ ခေါင်းဆောင်များ၏ သစ္စာဖေါက်မှုကိုလည်း ဖီဆန်ကြသည်။ "ကျွန်ုပ်တို့ ခေတ်ကာလတွင် စာတန်က နှုတ်တိုက်ပြောဆိုသော ဆုံးဖြတ်ချက်ဟူသမျှသည် ဘုရားသခင်၏ ပညတ်တော်နှင့် ဆန့်ကျင်သည် တိုင်အောင် အသင်းတော်က လက်ခံလျက် ရှိ၏" (၁၉၆၆ ခုနှစ်၊ အောက်တိုဘာ(၄)ရက်နေ့ Provda Ukraini မှ ကောက်နှုတ်ချက်)။

Alexei Nevervov, Boris Garmashov နှင့် Axen Zubov ခေါ်ခရစ်တော်၌ ညီအစ်ကိုသုံးယောက်တို့သည် အမေရိကနိုင်ငံမှ လွှင့်လာသော သတင်းကောင်းရေဒီယိုအစီအစဉ်ကို အဖွဲ့ ဖွဲ့ကာ တိတ်ခွေများ ဖြင့် ဖမ်းယူနားထောင်ပြီး၊ စာအားဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေကြသဖြင့် တရားစွဲဆိုခြင်းခံကြရကြောင်း Pravda Vostoka သတင်းစာက ဖော်ပြခဲ့သည်။

လှေ့လာရေးသဖွယ်၊ အနုပညာဆန်ဆန်လှည့်စားလျက် သတင်းကောင်းနှင့် ယှဉ်သောလျှို့ဝှက်အစည်းအဝေးများကို ပြုလုပ်ဦးဆောင်ကြသည်ဟု ၎င်းတို့ကို စွပ်စွဲခဲ့ကြသည်။ Catacombs of Rome ခေါ်

ရောမမြို့ မြေအောက်တိုက်ခန်းများ၌ ကနဦး ခရစ်ယာန်များကဲ့သို့ မြေအောက်အသင်းတော်များသည် လှုပ်ရှားလုပ်ဆောင်ခဲ့ကြသည်။

၁၅-၉-၁၉၆၆ ရက်နေ့ထုတ် Sovietskaia Moldavia သတင်းစာကလည်း မြေအောက်အသင်းတော်သည် ခရစ်ယာန်စာပေများကို ဖယောင်းစက္ကူဖြင့်လှည့်ကာ တိုးပွားစေလျက်၊ လူစုလူဝေးများတွင် ယူဆောင်ပြီး၊ တားမြစ်ထားသောအရာဖြစ်ကြောင်း သိလျက်နှင့် တစ်နေရာမှ တစ်နေရာသို့ အစုလိုက်သွားကာ ခရစ်တော်အတွက် သက်သေခံခဲ့ကြကြောင်း ဖော်ပြထားသည်။

Reinu မှ Chisinau သို့ သွားသောရထားပေါ်တွင် လူငယ်သုံးယောက်နှင့် မိန်းမပျိုလေးယောက်တို့သည် "ခရစ်တော်အတွက် ကျွန်ုပ်တို့၏ နုပျိုသော အရွယ်ကို ပေးဆပ်ဆက်ကပ်ကြစို့" ဟု အမည်ရသော ဓမ္မသီချင်းကို သီဆိုကြကြောင်း၊ ထိုကဲ့သို့ လမ်းမပေါ်၌ဖြစ်စေ ဘူတာများ၌ဖြစ်စေ၊ ရထားပေါ်၌ဖြစ်စေ၊ အစိုးရအဆောက်အအုံများ၌ပင်လျှင် ယုံကြည်သူတို့သည် တရားဟောသက်သေခံလျက်ရှိသဖြင့် ၎င်းကို ကိုယ်တိုင်မြင်တွေ့လျက် သတင်းပေးပို့သော သူကိုယ်တိုင် အမြင်ကပ်တော်လှန်ခဲ့ကြောင်း၊ အထက်ပါသတင်းစာက ဖော်ပြခဲ့သည်။ ၎င်းသည်လည်း ကွန်မြူနစ်ခေတ်များက ရုရှားနိုင်ငံ၌ ရှိသော မြေအောက်အသင်းတော်၏ လုပ်ဆောင်ချက်များပင် ဖြစ်ပေသည်။

၎င်းလူငယ်များကို ရုံးတင်အမှု စစ်ဆေးသောအခါ ဓမ္မသီချင်းများကို အများပြည်သူရှေ့မှာ သီဆိုမှုကြောင့် အပြစ်ပေးခြင်းခံခဲ့ရကြောင်း ကျေညာခဲ့ကြသည်။ ထိုအခါ ထိုခရစ်ယာန်လူငယ်တို့သည် ဒူးထောက်၍ "ကျွန်ုပ်တို့ရဲ့ အသက်တာကို ဘုရားသခင်လက်တော်သို့ ဆက်ကပ်ထားတယ်။ ယုံကြည်ခြင်းကြောင့် ဒီလိုခံစားခွင့်ပေးတော်မူတဲ့ အတွက်လည်း ကိုယ်တော်ကိုကျေးဇူးတင်ပါ၏" ဟူ၍ဆုတောင်းကြသည်။

ထိုအခါ ယုံကြည်ခြင်း၌ ပြင်းထန်သော Madan ခေါ်ပုဂ္ဂိုလ်က ဦးဆောင်ပြီး ပွဲကြည့်ပရိသတ်သည် တရားရုံးတော်အထဲတွင် ထိုလူငယ်များ သီဆိုခဲ့သော ဓမ္မသီချင်းကို ဝိုင်းဆိုခဲ့ကြသည်။ ဓမ္မသီချင်း သီဆိုခြင်း

ကြောင့် ထိုလူငယ်များသည် ထောင်ချခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းခံကြရလေသည်။

မေလ တစ်ရက်နေ့တွင် Copceag နှင့် Zaharovka ကျေးရွာမှ ခရစ်ယာန်များသည် ဘုရားကျောင်းမရှိသောကြောင့် တစ်နေရာတွင် လျှို့ဝှက်စည်းဝေးပွဲ ကျင်းပကြသည်။ လူတစ်ဦးတစ်ယောက်၏ မွေးနေ့မင်္ဂလာပွဲ အနေဖြင့်လည်း ဟန်ဆောင်ကာ ကျင်းပတတ်ကြသည်။ လူဦးရေလေးငါးယောက်မျှ ရှိသောမိသားစုအနေဖြင့် တစ်နှစ်တွင် မွေးနေ့မင်္ဂလာအကြိမ်ပေါင်း သုံးဆယ်ငါးကြိမ်ခန့် ကျင်းပတတ်ကြသည်မှာ လျှို့ဝှက်ဝတ်ပြုခြင်းကို ဖုံးကွယ်လိုသော သဘောကြောင့်ဖြစ်သည်။

မြေအောက်အသင်းတော်သည် ထောင်ချ ခြင်းနှင့် ညှင်းဆဲခြင်းအားဖြင့် ခြောက်လှန့်၍မရ သော ကနဦးအသင်းတော်ကဲ့သို့ ညှင်းပန်းနှိပ်စက်ခြင်းသည် ၎င်းတို့၏ဆက်ကပ်ခြင်းကို သာ၍နက်ရှိုင်းစေ၏။

၄-၁၀-၁၉၆၆ နေ့ရက်ထုတ် Provda Ukraini သတင်းစာကလည်း ရုရှားမြေအောက် အသင်းတော်ခေါင်းဆောင်တစ်ပါးဖြစ်သူ Prokofiev အကြောင်းဖော်ပြခဲ့သည်။ ထိုသူသည် သုံးကြိမ်တိတိထောင်ကျခဲ့ပြီးဖြစ်ပါသော်လည်း၊ လွတ်လျှင်လွတ်ချင်း လျှို့ဝှက်ဥပုသ်ကျမ်းစာသင်တန်းကို ဆက်လက်ဦးဆောင်နေပါသဖြင့် အဖမ်းခံရပြန်သည်။ ၎င်းက လျှို့ဝှက်စာတမ်းတစ်ခု ရေးထားသည်မှာ " လူသား၏ စည်းမျဉ်းစည်းကမ်းများဖြစ်သော ကွန်မြူနစ် နည်းဥပဒေသများသို့ ဆက်ကပ်ခြင်းသည်၊ တရားဝင် အသင်းတော်၌ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာဆုံးပါးစေသည် " ဟူ၏။

မလွတ်လပ်သော တိုင်းနိုင်ငံများမှ အကျဉ်းထောင်များသည် အနောက်တိုင်း အကျဉ်းထောင်များနှင့် မည်သို့မျှ မဆိုင်ပေ။ ဆာလောင်မွတ်သိပ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဦးနှောက်ဆေးကြောခြင်းအားဖြင့် သာပြည့်နက်နေသည်။

"၁၉၆၆ ခုနှစ် ဘာသာရေးနှင့်သိပ္ပံဟု အဓိပ္ပါယ်ရသော Nauka i Religia မဂ္ဂဇင်း အမှတ်(၉)က ခရစ်ယာန်များသည် သတင်းကောင်း

စာပေများကို Ogoniok ဟူသောစာအုပ်အမည်ဖြင့် ပုံ့နှိပ်စေခဲ့ကြသည်ဟု ဖော်ပြထားသည်။ ၎င်းသည် (Look/ Time) မဂ္ဂဇင်းကဲ့သို့ လစဉ်ထုတ် မဂ္ဂဇင်း ဖြစ်သည်။ Leo Tolstoy ရေးသော ဝတ္ထုဟု အမိပ္ပါယ်ရသော Anna Karenina ဟူသော စာအုပ်အမည်ဖြင့်လည်း ရွေကျမ်းချက်များစွာကို ပုံ့နှိပ်စေခဲ့ကြသည်။

ထိုမျှသာမကသေး၊ ယုံကြည်သူများသည် အများပြည်သူရှေ့၌လည်း ဓမ္မသီချင်းများကို သီဆိုလေ့ရှိကြ၏။ ကွန်မြူနစ်တို့၏ သီချင်းသံစဉ်များကိုလည်း ဓမ္မသီချင်းစာသားဖွဲ့ကာ ခရစ်တော်ကို ချီးမွမ်းသီဆိုတတ်ကြသည်။ Kazakstanskaia Pravda, 30-6-1966 ။

ဆိုက်ဘေးရီးယားအရပ်ဒေသရှိ Kulunola မြို့မှ ပုံနှိပ်ထုတ်ဝေထားသော လျှို့ဝှက်ပေးစာတွင် ကမ္ဘာပေါ်ရှိစစ်မှန်သော အစေတော်ခံများကို ဓမ္မဟောင်းခေတ်က ယဇ်ပုရောဟိတ်များ၊ စာတတ်ပုဂ္ဂိုလ်များနှင့် ဖာရိရှဲများက ယေရှုကို ပိလတ်ထံသို့ သစ္စာဖေါက်ကာ တိုင်တန်းကြသကဲ့သို့ တရားဝင်နစ်ခြင်း အသင်းတော်ခေါင်းဆောင်များသည် အသင်းတော်အားလည်းကောင်း၊ အသင်းတော်၏ ကမ္ဘာပေါ်ရှိ စစ်မှန်သော အစေခံများအားလည်းကောင်း၊ ပျက်စီးပျက်သုဉ်းစေသည်ဟု ရေးသားထားသည်။

သစ္စာရှိသော မြေအောက်အသင်းတော်မှာမူ ဆက်လက်လုပ်ဆောင်လျက်ပင်ရှိ၏။

ခရစ်တော်သည် မိမိ၏ သတို့သမီးက ဆက်လက်ပြုစုယုယလျက်ရှိ၏။ မြေအောက်အသင်းတော်သည် ကွန်မြူနစ်များကို အနိုင်ရလျက် ရှိကြောင်း ကွန်မြူနစ်များ ကိုယ်တိုင် ဝန်ခံခဲ့ကြသည်။ ခရစ်ယာန်ဘာသာသည် ကွန်မြူနစ်ဝါဒကို အနိုင်ယူပါလိမ့်မည်။

'ဘာကူမြို့ကလုပ်သား' ဟု အမိပ္ပါယ်ရသော Bakinskii Rabochi သတင်းစာက ၂၇-၄-၁၉၆၆ ရက်စွဲဖြင့် ကွန်မြူနစ်လမ်းစဉ်လူငယ် Tania Ciugunova ၏ ပေးစာကို ထပ်မံ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၎င်းစာသည် အသက်တာပြောင်းလဲပြီးမှ ရေးသော စာဖြစ်ရာ ကွန်မြူနစ်အာဏာပိုင်များက ဖမ်းမိခဲ့ခြင်းဖြစ်သည်။



ကလေးငယ်များကို ကွန်မြူနစ်ပါတီက အခြားတနေရာသို့ပြောင်းရွှေ့ထားခြင်းအတွက် ရုရှားမိခင် (၁၄၅၃) ဦးတို့က လက်မှတ်ရေးထိုး လျှောက်ထားတင်ပြသော အသနားခံလွှာဖြစ်ရာ မှောင်ခိုနည်းဖြင့် ရုရှားမှခိုးထုတ်ထားသောစာများဖြစ်သည်။ (အစိုးရ၏ မှတ်ချက်တွင် "ယေရှုခရစ်၏ချစ်ခြင်းမေတ္တာအကြောင်းကို မိမိတို့၏ခလေးသူငယ်များအား သင်ပြကြသည်"ဟု သတည်း။

သို့- အန်တီ Nadia,

ကျမတို့ ချစ်မြတ်နိုးသော သခင်ထံမှ ကောင်းကြီးမင်္ဂလာများ ပို့သပါတယ်၊ အန်တီ။ Nadia **ကိုယ်တော်ဟာ ကျမကို အရမ်းချစ်တာပဲ။** ကျမတို့ဟာ ရှေ့တော်မှာ ဘာမှ မဟုတ်ကြပါဘူးနော် အန်တီ၊ Nadia အောက်ပါစကားစုကို သဘောပေါက်လိမ့်မယ်ထင်ပါတယ်။ 'ရန်သူကို ချစ်ပါ' ကျိန်ဆဲသောသူကို မေတ္တာပို့ပါ။

သင့်ကို မုန်းသောသူအား ကျေးဇူးပြုပါ။ သင့်ကို ညှင်းဆဲနှောက်ယှက်သောသူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းပါ။"

ဤစာကို ဖမ်းပြီး ဆက်လက်စုံစမ်းခြင်းအားဖြင့် အထက်ပါစာရှင် အမျိုးသမီးနှင့် အခြားကွန်မြူနစ်လူငယ်များကို ပြောင်းလဲစေသော Peter Serebrenikov အား ထောင်ထဲပို့ခဲ့ကြသည်။ ထိုသူ၏ တရားဟောချက်အနက် တစ်ချက်ကို ကွန်မြူနစ်သတင်းစာက ဖော်ပြခဲ့သည်။ "ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ရဲ့ ကယ်တင်ရှင်ကို ကနဦးခရစ်ယာန်တို့ ကဲ့သို့ ချစ်ကြရမယ်။ ကျွန်ုပ်တို့ရဲ့ အခြေခံဥပဒေကျမ်းဟာ သမ္မာကျမ်းစာ ပဲဖြစ်တယ်။ အခြားဘာမှ မရှိဘူး။ အပြစ်မှ လူသားများ အထူးသဖြင့် လူငယ်များ ကယ်ဆယ်ရေးကို အလျင်အမြန်ဆောင်ရွက်ကြရမည်"

ဆိုဗီယက် ဥပဒေလူငယ်များအား ခရစ်တော်အကြောင်း မပြောရဟူ၍ တားမြစ်ခြင်းကို ဖော်ပြပြောဆိုရင်း၊ "ငါတို့ရဲ့ အခြေခံမူဟာ သမ္မာကျမ်းစာပဲဖြစ်တယ်"ဟု ထပ်မံဖြည့်စွက်ခဲ့သည်။ ၎င်းသည် ဘုရားမဲ့ အာဏာရှင်များ အုပ်စိုးသောတိုင်းပြည်၌ အမြဲတန်းပြောသော စကား ဖြစ်သည်။

ကွန်မြူနစ်သတင်းစာ တစ်ခုကလည်း "လူငယ်လူရွယ်များက ဓမ္မသီချင်းဆိုကြသည်။ ထို့အပြင် နှစ်ခြင်းမင်္ဂလာခံယူကာ ရန်သူကို ချစ်ပါဟူသော အန္တရာယ်ရှိသည့် သွန်သင်ခြင်းကို စောင့်ထိန်းကြသည်" ဟူ၍ ကြမ်းတမ်းရိုင်းစိုင်းသော ရှုထောင့်ဖြင့် ရေးသားခဲ့သည်။ ဆက်လက်၍ ကွန်မြူနစ် လမ်းစဉ်လူငယ်များစွာတို့သည် လက်တွေ့တွင် ခရစ်ယာန်ဖြစ်ကြပြီဟူ၍ ဖော်ပြထားသည်။

ငင်းဆောင်းပါးကို အောက်ပါစကားစုဖြင့် နိဂုံးချုပ်ခဲ့သည်။ "ကွန်မြူနစ်ကျောင်းများ မကြာမီ တန်ခိုးမရှိဖြစ်လာနိုင်သည်။ ကျောင်းဆရာများ၏ မျက်စိအောက်က ကျောင်းသားများကို သင်းအုပ်ပါစတာများက လာရောက်ဆွဲထုတ်နိုင်ခြင်းသည် မည်မျှ ငြီးငွေ့စရာနှင့် ရှက်ဖွယ်ကောင်းသော အရာနည်း"

စာအတော်ဆုံးသောကျောင်းသား တစ်ယောက်သည် ခရစ်ယာန်ဖြစ်ကြောင်း ကွန်မြူနစ်တို့က မကျေနပ်ဖွယ် တွေ့ရှိခဲ့ကြ ကြောင်းလည်း ၃၀-၆-၁၉၆၆ ရက်နေ့ထုတ် Kazakstanskaia Pravda သတင်းစာက ဖော်ပြခဲ့သည်။

၁၇-၁-၁၉၆၆ ရက်နေ့ထုတ် Kivgizskaia Pravda သတင်းစာက မြေအောက်အသင်းတော်မှ မိခင်များအတွက် ထုတ်ထားသောဝေစာပါစာကြောင်းကို အောက်ပါ အတိုင်း ပုံနှိပ်ထုတ်ဝေခဲ့သည်။ "ကျွန်ုပ်တို့၏ ကလေးများကို ပခက်လွှဲချိန်မှစ၍ ဘုရားသခင်ထံသို့ ဆက်ကပ်ရန်ကြိုးပမ်းမှုနှင့် ဆုတောင်းခြင်း၌ ပူးပေါင်းဆောင်ရွက်ကြပါစို့။ လောဘအရိပ်လွှမ်းမိုးခြင်းမှ ကျွန်ုပ်တို့၏ ကလေးများကို ကယ်နှုတ်ကြပါစို့"။

ငင်းကြိုးပမ်းမှုသည် တကယ်အောင်မြင်ခဲ့ပြီ။ ခရစ်ယာန်ဘာသာသည် လူငယ်များအား လွှမ်းမိုးလျက်ရှိကြောင်း ကွန်မြူနစ်သတင်းစာများက သက်သေခံနေကြပြီ။ ရုရှားနိုင်ငံ Celia binsk မှ ထုတ်သောသတင်းစာတစ်ခုက လျှို့ဝှက်ခရစ်ယာန်အစည်း အဝေးတက်ခြင်းအားဖြင့် Nina ခေါ် ကွန်မြူနစ်လမ်းစဉ်လူငယ် မိန်းကလေး အသက်တာပြောင်းလဲကြောင်းဖော်ပြထားသည်။

၁၉၆၆ ခုနှစ်ထုတ် Sovietskaia Justitia စာစောင် အမှတ် (၉)ကလည်း မြေအောက်အသင်းတော်အကြောင်းကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။ "ညသန်းခေါင်တွင် ကျင်းပကြသည်။ တိုးတိုး တိတ်တိတ် သတိကြီးစွာ ကျင်းပပြုလုပ်ကြခြင်းဖြစ်သဖြင့် မိမိအရပ်ကိုပင် ကြောက်ကြ၏။ အရပ်ဒေသစုံမှ ယောကျ်ားများ လာရောက်စုရုံး ကြသည်။ မှောင်မဲသော အခန်းတွင် ခရစ်ယာန် ညီအစ်ကိုများ ပြည့်နေသည်။ အခန်း၏ မျက်နှာ

ကျက်သည် အလွန်နိမ့်သည်။ လူများလွန်း သဖြင့် ဒူးထောက်ဖို့နေရာပင် မရကြချေ။ လေလုံလောက်စွာမရသဖြင့် အောက်လင်းဓါတ်မီး ငြိမ်းသွားသည်။ အိုက်လွန်းသဖြင့် မျက်နှာတွင် ချွေးပေါက်များ စီးဆင်းလာကြသည်။ ကိုယ်တော်၏ ကျွန်တစ်ပါးသည် လမ်းပေါ်တွင် ရဲများလာမလာ စောင့်ကြည့်နေသည်။"

ငင်းအစည်းအဝေးမျိုးတွင် မိမိအား ပရိသတ်မှ ထွေးပိုက်ကာ နွေးထွေးစွာ ကြိုဆိုဂရုစိုက်ခဲ့ကြသည်ဟု Nina ခေါ် မိန်းကလေးက ဆို၏။ "အခု ကျမမှာရှိသလိုပါပဲ၊ ငင်းတို့မှာလည်း အလင်းရသောယုံကြည်ခြင်း၊ ဘုရားသခင်၌ ရှိတဲ့ ယုံကြည်ခြင်းရှိကြတယ်။ ကိုယ်တော်ဟာ ကျမတို့ကို အကွယ်အကာပေးပါတယ်။ Komsomols ခေါ် ကွန်မြူနစ်လမ်းစဉ် လူငယ်မိတ်ဆွေဟောင်းများ အနားရောက်လို့ ကျမကို မမြင်ယောင်ဆောင်နေပါစေ။ အထင်သေးစွာ ကျမကို 'ဟေ့ Baptist'လို့ ခေါ်ကြပါစေ၊ ပါးချသလိုခံစားစရာကောင်းပေမယ်လို့ ကိစ္စမရှိပါဘူး"

ထိုမိန်းကလေးကဲ့သို့ များစွာသောကွန်မြူနစ်လူငယ်တို့သည် ခရစ်တော်ကို အဆုံးတိုင် အစေခံခစားဖို့ ဆုံးဖြတ်ခဲ့ကြသည်။

Kazakstankaia Pravda သတင်းစာက ၁၈-၈-၁၉၉၆၇ ရက်စွဲဖြင့် ခရစ်ယာန်ညီအစ်ကိုများဖြစ်ကြသော Klassen, Bondar နှင့် Teleghin တို့ တရားရုံး၌ အမှုရင်ဆိုင်ခဲ့ကြကြောင်း ဖော်ပြထားသည်။ မည်ကဲ့သို့သော ဒီဂရီချပေးကြကြောင်း ကျွန်ုပ်တို့ မသိရပါသော်လည်း ငင်းတို့ ကျူးလွန်သည်ဟု ဆိုသောအပြစ်သည် ကလေးများကို ခရစ်တော်အကြောင်းပြောသောကြောင့်ဟူသော စွဲချက်ပင် ဖြစ်သတည်း။

၁၅-၆-၁၉၆၇ Sovietskaia Kirghizia သတင်းစာက လည်း ခရစ်ယာန်တို့သည် အချင်းချင်းတိုင်တောနေကြသည်ဟု ဖော်ပြသည်။ မှန်ပါသည်။ မိမိလွတ်လပ်စွာ နေနိုင်သည်ကို မကျေနပ်သေးသော ခေါင်းမာသည့် ခရစ်ယာန်တို့၏ အဆက်မပြတ်တိုင်တောခြင်းသည် ကိုယ့်ဘာသာနေသော ကွန်မြူနစ်အာဏာပိုင်များကို နှိုးဆွအသိပေးရာ

ရောက်သဖြင့် အခြားခရစ်ယာန်အဖွဲ့အစည်းများ အဖမ်းခံကြရခြင်းဖြစ်သည်။ ၎င်းတို့က အပြစ်ဟူ၍လက်ညှိုးထိုးပြသော အချက်မှာ အလွန်ခေတ်မီကြီးမားသော တရားမဝင်ပုံနှိပ်တိုက်ကို ပိုင်ဆိုင်ကြရာ ထိုစက်ကြီးဖြင့် ခရစ်ယာန်စာပေများ ပုံနှိပ်ထုတ်ဝေကြသည်ဟူသောအချက်ဖြစ်သည်။

၂၁-၂-၁၉၆၈ ထုတ် Pravda သတင်းစာကလည်း ထောင်ပေါင်းများစွာသော မိန်းမများ၊ အပျိုများသည် ရွှေကျမ်းချက်ပါသော ခါးပတ်နှင့် ဖဲကြိုးများ ဝတ်ဆင်ကြသည်ကို တွေ့ရသည်ဟု ဖော်ပြသည်။ အာဏာပိုင်များအား စုံစမ်းထောက်လှမ်းကြသောအခါ ထိုခေတ်မီဖက်ရှင်ဝတ်ဆင်နည်းတီထွင်သူအားကျွန်တော် ကိုယ်တိုင်အနောက်တိုင်းသို့ ချီးကျူးကြော်ငြာ ပေးလိုပါသည်။ ထိုသူသည် ကွန်မြူနစ်ရဲထဲကခရစ်ယာန်ဖြစ်လာသော Stasiuk of Liubertzဖြစ်သည်။ မကြာမီ အဖမ်းခံကြောင်း သတင်းစာက ကြော်ငြာခဲ့သည်။ ရုံးတင်စစ်ဆေးခြင်းခံကြသော မြေအောက် အသင်းတော်များ၏ အဖြေများကို ဘုရားသခင်သည် ကောင်းကြီးပေးလျက်ရှိ၏။ တရားသူကြီး တစ်ဦးက "ဘာကြောင့်ခင်ဗျားတို့ရဲ့ ဖုံးကွယ်ထားသော ဂိုဏ်းဂဏထဲသို့ သူတစ်ပါးကို စွဲဆောင်နေကြရတာလဲ" ဟု မေးသောအခါ ခရစ်ယာန် မိန်းမတစ်ယောက်၏ အဖြေသည် "ကျမတို့ရဲ့ ရည်မှန်းချက်ဟာ **တစ်ကမ္ဘာလုံးကို ခရစ်တော်အတွက် သိမ်းသွင်းဖို့ပဲ**" ဟူ၍ဖြစ်သည်။

***ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် တစ်ကမ္ဘာလုံးကို ခရစ်တော်အတွက် သိမ်းသွင်းရန်ဖြစ်သည်၊***

"မင်းရဲ့ ဘာသာရေးဟာ သိပ္ပံနဲ့ ဆန့်ကျင်ဘက်ပဲ" ဟု တရားသူကြီးက အခြားနေရာ၌ အခြားတရားခံမိန်းကလေးကို ပြောသည်။ ထိုကျောင်းသူလေးက "ဆရာကြီးရှင့် အိုင်စတိုင်းထက် သိပ္ပံပိုနားလည်လို့လား။ နယူးတန်ထက်ကော။ သူတို့ဟာ ယုံကြည်သူတွေပဲ။ ကျမတို့ရဲ့ ကမ္ဘာကြီးကိုက အိုင်စတိုင်းနာမည်ခံထားတယ်မဟုတ်လား။ အထက်တန်းတုန်းက အိုင်စတိုင်း စကြာဝဠာလို့ သင်ခဲ့ကြတယ်လေ။ အိုင်စတိုင်းရေးတာက 'ပရောဖက်များရဲ့ ဂျူးဘာသာနဲ့ ခရစ်တော် သွန်သင်ခဲ့တဲ့

ခရစ်ယာန်ဘာသာရဲ့ နောက်ဆက်တွဲများ၊ အထူးသဖြင့် ယဇ်ပုရော ဟိတ်များရဲ့ လက်ရာများမှ ဆေးကြောသန့်စင်ခဲ့ရင် မကောင်းမှုမျိုးစုံမှ ကမ္ဘာကြီးကို ကယ်ဆယ်နိုင်မယ့် ဘာသာရေးရှိမှာဖြစ်တယ်။ ထိုဘာသာ ပွင့်လန်းလာဖို့ လူတိုင်း အသားကုန် ကြိုးစားခြင်းဟာ သန့်ရှင်းသော တာဝန်ပဲ' လို့ ပြောဖူးတယ်"

"ကျမတို့ရဲ့ စိတ္တဗေဒပညာရှင် Pavlov ကော ခရစ်ယာန်ဖြစ် ခဲ့တယ်လို့ စာအုပ်တွေထဲမှာ ဖတ်ရတယ်မဟုတ်လား။ Carlmarx ကလည်း မိမိကိုယ်တိုင်ရေးတဲ့ Das Kapital စာအုပ်စကားချီးမှာ 'အပြစ်က ပျက်ဆီးသော အကျင့်စာရိတ္တပြန်လည် ပြုပြင်ရန် အကောင်းဆုံးသော ဘာသာရေးသည် Protestant လမ်းစဉ်ဖြင့်သွားသော ခရစ်ယာန် ဘာသာရေးပင်ဖြစ်သည်' လို့ ရေးခဲ့တယ်လေ။ ကျမကိုယ်တိုင် အပြစ်က ပျက်ဆီးတဲ့အကျင့်စာရိတ္တရှိတယ်၊ ၎င်းကို ပြုပြင်ဖို့ Marx က ကျမကို ခရစ်ယာန်ဖြစ်စေတာ။ Marx ဝါဒအတိုင်း လိုက်လျှောက်နေတဲ့ဆရာ တစ်ပါး အနေနဲ့ ကျမကိုဘာဖြစ်လို့ အပြစ်တင်နေရတာလဲ ရှင်"။ တရားသူကြီး ပါးစပ်ဟောင်းလောင်း ဖြစ် သွားသည်မှာ အံ့သြဖွယ်မရှိပေ။

***"ကျွန်ုပ်ရဲ့ အကြီးမားဆုံးသော စူးစမ်းရှာဖွေရေး(ရလဒ်)ဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရနိုင်တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်"***

သိပ္ပံနှင့်ဆန့်ကျင်သော ဘာသာကို ယူခြင်းကြောင့်ရုံးတင်မေးမြန်းခြင်းခံရသူခရစ်ယာန်တစ်ဦး က တရားရုံးတော်ရှေ့၌ ထုချေသည်မှာ "တရား သူကြီး ခင်ဗျား၊ ကျနော် တစ်ခုသေချာတာကတော့ တရားသူကြီးဟာ Chlorogorm နဲ့ အခြားဆေးဝါးများ တီထွင်ခဲ့တဲ့ သိပ္ပံပညာရှင် Simpson လိုပညာရှိမဟုတ်ဘူး၊ ထိုပုဂ္ဂိုလ် တီထွင်တွေ့ရှိခဲ့ သမျှထဲမှာ အကြီးမားဆုံးထင်တဲ့ အရာကို မေးမြန်းကြတဲ့အခါ ပေးလိုက်တဲ့ အဖြေဟာ 'ကျွန်ုပ်ရဲ့ အကြီးမားဆုံးသော စူးစမ်းရှာဖွေရေး ရလဒ် ဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရနိုင်တယ်ဆိုတဲ့ အချက်ပါ' လို့ဖြေခဲ့တယ်။"

မြေအောက်အသင်းတော်များသည် မိမိတို့ယုံကြည်ခြင်းအတွက် အသက်ပေးရဲသည်။ သွေးချောင်းစီးရဲသည်။ ခန္ဓာကိုယ် ဆက်ကပ် ပူဇော်ရဲသည် ဟူသောအချက်သည် လူသူအများ အငြင်းအခုံ ပြုကြသော အချက်ဖြစ်သည်။ ၎င်းအချက်သည် အာဖရိက နာမည်ကြီး သာသနာပြု ဆရာကြီး Albert Schweitzer က ပြောဖူးသော "နာကျင်ခြင်းနှင့် ယှဉ်သော အမာရွတ်တွေရှိကြသည့် (ခရစ်တော်၌ ညီအစ်ကို) သန့်ရှင်းသော မိဿဟာယ" ဟူသော စကားနှင့်သဘောချင်းတူနေသည်။ ၎င်းမိဿဟာယ သည် "ဝမ်းနည်းကြေကွဲသောလူ" Man of Sorrows ဟူ၍ အခေါ်ခံသော ယေရှုနှင့် ဆိုင်သည့်မိဿဟာယဖြစ်သည်။

မြေအောက်အသင်းတော်သည် မိမိကယ်တင်ရှင်ကို မျှော်လင့် ရှေ့ရှုသော ချစ်ခြင်းမေတ္တာကြိုးဖြင့် အချင်းချင်း ပတ်ရစ်ချည်နှောင်လျက် ရှိကြသည်။ ၎င်းမေတ္တာကြိုးအားဖြင့် အချင်းချင်း စည်းလုံးကြသည်။ ကမ္ဘာ့လူသားမည်သူကမျှ ထိုသူတို့ကို အနိုင်ရမည်မဟုတ်ချေ။

မှောင်ခိုနည်းဖြင့် အနောက်တိုင်းသို့ သယ်ဆောင်ခဲ့သော မြေ အောက်အသင်းတော်ထုတ် စာစောင်တစ်ခုက ဖော်ပြသည်မှာ "ကျွန်ုပ်တို့ သည် သာ၍ ကောင်းသော ခရစ်ယာန်များဖြစ်ဖို့ ဆုမတောင်းကြပေ။ ဘုရားသခင်က ဖြစ်စေလိုသော ခရစ်ယာန်များဖြစ်ဖို့သာ ဆုတောင်းကြ သည်။ ၎င်းမှာ ခရစ်တော်နှင့်တူသောခရစ်ယာန်များ၊ သို့မဟုတ် ဘုရား သခင်၏ ဂုဏ်တော်အတွက် ကားတိုင်ကို လိုလိုလားလား ထမ်းရွက်သော ခရစ်ယာန်များကို ဆိုလိုခြင်းဖြစ်သည်" ဟူ၍ဖြစ်သည်။

ယေရှုက မြွေကဲ့သို့ ပါးနပ်ရန် သွန်သင်ထားသည့်အတိုင်း ခရစ်ယာန်များသည် ရုံးတင်စစ်ဆေးခြင်းခံသောအခါ ခေါင်းဆောင်၏ အမည်များကို ဖော်ထုတ်ရန် ငြင်းဆန်ခဲ့ကြသည်။

"အရှေ့က သမ္မာတရား" ဟု အဓိပ္ပါယ်ရသော Pravda Vostoka သတင်းစာက ၁၅-၁-၁၉၆၆ ရက်နေ့သည် တရားခံ(Maria Sevciuk) အား ရုံးတင်စစ်ဆေးကာ မည်သူက ခရစ်တော်ထံ အရောက် ပို့ခဲ့ကြောင်း မေးမြန်းကြသော အခါ "လူထုဝတ်ပြု စည်းဝေးရာက ကျမကို

ဘုရားရွေးချယ်ခဲ့ပါတယ်ရှင်” ဟု အဖြေပေးကြောင်း ဖော်ပြခဲ့သည် အခြားတစ်ယောက်ကိုလည်း အလားတူ ‘မင်းတို့ခေါင်းဆောင် ဘယ်သူလည်း” ဟု မေးကြသောအခါ“လူသားခေါင်းဆောင်ရယ်လို့ မရှိပါဘူး” ဘယ်သူမှ မသင်ပြ ပါဘူး။ မိမိ စိတ်ကြိုက်လုပ် ကြတာပါ” ဟု ဖြေကြားသည်။

အချို့နေရာများတွင် ပင်လယ်ပြင်က ရေခဲတုံးကြီး၏ ထိပ်ပိုင်းသည် မြင်သာအောင် ပေါ်နေပါသော်လည်း အချို့နေရာတွင် ခေါင်းဆောင်များ ထောင်ကျမည့်အရေးကို ကာကွယ်သောအားဖြင့် ခရစ်ယာန်များသည် မိမိကိုမိမိ ဗတ္တိဇံပေးတတ်ကြသည်။ အချို့သည် မြစ်ချောင်းများမှ ရေနှစ်မင်္ဂလာခံလေ့ရှိကြရာ ခံသူအပြင် ပေးသူလည်း ဓါတ်ပုံထဲမှာ မထင်မရှား ဖြစ်ရလေအောင် မျက်နှာဖုံးစွပ်တတ်ကြသည်။

Volnecino Korskii ခရိုင် Voronin ကျေးရွာ၌ ကျင်းပပြုလုပ်သော ဘုရားမဲ့ဝါဒ ဟောပြောပွဲအကြောင်းကို ၃၀–၁–၁၉၆၉ ရက်နေ့ထုတ် .Uchitelskaia Gezeta သတင်းစာက အောက်ပါအတိုင်း ဖော်ပြခဲ့သည်။ ဟောပြောပွဲပြီးသည်နှင့် တစ်ပြိုင်တည်း “ယုံကြည်သူများတို့သည် မေးခွန်းအမျိုးမျိုးမေးခြင်းအားဖြင့် ဘုရားမဲ့ဝါဒီဟောပြောပွဲကို အများရှေ့မှာ ငြင်းဆိုတိုက်လှန်ကြသည်။” ၎င်းတို့၏ မေးခွန်းများကို ဟောပြောသူများက အဖြေမပေးနိုင်ချေ။ မေးသောမေးခွန်းများအနက် တစ်ခုသည် “မခိုးနဲ့၊ မသတ်နဲ့ စတဲ့ လူ့ကျင့်ဝတ်ဆိုင်ရာ ပညတ်တွေကို ခင်ဗျားတို့ ကွန်မြူနစ်တွေဘယ်ကရသလဲ”။

၎င်းခရစ်ယာန်များက ဘုရားမဲ့ဝါဒ ဟောပြောသူကို ပညတ်တရားများသည် ကွန်မြူနစ်တို့ ဆန့်ကျင်ထားသော သမ္မာကျမ်းစာက လာကြောင်း ထုတ်ပြကြသည်။ ဟောပြောနေသော ပါမောက္ခ စိတ်ရှုပ်ထွေးခြင်းသည် ယုံကြည်သူများအတွက် အောင်မြင်မှုဖြစ်ပေသည်။

## မြေအောက်အသင်းတော်နှိပ်စက်ညှင်းပန်းခြင်းတိုးလာသည်
## (Persecution of the Undergocund Church grows

ရုရှား၌ ကွန်မြူနစ်တို့ ကြီးစိုးအုပ်ချုပ်ခြင်းမရှိတော့ပါသော် လည်း၊ ယခင်ဆိုဗီယက်ပြည်သူ့သမ္မတနိုင်ငံအချို့သောနေရာများတွင် ခရစ်ယာန်များသည် ယနေ့တိုင်အောင် ညှင်းဆဲခြင်းခံနေဆဲဖြစ်သည်။ လွတ်လပ်မှုမရှိသေးသော အခြားနိုင်ငံများ၌လည်း တစ်ကမ္ဘာလုံးတွင် မြေအောက်အသင်းတော် ညှင်းပန်းနှိပ်စက်မှုသည် ယခင်ကထက်ပင် ပြင်းထန်လျက်ရှိ၏။

၁၉၉၇ ခုနှစ် တစ်နှစ်တည်းမှာပင် ခန့်မှန်းခြေ အားဖြင့် ခရစ်ယာန်လူဦးရေ (၁၆၀,၀၀၀)ကျော် မာတုရသေခြင်းဖြင့် အသက်ပေးသေဆုံးခဲ့ကြသည်ဆို၏။

ကွန်မြူနစ်တိုင်းပြည်များတွင် ဂျူးလူမျိုးတို့ ဖိနှိပ်ချုပ်ချယ်ခြင်းအမျိုးမျိုးခံစားကြောင်း ကြားသိရသောအခါ ခရစ်ယာန်များအနေဖြင့် ကြေကွဲရသည်။ သို့သော် ၎င်းတို့အတွက် ညှင်းပန်းနှိပ်စက်ခြင်း၏ အဓိကပစ်မှတ်သည် မြေအောက်အသင်းတော်ဖြစ်သည်။

လွန်ခဲ့သောနှစ်အနည်းငယ်တွင် လူထုအစုအရုံးလိုက် ဖမ်းချုပ်ခြင်းနှင့် ရုံးတင်စစ်ဆေးခြင်းသတင်းကို ဆိုဗီယက်သတင်းက ပုံနှိပ်ထုတ်ဝေခဲ့သည်။ အရပ်ဒေသတစ်ခုတွင် ခရစ်ယာန် ရှစ်ဆယ်နှစ်ဦးတို့အား ရူးကြသည်ဟု စွပ်စွဲကာ စိတ္တဇဆေးရုံ၌ ထားခဲ့ကြသည်။ ၎င်းတို့ အနက်နှစ်ဆယ်လေးလောက်သည် ရက်အနည်းငယ်အကြာတွင် သေဆုံး ခဲ့ကြရာ ကွန်မြူနစ်တို့ ကြာကြာဆုတောင်းခြင်းကြောင့် သေကြသည်ဟု သတင်းလွှင့်ခဲ့ကြသည်။ ကြာကြာဆုတောင်းခြင်းကြောင့် မည်သူသေဖူးပါသနည်း။ ၎င်းတို့အဘယ်အကြောင်းကြောင့် သေခဲ့ကြကြောင်း စာဖတ်သူ စဉ်းစားနိုင်ပါလိမ့်မည်။

အဆိုးဆုံးသော ခံစားချက်တစ်ခုသည် မိမိတို့၏ ကလေးများအား ခရစ်တော်ကြောင်းပြသည်ဟု သိရလျှင် ကလေးများကို လာဆွဲကာ

တစ်သက်လုံး မတွေ့ရသော နေရာသို့ ပို့ထားတတ်ကြသည်။

ကွန်မြူနစ်ခေတ်က ဆိုဗီယက်ယူနီယံသည် "စာပေသင်ကြားရေးနှင့် ပတ်သက်၍ ကွဲပြားခြားနားမှု မရှိစေရန်' ဟူသော ကုလသမဂ္ဂ ကြေညာချက်ကို သဘောတူလက်မှတ် ရေးထိုးခဲ့ပါသည်။ ၎င်းတွင် ဖော်ပြထားသည်မှာ "မိဘများသည် မိမိတို့၏ခိုင်မာသော ယုံကြည်မှုအတိုင်း သားသမီးများကို ဘာသာရေးနှင့် အကျင့်စာရိတ္တဆိုင်ရာစာပေများ သင်ကြားခွင့်ရှိသည်" ဟူ၍ ဖြစ်၏

တရားဝင် နှစ်ခြင်းအသင်းတော် ခေါင်းဆောင်ဖြစ်သော Kharev ဆိုသူသည် ဆောင်းပါးတစ်ခုတွင် အထက်ပါ ကုလသမဂ္ဂ စာတမ်းအား ဆိုဗီယက်ယူနီယံတွင် တကယ်ကျင့်သုံး အကောင်အထည် ဖော်ကြသည်ဟု လိမ်လည်ထွက်ဆို၏။ ၎င်းကို အရူးများကသာ ယုံလိမ့်မည်။ ဆိုဗီယက် ပုံနှိပ်တိုက်တစ်ခုက ထုတ်သော စကားနားထောင် ကြပါဦးစို့။

*(၁၉၉၇) ခုနှစ်တစ်နှစ်တည်းမှာပင် ခန့်မှန်းခြေ အားဖြင့် ခရစ်ယာန် လူဦးရေ (၁၆၀,၀၀၀) ကျော် မာတုရ သေခြင်း ဖြင့် အသက်ပေး သေဆုံးခဲ့ကြ၏၊*

၄–၆–၁၉၆၃ ထုတ် Sowjetskaia Russia သတင်းစာက Makrinkawa နှစ်ခြင်းအသင်းသူ တစ်ဦးသည် မိမိ၏ ကလေးခြောက်ယောက်တို့ကို ခရစ်ယာန်ယုံကြည်ခြင်းအကြောင်း ပြောပြသည် သာမကဘဲ လမ်းစဉ်လူငယ်တို့၏ ယူနီဖောင်းဖြစ်သော လည်စည်းနီကို ဝတ်ဆင်ရန် တိုက်တွန်းသောကြောင့်ဟု ဆိုကာ မိမိကလေးအားလုံးကို ဆွဲခေါ်ကြပြီး အဝေးတစ်နေရာသို့ ပို့ထားခဲ့ကြသည်။

မိမိကလေးများအတွက် ပြစ်ဒဏ်ချသောနေ့တွင် "ကျမယုံကြည်ခြင်းကြောင့် ကျမခံစားရတယ်" ဟု ဝန်ခံခဲ့သည်။ ကလေးများသည် ဘော်ဒါဆောင်တွင် နေကြရမည်ဖြစ်ပြီး၊ အဖိုးအခဟူသမျှကို ၎င်းတို့ မိခင်မှ ပေးရမည်ဖြစ်သည်။ ဘော်ဒါဆောင်နေခြင်းအားဖြင့် ကလေးများကို ဘုရားမဲ့ဝါဒအဆိပ်ကျွေးမည်ဖြစ်သည်။ ခရစ်ယာန်မိခင်များ၊ ထိုမိခင်၏ ဝမ်းနည်းကြေကွဲမှုကို ခံစားကြည့်ကြပါခင်ဗျား။

Uchitelskaia Zazeta သတင်းစာက Ignatii Mullin ဆိုသူနှင့် ဇနီးသည်လည်း အလားတူဖြစ်ရပ်မျိုး ခံစားခဲ့ကြကြောင်း ဖော်ပြထားသည်။ ယုံကြည်ခြင်း စွန့်လွှတ်ရန် တရားသူကြီးက အောက်ပါအတိုင်း ခြိမ်းခြောက်ခဲ့သည်။ "သားသမီးများနဲ့ ဘုရားကိုရွေးပါ။ ဘုရားကို ရွေးသလား" ဟု မေးရာ ဖခင်ဖြစ်သူက "ကျွန်ုပ် ယုံကြည်ခြင်းကို ကျွန်တော် လက်မလွှတ်နိုင် ပါဘူး" ဟု အပြတ်ဖြေခဲ့သည်။

ပေါလုကပြောသည်။ "ခေါ်တော်မူသော သူတို့၏ အကျိုးကို ခပ်သိမ်းသော အရာတို့သည် တစ်ညီတစ်ညွတ်တည်းပြုစုကြသည်" (ရော ၈း၂၈)။ ခရစ်ယာန်မိဘများ လက်အောက်က ကြီးပြင်းလာလျက်၊ ကွန်မြူနစ်ကျောင်းရောက်သော ကလေးများ ကျွန်တော်တွေ့ဖူးပြီ။ ဘုရားမဲ့ ဝါဒ ခံယူမည့်အစား အိမ်မှာ ခံယူခဲ့သော ယုံကြည်ခြင်းသည် အခြားကလေးများ ထံသို့ ကူးစက်လေ့ရှိ၏။

***သင်၏ကလေးများကို မမြင်ရဘဲ တစ်ပတ်ခန့်ကြိုးစားနေကြည့်ပါ၊ သို့မှသာ ကျွန်ခံတိုင်းပြည်များမှ ကျွန်ုပ်တို့ ညီအစ်ကို မောင်နှမများ၏ခံစားချက်ကိုသဘောပေါက်လာပါလိမ့်မည်၊***

သစ္စာကျမ်းစာ၌ ယေရှုက "အကြင်သူသည် ငါ့ကို ချစ်သည် ထက် သားသမီးတို့သာ၍ ချစ်၏။ ထိုသူသည် ငါနှင့် မထိုက်တန်" ဟု မိန့်တော်မူ၏(မ၊ ၁၀း၃၇)။ ဤစကားသည် ကျွန်ခံတိုင်းပြည်များအတွက် သာ၍ အဓိပ္ပါယ်ရှိသည်။ သင်၏ ကလေးများကို မမြင်ရဘဲ တစ်ပတ်ခန့် ကြိုးစားနေကြည့်ပါ။ သို့မှသာ ကျွန်ခံတိုင်းပြည်များမှ ကျွန်ုပ်တို့ ညီအစ် ကို မောင်နှမများ၏ ခံစားချက်ကို သဘောပေါက်ပါလိမ့်မည်။

၂၉-၃-၁၉၆၇ ထုတ် Znamia Iunosti သတင်းစာအရ Mrs. Sitsh ၏သား Vsetshevlav သည် ခရစ်တော်ကို ရှိသေခြင်း၌ ရှင်သန်ကြီးပြင်းလာသောကြောင့်ဟုဆိုကာ ဆွဲခေါ်ခဲ့ကြသည်။

Habarovsk အရပ်က Mrs. Zobavina သည် မိမိမွေးစားသမီးဖြစ်သော မိဘမဲ့မြေးကလေး Tania အား "သဘာဝမကျသော

ခရစ်ယာန် စာပေသင်ကြားပေးသောကြောင့်” ဟုဆိုကာဆွဲသွားကြသည်။ ၁၃-၁-၁၉၆၈ ရက်နေ့ထုတ် Sovietskaia Rossia သတင်းစာ။

အလားတူ ကလေးများ လုယူဆွဲခေါ်ခြင်းခံရသော မိဘများသည် လွတ်လပ်သော ကျွန်ခံတိုင်းပြည်များတွင် ယနေ့ထက်တိုင် ရှိနေကြသည်။

မြေအောက် အသင်းတော်မှ Protestant အသင်းတော်တို့၏ လှုပ်ရှားမှုကို အမွန်းတင်ပြောခြင်းသည် တရားမည်ဟုမထင်။

အခေါ်ရလွယ်အောင် ဂရိလူမျိုးတို့၏ မူဟောင်း ခရစ်ယာန် ဂိုဏ်းဟုခေါ်ရန် စကားပလ္လင်ခံထားခဲ့သော Orthodox ခရစ်ယာန်တို့သည်လည်း ရုရှားတွင် များစွာပြောင်းလဲကြသည်။ ထောင်ပေါင်းများစွာတို့သည် ပုတီးစိပ်စရာမရှိသော ကားတိုင်နှင့်သန့်ရှင်းသော ရုပ်တုမရှိဘဲ၊ မွှေးရန့်နှင့် ဖယောင်းတိုင်တို့လည်း မတွေ့ရသည့် အကျဉ်းထောင်များသို့ တစ်ဖွဲဖွဲရောက်ရှိလာခဲ့ကြသည်။ လူဝတ်ကြောင် ခရစ်ယာန် (Laymen) များနှင့် ဘိသိက်ခံ ပုရောဟိတ်များသည် ordained priest မပါဘဲ ထောင်ထဲရောက်သွားကြသည်။ အဖမ်းခံ ပုရောဟိတ်များသည်လည်း ဝတ်လုံမဝတ်ရ၊ ဂျုံဖြင့်လုပ်သော ပေါင်မုန့်မစားရ၊ ဆက်ကပ်ရန် စပျစ်ရည်လည်းမပါ၊ သန့်ရှင်းသောဆီလည်းမရှိ၊ အသင့်ရေးသော ဆုတောင်းဖတ်စာများလည်းမပါဘဲ အကျဉ်း ထောင်ထဲရောက်ခဲ့ကြသည်။

ထိုအခါ ၎င်းတို့သည် အထက်ပါ ပစ္စည်းများမပါဘဲ တိုက်ရိုက်ချဉ်းကပ် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်ထံရောက်နိုင်ကြောင်း သဘောပေါက်လာကြတော့သည်။ မိမိဘာသာမိမိ စတင်ဆုတောင်းကြ ရာ ဘုရားသခင်ကလည်း ၎င်းတို့အပေါ် မိမိဝိညာဉ်တော်ကို စတင်သွန်းလောင်းခဲ့သည်။ ကွန်မြူနစ်ခေတ်က ရုရှား Orthodox ခရစ်ယာန်ဂိုဏ်းတို့၏ အသင်းတော်များတွင် Protestant ခရစ်ယာန်ဂိုဏ်းတို့၏ အသင်းတော်များကဲ့သို့ စစ်မှန်သော ဝိညာဉ်ရေးရာ နိုးထမှုအောက်ရောက်ခဲ့သည်။

သို့ဖြင့် ရုရှား၌ ဖြစ်စေ၊ လက်အောက်ခံနိုင်ငံများ၌ဖြစ်စေ၊ Orthodox မြေအောက်ခရစ်ယာန်များ ပေါ်ပေါက်လာခဲ့ကြသည်။ ၎င်းတို့

သည်အကယ်စင်စစ် evangelical, fundamental ခံယူချက် မျိုးရှိကြရာ ဘုရားသခင်နှင့် အလွန်နီးစပ်ကြသည်။ လုပ်ရိုးလုပ်စဉ်ရာထူးကြောင့်သာ Orthodox အကျင့်စာရိုက်အနည်းငယ်ကို အသုံးပြုကြခြင်း ဖြစ်သည်။ Orthodox မြေအောက်အသင်းတော်သည်လည်း မာတုရ သေခြင်းဖြင့် များစွာ သေဆုံးခဲ့ကြသည်။

Kaluga မြို့မှ အသက်ကြီးပြင်းပြီဖြစ်သော ဘုန်းတော်ကြီး (Archbishop YerMogen) အကြောင်းမည်သူ ပြောနိုင်ပါသနည်း။ ထိုသူသည် ဂိုဏ်းချုပ်ဘုန်းတော်ကြီးနှင့်ကွန်မြူနစ်အစိုးရတို့၏ သစ္စာမဲ့သော ပူးပေါင်းဆောင်ရွက်ခြင်းကို ဆန့်ကျင်ကန့်ကွက်ရဲသည်။

သက်တမ်းအနှစ် ခုနစ်ဆယ်ခန့်ကြာမြင့်သော ဆိုဗီယက်ယူနီယံ ကွန်မြူနစ်အုပ်ချုပ်ရေးသည် ၁၉၉၀ နှစ်လွန်အစောပိုင်းတွင် အဆုံးသတ်ခဲ့သည်။ ထိုကာလ တစ်လျှောက်တွင် ရုရှား သတင်းစာများသည် မြေအောက် အသင်းတော်များ၏ အောင်မြင်မှု သတင်းဖြင့်ပြည့်လျက်ရှိ၏။ ပြောမကုန်နိုင်သော အခက်အခဲမျိုးစုံ ရင်ဆိုင်ကြသည်တိုင်အောင် သစ္စာရှိစွာ ရပ်တည်ရုံသာမက တိုးပွားကြ၏။

ကျွန်ုပ်တို့က ရိုမေးနီးယားပြည်ရှိ ရုရှားစစ်တပ်တွင် လျှို့ဝှက်မျိုးစေ့ကြဲခဲ့ကြသည်။ အခြားသူများကလည်း ရုရှားနှင့် ရုရှားကျူးကျော်ခံတိုင်းပြည်များတွင် မျိုးစေ့ကြဲခဲ့ကြသည်။ ၎င်းမျိုးစေ့များမှ အသီးများသီးနေပါပြီ။

ကွန်မြူနစ် အာရှတိုက်နှင့် အခြားကျွန်ခံတိုင်းပြည်များအား ခရစ်တော်အတွက် သိမ်းသွင်းအနိုင်ယူရလိမ့်မည်။ ကျွန်ုပ်တို့၏ ရန်သူများသည် ခရစ်ယာန်ဖြစ်လာနိုင်သည်။ ဖိနှိပ်ခံသူများသည်လည်း ကူညီပံ့ပိုးပါက ခရစ်ယာန်ဖြစ်လာနိုင်သည်။

ဆိုဗီယက်ယူနီယံ၌ မြေအောက်အသင်းတော်များ ရှင်သန်ကြီးပွားနေသည်ဟုဆိုရာ၌ မှန်ကန်ကြောင်းသက်သေသည် ကွန်မြူနစ် အာရှတိုက်၌ မြေအောက်အသင်းတော်များ ရှင်သန်ခြင်းနှင့် အရှေ့အလယ်ပိုင်း ကွန်မြူနစ်တိုင်းပြည်များတွင် မြေအောက်အသင်းတော်များ တိုးပွားနေခြင်းတို့ ပင်ဖြစ်ပေသည်။

ကြောက်မက်ဖွယ်ကောင်းသော ပတ်ဝန်းကျင်အခြေအနေထဲက ကျွန်ုပ်တို့ ခရစ်ယာန်မိတ်ဆွေများ၏ အလှကို ဖော်ပြရန် အလို့ငှါ အောက်ပါ ရုရှားအမျိုးသမီးများ၏ ပေးစာများကို တင်ပြလိုပါသည်။ နောက်ဆုံးနှစ်စောင်သည် ရုရှားအကျဉ်းထောင်ထဲမှ ရေးသားစာဖြစ်သည်။

~~~~~

## ကွန်မြူနစ်မိန်းကလေးက ခရစ်တော်ကို တွေ့ရှိခြင်း

## How a communist girl found Christ

အောက်ဖော်ပြပါ ပေးစာ သုံးစောင်သည် (Komsomol) ခေါ် ကွန်မြူနစ်လမ်းစဉ်လူငယ်အဖွဲ့ဝင် Vaira ဆိုသူအား ခရစ်တော်ထံသို့ ပို့ဆောင်နိုင်ခဲ့သော ခရစ်ယာန်မိန်းကလေး Maria ရေးသောစာများဖြစ်ကြသည်။

**ပထမပေးစာ**

... ဒီမှာ ဆက်လက်အသက်ရှင်နေပါတယ်။ ကျမကို အရမ်းချစ်ခင်ကြတယ်။ Komsomol ခေါ် ကွန်မြူနစ်လမ်းစဉ်လူငယ်ထဲက တစ်ယောက်သောသူကလည်း ကျမကို အရမ်းချစ်တယ်။ သူကပြောတယ်။ 'မင်းကဘာသတ္တဝါမျိုးလဲ ငါမသိဘူး။ ဒီမှာ မင်းကို လူအများက ဆဲဆိုနာကျင်စေခဲ့ပေမယ့် မင်းအားလုံးကို ချစ်နိုင်တယ်'။ ကျမက ဖြေတယ်။ 'ဘုရားသခင်က မိတ်ဆွေများသာမကဘဲ ရန်သူများ အပါအဝင် အားလုံးကို ချစ်ဖို့ သွန်သင်ထားတယ်လေ"လို့။ အစက ဒီမိန်းကလေးဟာ ကျမကို ဒုက္ခအမျိုးမျိုး ပေးခဲ့တယ်။ ဒါပေမယ့် ကျမသူ့ကို အထူးဂရုစိုက်ဆုတောင်းပေးခဲ့တယ်။ သူ့ကိုကော ချစ်နိုင်သလားလို့ မေးတဲ့အခါမယ်၊ သူ့ကို ကျမဖက်ပြီး ကျမတို့ အတူငိုခဲ့ကြတယ်။ အခုအတူတကွ ဆုတောင်းနိုင်ပြီ။ သူမအတွက်လည်းဆုတောင်းပါ။ သူ့နာမည် Varia တဲ့။

ဘုရားသခင်ကို ကျယ်လောင်သောအသံဖြင့် ငြင်းဆန်တဲ့သူတို့ရဲ့ အသံကို ကြားတဲ့အခါလည်း ရှိမယ်။ တကယ်ငြင်းဆန်သလားထင်ရမယ်။
~~~~~

ဒါပေမယ့် အသက်တာက ပြပါတယ်။ ပါးစပ်ဖျားနဲ့ ဘုရားကို ကျိန်ဆဲ လိမ့်မယ်။ နှလုံးသားထဲမှာတော့ တမ်းတနေကြတယ်။ နှလုံးသားရဲ့ မြည် တမ်းသံကြားမိဖူးမှာပါ... သူတို့ဟာ တစ်ခုခုကို ရှာနေကြတယ်။ သူတို့ရဲ့ ဘုရားမရှိသော အသက်တာနဲ့ သူတို့ရဲ့ အတွင်းပိုင်း ဟောင်းလောင်းမှုကို ဖုံးအုပ်လိုကြတယ်။

ခရစ်တော်၌ ညီအစ်မ Maria

ဒုတိယစာ

ကျမရဲ့ ပထမစာမှာ ဘုရားမဲ့ မိန်းကလေး Varia အကြောင်း ရေးခဲ့တယ်နော်။ ချစ်သောမိတ်ဆွေများကို အခုကျမတို့ရဲ့ အထူးဝမ်းမြောက် ခြင်းအကြောင်း အမြန်ပြောချင်တယ်။ Varia ဟာ ခရစ်တော်ကို မိမိရဲ့ ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံနေပြီ လူတိုင်းကို ပွင့်လင်းစွာသက်သေခံနေပြီ။

သူမဟာ ခရစ်တော်ကို ယုံကြည်ပြီး၊ ကယ်တင်ခြင်း ဝမ်းမြောက် မှုကို သိလာတဲ့အခါမယ်၊ အရမ်းဝမ်းမြောက်ဝမ်းသာ ရှိနေတယ်။ အရင်က ဘုရားမရှိတဲ့အကြောင်း ဟောခဲ့တဲ့အတွက် ဝမ်းမြောက်ခြင်းမရှိခဲ့ဘူး။ အခု အများကို ဝန်ခံဖို့ ဆုံးဖြတ်နေပါပြီ။

ဘုရားမဲ့ဝါဒီတို့ရဲ့ အစည်းအဝေးပွဲကြီးကို အတူသွားခဲ့ကြတယ်။ ဟန်ဆောင်တ်ဘို့ ကျမသတိပေးရဲသားနဲ့မရဘူး။ ဖြစ်ပျက်သမျှကို ကြည့်ဖို့ Varia နှင့်အတူ ကျမလည်းလိုက်သွားတယ်။ ကွန်မြူနစ် သီချင်း အများက ဝိုင်းဆိုအပြီး Varia က မဆိုတော့ဘဲ အများပရိသတ် ရှေ့ကို Varia ထွက်တော့တာပဲ။

စိတ်အားထက်သန်စွာနဲ့ ဖီလင်ပါပါပဲ ခရစ်တော်ကို သက်သေခံ တော့တယ်။ ကယ်တင်ရှင်အဖြစ်လက်ခံကြောင်းရယ်၊ အရင်သွေးသောက် မိတ်ဆွေပေါ့လည်း ခွင့်လွှတ်ခြင်းရဖို့ တောင်းလျှောက်သင့်ကြောင်း သူဟာအရင်က ဝိညာဉ်မျက်စိ မပွင့်ခဲ့ကြောင်း၊ ပျက်စီးရာ လမ်းမှားကို လိုက်ခဲ့တာမသိခဲ့ရကြောင်း၊ အခြားသူများပါ ထိုလမ်းသို့ ခေါ်ဆောင်ခဲ့ရ တာဖြစ်ကြောင်း၊ အပြစ်လမ်းကို မလိုက်တော့ဘဲ ခရစ်တော်ထံသို့သာ လာခဲ့ကြစေလိုကြောင်း အနူးအညွတ်တောင်းပန် သက်သေခံတော့တာပဲ။

အားလုံးငြိမ်ချက်သားကောင်းလိုက်ကြတာ၊ ဘယ်သူမှ အနှောင့်အယှက်မပေးကြဘူး။ ပြီးလည်းပြီးရော 'မိမိပညတ်တော်နှင့် ကားတိုင်တန်ခိုးတော်ကို အကာအကွယ်ပြုရန် အသေခံတော်မူသော ခရစ်တော်အကြောင်းကို ပြောဖို့မရှက်ပါ' ဆိုတဲ့ ဓမ္မသီချင်းကို အသံကုန်ဟစ်ခဲ့တယ်။

ဒါပြီးရင် ...ကျမတို့ရဲ့ Varia လေးကို ဆွဲခေါ်သွားကြတော့တယ်။ ကနေ့ဟာ မေလကိုးရက်နေ့နော်။ သူ့အကြောင်း ကျမတို့တစ်ခုမှ မသိရသေးပါ။ ဒါပေမယ့် ဘုရားသခင်ဟာ သူ့ကို ကယ်မပို့ တန်ခိုးကြီးပါတယ်။ ဆုတောင်းပါ။

သင်ရဲ့ Maria

**တတိယပေးစာ**

မနေ့က၊ ဩဂုတ်နှစ်ရက်နေ့မှာ ကျမတို့ ချစ်တဲ့ညီမ Variaကို ထောင်မှာသွား စကားပြောဖြစ်တယ်။ သူ့ကို စဉ်းစားတိုင်း ကျမအရမ်းအသဲနာတယ်။ တကယ်တော့ သူဟာကလေးပဲ အသက်တစ်ဆယ့်ကိုးနှစ်သာရှိသေးတယ်။ ဘုရားသခင်ကို ယုံကြည်သူတစ်ယောက်အနေနဲ့ သူမဟာ ဝိညာဉ်ကလေးပဲဖြစ်သေးတယ်လေ။ ဒါပေမယ့် နှလုံးသားအကြွင်းမဲ့ ဘုရားကို ချစ်တယ်။ ဒါနဲ့ ခရောင်းလမ်းကို တစ်ခါထဲလျှောက်သွားတော့တာပဲ။

တွေ့ခဲ့စဉ်က သူ့ခမျာ အရမ်းဆာတယ်။ ထောင်ရောက်ကြောင်းသိကတည်းက ကျမတို့ သူ့ကိုပါဆယ်များပို့ခဲ့ကြပေမယ့် အနည်းငယ်သာ လက်ခံခဲ့တယ်တဲ့။

မနေ့ကတွေ့တုန်းကဆို ပိန်းချုံးပြီး၊ မျက်နှာလည်းဖြူဖပ်ဖြူရော်ရှိတယ်။ အရိုက်ခံတဲ့ဒဏ်ရာ တွေ့ရတယ်။ သူ့မျက်လုံး၌သာ ဘုရားသခင်ရဲ့ ငြိမ်သက်ခြင်းနဲ့ ကောင်းကင်ဆိုင်ရာ ဝမ်းမြောက်ခြင်းတွေ့ရတယ်။

ဟုတ်တယ်၊ ချစ်သော မိတ်ဆွေများရှင့်၊ ခရစ်တော်ရဲ့ အံ့ဖွယ်ငြိမ်သက်ခြင်း မစားဘူးသောသူကတော့ နားလည်သဘောပေါက်နိုင်မှာမဟုတ်ဘူး။ ...ဒီမယ်ငြိမ်သက်ခြင်းရှိတဲ့လူတွေဟာ ဘယ်လောက်ဝမ်းသာ

စရာကောင်းတဲ့သူတွေလည်း၊ ခရစ်တော်၌ရှိတဲ့ ကျမတို့ကို အခက်အခဲနဲ့ အလိုမကျမှုတွေက အဟန့်အတားမလုပ်နိုင်ပါဘူး။

သံတိုင်များကြားကမေးလိုက်တယ်။ " Varia ညည်းလုပ်ခဲ့သမျှ နောင်တရဖူးသလားဟင်" သူဖြေတာက "နိုး– ကျမလွတ်လာခဲ့ရင် ခရစ်တော်ရဲ့ ကြီးမားသော မေတ္တာတရားအကြောင်းကို သူတို့ထံ နောက်ထပ်ပြောချင်သေးတယ်။ ကျမခံစား လက်လျှော့ မယ်မထင်နဲ့။ ကိုယ်တော်ဟာ ကျမကို အရမ်းချစ်ပြီး နာမတော်ကြောင့် အခက်အခဲများကို ကျော်လွှားနိုင်သော ဝမ်းမြောက်ခြင်းပေးတော်မူတဲ့အတွက် အထူးဝမ်းသာမိပါတယ်။ အမ" ဟူ၍ဖြစ်သည်။

သူ့ကို ဆုတောင်းပေးကြဖို့ တောင်းပန်ပါတယ်။ ဆိုက်ဘေးရီးယားကို ပို့ကောင်းပို့ကြလိမ့်မယ်။ သူမရဲ့ အဝတ်အစားနဲ့ ပါသွားခဲ့တဲ့ အရာတွေအားလုံး ယူသွားကြပြီ။ ကိုယ်ပေါ်မှာရှိတဲ့ အဝတ်တွေမှအပ ဘာမှ သူ့မှာ မရှိတော့ဘူး၊ ဆွေမျိုးလည်းမရှိရှာတဲ့အတွက် မရှိမဖြစ်အရာတွေကို ကျမတို့တတွေ စုဆောင်းပေးကြမှဖြစ်မယ်။ ရှင်တို့နောက်ဆုံးပို့ခဲ့တဲ့ငွေကိုလည်း သေချာသိမ်းပေးထားပါတယ်။ နယ်နှင်ဒဏ်တကယ်ခံခဲ့မိရင် ကျမသွားပေးပါ့မယ်။ ဘုရားသခင်က အနာဂတ်မှာလည်း ခံနိုင်ရည်ရှိဖို့ ခွန်အားနဲ့ တန်ခိုးပေးမယ်လို့ ကျမယုံပါတယ်။ သူ့ကို ဘုရားမ,စတော်မူပါစေ။

သင်တို့ရဲ့ Maria

**စတုတ္ထပေးစာ**

ချစ်သော Maria , နောက်ဆုံးမှာပဲ ကျမစာရေးဖြစ်တော့တယ်။ ကျမတို့ (....) နေရာကိုကောင်းမွန်စွာ ရောက်ခဲ့ပါပြီ။ မြို့ကနေ ဆယ်မိုင်ဝေးတယ်၊ကျမတို့ရဲ့ ရှေ့ရေးကိုတော့ ကြိုမပြောတတ်တော့ပါ။ အမ သိမှာပါ။ ကျမအကြောင်း အနည်းငယ်သာရေးမယ်။ ကျန်းမာခြင်း ပေးလျက် အလုပ်လုပ်နိုင်စွမ်းပေးတော်မူတဲ့အတွက် ဘုရားသခင်ကို အထူးကျေးဇူးတင်ပါတယ်။ ညီအစ်မ (× )နဲ့ ကျမဟာ စက်ကိရိယာစက်ရုံမှာ

အလုပ်လုပ်နေကြတယ်။ အရမ်းခက်ခဲတဲ့အလုပ်ပဲ။ ညီအစ်မ (×)ကလည်း ကျန်းမာရေးကောင်းတာမဟုတ်ဘူး။ သူ့ကိုယ်စား ကျမက လုပ်ပေးနေရတယ်။ ကျမခွဲတမ်းအရင်ပြီးအောင် လုပ်ပြီးမှ သူ့ကို သွားကူရတယ်။ တစ်နေ့ ဆယ်နှစ်၊ ဆယ်သုံးနာရီအလုပ်လုပ်နေရတယ်။ စားတဲ့အစားအစာကျတော့ အစ်မတို့ဆီက လိုပါပဲ၊ မလွယ်ဘူး၊ ဒါကို အဓိကထားရေးချင်တာမဟုတ်ပါဘူး။

အစ်မအားဖြင့် ဘုရားသခင်ဟာ ကယ်တင်ခြင်းလမ်းစကို ပြတော်မူခဲ့တဲ့အတွက် ကျမနှလုံးသားဟာ ဘုရားသခင်ကို ချီးမွမ်းပြီး ကျေးဇူးတင်မိတယ်။ အခုလျှောက်နေတဲ့ဘဝ လမ်းမပေါ်မှာ ကျမရဲ့ အသက်တာဟာ ဘယ်ကိုရှေ့ရှုပြီး လျှောက်နေတယ်။ ဘယ်သူ့အတွက်ကြောင့် ဒီလို ခံစားနေရတယ်ဆိုတာ ရည်ရွယ်ချက်ရှိပြီးသားပါ။

ကျမနှလုံးသားထဲမှာ ရှိနေတဲ့ ကယ်တင်ခြင်းနဲ့ယှဉ်တဲ့ ဝမ်းမြောက်ခြင်းကို လူတကာဆီ ပြောရင်း သက်သေခံချင်တဲ့ စိတ်ဆန္ဒရှိတယ်။

**"ဘုရားသခင်ထံမှ ရောက်လာတဲ့ဒုက္ခဝေဒနာများဟာ ကျမတို့ရဲ့ယုံကြည်ခြင်းကို ပိုပြီး ခိုင်မြဲစေတယ်"**

ခရစ်တော်၌ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ကျမတို့ကို ဘယ်သူ ခွဲခွာစေနိုင်မှာလဲ။ ဘယ်သူ ဘယ်အရာမှ မခွဲစေနိုင်ပါ။ အတိဒုက္ခနဲ့ အကျဉ်း ထောင်ကလည်း မခွဲဝေနိုင်ပါ။ ဘုရားသခင်ထံမှ ရောက်လာတဲ့ ဒုက္ခဝေဒနာများဟာ ကျမတို့ရဲ့ ယုံကြည်ခြင်းကို ပိုပြီးခိုင်မြဲစေတယ်"။

ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟာ ကျမရဲ့ နှလုံးသားထဲမှာ ပြည့်လျှံနေပါတယ်။ အလုပ်လုပ်တဲ့အခါ ကျိန်ဆဲခြင်း၊ ဒဏ်ရိုက်ခြင်း ခံစားကြတယ်။ အငြိမ်မနေနိုင်တဲ့အတွက် အချိန်ပိုလုပ်နေရတယ်။ ကျမအတွက် ကိုယ်တော်လုပ်ခဲ့သမျှကို ကျမလူတိုင်းပြောရမယ်။ ပျက်ဆီးခြင်းလမ်းမပေါ်သို့ လိုက်လျှောက်နေခဲ့သော ကျမကို အသစ်သောသတ္တဝါ၊ အသစ်သော ဖန်ဆင်းခြင်းဖြစ်စေခဲ့ပြီ။ ဒီတော့ ကျမ အငြိမ်နေနိုင်ပါ့မလား။ မနေနိုင်ပါ ကျမရဲ့ နှုတ်ခမ်းဖျား စကားပြောနိုင်သည့် ကာလပတ်လုံး

ကိုယ်တော်ရဲ့ ကြီးမားသော ချစ်ခြင်းမေတ္တာကို လူတိုင်းဆီဝေငှ သက်သေခံပါ့မယ်။

အလုပ်စခန်းအသွားမှာ ခရစ်တော်၌ ညီအစ်ကိုများစွာနဲ့ တွေ့ခွင့်ရတယ်။ ညီအစ်ကိုမောင်နှမများ ပထမဆုံးအနေနဲ့တွေ့တဲ့အခါ ဘုရားသခင်ရဲ့ သားသမီးတွေဖြစ်ကြောင်း ဝိညာဉ်တော်အားဖြင့် သိရှိခံ စားရတာ ဘယ်လောက် အံ့ဩစရာကောင်းပါသလဲ။ စကားအားဖြင့်တော့ ပြောလို့ကုန်မှာ မဟုတ်ဘူး။ တစ်ခါကြည့်တာနဲ့ သူတို့ဟာ ဘယ်သူတွေလဲ ဘုရားသားသမီးလား၊ လောကသားသမီးတွေလား ဆိုတာ သိနိုင်ပါတယ်နော်။

အလုပ်စခန်းကို သွားခဲ့ကြစဉ်က ရထားဘူတာတစ်ခုမှာ မိန်းမကြီးတစ်ယောက်ဟာ ကျမတို့ဆီကို လာပြီး စားစရာလာပေးရင်း 'ဘုရားသခင်ဟာ အသက်ရှင်တော်မူတယ်' လို့ပြောတယ်။

ဒီနေရာကို ပထမဆုံးရောက်တဲ့ညနေမှာ မိုးချုပ်နေပြီ ကျမတို့ကို မြေအောက်စခန်းသို့ အရောက်ပို့ခဲ့ကြတယ်။ တွေ့သမျှ အချင်းချင်း 'ငြိမ်သက်ခြင်းရှိပါစေ' လို့ နှုတ်ဆက်ကြတယ်။

ကြီးမားသော ဝမ်းမြောက်ခြင်းကိုယ်စီနဲ့ အခန်းတောင့်တိုင်းက နေကြားရတဲ့စကားဟာ'ငြိမ်သက်ခြင်းဖြင့်ဆီးကြိုလျက်ပါ'ဟူသောစကားပင် ဖြစ်ပေသည်။ ပထမနေ့ကတည်းက ကျမတို့ဟာမိသားစုလိုခံစားကြတယ်။

တကယ်ပြောတာပါ။ ဒီမှာ ခရစ်တော်ကို မိမိကိုယ်ပိုင် ကယ်တင်ရှင်အဖြစ် ယုံကြည်သောသူများစွာရှိကြတယ်။ ထက်ဝက်မကသော အကျဉ်းသားများဟာ ယုံကြည်သူတွေပဲ။ ဓမ္မသီချင်းအဆိုတော်နဲ့ တရားဟောဆရာများလည်းပါကြတယ်။ အလုပ်ကြမ်းလုပ်လို့အပြီး ညနေခင်းမှာ ကယ်တင်ရှင်ရဲ့ ခြေတော်ရင်းမှာ စုရုံးပြီး ဆုတောင်းကြတာ အရမ်းပျော်စရာကောင်းတယ်။ ခရစ်တော်နဲ့ဆိုရင် နေရာတကာ လွတ်လပ်မှုရှိတယ်ဆိုလို့ ကောင်းသောဓမ္မသီချင်းများစွာ ဆိုတတ်နေပြီ။ တစ်နေ့ပြီးတစ်နေ့ ဘုရားသခင်ဟာ ကျမကိုနှုတ်ကပတ်တော် တိုးပွားစေတယ်။

ကျမအသက်တစ်တစ်ဆယ်ကိုးနှစ်ရောက်မှသာ ခရစ်တော်ရဲ့ မွေးနေ့တော်ကို ကျမ ပထမဆုံး အထိမ်းအမှတ်အနေနဲ့ ကျင်းပခဲ့တယ်။

ဒီလောက် အံ့ဖွယ်ကောင်းတဲ့ နေ့ကို ကျမ မေ့လို့ရတော့မှာ မဟုတ်ဘူး။ တစ်နေကုန် တစ်နေခမ်း အလုပ်ကြမ်းလုပ်ကြရပေမယ့် တစ်ချို့ မိတ်ဆွေများဟာ အနီးအနားရှိစမ်းချောင်းရှိရာကို သွားနိုင်ကြတယ်။ ချောင်းရေကို ပိတ်ဆို့နေတဲ့ ရေခဲပြင်ကို ထုခွဲကြပြီး နေရာပြင်ဆင်ထားကြတယ်။ ညအခါ နှုတ်ကပတ်တော်အတိုင်း ကျမအပါအဝင် ညီအစ်ကိုရှစ်ယောက် နှစ်ခြင်းခံခဲ့ကြတယ်။

ဩ- ကျမဝမ်းသာလိုက်တာ..။ အစ်မ Maria ကိုလည်း ကျမနဲ့အတူ ရှိစေချင်လိုက်တာ။ လွန်ခဲ့တဲ့အချိန်က အစ်မဆီမှာ ပြစ်မှားခဲ့တဲ့ အဖြစ်တွေကို အနည်းငယ်သောမေတ္တာပြခြင်းဖြင့် ကျမတောင်းပန်ချင်ပါတယ်။ ဒါပေမယ့် ဘုရားထားတဲ့နေရာတိုင်းမှာ ကျမတို့ သစ္စာရှိရှိ နိုင်မြဲစွာ ရပ်တည်ဖို့ လိုပါတယ်အစ်မ။

ဘုရားသခင်မိသားစုဝင်အားလုံးကို နှုတ်ဆက်ပေးပါ။ ဘုရားသခင်ဟာ ကျမကို ကောင်းကြီးပေးသလို အစ်မလုပ်သမျှကိုလည်း ကြွယ်ဝစွာ ကောင်းကြီးပေးပါစေ(ဟေဗြဲ၁၂း၁-၃ ကို ဖတ်ပါ)။

ဒီမှာရှိတဲ့ ညီအစ်ကိုများကလည်း နှုတ်ဆက်ကြပါတယ်။ အစ်မရဲ့ ဘုရားသခင်ကို ယုံကြည်ခြင်းဟာ တန်ခိုးကြီးတဲ့အပြင် အခက်အခဲများကြားမှ မနေမနား ချီးမွမ်းခြင်းကို အားလုံးက ဝမ်းမြောက်ဝမ်းသာ ချီးကျူးကြတယ်။ တစ်ခြားကို စာရေးရင် ကိုယ်စားနှုတ်ဆက်ပေးပါ။

သင်ရဲ့ Varia ။

**ပဥ္စမပေးစာ**

ချစ်သော Maria နောက်ဆုံး စာအနည်းငယ်ရေးဖို့အချိန်ရခဲ့တယ်။ ချစ်ဆွေရာ၊ ကျေးဇူးတော်ကြောင့် ညီအစ်မ(×)နဲ့ ကျမဟာ နေကောင်းလျက် သက်တောင့်သက်သာ ရှိနေကြပါကြောင်းပြောပြချင်တယ်။ ကျမတို့ (.....) နေရာရောက်နေပြီ။

အမရယ်၊ ကျမကို မိခင်လို ဂရုစိုက်စောင့်ရှောက်ခဲ့တာ အရမ်းကျေးဇူးတင်တာပဲ။ ပြင်ဆင်ပို့ပေးခဲ့သမျှ အကုန်လက်ခံရရှိပါပြီ။ တန်ဖိုး

အထားဆုံး သမ္မာကျမ်းစာအတွက် အထူးကျေးဇူးတင်ပါတယ်။ အားလုံး ကျေးဇူးကမ္ဘာ။ သူတို့ကို စာရေးတိုင်း၊ ကျမတို့အဖို့ ပြုသမျှအတွက် ကျေးဇူးတင်စကားပြောပေးပါ။

ဘုရားသခင်ဟာ သူရဲ့ သန့်ရှင်းနက်နဲတဲ့မေတ္တာတော်ကို ကျမအားဖော်ပြတော်မူတဲ့အတွက် ကမ္ဘာမှာ ကျမအပျော်ဆုံးဖြစ်မယ်လို့ ထင်မိပါတယ်။ ကျမဖြတ်ကျော်ခံစားရမယ့်၊ ညှင်းပန်းနှိပ်စက်ခြင်းတွေဟာ အထူးကျေးဇူးလို့သာ ကျမထင်ပါတယ်။ ပထမယုံကြည်တဲ့နေ့ကတည်းက ကိုယ်တော်အတွက် ဒုက္ခအမျိုးမျိုး ခံစားနိုင်ရန် ကျမကို ကြီးမားသော ဝမ်းမြောက်ခြင်း ပေးတော်မူတဲ့အတွက် ဝမ်းသာပါတယ်။ အဆုံးတိုင်အောင် ဘုရားထံမှာ ကျမသစ္စာရှိရှိ နေနိုင်ရန် ဆုတောင်းပေးပါ။

သန့်ရှင်းသော စစ်ပွဲအတွက် ဘုရားသခင်ဟာ အစ်မကို ခွန်အားပေးလျက် စောင်မပါစေသော။

ညီအစ်မ(×)နဲ့ ကျမတို့က အားလုံးကို အနမ်းလက်ဆောင်ပေးလိုက်ပါတယ်။ (.....) နေရာ ရောက်တဲ့အခါ ကျမတို့ နောက်ထပ်စာရေးဖို့ အချိန်နဲ့ အခွင့် အာဏာရကောင်းရပါလိမ့်မယ်။ ကျမတို့အတွက် စိတ်မပူပါနဲ့။ ကျမတို့ ကောင်းကင်ဘုံမှာရမယ့် ဆုဟာ ကြီးမားလိမ့်မယ် ဆိုတာ သိထားတဲ့အတွက် ကျမတို့ ဝမ်းမြောက်ဝမ်းသာ ရှိကြပါတယ် (မဿဲ ၅း၁၁-၁၂)။

သင်ရဲ့ Varia

ဤစာသည် Varia ထံမှ နောက်ဆုံးပေးစာဖြစ်သည်။ သူမသည် ခရစ်တော်ကို တွေ့ခဲ့ရသော ကွန်မြူနစ်မိန်းမပျိုလေးဖြစ်ပြီး၊ အများ ရှေ့မှာ ရဲဝံ့စွာ သက်သေခံသောကြောင့် ကျွန်(အကျဉ်းသား)တို့၏ အလုပ်စခန်းသို့ ပို့ခြင်းခံခဲ့ရသည်။ နောက်ပိုင်းတွင် သူ့အကြောင်းမည်သူမျှ မကြားရတော့ချေ။ သို့သော် ၎င်း၏ ဘုရားသခင်ကို လှပတင့်တယ်စွာ ချစ်ခြင်းနှင့် ခရစ်တော်အား ရဲဝံ့စွာသက်သေခံခြင်းများသည် သစ္စာရှိလျက် အတိဒုက္ခမျိုးစုံခံစားနေကြရသော၊ မြေအောက်အသင်းတော်တို့၏ ဝိညာဉ်ရေးရာအလှကို ဖော်ပြနိုင်ခဲ့ပေသည်။



၇

# အနောက်တိုင်း ခရစ်ယာန်များက အောက်ပါအတိုင်း ကူညီနိုင်သည်

## How Western Christians can help

"မြေအောက်အသင်းတော်၏ အသံ" ဟု ကျွန်ုပ်ကိုခေါ်ကြသည်။ ခရစ်တော် ခန္ဓာကိုယ်၏ အထူးဂုဏ်ဆောင် အစိပ်အပိုင်းဖြစ်သော မြေအောက် အသင်းတော်၏ အသံအဖို့ အလိုငှာ ကျွန်ုပ်ဟော်သည် ထိုက်တန်သည်ဟု မိမိကို မိမိ မထင်ပါ။ မည်သို့ပင်ဖြစ်စေကာမူ ကွန်မြူနစ်တိုင်းပြည်များတွင် မြေအောက်အသင်းတော်ကို ကျွန်တော်ကိုယ်တိုင်နှစ် အတန်ကြာ ဦးဆောင်ခဲ့ဖူးသည်။

တစ်ဆယ်လေးနှစ်လုံးလုံး ညှင်းပန်းနှိပ်စက်ခြင်း အမျိုးမျိုးဖြင့် အကျဉ်းချခံရာတွင် နှစ်နှစ်တိတိ 'သေခန်း'၌ နေခဲ့သော ဘဝလည်း အပါအဝင်ဖြစ်ရာ နိမိတ်လက္ခဏာအားဖြင့်သာ ကျွန်တော် ရန်းကန် အသက်ရှင်ခဲ့ရပါသည်။ ထောင်ထဲသို့ပို့ရန် ဘုရားသခင်က သင့်တော်သည်ဟု မြင်တော်မူလျက် ပြန်လည်လွတ်စေခြင်းသည်ပင်လျှင် သာ၍ကြီးမားသော နိမိတ်လက္ခဏာဟု ခေါ်ရပေမည်။

ရိုမေးနီးယား မြေအောက်အသင်းတော်က ကျွန်ုပ်ကို တိုင်းပြည်မှ ထွက်လျက် လွတ်လပ်သော ကမ္ဘာ့နိုင်ငံများမှ ခရစ်ယာန်များထံသို့ သတင်းယူဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ကျွန်တော်နှင့် မိသားစုသည် ချစ်သော အမိ တိုင်းပြည်နှင့် ကျွန်ခံတိုင်းပြည်များစွာမှ အလုပ်ကြမ်းနှင့် သက်စွန့်ကြိုးပမ်း ဝေဒနာခံစားကာ သေနေကြသော မြေအောက် အသင်းတော်မှ ညီအစ်ကို မောင်နှမများကို ကျောခိုင်းထားခဲ့ရပြီး၊ နိမိတ်လက္ခဏာအားဖြင့် အမိမြေမှထွက်ခွာခွင့်ရကာ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ခွင့် ရခဲ့သည်။

အမည်နာမ မပါသော သင်္ချိုင်းများ၌ လဲလျောင်းနေကြရသည့် မရေတွက်နိုင်သော ညီအစ်ကို မောင်နှမများကိုယ်စား ကျွန်တော် ပြောနေပါသည်။ တောတွင်းတစ်နေရာမှာဖြစ်စေ၊ မြေအောက် တိုက်ခန်းများမှာဖြစ်စေ၊ ထပ်ခိုးနှင့် အခြားလျှို့ဝှက်အခန်းများမှာဖြစ်စေ ယခု တွေ့ဆုံစုရုံးနေကြရသော ညီအစ်ကို မောင်နှမများကိုယ်စား ပြောနေပါသည်။

မြေအောက် အသင်းတော်မှ ကျွန်တော် ယူဆောင်လာသော အော်သံသည် –

**"ကျွန်တော်တို့ကို ပစ်မထားကြပါနှင့်"**

**"ကျွန်တော်တို့ကို မမေ့ကြပါနှင့်"**

**"ကျွန်တော်တို့အကြောင်းကို ပပျောက်လေလွင့်သွားအောင် မရေးပါနှင့်"**

**"ကျွန်ုပ်တို့အား လိုအပ်သော ကရိယာများကိုပေးပါ ! အကျိုးရှိရှိ အသုံးပြုပါမည်"**

အထက်ပါ အချက်အလက်များသည် လွတ်လပ်သောတိုင်းပြည်များမှ ခရစ်ယာန်များထံသို့ ဆော်သြရန် ကျွန်ုပ်ကို တာဝန်ပေးသော အချက်အလက်များ ဖြစ်သည်။ ကျွန်တော်သည် မြေအောက် အသင်းတော်၊ တိတ်ဆိတ် ငြိမ်သက်သော အသင်းတော်၊ ဆွံ့အနားမကြားသော အသင်းတော်၊ စကားပြောရန် အသံမရှိသောအသင်းတော်ကိုယ်စားပြောနေပါသည်။

မလွတ်လပ်သေးသော ကျွန်ခံတိုင်းပြည်များမှ ညီအစ်ကို မောင်နှမများ၏ ငိုသံများကို နားထောင်လော့။ လွတ်ခြင်း၊ လုံခြုံမှုသို့မဟုတ် သက်တောင့်သက်သာရှိသော ဘဝကိုတောင်းကြသည် မဟုတ်။ မျိုးဆက်သစ် လူငယ်လူရွယ်များအား ဘုရားမဲ့ဝါဒ အဆိပ်ဖြန်းခြင်းကို တန်ပြန်တိုက်လှန်ရန်အဖို့ အလို့ငှာ အသုံးပြုမည့် ကရိယာကိုသာ တောင်းဆိုကြပါ၏။ နှုတ်ကပတ်တော် ပျံ့နှံ့စေရေးအတွက် သမ္မာကျမ်းစာကို တောင်းလျှောက်ကြပါ၏။ သမ္မာကျမ်းစာမရှိဘဲ မည်သို့ မည်ပုံ နှုတ်ကပတ်တော်ကို ပျံ့နှံ့စေနိုင်ပါမည်နည်း။

မြေအောက် အသင်းတော်သည် မီးရထားဖြင့် ခရီးသွားနေသော ဆရာဝန်နှင့် တူ၏။ မီးရထားချင်းတိုက်မိခဲ့ ကြရာ၊ ရာပေါင်းများစွာသော ခရီးသည်များအနက် အချို့သည် ဒဏ်ရာနှင့်ဖြစ်စေ၊ အချို့သည် ခြေလက်ကျိုးလျက်ဖြစ်စေ၊ အချို့သည် အသက်ထွက် သေဆုံးလျက် ဖြစ်စေ၊ မြေကြီးပေါ်မှာ လဲလျောင်းနေကြသည်။ ထိုဆရာဝန်သည် လူသေ အလောင်းများကြားမှာ လျှောက်ကာသွားရင်း "ဆရာဝန် လက်နက် ကရိယာများသာ ပါလာခဲ့ရင်၊ ဆရာဝန် လက်နက် ကရိယာများသာပါလာ ခဲ့ရင်" ဟူ၍ အော်နေခဲ့သည်။ ခွဲစိပ်ကရိယာများသာ တကယ်ပါ လာခဲ့သည် ရှိသော် လူ့ဇီဝအသက်များစွာ ကယ်နိုင်ပါလိမ့်မည်။ ထိုကဲ့သို့ ဆန္ဒပြင်းပြခဲ့ပါသော်လည်း ကရိယာမရှိရာပေ။

***"ကျွန်ုပ်တို့အား ကရိယာများကို ပေးသာ ပေးပါ အလုပ် ရှိသမျှ ကျွန်ုပ်တို့ဘာသာ ဆက်လုပ်သွားပါမည်"***

မြေအောက်-အသင်းတော်သည် အလားတူပင် ဖြစ်သည်။ ရှိသမျှပေးရန် ဆန္ဒပြင်းပြလှသည်။ မာတုရများသည် မိမိအသက်ကိုလည်းပေးရန် ဝန်မလေးပါ။ နှစ်ရှည်လများ ထောင်ထဲမှာ နေဖို့လည်း မကြောက်ပေ။ သို့သော် မည်သို့ပင် ဆန္ဒ ပြင်းပြခဲ့ပါသော်လည်း၊ အလုပ်လုပ်ဖို့ လက်နက်မရှိက အချည်းနှီးသာဖြစ်သည်။ လွတ်လပ်သောသူများဖြစ်ကြသော ဓမ္မညီအစ်ကိုများထံသို့ သစ္စာရှိလျက် ဖွဲနပဲ ကောင်းသော မြေအောက် အသင်းတော် သူ/သားများ၏ တောင်းဆိုချက်သည် "ကျွန်ုပ်တို့အား ကရိယာများကို ပေးသာပေးပါ၊ သတင်းကောင်း သမ္မာကျမ်းစာ၊ စာပေ ကျမ်းဂန်များ အကူအညီဖြင့် အလုပ်ရှိသမျှ ကျွန်ုပ်တို့ဘာသာ ဆက်လုပ် သွားပါမည်" ဟူ၍ ဖြစ်သည်။

## လွပ်လပ်သော ကမ္ဘာမှ ခရစ်ယာန်များက
## အောက်ပါအတိုင်း ကူညီနိုင်သည်
## How Christians in the free world can help

လွတ်လပ်သောကမ္ဘာမှ ခရစ်ယာန်တစ်ဦးချင်း အနေဖြင့် အောက်ပါ နည်းလမ်းများအတိုင်း ချက်ချင်း ကူညီပံ့ပိုး နိုင်ပါသည်။

ဘုရားမဲ့ဝါဒီတို့သည် မိမိတို့ အသက်တာ၌ရှိသော မမြင်ရသည့် တန်ခိုး ဖစ်မြစ်ကို အသိအမှတ် မပြုကြပေ။ အသက်တာနှင့် စကြာဝဠာမှာ လျှို့ဝှက်နက်နဲသော အရာဟူသည် ၎င်းတို့အတွက်မရှိ။ ရုပအမြင် အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့်သာ မြင်ရသော ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့သည့် အသက်တာသို့ ပို့ဆောင်ခြင်းသည် ခရစ်ယာန်တို့ အနေဖြင့် ၎င်းတို့ကိုပေးနိုင်သည့် အကောင်းဆုံးသော အကူအညီဖြစ်၏။

မြေအောက်အသင်းတော် အနေဖြင့်ကလည်း ကျွန်ုပ်တို့ကို အကောင်းဆုံးကူညီနိုင်သော နည်းလမ်းသည် တစ်သမတ်တည်း ခိုင်မြဲသော ခရစ်ယာန် အသက်တာနှင့် ဆက်ကပ်သော အသက်တာသို့ ဦးဆောင် အသက်ရှင်ပြခြင်း ဖြစ်သည်။ မြေအောက်ခရစ်ယာန်များကို ညှင်းပန်း နှိပ်စက်ကြောင်း ကြားသိသောအခါတိုင်း မကြာခဏ ဆန္ဒပြခြင်းအားဖြင့် လည်း ကူညီနိုင်သည်။

ညှင်းပန်းနှိပ်စက်သောသူများ ကယ်တင်ခြင်းရရန် အလို့ငှာ ဆုတောင်းပေးခြင်းအားဖြင့်လည်း အနောက်တိုင်း ခရစ်ယာန်များသည် ကျွန်ုပ်တို့ကို ကူညီနိုင်သည်။ ထိုကဲ့သို့ ဆုတောင်းခိုင်းခြင်းသည် ကလေး ဆန်လွန်းသည်ဟု ထင်ကောင်း ထင်ပေလိမ့်မည်။ ကွန်မြူနစ်များအတွက် ယနေ့ ဆုတောင်းပါသော်လည်း နောက်တစ်နေ့ ဆုမတောင်းမီက ထက်ပင် ကျွန်ုပ်တို့သည်သာ၍ နာကျင်အောင် အရိုက်ခံခဲ့ရသည်။

ယေရုရှလင်မြို့ဂေသရေမန်ဥယျာဉ်၌ သခင်ဘုရား၏ ဆုတောင်း ပဌနာသည်လည်း ကလေးဆန်လွန်းသည်။ သို့မဟုတ် ရိုးအလွန်း သည်ဟု ဆိုလေမည်လော။ ဤဆုကိုတောင်းပြီး ကားတိုင်တင်ကာ အသေသတ်ခြင်း

ခံခဲ့ရသည်။ သို့သော်ရက်အနည်း ငယ်ကြာလာသောအခါ တစ်နေ့တည်း
မှာပင် လူပေါင်းငါးထောင် ရင်အုပ်ကိုထုကာ အသက်တာပြောင်းလဲခဲ့သည်၊

သူတစ်ပါးအတွက် ဆုတောင်းခြင်းသည် အလဟဿမဟုတ်၊
တောင်းပေးသောသူက လက်မခံသော ဆုတောင်းပဌနာသည် သင့်ထံသို့
ကြီးမားသော ကောင်းကြီးမင်္ဂလာနှင့် ပြန်လာတတ်သည်။ ခရစ်တော်၏
မိန့်မှာချက်အတိုင်း လိုက်လျှောက်သောအားဖြင့် ကျွန်တော်နှင့် ခရစ်ယာန်
များစွာတို့သည် ဟစ်တလာနှင့် သူ၏လူများ အတွက် ဆုတောင်းကြသည်၊

*မြေအောက်အသင်းတော် အနေဖြင့် ကျွန်ုပ်တို့ကို ကူညီနိုင်သော နည်းလမ်းသည် တစ်သမတ်တည်း ခိုင်မြဲသော ခရစ်ယာန် အသက်တာသို့ ဦးဆောင်ခြင်းဖြင့် ဖြစ်သည်၊*

ကျွန်ုပ်တို့၏ ဆုတောင်းပဌနာသည်
မဟာမိတ်စစ်သားများ၏ ကျည်ဆံများကဲ့သို့
ဟစ်တလာကြီးအား ဆုံးရှုံး စေရာ၌
အထောက်အကူဖြစ်သည်ဟု ကျွန်တော်
သေချာစွာယုံကြည်ပါသည်။

အိမ်နီးနားချင်းများကို ကျွန်ုပ်တို့သည်
ကိုယ်နှင့်အတူ ချစ်ကြရမည်။ ကွန်မြူနစ်များနှင့်
ညှင်းပန်းနှိပ်စက်သော သူများသည် အခြားသော
လူများကဲ့သို့ပင် ကျွန်ုပ်တို့၏ အိမ်နီးချင်းများ
ဖြစ်ကြသည်။

၎င်းတို့သည် ခရစ်တော်မိန့်မှာခဲ့သည့် "ငါမူကား၊ သိုးတို့သည်
အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှာလာ
သတည်း" ဟူသောစကားကို ကျွန်တော်တို့အားဖြင့် မကြားရ မသိရသေး
သောသူများ ဖြစ်သည် (ယော ၁၀:၁၀)။ ဤ ကြွယ်ဝသော အသက်တာ
အကြောင်းကို ခရစ်ယာန်တို့သည် လူသားအားလုံးထံသို့ မပြောဖြစ်
သေးပါ။ ခရစ်ယာန် အချို့သည် အသက်တာအတွက် တန်ဖိုးရှိသော
ရွှေကျမ်းချက်အချို့ကို အရေးကြီးမှန်း မသိဘဲ ဘေးချိတ်ထားတတ်ကြ
သည်။ ထို့ကြောင့် လူများစွာတို့သည် ကွန်မြူနစ်ပါတီကို ဖွဲ့စည်းတည်
ထောင်လျက် အခြားလွဲမှားသော ယုံကြည်ခြင်းများကို ခံယူလိုက်လျှောက်
ကြခြင်းဖြစ်သည်။

ငင်းတို့သည် တရားမျှတမှုမရှိသော လူမှုအဖွဲ့အစည်း တည်ထောင်သူများပီပီ ရိုင်းစိုင်း ခါးသီးမှုရှိကြသည်။ ကျွန်ုပ်တို့သည် ထိုသူတို့ကို တိုက်ခိုက်ရမည်။ သို့သော် ခရစ်ယာန်များသည် တိုက်ခိုက်နေသော ရန်သူကိုပင် နားလည်မှု ရှိကာ ချစ်တတ်ရမည်။

လူအချို့မှ ဘုရားသခင်ကို ပုန်ကန်တော်လှန်ဆန့်ကျင်ကြသည်မှာ ကျွန်ုပ် တို့ ခရစ်ယာန်များ၏ တာဝန်မကျေပွန်မှု သို့မဟုတ် အပြစ်ဟုဆိုက မှားမည်မထင်။

ထိုသူတို့ကို ခရစ်ယာန်များအနေဖြင့် ချစ်တတ်ရမည်။ သို့သော် ကြိုက်နှစ်သက်ရမည်ဟု မဆိုလို။ ချစ်ခြင်းသည် ကြိုက်ခြင်း နှင့်မတူပေ။ ချစ်ခြင်းမေတ္တာအားဖြင့် ဆုတောင်းပေးရမည်။

ဤပြဿနာများကို ချစ်ခြင်းမေတ္တာအားဖြင့် ဖြေရှင်းရမည်ဟု မဆိုလို။ လူဆိုးဂိုဏ်းပြဿနာကိုလည်း ချစ်ခြင်းမေတ္တာအားဖြင့်သာ ဖြေရှင်းရန် အစိုးရ အာဏာပိုင်များကို အကြံမပြုလိုပါ။ ငင်းတို့အတွက်ဆိုလျှင် ရဲတပ်ဖွဲ့၊ တရား သူကြီးအဖွဲ့နှင့် အကျဉ်းထောင်များလည်း လိုအပ်သည်။ သင်းအုပ် သင်းထောက်များကသာ ဖြေရှင်းနိုင်သော အရာမဟုတ်။ လူဆိုးများသည် နောင်တမရဘဲ ဆက်လက်ဆိုးသွမ်းနေပါက အကျဉ်းထောင်၌ ဖမ်းချုပ်ထားရမည်။

ချစ်ခြင်းမေတ္တာနှင့်ပတ်သက်သော ခရစ်ယာန်စကားလုံး အသုံးအနှုန်းများကို သင့်မြတ်ကောင်းမွန်သော နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတိုက်ဖျက်ရေးအတွက် ကျွန်တော်ဘယ်သောအခါမျှ အသုံးပြုမည်မဟုတ်။ သို့သော် တစ်ကမ္ဘာလုံးဆိုင်ရာ လူဆိုးဂိုဏ်းဝင်များ ဖြစ်ကြသော ကွန်မြူနစ်တို့နှင့် အခြားမင်းဆိုး မင်းညစ်များကိုမူ ဆန့်ကျင်တိုက်ခိုက်ရမည်။ လူဆိုးဂိုဏ်းတို့သည် ပိုက်ဆံအိတ်ကို ခိုးတတ်ကြသလို၊ ကွန်မြူနစ်တို့ကလည်း နိုင်ငံအားလုံးကို ခိုးနေပါပြီ။

တော်လှန်ပုန်ကန်သော လူမျိုးတို့ကို သင်းအုပ် သင်းထောက်များနှင့် ခရစ်ယာန် တစ်ဦးစီတို့က ခရစ်တော်ထံ အရောက်ပို့ဆောင်ကြပါရန် ကြိုးစားသင့်သည်။ အပြစ်ကြီးငယ် ကျူးလွန်သူများအတွက်လည်းကောင်း၊ အပြစ်မသိသေးသော ငင်းတို့၏ ရင်သွေး လူငယ်များအတွက်လည်းကောင်း၊ ကျွန်ုပ်တို့ နားလည်မှု အပြည့်ဖြင့် ဆုတောင်း ပေးရပါမည်။



လွန်ခဲ့သော ဆယ်နှစ်ခန့်က ဆိုဗီယက် တိုင်းပြည်တွင် ကျမ်းစာကို မီးရှို့ခဲ့ကြရာ အထက်ပါ ကျမ်းစာအုပ်သည် မီးရှို့ခံနေစဉ် ဆွဲထုတ် ကယ်နှုတ်ခဲ့သော စာအုပ်၏ပုံဖြစ်သည်။ ခြစ်စည်းရိုးပွင့်လာသော အခါ နှုတ်ကပတ်တော်ဆာငတ်မှုများတွေ့ရသည်။ ရဲတပ်ဖွဲ့များသည် (VOM) ခရစ်ယာန်စာပေများကို အလုအယက်တောင်းနေကြ၏။ (အောက်ပုံ)



# ကျမ်းစာအုပ်များ အမြန်လိုအပ်သည်
## Bibles are urgently needed

လွတ်လပ်သော ခရစ်ယာန်များမှ ကူညီပံ့ပိုးနိုင်သော အခြားနည်းလမ်းတစ်ခုသည် ကျမ်းစာအုပ် ကျမ်းစာ နှင့်ပတ်သက်သော စာအုပ်စာပေစာများ ပေးပို့ခြင်းပင်ဖြစ်စေသည်။ မြေအောက် အသင်းတော်မှ ညီအစ်ကို မောင်နှမများအား လွတ်လပ်သော ခရစ်ယာန်များမှ ကူညီပံ့ပိုးမည်ဆိုလျှင် လုံခြုံစွာ ပေးပို့မည့်နည်းလမ်းများ ရှိပါသည်။

ကျွန်တော်ကိုယ်တိုင် ရှိမေးနီးယားမှာ နေစဉ်ကလည်း အချို့သောနည်းလမ်းများအားဖြင့် ကျမ်းစာများစွာ ရရှိခဲ့ ပါသည်။ ပို့မည့် နည်းလမ်းမေးစရာမလိုပါ။ ထောက်ပံ့ရန်သာ လိုအပ်ပေသည်။

အလွန်အမင်း လိုအပ်နေကြသည်။ တရုတ်နှင့် ကိုးရီးယား စသောကွန်မြူနစ်နိုင်ငံများတွင် ဆယ်စုနှစ်များစွာအတွင်း ထောင်ပေါင်းများစွာသော ခရစ်ယာန်တို့သည် ကျမ်းစာကို မမြင်ဘူးပါ။

တောရွာတစ်ရွာက ညစ်ပတ်ပေတေနေသော လူနှစ်ယောက်တို့သည် ကျမ်းစာအုပ်ဝယ်ဖို့ ကျွန်ုပ်အိမ်ကို ရောက်လာကြသည်။ ဆီးနှင်းဖုံးအုပ်လျက်ရှိသော မြေကြီးကို ဆောင်းတွင်းတစ်ခုလုံး တူးပေါက်ခြင်းအားဖြင့် ငွေစုကြသည်။ ၎င်း ငွေဖြင့် ဟောင်းနွမ်း စုတ်ပြဲနေသော ကျမ်းစာအုပ် တစ်အုပ်မျှ ဝယ်ယူကာ မိမိတို့ရွာသို့ ယူဆောင်ရန်ဟူသောရည်ရွယ်ချက်ဖြင့် ၎င်းအလုပ်ကို လုပ်ကြခြင်းဖြစ်သည်။ အမေရိကမှ ကျမ်းစာများ ရောက်လာပါသောကြောင့် ၎င်းတို့ကို အဟောင်း မပေးဘဲကျမ်းစာအုပ် အသစ်တစ်အုပ် ပေးလိုက်ရသည်။

မိမိတို့ မျက်စိကို မယုံနိုင်ကြချေ။ စုမိသော ငွေအနည်းငယ်ကိုထုတ်ကာ ပေးကြပါသော်လည်း ကျွန်ုပ်မှ လက်မခံခဲ့ပါ။ ၎င်း ကျမ်းစာအုပ်နှင့် အလောသုံးဆယ် မိမိတို့ ရွာကို ပြန်ခဲ့ကြသည်။

ရက်များစွာ မကြာမီ ၎င်းတို့ထံမှ အလွန်ဝမ်းမြောက်ပီတိဖြစ်ခြင်း

ကို ဖေါ်ပြရေးသားပေးပို့ခဲ့သော စာတစ်စောင် ရခဲ့သည်။ ရွာသား သုံးဆယ်က လက်မှတ်ရေးထိုးကြသည်။ ၎င်းကျမ်းစာအုပ်ကို အပိုင်းသုံး ဆယ်ပိုင်းကာ တစ်ပိုင်းတစ်လှည့်စီ ပေးဝေဖတ်ရှုကြသည်။

ရုရှားလူမျိုးတစ်ယောက်က ဝိညာဉ်အစာအတွက်ဆိုပြီး "ကျမ်းစာ တစ်မျက်နှာလောက်" ဟူ၍ တောင်းခဲ့ခြင်းသည် သနားစရာ ကောင်းလှပေ သည်။ ကျမ်းစာတစ်အုပ်ကို နွားမသို့မဟုတ် ဆိတ်တစ်ကောင်နှင့် ဝမ်းမြောက်ဝမ်းသာ လဲလှယ်ကြသည်။ ယောကျ်ားတစ်ယောက်သည် မိမိ မင်္ဂလာဆောင် လက်စွပ်တစ်ကွင်းကို ဟောင်းနွမ်းစုတ်ပြဲနေသော ဓမ္မသစ် ကျမ်းစာအုပ် နှင့် လဲလှယ်ခဲ့သည်။

ကလေးလူငယ်များစွာတို့သည် ခရစ္စမတ်ကဒ်ကို မမြင်ဘူးကြချေ။ တစ်ရွက်တစ်လေ တွေ့ခဲ့ကြလျှင် တစ်ရွာလုံးရှိ ကလေးများ စုဝေးကာ ကြည့်တတ်ကြသည်။ ထိုအချိန်မျိုးကို လူကြီးအချို့က အမြတ်ယူကာ ခရစ်တော်၏ ကလေးဘဝ အကြောင်း၊ အပျိုကညာမှ မွေးဖွားတော်မူခဲ့ ကြောင်း၊ အမှုတော်မြတ်၌ ပါဝင်လာခဲ့ရကြောင်း စသည်ဖြင့် ကယ်တင်ခြင်း တိုင်အောင် သင်ပြနားချလေ့ရှိ၏။ ၎င်းအချက်အလက် အားလုံးသည် ခရစ္စမတ်ကဒ်ပြားလေး တစ်ခုကြောင့် ဖြစ်ပေါ်လာခဲ့ရသော အမြတ်များ ဖြစ်ပေသည်။

ချုပ်ချယ်ခံ ခရစ်ယာန်များထံသို့ ကျမ်းစာအုပ်များ၊ ကျမ်းစာနှင့် ပတ်သက်သော စာအုပ်စာပေများကို ကျွန်ုပ်တို့ပေးပို့နေပါသည်။ ၎င်း ကိစ္စအတွက် ရံပုံငွေကို 'ချုပ်ချယ်ခံ လူမျိုးများအတွက် ကျမ်းစာ' (Bibles for Capture Nations) ဟူသော အစီအစဉ်ဖြင့် ကျွန်ုပ်တို့ ရှာဖွေ စုဆောင်းရသည်။ ဤနည်းလမ်းအားဖြင့် မိတ်ဆွေသည် မလွတ်လပ်သော တိုင်းပြည်များမှ ခရစ်ယာန်များအတွက် တစ်ခုခု လုပ်ပေးနိုင်ပါသည်၊ သူငယ်တန်းမှ ကောလိပ်အထိ လူငယ်များအား သင်ပြသော ဘုရားမဲ့ဝါဒီ စာပေများကို တိုက်ဖျက်ရန် အလို့ငှာ အထူးစာပေများကိုလည်း ကျွန်ုပ်တို့ ပုံနှိပ်ထုတ်ဝေ ပေးပို့ ခဲ့ပါသည်။

ဆိုဗီယက်ယူနီယံတွင် 'ဘုရားမဲ့ဝါဒီ လမ်းညွှန်' (The Atheists'

Guidebook) ဟူသော စာအုပ်ကို ကွန်မြူနစ်တို့က ဘုရားမဲ့ဝါဒီတို့၏ ကျမ်းစာအနေဖြင့် ထုတ်ဝေခဲ့ကြသည်။ မူလတန်း အဆင့်ကို အဆင့် နိမ့် သင်ခန်းစာ၊ အလယ်တန်းအဆင့်ကို ပို၍ အဆင့်မြင့်သော သင်ခန်းစာ စသည်ဖြင့် ၎င်းစာအုပ်ထဲမှ ခွဲခြားသင်ပြခဲ့ကြသည်။ ထိုကျမ်းစာအားဖြင့် လူငယ်များကို ငယ်စဉ်မှ ကြီးလာသည်အထိ အဆိပ်ကျွေး ကာ မှိုင်းတိုက် လျက်ရှိ၏။

အဆိပ်ကျွေးသော ဘုရားမဲ့ဝါဒီ သင်ခန်းစာနှင့် မေးခွန်းများအား တိုက်ဖျက်သောအားဖြင့် 'ဘုရားမဲ့ဝါဒီ လမ်းညွှန်စာအုပ်၏ အဖြေ' (The Answer to the Atheist's Hand Book) ဟူသော စာအုပ်ကို ကျွန်ုပ်တို့ ပုံနှိပ်ထုတ်ဝေပေးပို့ခဲ့သည်။ အဆိပ်သင့်နေသော ကျွန်ုပ်တို့၏ ကလေးလူရွယ်များ အဖြေရပြီ။ ၎င်းအဖြေသည် ဘုရားသခင်၏ အဖြေ၊ ခရစ်ယာန်၏ အဖြေ၊ ကျွန်ုပ်တို့၏ အဖြေပင်ဖြစ်ပေသည်။

***ယုံကြည်သူများက ကျမ်းစာအုပ်၏ စာမျက်နှာတစ် မျက်နှာကိုပင် လျှင် တောင်းဆို နေကြသည်၊***

ဘုရားသခင်ကို မယုံကြည်၍ တရားမဝင် သော ဘုရားအဖြစ်ခံယူ သတ်မှတ်ကြသော လူမျိုးများထံသို့ အထူးထုတ် စာပေများကို အထက်ပါအတိုင်း ပေးပို့ခြင်းအားဖြင့် မိတ်ဆွေလည်း ပါဝင်နိုင်ပါသည်။ ၎င်းစာပေများတွင် ရောင်စုံပုံနှိပ်ထားသော လူငယ်ရုပ်ပြ စာပေများနှင့် ကလေးများအတွက် ကျမ်းစာအုပ်များလည်း ပါဝင်သည်။

မြေအောက် အသင်းတော်မှ အသင်းသူ/သားများနှင့် လက်ချင်း ယှက်ကာ ကျွန်ုပ်တို့ ငွေရေးကြေးရေး အကူအညီပေးရမည်။ သို့မှသာ တစ်အိမ်တက်ဆင်း တစ်ဦးချင်း ဧဝံဂေလိ တရားကိုလိုက်လံ ဝေငှရန် သွားလာနိုင်ကြမည်ဖြစ်ပါသည်။

၎င်းတို့အနက် များစွာသော သူတို့သည် ခရီးစရိတ် လက်မှတ် ဝယ်ရန်နှင့် စားသောက်စရိတ် မရှိကြသောကြောင့် အိမ်နှင့်မခွာ နေကြရသည်။ မိုင်နှစ်ဆယ် သုံးဆယ်ဝေးသော ကျေးရွာသို့လျှို့ဝှက် အစည်းအဝေးများ တက်ရောက်ပါဝင်ရန် ဖိတ်ခေါ်ချက်များကိုလည်းစရိတ်

မရှိသောကြောင့် မပါဝင်နိုင်ကြချေ။ လစဉ် ထောက်ပံ့ကြေးများပေးခြင်း အားဖြင့် ရပ်နီးရပ်ဝေး မြို့ရွာများမှ ဖိတ်ခေါ်ချက်အရ ၎င်းတို့ကို နှုတ်ကပတ်တော် ဝေငှသက်သေခံစေနိုင်လိမ့်မည်။

ဥပမာပြရသော်၊ ဗီယက်နမ်နှင့် တရုတ်သင်းအုပ် ဆရာများအား ၎င်းတို့နိုင်ငံရှိ တားမြစ်နယ်မြေများသို့ သွားရောက် ဝေငှသက်သေခံရန် ကျွန်ုပ်တို့ မော်တော်ဆိုင်ကယ်များ ဝယ်ပေးကြသည်။ အလားတူ မူဆလင် ဘာသာဝင် ဘင်္ဂလားဒေ့ရှ် လူမျိုးများထံသို့ သက်စွန့်ဆံဖျား သွားရောက် ဝေငှသက်သေခံသော ဧဝံဂေလိ ဆရာများကိုလည်း ကျွန်ုပ်တို့ စက်ဘီးများ ဝယ်ပေးကြသည်။

လူဝတ်ကြောင်ခရစ်ယာန် ကျား/မ အချို့လည်းငွေကြေးအထောက် အပံ့ လိုအပ်နေကြသည်။ ခရစ်ယာန်များအနေဖြင့် မိမိမိသားစု စားဝတ် နေရေးကို အနိုင်နိုင် ရုန်းကန်နေကြရကား၊ နီးစပ်ရာ မြို့ရွာများသို့ သွားလာ တရားဟောရန် အကူအညီလိုအပ်ကြသည်။ တစ်လ ဒေါ်လာ အနည်းငယ် သာ ၎င်းတို့အတွက် လုံလောက်သည်မှာ 'နိမိတ်လက္ခဏာ' ဟူ၍ပင် ခေါ်သင့်ပေသည်။

တရားဝင် အသင်းတော်မှ သင်းအုပ်အချို့သည် လျှို့ဝှက် အစည်း အဝေးများကို သက်စွန့်ကြိုးပမ်း ဦးဆောင်တတ်ကြသည်။ ၎င်းကိစ္စမျိုး အတွက် ထိုသူတို့သည် လျှို့ဝှက်ထောက်ပံ့မှုများ လိုအပ်သည်။ ၎င်းတို့ သည် မိမိတို့၏ စိတ်အားထက်သန်မှုဖြင့် တားမြစ်ချက် စည်းမျဉ်း စည်း ကမ်းများကို လှစ်လျူရှုကာ ကလေး၊ လူရွယ်များအပြင် လျှို့ဝှက်အစည်း အဝေးမှ လူကြီးများအထိတိုင်အောင် သွားရောက် တရားဟောလေ့ရှိကြ၏။ ဤကဲ့သို့ အသီးအပွင့်များသော အမှုတော် ကို ဆက်လက်ဆောင်ရွက်နိုင်ရန် ၎င်းတို့သည်လည်း အထောက်အပံ့ လိုအပ်နေကြသည်။

၎င်းကိစ္စအတွက် ရံပုံငွေပေးခြင်းသည် မြေအောက် အသင်း တော်သူ/သားများ အောင်မြင်စွာ သတင်းကောင်း ဖြန့်ဝေရေးအတွက် လွန်စွာ အကျိုးရှိ၏။

၎င်းအပြင် ကျွန်ခံတိုင်းပြည်များသို့ သတင်းကောင်းကို ရေဒီယို





(VOM)အမှုတော်ဆောင်
များသည် 'အလင်းနှင့်သမ္မာ
တရား'တစ်ပတ်တာရေဒီယို
အစီအစဉ်ကို စီစဉ်နေ၏။
(အပေါ်၊ညာဘက်ပုံ)ဥရောပ
အရှေ့ပိုင်း၊ CIS Repub-
lic နိုင်ငံများ၊ တရုတ်နှင့်
အရှေ့တောင်အာရှနိုင်ငံများ
အတွက်စီစဉ်ပုံ။(အောက်ပုံ)



လေလှိုင်းအားဖြင့် ကျွန်ုပ်တို့ အသံလွှင့်ကာဟောကြားမည်။လွတ်လပ်သော ကမ္ဘာမှ အသံလွှင့်ရုံများ အသုံးပြုခြင်းအားဖြင့် အသက်မုန့် အလွန် လိုအပ် နေသော မြေအောက်အသင်းတော်အတွက် ဝိညာဉ်အစာ ကျွေးနိုင်သည်။

မိမိတို့၏ တိုင်းသူ ပြည်သားများထံသို့ မူဝါဒဖြန့်ချိ ရေးအတွက် ကွန်မြူနစ် အစိုးရများသည် လှိုင်းတိုရေဒီယိုများကို အသုံးပြု လေ့ရှိရာ၊ သန်းပေါင်းများစွာသော ကျွန်ခံတိုင်းပြည်က လူတို့၌ရေဒီယိုရှိကြသဖြင့် ကျွန်ုပ်တို့ အသံလွှင့်ဟောကြားချက်ကိုလည်း ကြားနာနိုင်ကြမည်ဖြစ်သည်။

မလွတ်လပ်သေးသော လူမျိုးများထံသို့ ရေဒီယိုအားဖြင့် သတင်း ကောင်းကို အသံလွှင့် ဟောကြားခြင်း တံခါးသည် ပွင့်လျက်ရှိနေပါသော ကြောင့် ဤအမှုတော်ကိုလည်း တိုးချဲ့ရလိမ့်မည်။ မြေအောက် အသင်း တော်သည် ရေဒီယို လေလှိုင်းအားဖြင့် ဝိညာဉ်အစာရယူနိုင်သည်။ တားမြစ် တိုင်းပြည်များက မြေအောက် အသင်းတော်များကို ကူညီရန် မိတ်ဆွေသည် ဤ နည်းအား ဖြင့်လည်း ပါဝင်နိုင်ပါသေးသည်။

## ခရစ်ယာန် မာတုရမိသားစုများ၏ ဝမ်းနည်းကြေကွဲမှုများ
## The tragedy of families of Christian martyrs

ခရစ်ယာန် မာတုရ မိသားစုများကလည်း ကျွန်ုပ်တို့၏ အကူအညီ ကို လိုအပ်နေကြပါသည်။ ထောင်ပေါင်းများစွာသော ၎င်းမိသားစုများ သည် နှုတ်အားဖြင့် မပြောနိုင်သော အခက်အခဲမျိုးစုံ ရင်ဆိုင်နေကြသည်။ မြေအောက် အသင်းတော်သူ/ သားတစ်စုံတစ်ယောက် အဖမ်းခံသည်ရှိသော် ၎င်းမိသားစုသည် ပြင်းထန်သောဝမ်းနည်းကြေကွဲမှုကို ရင်ဆိုင်ခံစားရသည်။

ထိုမိသားစုကို မည်သူမျှ တရားဝင် ကူညီခွင့်မရှိ။ ထိုကဲ့သို့ မိဘမရှိ ခြင်းကြောင့် ဝေဒနာမျိုးစုံ ခံစားသော မိသားစု တိုးပွားခြင်းသည် အစိုးရ၏ စီမံကိန်း တစ်ရပ်ဖြစ်သည်။ ခရစ်ယာန်တစ်ဦး ထောင်ထဲရောက်လျှင် ညှင်းပန်းနှိပ်စက် ခြင်း သို့မဟုတ် သေခြင်း၏လမ်းစဖြစ်၍ မိသားစုအတွက် လည်း အဆုံးမရှိသော ဒုက္ခ စတင်ခြင်းပင် ဖြစ်လေသည်။





(၁၉၆၉) နှစ်ဦးပိုင်းတွင် မိုးပျံပူပေါင်းကြီးများအသုံးပြုကာ မြောက်ကိုးရီးယားသို့ သတင်းကောင်း ပို့လေ့ရှိသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် သက်ဆိုင်သော စာပေများ ဆက်လက် ပို့ချနေပါသည်။

လွတ်လပ်သော ကမ္ဘာမှ သာမန်ခရစ်ယာန်များက ကျွန်တော်နှင့် မိသားစုအား အကူအညီ ပေးပို့ထောက်ပံ့ခြင်း မရှိခဲ့ပါလျှင် ဤစာရေးနိုင်သည်အထိ ဘဝရှန်းကန်အသက်ရှင်နေနိုင်မည်မဟုတ်ကြောင်းပြောရဲသည်။

မာတုရများ တစ်နေ့ပြီးတစ်နေ့ တိုးပွားလာပါသည်။ အချို့သည် သချိုင်းကုန်းရောက်လျက် ထိုမှတစ်ဆင့် ကောင်းကင်ဘုံ၌ ဆုလက်ဆောင်များ လက်ခံရရှိနေပြီ ဖြစ်ပါသော်လည်း၊ ကျန်ရစ်သော မိသားစုများမှာ ဆင်းရဲဒုက္ခ တဖြည်းဖြည်း နက်ရှိုင်းလျက် နေကြ၏ ၎င်းတို့ကို ကျွန်ုပ်တို့ ကူညီနိုင်သည်။ မရမက မဖြစ်မနေ ကူညီရမည်။ ၎င်းတို့သာမကဘဲ ဆာငတ်နေသော အိန္ဒိယလူမျိုးများနှင့် ငတ်ပြတ်နေသော အာဖရိကတိုက်သားများကိုလည်း ကူညီရမည်။ သို့သော် ခရစ်တော်ကြောင့် အသက်သေဆုံးသွားသောသူ သို့မဟုတ် ယုံကြည်ခြင်းကြောင့် ထောင်ထဲမှာနှိပ်စက်ခြင်း အမျိုးမျိုး ခံနေရသော သူတို့၏ မိသားစုများထက် ခရစ်ယာန်များ၏ အကူအညီ အထောက်အပံ့ လိုအပ်နေသော မိသားစုဘယ်မှာရှိအံ့နည်း။

ကျွန်တော်ထောင်ထဲက လွတ်လာခဲ့သော အချိန်မှစ၍ ကျွန်တော်တို့၏ 'မာတုရတို့၏အသံ' (The Voice of the Martyrs) သည် ခရစ်ယာန် မိသားစုများစွာထံသို့ အကူအညီ များစွာ ပေးပို့ခဲ့ပြီး ဖြစ်သည်။ စာဖတ်သူ ဓမ္မမိတ်ဆွေနှင့် ကျွန်ုပ်တို့ ပူးပေါင်းဆောင်ရွက်နိုင်သည့် ထောက်ပံ့ ကူညီမှုအတိုင်းအတာကို နှိုင်းယှဉ်လျှင်(VOM) မှ ပေးပို့ထောက်ပံ့ ခဲ့သော အကူအညီသည် အနည်းငယ်သာ ရှိပါသေးသည်။

## မြေအောက်အသင်းတော်မှ ဓမ္မမိတ်ဆွေထံ ပေးပို့သော ကျွန်တော်၏ အမှာစာ
## My message to you from the Underground Church

မြေအောက်အသင်းတော်မှ အသင်းသားတစ်ဦးဖြစ်လျက်ထောင်ထဲမှာ မသေဘဲ လွတ်လာသော ကျွန်တော်က ဓမ္မ မိတ်ဆွေအား တောင်းပန်သော အမှာစာနှင့် ထောင်ထဲမှာ ကျွန်တော်ထားခဲ့သော ညီအစ်ကိုများ၏ အသနားခံချက်ကို ထပ်ဆင့် အကြောင်းကြား သတင်းပါးအပ်ပါသည်။



(Fidel Castro)သည် ကျူးဘားကို အုပ်စိုးသည်နှင့် သမ္မာကျမ်းစာအုပ်တစ်သိန်း ဖျက်ဆီးခဲ့သည်။ ယုံကြည်သူများကို (VOM) မှ ရေကြောင်းလေကြောင်းဖြင့် သတင်းကောင်းစာပေများ ပေးပို့ခဲ့သည်။





(Tom White) က ဘုရားသခင်၏ မေတ္တာသတင်းကောင်းစာပေများကို လေကြောင်းဖြင့် ကျူးဘားကျွန်းပေါ်ပစ်ချသွားသည်။ စာပေများ ကျူးဘားလမ်းမပေါ်ကျ၍ (Tom)သည် (၂၄)နှစ် ထောင်ဒဏ်ပေးခြင်း ခံခဲ့ရသည်။

ဤသတင်းကို မိတ်ဆွေတို့ထံသို့ အကြောင်းကြား ပေးပို့ဖို့ရန် အလို့ငှာ ၎င်းတို့သည် ကျွန်ုပ်ကို စေလွှတ်ခဲ့ကြသည်။ အသက်မသေသော နိမိတ်လက္ခဏာအားဖြင့် လွတ်လာခဲ့ခြင်းသည် ဤကိစ္စအတွက်ဖြစ်သည်။

ကွန်မြူနစ်ကမ္ဘာနှင့် အခြားကျွန်ခံတိုင်းပြည်များသို့ ခရစ်တော်၏ ကယ်တင်ခြင်း သတင်းကောင်း အမြန်ဟော ကြားရန်လိုအပ်ကြောင်း ကျွန်တော် တင်ပြခဲ့ပြီးဖြစ်သည်။ အလားတူ ခရစ်ယာန် မာတုရ မိသားစုများ အား အမြန်ပံ့ပိုး ကူညီရန်လိုအပ်ကြောင်း ဖေါ်ပြခဲ့ပြီး ဖြစ်သည်။ မြေအောက် အသင်းတော်မှ သတင်းကောင်း အမြန်ပျံ့နှံ့စေနိုင်ရေးအတွက် မည်ကဲ့သို့ လက်တွေ့အကူအညီပေးနိုင်ကြောင်းကိုလည်း ပြောပြခဲ့ပြီးဖြစ်သည်။

ခြေထောက်အဖျားပိုင်း၌ အရိုက်ခံခဲ့စဉ် ကျွန်ုပ်၏လျှာမှ အသံထွက် ခဲ့သည်။ အဘယ်ကြောင့်နည်း။ အရိုက်ခံရသည်လည်းမဟုတ်၊ အကြောင်း မှာ ခြေထောက်နှင့်လျှာသည် ခန္ဓာတဆက်တည်းဖြစ်ခြင်းကြောင့်တည်း။ အလားတူ လွတ်လပ်သော ခရစ်ယာန်မိတ်ဆွေတို့သည် ကျွန်ခံတိုင်းပြည် များ၏ အကျဉ်းထောင်များ၌ ညှင်းပန်းနှိပ်စက်ခြင်း ခံနေကြသော ခရစ် တော်၏ မာတုရများနှင့် ခရစ်တော်၌ ခန္ဓာကိုယ်တစ်ခုတည်း ဖြစ်ကြသည်။

ကျွန်ုပ်တို့၏ နာကျင်မှုကို မျှဝေခံစားနိုင်ပါသလား။

ကနဦး ခရစ်ယာန်တို့၏ လှပသော အသက်တာ၊ ဆက်ကပ်ခြင်း နှင့် ပူဇော်ခြင်းများသည် ဤ ကျွန်ခံတိုင်းပြည်များတွင် ပြန်လည် အသက် ရှင်သန်လျက်ရှိ၏။

ကျွန်ုပ်တို့၏ အသက်သခင် ကျေးဇူးရှင် ယေရှုခရစ်သည် ဂေသရေမန် ဥယျာဉ်၌ နာကြည်းမှု ပြင်းထန်သော ဝေဒနာခံစားရင်း ဆုတောင်းနေစဉ် ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့သည် ခဲတစ်ပစ်၌ စောင့်နေခဲ့ကြပါသော်လည်း တခေါခေါ အိပ်မောကျလျက် နေခဲ့ကြသည်။ လူ့သမိုင်း၌ အကြီးကျယ်ဆုံးသော ပြဇာတ်တစ်ခုဟု ဆိုရမည်။

မာတုရအသင်းတော် ကယ်ဆယ်ရေးအတွက်မိတ်ဆွေ၏ ခရစ်ယာန် မေတ္တာနှင့်ယှဉ်သော ဂရုစိုက်ခြင်းနှင့် ပေးလှူခြင်းသည်မည်မျှနက်ရှိုင်း ပါသနည်း။ တစ်ကမ္ဘာလုံး၌ရှိသော ကျွန်ခံတိုင်းပြည်များမှ ညီအစ်ကို

မောင်နှမများ ကူညီပံ့ပိုးရေးအတွက် မိတ်ဆွေ၏အမည်ဖြင့် သင်းအုပ် သင်းထောက်များသည် အဘယ်အရာကို လုပ်နေကြကြောင်း မေးမြန်းကြည့်ပါ။

ဤတိုင်းပြည်များတွင် ကနဦး အသင်းတော်များ၏ ရဲရင့်သတ္တိရှိခြင်းနှင့် မာတုရဖြစ်ခြင်း ပြဇာတ်များသည် မြေအောက်အသင်းတော်များက မကြာခဏ ပြသလျက်ရှိနေပါသော်လည်း တမန်တော်သုံးပါးကဲ့သို့ ယခု လွတ်လပ်သော အသင်းတော်သည် အိပ်မောကျလျက်နေ၏။

ထိုနေရာများ၌ ကူဖေါ်လောင်ဖက် မရှိရှာသော ကျွန်ုပ်တို့၏ ညီအစ်ကိုများသည် နှစ်ဆယ်ရာစု၌ အကြီးမားဆုံး နှင့် အပြင်းထန်ဆုံးသော တိုက်ပွဲကို ဆင်နွှဲနေကြသည်။ ကနဦး ခရစ်ယာန်တို့၏ သူရဲကောင်းစိတ်ဓာတ်နှင့် အလားတူ ရဲစွမ်းသတ္တိရှိကြသည်။ ၎င်းတို့၏ ရုန်းကန်ခြင်းနှင့် နာကျင်ခြင်း ဝေဒနာများကို သတိမမူ ဂရုမပြုဘဲ သခင်၏ မြည်တမ်းသံကို လျစ်လျူရှုကာ အိပ်ပျော်နေကြသော ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ကဲ့သို့ လွတ်လပ်သော ခရစ်ယာန် အသင်းတော်သည် အိပ်မောကျနေဆဲဖြစ်သည်။

ခရစ်တော်၌ ညီအစ်ကိုများသည် သတင်းကောင်းအတွက် ဝေဒနာခံစားကာတိုက်ပွဲ ဝင်နေကြသော အချိန်မှာ မိတ်ဆွေလည်း အိပ်ပျော်နေနိုင်ပါမည်လော။

ကျွန်ုပ်တို့၏ အော်သံကို နားစွန့်လှည့်လိုက်ပါ။

**"ကျွန်ုပ်တို့ကို သတိရပါ။ ကူညီပါ"**

**"ကျွန်ုပ်တို့ကို ပစ်မထားပါနှင့်"**

သစ္စာရှိသော မာတုရ အသင်းတော်မှ အမှာစကားများကို ကျွန်တော်ပြောခဲ့ပြီ။ ၎င်းသည် အင်ဒိုနီးရှားမှ အာဖရိကတိုင် ကွန်မြူနစ်ဘုရားမဲ့ဝါဒ၏ ချည်နှောင်မှုနှင့် ဖိနှိပ်ညှင်းဆဲမှုများကို ခံစားနေသော သင့်ညီအစ်ကို မောင်နှမ များ၏ အော်သံဖြစ်သည်။

**၎င်းတို့ကို ပစ်မထားပါလေနှင့်။**



(VOM) အမှုတော်မြတ်တည်ထောင်ဖွဲ့စည်းသော နေရာတိုင်း ခရစ်ယာန်များအား နှိပ်စက်ခံရန် ကူညီပံ့ပိုးနေသော သူများ၏ ဆိုးသွမ်းသော အခြေအနေများကို အိပ်ပျော်နေသော အနောက်တိုင်း ခရစ်ယာန်များထံသို့ အသိပေးဖော်ပြသည်။ဖင်လန်(အပေါ်ပုံ) နှင့်ဩစတြေးလျား(အောက်ပုံ) အကျဉ်းခံနေသော သူတို့ကိုသတိရကြောင်း ဆန္ဒပြလှည့်လည်ပုံ (ဟေဗြဲ ၁၃ း၃)





(VOM) အမှုတော်ဆောင်များသည် ဆူဒန်မှ ကျွန်လူငယ်များစွာကို ကယ်ထုတ်နိုင်ကြသည်။ (The Life Paks for Sudan)စီမံကိန်းအားဖြင့် ဆူဒန်မှ ညှင်းဆဲခံများအား အသက်နှင့်မျှော်လင့်ချက်ကို ပေးလေ့ရှိ၏။



ပါကစ္စတန်မှအိုးမဲ့ အိမ်မဲ့ ခရစ်ယာန်တို့အား(VOM) ရေကြောင်းမှ အထောက်အပံ့ ပေးလျက်ရှိ၏(ဘယ်)



(VOM)မှအထောက်အပံ့ရရှိသူတိုင်း သမ္မာကျမ်းစာ သို့မဟုတ် "He Lived Among Us"စာအုပ်ရသည်။ဤရုရှား အမျိုးသမီး သည် သတင်းကောင်း စာပေနှင့်အနွေးထည်ရခဲ့သည်။




အယ်လ်ဘေးနီးယားမှ (အပေါ်)၊ ရိုမေးနီးယား (အလယ်)၊ယူဂရိုင်း (အောက်ပုံ)ထိ ကွန်မြူနစ်ဒဏ်ကို ခံနေကြရသော ခရစ်တော်ကို ယုံကြည် ဝ [illegible] (VOM) ဌာနခွဲဖြစ်သော (Steven Centres) မှ စာပေနှင့် အခြားအထောက်အပံ့များစွာ ပေးပို့ခြင်းဖြင့် ကူညီလျက်ရှိ၏။



ယူဂိုဆလားဗီးယား ပျက်သုဉ်းပြီးမှ (VOM) သည် ဒေသန္တရ ယုံကြည်သူများကို (Life Centre)အဖွဲ့မှ ကူညီပံ့ပိုးလျက်ရှိ၏။ (အပေါ်) ခရစ်တော်၏ ချစ်မေတ္တာနှင့် ဂရုဏာအကြောင်း သွန်သင်ပြရင်း ဂရုတစိုက် ကြည့်ရှုစောင့်ရှောက်ခြင်းကြောင့် အခြေအနေ ပျက်ဆီးနေသောသူများသည် အသစ်သော အသက်တာနှင့် မျှော်လင့်ချက်ရရှိလာကြသည်။



အမှောင်နှင့် အလင်းကဲ့သို့ (Ramen Ki) နှင့် မော်စကိုမြို့များရှိ (Steven Centres) သည် ယခင် မြေအောက်အသင်းတော်များ၏ အခြေအနေကို ယနေ့တိုင် သက်သေပြလျက်ရှိ၏။ ဆိုဗီယက် တစ်ဝှမ်းရှိ ယုံကြည်သူများထံ ခရစ်ယာန်စာပေ၊အကူအညီများကို ဆက်လက် ပေးပို့ဆဲဖြစ်ပါသည်။



ICA ခေါ် တစ်ကမ္ဘာလုံး ခရစ်ယာန်အဖွဲ့အစည်းကြီးတွင် ဆယ်တစ် နိုင်ငံရှိ သီးခြားအသင်းတော်များမှ ဒါရိုက်တာများ တက်ရောက်လျက် အမှုတော်တစ်ပါးနှင့် သခင်တစ်ပါးကို အစေတော်ခံခစားလျက် ရှိကြသည်။ ဒါရိုက်တာများသည် ကျောင်းဆရာများ၊ ဘဏ္ဍာဝန်ထမ်းများ၊ စက်မှုလုပ်ငန်းခေါင်းဆောင်များ၊ သင်းအုပ်သင်းထောက်များ နှင့် အခြားလုပ်ငန်းရှင်များ၊ ဖြစ်ကြပါသော်လည်း ၎င်းညီအစ်ကို မောင်နှမများသည် လုံခြုံမှုရှိပြီး ကောင်းမွန် တိုးတက်နေသော မိမိတို့၏ အလုပ်အကိုင်များကို စွန့်ကာ ခရစ်တော်အတွက် ဆက်ကပ်သူများ ဖြစ်ကြသည်။

ရိုမေးနီးယား မိဘမဲ့ဂေဟာကြီး ဖွဲ့စည်းရေး၊ ဗီယက်နမ်မြေအောက် အသင်းတော်သို့ စာပေဖြန့်ချိရေး၊ မိုးပျံပူပေါင်းကြီးများဖြင့် မြောက်ကိုးရီးယားသို့ ကျမ်းစာများ ပို့ပေးရေး၊ တရုတ်ပြည်ရှိ ဖိနှိပ်ခံ ခရစ်ယာန်များထံသို့ စာအုပ် စာပေများနှင့် အခြား ခွန်အားပေးသော ထောက်ပံ့မှုများ ပို့ဆောင်ရေး၊ ရုရှားကလေးသူငယ်များအတွက် ကျမ်းစာပုံနှိပ်ရေး စသည့် အရေးသုံးဆယ်ကို ဤမစ်ရှင်လုပ်ငန်း တစ်ပါးတည်းက မည်ကဲ့သို့ ဆောင်

ရွက်နိုင်ပါသနည်း။ အဖြေသည် ရှင်းပါသည်။ 'မစ်ရှင်တစ်ပါးတည်း' က မဆောင်ရွက်နိုင်ပါ။

CIA ခေါ် တစ်ကမ္ဘာလုံး ခရစ်ယာန် အဖွဲ့အစည်းကြီးကို ပင်မ မစ်ရှင်၏ အိမ်ရှင်မိသားစု အနေဖြင့် လွန်ခဲ့သော အနှစ် (၃၀)ကျော်က Rev Richard Wurmbrand နှင့် ဇနီးသည်က စတင်ဖွဲ့စည်း တည်ထောင်ခဲ့ကြသည်။ ဤအဖွဲ့ အစည်းမှ စီမံကိန်းများစွာတို့သည် ဓမ္မမိတ်ဆွေ၏ အလှူဒါနအားဖြင့် တစ်ကမ္ဘာလုံးမှ အဖွဲ့ဝင် အမှုတော်ဆောင်ကြီးများ၏ အကူအညီ အကြံဉာဏ်များမှ တစ်ဆင့်သာ ဆောင်ရွက်နိုင်သည်။

ဤမစ်ရှင် အမှုတော်မြတ်ကို ဩစတြေးလျားတွင် 'မာတုရများ၏ အသံ' ဟူသော အမည်ဖြင့် မိမိတို့၏ ပေးကမ်းလှူဒါန်းခြင်းများ၊ အကြံဉာဏ်များနှင့် ဆုတောင်းပေးခြင်းများ အားဖြင့် တစ်မူထူးခြားစွာ အဆင့်မြင့်မြင့် ဘုရားသခင်၏ စီမံတော်မူချက် အတိုင်း လုပ်ဆောင်လျက် ရှိသည်။

# နိဂုံး (EPILOGUE)



## သတ္တိရှိရှိ ပြောရဲသူ
## The man who dared to speak

### စာရေးသူ၏ အတ္ထုပ္ပတ္တိ
### About the author

Pastor Wurmbrand သည် မိမိ၏မြေအောက်အသင်းတော် အမှုတော်မြတ်ကြောင့် ရိုမေနီးယား အကျဉ်းထောင်ထဲ၌ တစ်ဆယ်လေးနှစ်လုံးလုံး အချုပ်ခံခဲ့ရသော evangelical အမှုတော်ဆောင် တစ်ပါးဖြစ်သည်။ ရိုမေနီးယား၌ လူသိအများဆုံး ခရစ်ယာန် ခေါင်းဆောင်များ၊ စာရေးဆရာများနှင့် ပညာရှိပုဂ္ဂိုလ်များအနက် တစ်ဦးအပါအဝင်ဖြစ်သည်။

၁၉၄၄ ခုနှစ်တွင် ရိုမေးနီးယားသို့ ရုရှားစစ်သား သန်းနှင့်ချီ၍ စီးဝင်လာခဲ့ကြပြီး ကွန်မြူနစ်တို့မှ အာဏာရခဲ့ကြသည်။ ကွန်မြူနစ်တို့သည် အသင်းတော်များကို မိမိတို့ကြိုက်သလို အသုံးပြုနိုင်ရန်အတွက် ချုပ်ကိုင်ဖို့ ကြိုးစားလာခဲ့ကြသည်။ ထိုအခါ Richard Wurmbrand နှင့် Sabina ဇနီးမောင်နှံတို့သည် ကျွန်ခံခရစ်ယာန်များနှင့် ဝင်လာသော ရုရှားစစ်သားများထံ အမှုတော်ထိရောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် 'မြေအောက်အသင်းတော်'အမှုတော်ဆောင်လုပ်ငန်းကိုစတင်ဖွဲ့စည်းခဲ့သည်။

အသက်တာ စတင် ပြောင်းလဲစဉ်ကတည်းက Pastor Wurmbrand သည် ဘုရားမဲ့ဝါဒီ ရုရှားလူမျိုးများထံသို့ အမှုတော်ဆောင်ရန် ဘုရားသခင်ထံ ဆုတောင်းခဲ့ဖူးသည်။ ယခုရုရှားစစ်သားသန်းနှင့်ချီ၍ ရောက်ရှိလာခဲ့ကြပြီ ဖြစ်သဖြင့် ၎င်းတို့ထံ အမှုတော်စတင်ဆောင်ရွက်ရန် ချက်ချင်းသွားတော့သည်။ Wurmbrands တို့မိသားစုသည် သတင်းကောင်းစာပေများကို ရုရှားစကားဖြင့် လျှို့ဝှက်စွာ ပုံနှိပ်ထုတ်ဝေခဲ့ကြသည်။



Pastor Wurmbrand တို့ ဇနီးမောင်နှံ(၂၅)နှစ်ရှောင်တိမ်းပြီး Ceausescu နန်းကျပြီး မှဇာတိရပ်မြေသို့ပြန်လာကာ နန်းတော်ရှေ့တွင် ပျော်ရွှင်စွာ ဓါတ်ပုံရိုက်ယူခဲ့စဉ်။



အသင်းတော်များနှင့် ရုပ်သံ အခန်းများတွင် ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ် ခြင်းတရားများ ဝေငှခဲ့စဉ်။



ကော်ဖီဆိုင်များ၊ ပန်းခြံများ၊ ဘူတာရုံများ နှင့် ရုရှားလူမျိုးများကို တွေ့ရသော နေရာအသီးသီးသို့ စာအုပ်ပေါင်း တစ်သိန်းကျော် ဖြန့်ဝေနိုင်ခဲ့ကြသည်။

ဆိုဗီယက်တို့ ဝင်ရောက်စီးနင်းသည့် ရိုမေနီးယားနိုင်ငံရေး အခြေအနေမကောင်းသည့် အချိန်တွင် အမှုတော် ဆောင်လုပ်ငန်းကို များစွာသော လူတို့သည် စတင်လုပ်ဆောင်ရန် ကြိုးစားလိမ့်မည်ဟု မည်သူမျှ မထင်ပါ။ သို့သော် (Pastor Wurmbrand) မှာမူ အံ့ဖွယ်တီထွင်သူ စိတ်ဓါတ်ဖြင့် ရုရှား လူမျိုးတို့ထံသို့ အမှုတော်ဆောင်ခြင်းနှင့် တိုးပွားလာသော 'မြေအောက်' လှုပ်ရှားမှုကို နှစ်အတန်ကြာဦးဆောင်ခဲ့သည်။

ဤအမှုတော်က နောင်အခါ 'မာတုရများ ၏ အသံ' (The Voice of the Martyrs) ဟူသော အဖွဲ့အစည်းကို မွေးဖွားပေးခဲ့သည်။

မြေအောက်အမှုတော်မြတ်သည် ထိရောက် အောင်မြင်ရှိနေစဉ် ၁၉၄၈ ခုနှစ်တွင် အဖမ်းခံခဲ့ရသည်။ Richard သည် ကွန်မြူနစ်ထောင်ထဲတွင် စုစုပေါင်း(၁၄)နှစ်တိတိ နေခဲ့ရသည်။ ၎င်းတစ်ဆယ့်လေးနှစ်အနက် (၃) နှစ်သည် တစ်ယောက်တည်းတိုက်ပိတ်ခံရသဖြင့် နှိပ်စက်သူကွန်မြူနစ်များမှအပ မည်သူ့ကိုမျှ မတွေ့ခဲ့ရချေ။ လူကို မဆိုထားဘိ ကြယ်၊ လ၊ နေ၊ မိုးကောင်းကင်၊ ငှက် သို့မဟုတ် လိပ်ပြာများကိုပင် လုံးဝမမြင်ခဲ့ရဘဲ လူမဆန်သော နှိပ်စက်ညှင်းဆဲခြင်း အမျိုးမျိုးကိုခံခဲ့ရသည်။

Sabina Vurmbrand ကဲ့သို့ ယုံကြည်မှုစစ်ကြောခြင်းခံရသော အမျိုးသမီး ရှားလိမ့်မည်။ နာဇီနှင့် ဖက်ဆစ်အာဏာရှင်များ စိုးမိုးသော ခေတ်တွင် သူမ၏ မိသားစုဆယ့်တစ်ယောက်တို့သည် မီးလောင်တိုက်သွင်းပြီး အသေသတ်ခြင်းခံခဲ့ကြသည်။ ခင်ပွန်းသည် Richard ထောင်ထဲရောက်နေစဉ်မှာ Sabina သည် ညှင်းပန်းနှိပ်စက်ခံ အသင်းတော်မှ ခရစ်ယာန်များနှင့် မိသားစုများကို ကိုယ်ကျိုးစွန့်ကူညီခဲ့သည်။ တစ်ယောက်တည်းသော ရင်သွေးသားငယ်အသက်ရှင် သန်ကြီးထွားရေးအတွက်လည်း ရှန်းကန် တာဝန်ယူရသေးသည်။

နောက်ဆုံးတွင် Sabina သည်လည်း အဖမ်းခံ၍ ရိုမေးနီးယား ကျွန်များ၏ အလုပ်စခန်းနှင့် အကျဉ်းထောင်တွင် သုံးနှစ်တိတိ အလုပ်ကြမ်းနှင့်နေခဲ့ရသည်။ Danube မြစ်ကမ်း၌ တူးမြောင်းတူးသော အလုပ်ကို လက်ချည်းသက်သက်ဖြင့် လပေါင်းများစွာ လုပ်ခဲ့သည်။ သို့ပါသော်လည်း မိမိ၏ ဘဝဇာတ်လမ်း အတွေ့အကြုံများကို ဖောက်သည်ချ ဖို့ရန်အတွက် အလိုတော်ရှိသဖြင့် မသေဘဲ အသက်ရှင် ကျန်ရစ်ခဲ့သည်။ သူမ၏ သက်သေခံချက်သည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်အောင်မြင်မှု အမျိုးမျိုး ရရှိပါသဖြင့် ကြားနာသောသူများအဖို့ ခွန်အားရစေပါသည်။

ခရစ်ယာန် ခေါင်းဆောင်ကောင်းများသည် တစ်ကမ္ဘာလုံး၌ ရပ်တည် ကျော်ကြားလာပါသဖြင့် နိုင်ငံခြားသံရုံးများမှ ကွန်မြူနစ် အစိုးရထံသို့ Pastor Wurmband ၏ ဘဝလုံခြုံမှု ရှိမရှိမေးမြန်းစုံစမ်းခဲ့ကြသည်။ ထိုအခါဆရာကြီးသည် ရိုးမေနီးယားမှ ထွက်ပြေးခဲ့ပြီဟု တမင်အဖြေပေးကြသည်။ လျှို့ဝှက်ရဲတပ်ဖွဲ့က လူများသည် အကျဉ်းထောင်က လွတ်လာသကဲ့သို့ ဟန်ဆောင်ကာ ဆရာကြီး၏ ဇနီးသည်ထံသို့ သွားကြပြီး၊ ခင်ပွန်းသည် သေဆုံးခဲ့ပြီ ဖြစ်ကြောင်း၊ ထောင်သင်္ချိုင်းမှာ သင်္ဂြိုဟ်စဉ်ကလည်း မိမိတို့ ပါဝင်ခဲ့ကြောင်းပြောပြခဲ့ကြသည်။

Richard Wurmbrand သည် ၁၉၄၄ခုနှစ် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် လွတ်မြောက်လာခဲ့သည်။ တတိယအကြိမ်ထောင်ထဲပြန်ရောက်နိုင်ကြောင်း အန္တရာယ်ကို ကြိုတင်မြင်ထားကြသဖြင့် နော်ဝေ Norway ခရစ်ယာန်များသည် ကွန်မြူနစ် အာဏာပိုင်များထံ ရိုမေးနီးယားမှ ဆရာကြီးလွတ်မြောက်ရန် ညှိနှိုင်းမှုပြုလုပ်ခဲ့ကြသည်။ ရိုမေးနီးယားကွန်မြူနစ်အစိုးရသည် နိုင်ငံရေးအကျဉ်းသားများ ရောင်းချခြင်းကို စတင်ခဲ့ကြသည်။ အကျဉ်းသားတစ်ယောက်၏ ပြည်ပထွက်ခွင့်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၉၀၀ ဖြစ်သော်လည်း ဆရာကြီး Wurmbrand ၏တန်ဖိုးသည် ဒေါ်လာတစ်သောင်း ဖြစ်သည်။

ချိန့်အိုမင်းလျက် ဘဝကို အရှုံးပေးသော အဘိုးကြီးအနေဖြင့် မြင်ရလိမ့်မည်ဟု ကမ္ဘာက မျှော်လင့်ခဲ့သော ပုဂ္ဂိုလ်အား ဆိုးသွမ်းကြမ်းတမ်း

သော အခြေအနေအရပ်ရပ်ကို ကျော်လွှားနိုင်သည့် ဝိညာဉ်ရေးရာ လူသန်



ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် Richard နှင့် Sabina Wumbrand တို့ မျက်စိအောက်တွင် ကွန်မြူနစ်သံမဏိကွန်ခြာကြီး ပြိုလဲသွားသည့် အတွေးအိပ်မက်များ အမှန်တကယ်ဖြစ်လာကြောင်း ရုရှားပြည်အနှံ့ အသင်း

တော်များသို့ ဟောပြောသက်သေခံကြစဥ်။

ကြီးအနေဖြင့် တွေ့ကြရသည်မှာ မိမိ၌ထားရှိသော ခရစ်တော်အပေါ် ချစ်မေတ္တာကြောင့် ဖြစ်ပါသည်။ ကွန်မြူနစ် တိုက်ပိတ်အကျဉ်းထောင်မှ ထွက်လာသော သူအနေဖြင့်ခရစ်တော်၏ လျှို့ဝှက်ချက်ကိုနားလည်ခဲ့သည်။

၁၉၆၆ ခုနှစ်၊ မေလတွင် ဝါရှင်တန်မြို့ရှိ အထက်လွှတ်တော် ပြည်တွင်းလုံခြုံရေးဆပ်ကော်မတီရှေ့တွင် သက်သေခံခဲ့စဥ်၌ အကျီချွတ်ကာ တစ်ကိုယ်လုံးကို ဖုံးအုပ်နေသော ခွက်နေသည့် အမာရွတ်(၁၈)ခုကို ပြသခဲ့သည်။ မိမိ အကြောင်းသာမကဘဲ၊ သံတိုင်များ၊ ဝါးတိုင်များ နောက်က ထောင်ပေါင်းများစွာသော ညှင်းပန်းနှိပ်စက်ခံ ခရစ်ယာန် အကျဉ်းသားများ၏ အကြောင်းကိုလည်း အမေရိကသတင်းစာများ၊ ဥရောပ နှင့် အာရှတိုက် သတင်းစာများဖြင့် တစ်ကမ္ဘာလုံးသို့ အသိပေးအကြောင်းကြားခဲ့သည်။

အမှုတော်မြတ်အတွက် ခေါ်တော်မူခြင်းကို ထင်ရှားစွာသိလျက် Pastor Vurmbrand သည် (The Voice of the Martyrs) ခေါ် 'မာတုရများ၏ အသံ' ဟူသော အဖွဲ့အစည်းကို တစ်ကမ္ဘာလုံး၌ ဖွဲ့စည်းခဲ့ရာ 'မြေအောက် အသင်းတော်၏ အသံ' (The Voice of the Underground Church) ဟူ၍လည်း လူသိများလာခဲ့သည်။ ခရစ်ယာန် ခေါင်းဆောင်များက သူ့ကို 'အသက်ရှင်နေသော မာတုရ' ဟူ၍လည်းကောင်း၊ 'သံတိုင်နောက်ကွယ်က စိန်ပေါလ်'(ရှင်ပေါလု) ဟူ၍ လည်းကောင်း ခေါ်ကြသည်။

သူ၏ ထင်ရှားသော 'ချစ်ခြင်းမေတ္တာနှင့်ခွင့်လွှတ်ခြင်း' အမည်ရသည့် တရားဒေသနာသည် ထောင်ပေါင်းများစွာသော သူတို့အား ခရစ်တော်အကြောင်းကိုသာ၍ နက်ရှိုင်းစွာ နားလည်သဘောပေါက် စေပါသည်။ ခရစ်တော်ကြောင့် ညှင်းဆဲခြင်းခံခဲ့ကြသော သူများအတွက် မိမိ၌ရှိသော ချစ်ခြင်းမေတ္တာသည် ကျော်လွှားဖျက်ဆီး၍မရသည့်အပြင် ယုံကြည်ခြင်းကြောင့် နှိပ်စက်ခြင်းခံရသော သူများအတွက်ပါ မိမိအသက်တာကို ဆက်လက် ဆက်ကပ်ခဲ့သည်။

ယုံကြည်ခြင်းကြောင့် နှိပ်စက်ညှင်းပန်းခြင်းခံကြရသော သူများကို အနှစ်(၅၀)ကျော်အစေခံကာ ပြုစုလုပ်ကျွေးနေသော Wurmbrands

တို့ဇနီးမောင်နှံသည် ယခုအသက်ရှစ်ဆယ်ကျော်နေကြပြီဖြစ်ပါသော်လည်း 'မာတုရတို့၏အသံ' The Voice of the Martyrs အားဖြင့် ဆက်လက်လှုပ်ရှားနေကြပါသည်။

Pastor Wurmbrand သည် စာအုပ်(၂၀)ကျော်ရေးသောပုဂ္ဂိုလ်ဖြစ်ပြီး၊ ၎င်းတို့အနက် အချို့သည် ဘာသာပေါင်း (၆၀)ကျော်ဖြင့် ပြန်ဆိုရေးသားလျက် တစ်ကမ္ဘာလုံး ဖြန့်ဝေခဲ့ကြပါသည်။

❧❧❧❧❧

## ပြောရဲဆိုရဲရှိလှသည်
## Daring to speak

ကြမ်းရမ်းဆိုးယုတ်သော ရိုမေးနီးယား ကွန်မြူနစ်အစိုးရ လက်အောက်မှ လွတ်မြောက် ထွက်ပြေးခွင့်ရသော သူများအနက် ပါစတာ Richard Wurmbrand သည် ပထမဆုံး မဟုတ်ပေ။ အရင်ထွက်ပြေးနိုင်ခဲ့သူများ ရှိကြသည်တိုင်အောင် အနောက်ကမ္ဘာအများစုသည် မြေအောက် အသင်းတော်များ၏ အခက်အခဲမျိုးစုံကို လစ်လျူရှုခဲ့ကြသည်။ အဘယ်ကြောင့်တစ်ဦးတစ်ယောက်မျှ မောင်းခတ်ပြောပြခြင်း မပြုကြသနည်း။

အဖြေသည် Pastor Wurmbrand ၏အတွေ့အကြုံအရရှင်းပါသည်။ သူသည် ရိုမေးနီးယားမှ ထွက်ခွါတော့ မည့်အချိန်တွင် လျှို့ဝှက်ရဲအရာရှိများက ကွန်မြူနစ်တို့၏ ဆိုးသတင်းကို ဘယ်သောအခါမျှ မပြောရန် သတိပေးခဲ့သည်။ အနောက်တိုင်းမှာလည်း ကိုယ်စားလှယ်များ ရှိကြသဖြင့် အမြဲစောင့်ကြည့်နေပါကြောင်း ပြောပြကြသည့် တိုင်အောင် အဘယ်ကြောင့် မပြောဘဲ မနေနိုင်ပါသနည်း။ ညှင်းပန်းနှိပ်စက်ခြင်းကိုဝအောင် မခံစားရသေးဘူးလား။

Pastor Wurmbrand သည် မပြောဘဲမနေနိုင်ပါ။ ကွန်မြူနစ်

